
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

**ပုံနှိပ်မှတ်တမ်း**

စာမူခွင့်ပြုချက်အမှတ်–၅၃၉/၂၀၀၁(၆)

မျက်နှာဖုံးခွင့်ပြုချက်အမှတ်–၅၆၄/၂၀၀၁(၇)

❀

**မျက်နှာဖုံးဝန်းချီ**

သန်းမြင့်အောင်

❀

**ထုတ်ဝေသည့်ကာလ**

ပထမအကြိမ်၊ ၂၀၀၁–ခုနှစ်၊ အောက်တိုဘာလ

စောင်ရေ– ၁၀၀၀

ကွန်ပျူတာစီ – အောင်ဥက္ကလာ

❀

**အတွင်းသားပုံနှိပ်**

သစင်ပုံနှိပ်တိုက် (၀၄၅၆၀)

ဒေါ်နှင်းရီ၊ သစင်အော့ဖ်ဆက်(၀၄၅၆၀)၊

အမှတ်–၁၃၉၊ လမ်း–၅၀၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။

❀

**မျက်နှာဖုံးပုံနှိပ်**

အောင်မြင့်ထွန်းပုံနှိပ်တိုက် (၀၂၇၂၆)၊

ဦးထွန်းထွန်း၊ အမှတ်–၂၄၄၊ လမ်း–၄၀၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

❀

**ထုတ်ဝေသူ**

ဦးမောင်ဟန်(၀၀၇၆)၊ ကမ္ဘာလုံးစာပေ၊

၂၅၉၊ နဝဒေးလမ်း၊ ဒေါပုံမြို့နယ်၊ ရန်ကုန်မြို့။

တန်ဖိုး – ၃၅၀ ကျပ်

www.burmeseclassic.com

www.burmeseclassic.com


| | | | |
|---|---|---|---|
| ၁။ | ခေတ္တာဝါဒရှုထောင့် | ရွှေဥဒေါင်း | ၇ |
| ၂။ | သရဲတစ္ဆေဆိုသည်မှာ | ဦးအေးမောင် | ၁၈ |
| ၃။ | ကုသိုလ်ပြုက အကျိုးထူးရ | ရန်အောင် | ၂၇ |
| ၄။ | နှစ်ဘဝ | ကြည်ဦး | ၄၃ |
| ၅။ | နဲ့သရုပ်ဆိုးသော | မိုးဇော်အောင် | ၅၇ |
| ၆။ | ပြိုရလေဘုံသဘဝတွေ | ကျော်နှင်းအောင် | ၈၄ |
| ၇။ | အသူရကာယ်ဘုံမှာတစ်ခဏ | ဖွဲ့ရသရုပ် | ၉၇ |
| ၈။ | အံ့ဩဘနန်းဖြစ်ရပ်ဆန်း | အဇိန္ဒာ | ၁၄၇ |
| ၉။ | ရင်တထိတ်ထိတ်အချိုဝ် | ငြိမ်းငြိမ်း(တျှင်းဆွဲ) | ၁၅၂ |
| ၁၀။ | အဝေရထခတွေနဲ့သဘ | ခင်းလှ—မြတ်သွေး | ၁၆၆ |





www.burmeseclassic.com

www.burmeseclassic.com

# ဓမ္မာဝီဒရွှေအောင်

ရွှေဒေါင်း



ပရလောက ရှိခြင်းကို မယုံနိုင်တဲ့ 'လူ'များက 'စိတ်'၏တန်ခိုးသတ္တိကိုလဲ မယုံတတ်ဘဲ ဖြစ်နေတယ်။ တစ္ဆေတို့၊ နတ်တို့၊ ဗြဟ္မာတို့ဆိုတဲ့ဘုံတွေကို မယုံလို့ ကိစ္စမရှိဘူးထားလိုက်ဦး၊ စိတ်၏အစွမ်းသတ္တိကို မယုံဘူးဆိုသူများအဖို့မှာတော့ အကြီးအကျယ်ဆုံးရှုံးခြင်းဖြစ်တယ်လို့ဆရာဆိုချင်တယ်...

ရန်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်။ ။ရောက်လာကြပြီလား'တက်တိုး'တို့ ဘာများမေးကြမလဲ မောင်တို့။

တက်တိုး။ ။ပရလောကခေါ်တဲ့ တစ္ဆေ၊ နတ်၊ ဗြဟ္မာတို့အကြောင်းကို ကျွန်တော်သိချင်ပါတယ်ဆရာကြီး၊ ဒါတွေဟာ ရှိတယ်လို့ ဆရာကြီး ယုံကြည်ပါသလား။

ကျွန်ုပ်။ ။ဒါကိုတော့ယုံချင်ယုံမယုံချင်နေနိုင်ပါတယ်၊သို့သော် တစ်ခုခက်နေတာက ပရလောကရှိခြင်းကို မယုံနိုင်တဲ့ 'လူများ'က'စိတ်'၏တန်ခိုးသတ္တိကိုလဲ မယုံတတ်ဘဲဖြစ်နေတယ်။ တစ္ဆေတို့၊ နတ်ဗြဟ္မာတို့ဆိုတဲ့ဘုံတွေကို မယုံလို့ကိစ္စမရှိဘူးထားလိုက်ဦး။ စိတ်၏အစွမ်းသတ္တိကိုမယုံဘူးဆိုသူများအဖို့မှာတော့ အကြီးအကျယ်ဆုံးရှုံးခြင်းဖြစ်တယ်လို့ ဆရာဆိုချင်တယ်။

တိုး။ ။ရှင်းပါဦး ဆရာကြီးခင်ဗျာ။

ကျွန်ုပ်။ ။ဒီခေတ်မှာ သိပ္ပံပညာဘက်မှာ တိုးတက်သလောက် 'စိတ်'အစွမ်းကို လေ့လာတဲ့ဘက်က ဆုတ်ယုတ်လာကြတယ်။ သိပ္ပံပညာဆိုတာက ရုပ်သက်သက်ပညာမျိုးဖြစ်လေတော့ 'ရုပ်'ဘက်မှာတိုးတက်ပြီး စိတ်ဘက်မှာ တစ်ကမ္ဘာလုံး ဆုတ်ယုတ်လာကြတယ် မောင်တို့။

တက်။ ။အနောက်တိုင်းမှာ သိပ္ပံပညာတိုးတက်တယ်လို့ ကျွန်တော်တို့ သိရပါတယ်။ စိတ်ဘက်ဆိုင်ရာပညာမျိုးက ဘယ်မှာ ကြီးပွားဖူးပါသလဲ ဆရာကြီး။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။အိန္ဒိယပြည်တို့ တိဗက်ပြည်တို့မှာ 'စိတ်' နဲ့ပတ်သက်တဲ့ ပညာမျိုး ကြီးပွားခဲ့ဖူးတယ်။ ယခုတိုင်လဲ လက်ကျန် ရှိသေးတယ်လို့ ဆရာဖတ်ရဖူးပါတယ်။

တိုး။ ။ဆရာကြီးကတော့ ယုံတာပဲလားခင်ဗျာ။

ကျွန်ုပ်။ ။ဆရာက မိမိစိတ်ကိုဖွင့်ထားတဲ့လူတစ်ယောက်ပဲ၊ စူးစမ်းဆင်ခြင်ပြီး ယုံသင့်ရင်ယုံဖို့အသင့်ပဲ မောင်တို့။ ခေတ်လူတော်တော်များများကတော့ ပရလောကတို့၊ စိတ်တန်ခိုးသတ္တိတို့ဆိုတာများနဲ့ပတ်သက်လို့ တံခါး ပိတ်ထားသလို ဘာမှ သူတို့လက်မခံချင်ကြဘူး မောင်ရေ၊ ဆရာ့ကိုတောင် အယူသီးတဲ့လူကြီးတစ် ယောက်လို့ဆိုချင်ကြသလား မပြောတတ်ဘူး။

တိုး။ ။ဆရာကြီး တစ်ခါကပြောဖူးပါတယ်။ အနောက်တိုင်း က လူတွေဟာ ဝိညာဉ်ဝါဒကို လက်ခံယုံကြည်နေ ကြတယ်ဆို ဆရာကြီး။

ကျွန်ုပ်။ ။သူတို့ဆီကလူတွေက ပညာရပ်တစ်ခုကို ...က်စားရင် လိုက်လိုက်လှဲလှဲ၊ နက်နက်နဲနဲ၊ ...စေ့စပ်စပ်၊ ကတ်ကတ်သတ်သတ်လိုက်စားတတ်တဲ့ဝါသနာရှိကြ တယ်။ လူတစ်ယောက်သေပြီးတဲ့နောက် ဘဝတစ်ခု ရောက်တယ်ဆိုခြင်းကို လက်တွေ့စုံစမ်းပြီး အတိ အကျသိရလို့ ယုံကြည်လက်ခံတဲ့လူတွေဟာ အမေရိ ကန်တို့၊ အင်္ဂလန်တို့မှာ သန်းနဲ့ချီပြီးရှိနေကြတယ်လို့ သိရတယ်မောင်တို့ရေ။



www.burmeseclassic.com

www.burmeseclassic.com



တက်။ ။ဒီဟာမျိုးတွေကို ဆရာကြီးလိုက်စားတော့ ဘာများ အကျိုးရှိပါသလဲခင်ဗျာ။

ကျွန်ုပ်။ ။ဆရာကတော့‘စုံ’ချင်တတ်တဲ့ဝါသနာရှိလို့ နည်း နည်းပါးပါးလေ့လာကြည့်မိခြင်းပါ။ အကျိုးကျေးဇူး မျှော်လင့်လို့ မဟုတ်ပါဘူး။

တိုး။ ။ဒါဖြင့် ဆရာကြီးမှာ ဘာအကျိုးမှမရှိဘူးလားခင်ဗျာ။

ကျွန်ုပ်။ ။မမျှော်လင့်ဘဲနဲ့အကျိုးခံစားရခြင်းများလဲရှိပါတယ်။ မေတ္တာဘာဝနာအလုပ်ဟာလဲ နတ်ကောင်းများ၏ တိုက်တွန်းနှိုးဆော်ချက်အရ လိုက်နာကျင့်သုံးလျက် ရှိခြင်းဖြစ်ပါတယ်။

တက်။ ။ဆရာကြီးမှာ ထူးထူးဆန်းဆန်း ဘာများကြုံဖူးသလဲ ခင်ဗျား။

ကျွန်ုပ်။ ။ရှိပါတယ်။ သို့သော် လူတွေက ကြွားတယ်ထင်မှာ ‘စိုးလို့’ မပြောချင်ဘူး မောင်။

တိုး။ ။ဆရာကြီးက မှန်တဲ့အတိုင်းပြောမှာဖြစ်ရင်ယုံကြည် တဲ့လူများ အကျိုးရှိအောင် ပြောသာပြောပါ ဆရာ ကြီး။

တက်။ ။မယုံတတ်တဲ့လူတွေ မေးငေါ့ချင်ငေါ့၊ မှန်လဲမှန် အကျိုးရှိမယ်ဆိုရင် ပြောသာပြောပါဆရာကြီးခင်ဗျာ။

ကျွန်ုပ်။ ။အနောက်တိုင်းက ဝိညာဉ်ပညာအကြောင်းကိုဖတ် ရလို့ မတောက်တခေါက်လေ့လာလိုက်စားကြည့်ရာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ထူးထူးဆန်းဆန်းကလေးတွေ တွေ့ကြုံရတယ် မောင်ရေ့။

တိုး။ ။ကြားပါရစေ ဆရာကြီး။

ကျွန်ုပ်။ ။လွန်ခဲ့တဲ့နှစ်နှစ်ကျော်လောက်ကစပြီး လေ့လာရာမှာ ရှေးဦးစွာ သူရဿတီဒေဝီကိုတွေ့ရတယ်။

တက်။ ။ဒီအကြောင်းကိုတော့ ဆရာကြီးတင်ပြဖူးပါပြီ။ဒို့ပြင် ကော ဆရာကြီး။

ကျွန်ုပ်။ ။တွေ့ပြီးတဲ့နောက်တစ်ပတ်အတွင်းမှာ သံရုံးတစ်ခုက ဖိတ်လို့ စထရင်းဟိုတယ်ညှိုခံပွဲတစ်ခုကို ဆရာ ရောက်သွားတယ်။

တိုး။ ။ဟုတ်ကဲ့ ဆရာကြီး။

ကျွန်ုပ်။ ။ညှိုခံပွဲမှာ ဆရာပြုလေ့ရှိတဲ့ ထုံးစံအတိုင်း ချောင် တစ်ချောင်မှာထိုင်နေတော့ ယခင်သိကျွမ်းဖူးတဲ့ အိန္ဒိယတိုင်းရင်းသားနှစ်ယောက်ဟာ ဆရာ့အနီးမှာ လာထိုင်ကြတယ်။

တက်။ ။ဘယ်သူများလဲ ဆရာကြီး။

ကျွန်ုပ်။ ။နာမည်ကိုမပြောတော့ပါဘူး။ တစ်ယောက်ကဆရာဝန်၊ တစ်ယောက်က လွှတ်တော်အမတ်တစ်ယောက် ဖြစ်ပါတယ်။ ဆရာတို့သုံးယောက် စကား လက်ဆုံ ကျနေတုန်းမှာ ဥရောပတိုက်သားတစ်ယောက်က ရှေ့က လျှောက်လာပြီး ဆရာနဲ့မျက်နှာချင်းဆိုင်



www.burmeseclassic.com

www.burmeseclassic.com



မိသည်နဲ့တပြိုင်နက် ဖျတ်ခနဲရပ်ပြီး ဆရာတို့အနီးမှာ လာထိုင်တယ်။

တိုး။ ။ဆရာကြီးရဲ့အသိအကျွမ်းထဲကလားခင်ဗျား။

ကျွန်ုပ်။ ။ဆရာနဲ့လဲမသိပါဘူး။ ဟိုနှစ်ယောက်နဲ့လဲ သိပုံမရပါဘူး။

တက်။ ။ဘာပြောသလဲ ဆရာကြီး။

ကျွန်ုပ်။ ။နောက်ဆုံးဝင်ထိုင်တဲ့ ဥရောပတိုက်သားက ဟိုလူနှစ်ယောက်ကို ပြောတယ် မောင်တို့ရဲ့။

တိုး။ ။ဘာတဲ့လဲ ဆရာကြီး။

ကျွန်ုပ်။ ။ဗျို့ လူနှစ်ယောက်၊ ဒီလူကြီးကိုကြည့်ကြစမ်းတဲ့၊ ပြောလိုက်တော့ သူတို့နှစ်ယောက် ဆရာ့ကိုကြည့်၊ ဆရာလဲ အံ့အားသင့်သွားမိတယ်။

တက်။ ။ဥရောပတိုက်သားက ဘာဆက်ပြောသလဲ ဆရာကြီး။

ကျွန်ုပ်။ ။အိန္ဒိယတိုင်းရင်းသားနှစ်ယောက်ကို သူက ဆက်ပြောနေတယ်။ ဒီလူကြီးကိုကြည့်ကြစမ်း၊ ဟိုမှာရပ်နေတဲ့လူတွေကို ကြည့်ကြစမ်း၊ နှိုင်းယှဉ်ကြည့်စမ်း၊ ဟိုလူတွေနဲ့ဒီလူကြီးနဲ့တူရဲ့လား၊ မတူဘူးဟုတ်လား၊ တွေ့ကြလားတဲ့၊ ထပ်ခါထပ်ခါမေးနေတယ် မောင်တို့ရဲ့။

တိုး။ ။အိန္ဒိယတိုင်းသားနှစ်ယောက်ကကော ဘာပြောကြသလဲ ဆရာကြီး။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်ုပ်။ ။ဟိုလူခိုင်းတဲ့အတိုင်း လူတွေကိုကြည့်လိုက်၊ ဆရာ့ကို ကြည့်လိုက်၊ ကြည့်ရင်းကြည့်ရင်း အံ့သြတဲ့မျက်နှာ ထားတွေ ဖြစ်ပေါ်လာကြတယ် မောင်တို့ရဲ့။

တက်။ ။ဘာကို အံ့သြကြတာလဲ ဆရာကြီး။

ကျွန်ုပ်။ ။လက္ခဏာကတော့ ဆရာနဲ့ရုပ်နေတဲ့လူတွေနဲ့ ထူးခြား ချက်ရှာမတွေ့လို့ အံ့သြနေကြခြင်းနဲ့တူပါတယ်။

တိုး။ ။ဒါကို ဆရာကြီးက ဘယ်လိုထင်ပါသလဲခင်ဗျား။

ကျွန်ုပ်။ ။ဥရောပတိုက်သားရဲ့မျက်စိမှာ ဆရာ့ကို လူထူးတစ် ယောက်အနေနဲ့မြင်ဟန်ရှိသော်လည်း အိန္ဒိယတိုင်း သားနှစ်ယောက်ရဲ့မျက်စိမှာတော့ တစ်စုံတစ်ရာ ထူး ခြားချက်မတွေ့ရလို့ဖြစ်မှာပေါ့။

တက်။ ။နောက်ဆုံးကျတော့ ဘာဖြစ်သလဲ ဆရာကြီး။

ကျွန်ုပ်။ ။ဥရောပတိုက်သားက ထိုင်ရာမှထပြီး သူ့ကိုယ်သူ မိတ်ဆက်ပါတယ်။ သူဟာ ဗြိတိသျှသံရုံးမှာ ပထမ အတွင်းဝန်ပါတဲ့။ ရှေ့လျှောက်ပြီး မိတ်ဆွေဖြစ်ကြဖို့ မျှော်လင့်ပါတယ်တဲ့၊ ပြောပြီး ထပြန်သွားရော မောင်တို့ရဲ့။

တိုး။ ။ဆရာကြီးက ဘယ်လို အဓိပ္ပါယ်ကောက်ပါသလဲ ခင်ဗျာ။

ကျွန်ုပ်။ ။ဆရာ့အတွေးကတော့ ထပြန်သွားတဲ့ ဥရောပတိုက် သားဟာ ဝိညာဉ်ဝါဒသမားတစ်ယောက်ဖြစ်ဟန်တူ တယ်။ ဆရာ့မှာရှိတဲ့ထူးခြားချက်ကို အခြားလူများ


www.burmeseclassic.com

www.burmeseclassic.com


မတွေ့မြင်ရသော်လည်း သူ့မှာတော့ ထင်ထင်ရှားရှားကြီး မြင်ရဟန်တူတယ်။ ဒါကြောင့်မို့ သူ့မှာတော့ လှုပ်လှုပ်ရှားရှားဖြစ်ပြီး အိန္ဒိယတိုင်းသားနှစ်ယောက်ကို ပြနေခြင်းဖြစ်တယ်လို့ ဆရာ အစိပ္ပါယ်ပေါက်တယ်။

တက်။ ။ဆရာကြီး စုံစမ်းမကြည့်ဘူးလားခင်ဗျာ။

ကျွန်ုပ်။ ။ဘာများထူးခြားချက်မြင်ပါလိမ့်ဆိုပြီး သိချင်လို့ ဟိုလူကိုတွေ့ရအောင် ဗြိတိသျှသံရုံးမှာ ဆရာစုံစမ်းကြည့်သေးတယ်၊ မတွေ့ရတော့ဘူး မောင်တို့ရေ၊ ဘိလပ်ကိုပြန်သွားပြီတဲ့။

တိုး။ ။ဒါပဲလား ဆရာကြီး။

ကျွန်ုပ်။ ။ဝိညာဉ်နဲ့ပတ်သက်လို့ မိမိမှာ တစ်စုံတစ်ရာထူးခြားမှုရှိတယ်လို့ ယခင်ကတည်းကတွေးမိသော်လည်း ဘယ်ပုံဘယ်နည်းထူးခြားတယ်ဆိုတာ မသိလိုက်ရလို့ ခံပြင်းတယ် မောင်တို့ရေ့။

တက်။ ။အဆက်မရှိတော့ဘူးလား ဆရာကြီး။

ကျွန်ုပ်။ ။အထိမ်းအမှတ်ကလေးတွေကတော့ တစ်ချက်တစ်ချက် တွေ့ပါတယ်။

တိုး။ ။ဘယ်လိုလဲ ဆရာကြီး။

ကျွန်ုပ်။ ။ဆောင်းပါးထည့်လိုက်ပြီးတဲ့နောက် သတိပေးချက်ရောက်လာတာပဲ မောင်။

တက်။ ။ဘာတဲ့လဲ ဆရာကြီး။


www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်။ ။သတိပေးချက်က ဒီလိုပါ မောင်၊ မိမိနားလည်သလို အစွမ်းကုန်ကြိုးစားပါ၊ စိတ်ပျက်အားလျှော့မှုမကြုံလိုလျှင် ကြိုတင်ပြီးတွက်ကိန်းမထုတ်ပါနဲ့၊ သို့သော် မိမိနဲ့ထိုက်တန်သလောက် အကျိုးကျေးဇူး ကျပ်ပြည့်တင်းပြည့် ကြုံတွေ့ရမည်ဆိုခြင်းကိုတော့ စိတ်ချ နှလုံးချ ယုံကြည်ထားပါလေတဲ့မောင်ရဲ့။

တိုး။ ။ဒါကို ဆရာကြီးက ဘယ်သူ့ဆီကသိရသလဲခင်ဗျာ၊ စာလား၊ ပါးစပ်နဲ့ပြောခြင်းလား၊ ဆရာကြီး လူကိုယ်တိုင်မြင်ရသေးလားခင်ဗျား။

ကျွန်ုပ်။ ။သမ္မာဒေဝအစရှိတဲ့ နတ်ကောင်းနတ်မြတ်များထံမှ ဖြစ်မှာပါပဲ။

တက်။ ။ဘယ်လိုသတင်းရပုံလဲ ဆရာကြီး။

ကျွန်ုပ်။ ။အိပ်ရာမှနိုးပြီး ထထိုင်သည်နဲ့တစ်ပြိုင်နက် စိတ်ထဲမှာ ဖျတ်ခနဲပေါ်လာခြင်းဖြစ်တယ် မောင်။

တိုး။ ။မြန်မာလိုလား၊ အင်္ဂလိပ်လိုလား၊ ကုလားလိုလား ဆရာကြီး။

ကျွန်ုပ်။ ။မပြောကြပါနဲ့မောင်တို့၊ ရှုတ်တွတ်တွတ်မလုပ်ကောင်းပါဘူး။

တက်။ ။မလုပ်နဲ့လေ ကိုတိုးက။

တိုး။ ။သည်းခံပါ ဆရာကြီးခင်ဗျား။

ကျွန်ုပ်။ ။ခုတင်ကသတိပေးချက်မှာ စကားလုံးတွေတော်တော်



www.burmeseclassic.com

www.burmeseclassic.com



များသော်လည်း ဆရာကြီးစိတ်ထဲမှာတော့ လက်ဖျစ်တစ်တွတ်အတွင်း ဖြုန်းဆို အဓိပ္ပါယ်အားလုံးပေါ်လာတယ် မောင်တို့ရဲ့။

တက်။ ။အသံကြားလိုက်ရခြင်းမဟုတ်ဘူးလား ခင်ဗျား။

ကျွန်ုပ်။ ။နားထဲမှာကြားရတဲ့အသံမျိုး မဟုတ်ပါဘူး၊ ဉာဏ်ထဲမှာ တစ်ချက်တည်း ဖျတ်ခနဲ(လျှပ်ပြက်လိုက်သလို) ပေါ်လာတဲ့သဘောမျိုးဖြစ်ပါတယ်။

တိုး။ ။ဘာသာစကားလုံးမပါဘူးလား ဆရာကြီး။

ကျွန်ုပ်။ ။စကားလုံးမပါဘူး၊ အနက်သဘောချည်း ရိုပ်မိလိုက်ခြင်းဖြစ်ပါတယ်။

တက်။ ။တယ်ဆန်းပါလား ဆရာကြီး၊ ဒါမျိုး ကြုံဖူးသေးလား ခင်ဗျာ၊ အင်ကျူးရှင်းခေါ်မလား ဆရာကြီး။

ကျွန်ုပ်။ ။ဒါမျိုးက ပရလောကမှပုဂ္ဂိုလ်များက လူသားများထံ သတင်းပေးချင်တဲ့အခါမှာအသုံးပြုတဲ့နည်းဖြစ်ပါတယ်။ စကားလုံးမပါဘဲ အနက်သဘောချည်းသက်သက် ဆက်လွှင့်လိုက်ခြင်းဖြစ်ပါလိမ့်မယ်။

ကျွန်ုပ်။ ။ဆရာ့မှာ ဉာဏ်ပွင့်သွားသပေါ့၊ မိမိကဤမျှလောက် ဆောင်ရွက်လျှင်ဤမျှလောက် အကျိုးတရားဖြစ်ထွန်းထိုက်လေပြီလို့ ကိုယ့်ဟာကိုယ် တွက်ကိန်းထုတ်ပြီး မျှော်လင့်ထားမိတဲ့အမှားကို ရုတ်တရက်မြင်လာပြီး ဖျောက်ဖျက်ပစ်နိုင်လို့ စိတ်သက်သာရာရသွားပေ



www.burmeseclassic.com

www.burmeseclassic.com


တယ်။ ပြီးတော့ မိမိကြိုးစားသလောက် ထိုက်တန်တဲ့ အကျိုးတရားပေါ်ထွက်လာဖို့အတွက်ကိုလည်း စိတ်ချရပြီး နှစ်သိမ့်မှုရသွားတယ် မောင်တို့ရေ။

တိုး။ ။ဆရာကြီး ခုပြောခြင်းဟာ မေတ္တာဘာဝနာအလုပ်နဲ့ ပတ်သက်လို့ပြောခြင်း မဟုတ်လားခင်ဗျား။

ဘျှန်ပ်။ ။ဟုတ်တာပေါ့ မောင်ရယ်။

[လုပ်သားပြည်သူ့နေ့စဉ်သတင်းစာတွင် မေတ္တာဝါဒရှုထောင့် အမှတ်(၁၁၄)ဖြင့် ဖော်ပြခဲ့သော ဆောင်းပါးဖြစ်ပါသည်။]

ရွှေဥဒေါင်း


www.burmeseclassic.com

www.burmeseclassic.com

# သရဲတစ္ဆေဆိုသည်မှာ

## ဦးမြအောင်

မြန်မာလူမျိုးသည် သရဲတစ္ဆေကို အတော်အတန်ယုံကြည်သော လူမျိုးဖြစ်၏။ မြန်မာ ၁၀ ယောက်လျှင် ၉ ယောက်မှာ သရဲတစ္ဆေကို ယုံကြည်ကြ၏။ ထိုသို့ ယုံကြည်ကြသူများတွင် တစ္ဆေကို ကိုယ်တိုင်တွေ့မြင်ဖူးသောသူကား အလွန်နည်း၏။ တစ္ဆေရှိသည်ဟု ယုံကြည်သောသူများ၊ သို့မဟုတ် တစ္ဆေကြောက်သော သူများမှာ အများအားဖြင့် ကိုယ်တိုင်မတွေ့ဖူးဘဲ သရဲတစ္ဆေပုံပြင်များကို ကြားဖူးဖတ်ဖူးသောကြောင့် ယုံကြည်စွဲလမ်းနေသူများဖြစ်ကြ၏။

### လက်ဖွဲ့များတောင်းကြပုံ

တစ္ဆေပုံပြင်များမှာ စိတ်ကူးဉာဏ်နှင့် လုပ်ကြံရေးသားထားသောပုံပြင်များဖြစ်သည့်အတိုင်း သဘာဝယုတ္တိ မရှိချေ။ သို့စေကာမူ လူတို့သည် ထိုပုံပြင်များကိုဖတ်၍ ဖြစ်နိုင်သည် မဖြစ်နိုင်သည်၊ ယုတ္တိရှိသည် မရှိသည် မစဉ်းစားကြဘဲ ကြက်သီးမွေးညင်းထကြ၏။ ဒုတိယကမ္ဘာစစ်မဖြစ်မီက နာမည်ကျော်အမျိုးသမီး ဝတ္ထုရေးဆရာမတစ်ဦးသည် မဂ္ဂဇင်းတစ်စောင်၌



www.burmeseclassic.com

www.burmeseclassic.com



န်းကာဝေတာ်ဆွေဝတ္ထုများ လစဥ်ရေးသားဖူးရာ ထိုအခါက လူများသည် သူ့ဝတ္ထုများကို အတော်ကြိုက်ကြ၍ သူရေးသားသမျှကိုလည်း တကယ့်အဖြစ်အပျက်များဟုထင်မှတ်ပြီးလျှင် သူ့ထံသို့ခင်းအိုင်လက်ဖွဲ့များ စာရေးတောင်းကြသည်ဟုသိရ၏။

တစ္ဆေပုံဝတ္ထုများကို မြန်မာနိုင်ငံ၌သာမဟုတ်၊ အနောက်ိုင်ငံများ၌လည်း လူများကြိုက်နှစ်သက်ကြ၏။ အင်္ဂလိပ်တစ္ဆေပြင်များ အတော်များများရှိ၏။ အမေရိကန်ပြည်၌မူ လစဥ်ထုတ်ဝေသော တစ္ဆေပုံပြင်မဂ္ဂဇင်းတစ်စောင်ပင်ရှိ၏။

ဝတ္ထုလိုကြောက်စရာမကောင်း

အင်္ဂလိပ်မဂ္ဂဇင်းနှင့်စာအုပ်များတွင် အချို့သောလူများ၏တကယ့်ကိုယ်တွေ့တစ္ဆေများအကြောင်းကို မကြာမကြာဖတ်ရ၏။ထိုတကယ့် ကိုယ်တွေ့မှတ်တမ်းများမှာ စိတ်ဝင်စားစရာကောင်း၏။ စာရေးသူများမှာ အများအားဖြင့် နဂိုမူလက တစ္ဆေကိုယုံကြည်သူများ မဟုတ်ကြချေ။ ၎င်းတို့တွေ့ကြုံရပုံများသည်အင်္ဂလိပ်-မြန်မာတစ္ဆေပုံဝတ္ထုများ၌ပါရှိသော အဖြစ်အပျက်များနှင့် များစွာကွာခြား၏။ ၎င်းတို့ကိုဖတ်ရှုရသည်မှာ တစ္ဆေပုံဝတ္ထုများကို ဖတ်ရှုရသလို ကြောက်စရာမကောင်းချေ။

ဒုတိယကမ္ဘာစစ်မဖြစ်မီက ဂျေအိပ်ချ်ဝီလီယမ်ဆိုသောအင်္ဂလိပ်လူမျိုးတစ်ယောက်သည် မြန်မာပြည်အထက် ချင်းတွင်းယ်၌ ဘုံဘေဘားမားကုမ္ပဏီ၏ဆင်များကို ကြီးကြပ်အုပ်ချုပ်သူအဖြစ်ဖြင့် နှစ်ပေါင်းများစွာအလုပ်လုပ်ခဲ့၏။ 'အဲလီးဖင့်ဘီလ်'ခေါ် ဆင်များအကြောင်းကို အထူးရေးသားထားသော သူ၏



www.burmeseclassic.com

www.burmeseclassic.com


စာအုပ်မှာ ဖတ်၍ကောင်းလှ၏။ ထိုကိုယ်တွေ့မှတ်တမ်း တစ်နေ ရာတွင် စံရွှေဦးဆိုသော မနအမျိုးသားဆင်သမားတစ်ယောက် အား 'နတ်ကျား'ချီသွားပုံကို ရေးသားထား၏။ ထိုအကြောင်း ကို ကျွန်ုပ်ဖော်မပြတော့ပါ။ 'ကျတ်တစ္ဆေရွာ'သို့ သူရောက်ရှိခဲ့ ကိုသာ အကျဉ်းချုံး၍ စာဖတ်သူများ စဉ်းစားဆင်ခြင်နိုင်ရန် ဖော်ပြပါအံ့။

မမြင်ရသောရွာတစ်ရွာ

တစ်ခါသော် သူသည် ဆင်သမားများနှင့်အတူ လူသူ အရောက်အပေါက်နည်းသော နေရာတစ်ခုသို့ ရောက်သွား၏။ ညမှောင်ခါနီးပြီဖြစ်၍ ခရီးမဆက်တော့ဘဲ ညောင်ပင်ကြီးတစ်ပင် အောက်တွင် စခန်းချကြ၏။ ထိုနေရာမှာ အနီးအနားတွင် ဘာ ရွာမှမရှိဘဲ လူသူကင်းမဲ့သော ကုန်းခေါင်ခေါင်ကြီးဖြစ်၏။ သို့စဉ် လျက် အရုဏ်တက်စအချိန်တွင် ဗီလီယမ်သည် ကြက်တွန်သံ ကြားရ၏။ ထိုနောက် ဘုန်းကြီးကျောင်းမှ ကုလားတက်ခေါက် သံ၊ ခွေးအူသံ၊ ကလေးငိုသံ၊ ထင်းခွဲသံ၊ မောင်းထောင်းသံမှစ၍ ယောက်ျား,မိန်းမနှင့်ကလေးများ လှုပ်ရှားသွားလာသံ၊ ပြောသံ ဆိုသံများကို သဲကွဲပြတ်သားစွာ ကြားရလေသည်။ ထိုအခါက သူ့မှာ အိပ်မှုန်စုံမွှားမဟုတ်၊ ကောင်းစွာနိုးနေပြီဖြစ်၏။

သူ၏အဖော် ဆင်သမားများမှာ ထိုအသံများကို မကြား ကြချေ။ နောက်မှ ဆင်သမားများ၏ပြောပြချက်အရ ထိုနေရာ တွင် ရှေးက ရွာတစ်ရွာတည်ခဲ့ဖူးကြောင်း၊ ကာလဝမ်းရောဂါ ဖြစ်ပွား၍ တစ်ရွာလုံးပျက်စီးသွားကြောင်း သူသိရ၏။



www.burmeseclassic.com

www.burmeseclassic.com



ညာဉ်သုတေသန

အထူးစဉ်းစားစရာကောင်းသည်မှာ အင်္ဂလန်ပြည် စိတ်ဝိညာဉ်သုတေသနအသင်းက ရှာဖွေစုဆောင်းထားသော တစ္ဆေအကြောင်း ကိုယ်တွေ့မှတ်တမ်းများဖြစ်၏။ ထိုအသင်းသည် စိတ်ဝိညာဉ်နှင့်ဆိုင်သော ထူးခြားဆန်းကြယ်သည့်အဖြစ်အပျက်များကို သေချာကျနစွာလေ့လာလျက် အမှန်တရားကို ရှာဖွေနေသောအသင်းဖြစ်ရာ ကမ္ဘာအရပ်ရပ်မှပေးပို့သော ကိုယ်တွေ့မှတ်တမ်းများအနက် သက်သေအထောက်အထားအတော်ခိုင်လုံသော မှတ်တမ်းများကိုသာ လက်ခံသိမ်းဆည်းထား၏။ ထိုမှတ်တမ်းများ၌ပါရှိသောအကြောင်းအရာများမှာ အင်္ဂလိပ်စာအုပ်များ၌ တစ်ခါတစ်ရံပါရှိသော ကိုယ်တွေ့အဖြစ်အပျက်များနှင့်တူ၍ ကျူးဉာဏ်သက်သက်ဖြင့် ရေးသားထားသော တစ္ဆေပုံပြင်များနှင့်ကား မတူချေ။

စိတ်ဝိညာဉ်သုတေသနအသင်း၏ လေ့လာချက်အရ သေသူများ၊ သို့မဟုတ် အသည်းအသန်ဖျားနာ၍သော်လည်းကောင်း၊ အခြားအကြောင်းတစ်ခုကြောင့်သော်လည်းကောင်း၊ သေရအံ့ဆဲဆဲလူများသည် အခြားလူများ အထူးသဖြင့် မိမိတို့၏ သိမိတ်ဆွေနှင့် ဆွေမျိုးသားချင်းများအား ကိုယ်ထင်ပြတတ်ကြောင်းသိရ၏။ ထိုတစ္ဆေများသည် စကားနည်း၍ လူများနှင့် စကားပြောလိုဟန် လက္ခဏာမပြချေ။ ပတ်ဝန်းကျင် ၌လည်း ထိုတို့ စိတ်ဝင်စားခြင်းမရှိလှချေ။ တစ်ခါတစ်ရံ ပြုံးပြ တတ်၏။ သို့မဟုတ် ခေါင်းညိတ်ပြတတ်၏။ မျက်နှာမှာ မရွှင်လန်း



www.burmeseclassic.com

www.burmeseclassic.com



လူများအား တစ်စုံတစ်ခုသိရှိစေလိုသော ဆန္ဒပြင်းပြနေသည် အရိပ်အရောင်ပေါ်နေတတ်၏။

## တစ္ဆေမှာ ရုပ်ဒြပ်မရှိ

တစ္ဆေမှာ ရုပ်ဒြပ်မရှိချေ။ ၎င်းကို ကိုင်တွယ်စမ်းသပ်၍မ ၎င်းစကားပြောသောအခါ ဓာတ်ပြားထဲသို့ အသံသွင်းယူ၍မ လေထဲ၌လည်း အသံလှိုင်းများ ဖြစ်ပေါ်ခြင်းမရှိ။ ၎င်း၌ ကို ကာယမရှိကြောင်း ထင်ရှားစေသော အခြားအချက်မှာ ၎င်း လက်ရာခြေရာများကို ဘယ်အခါမှမတွေ့ရခြင်းဖြစ်၏။ တစ္ဆေ နပန်း;လုံးရသည်၊ သရဲ၏ခြေရာကိုတွေ့ရသည်ဆိုခြင်းမှာ ယုံတ စကားများသာဖြစ်၏။

စိတ်ဝိညာဉ်သုတေသနအသင်းသည် တစ္ဆေခြောက်သေ အိမ်များအကြောင်းကိုလည်း လေ့လာခဲ့၏။ အခြားတိုင်းပြ များ၌ တစ္ဆေခြောက်ပုံများမှာ ကျွန်ုပ်တို့ပြည်၌ လူများကြာ တွေ့ဖူးသော တစ္ဆေခြောက်ပုံမျိုးအတိုင်းဖြစ်၏။ တစ္ဆေရှိသ ဆိုသောအိမ်များတွင် အများအားဖြင့် တစ္ဆေကိုမတွေ့ရ ထွန်းထားသောမီး အလိုလိုငြိမ်းသွားခြင်း၊ တံခါးများ အလို ပွင့်ခြင်း၊ ပိတ်ခြင်း၊ တံခါးခေါက်သံ၊ လမ်းလျှောက်သံ၊ ကုလ ထိုင်,စားပွဲများ ရွှေ့သံ၊ ညည်းတွားသံနှင့် အခြားအသံများ ကြားရခြင်းစသည့် ထူးဆန်းသောအဖြစ် အပျက်များကို တွေ့ တတ်၏။ တစ္ဆေပုံပြင်များ၌ပါသည့် အလွန်ကြောက်စရာကော သော ခြောက်လှန့်ခြင်းမျိုးကို ဘယ်အခါမှ မတွေ့ရချေ။



www.burmeseclassic.com

www.burmeseclassic.com


ခဲမိုးရွာခြင်း

တစ္ဆေခြောက်သောအိမ်များတွင် ထူးဆန်းအံ့ဩဖွယ် အကောင်းဆုံးအိမ်များမှာ မြန်မာတို့အပယူအားဖြင့် ပုဏ္ဏကတိုက် သည်ဟု ဆိုရမည်ဖြစ်သော အိမ်များဖြစ်၏။ ထိုအိမ်များ အကြောင်းကို ကမ္ဘာအရပ်ရပ်မှ စိတ်ဝိညာဉ်သုတေသနအသင်း သို့ သတင်းပေးပို့၍ အင်္ဂလိပ်မဂ္ဂဇင်း၊ သတင်းစာများ၌လည်း ၎င်းတို့အကြောင်း တစ်ခါတစ်ရံပါလာတတ်၏။ ထိုအိမ်များ၌ တစ္ဆေခြောက်ပုံမှာ အတော်ကြမ်း၏။

အိမ်ပေါ်နှင့်အိမ်ထဲသို့ ခဲမိုးရွာချတတ်၏။ အုတ်ခဲ,တုတ်, သံချောင်းစသော အရာဝတ္ထုများသည် ပြင်ပမှ အရှိန်ပြင်းစွာနှင့် အလိုလိုရောက်ရှိလာတတ်၏။ အိမ်ထဲရှိ စာအုပ်,မင်အိုး,ပန်းကန် အစရှိသော သေးငယ်သည့်ဝတ္ထုပစ္စည်းများမှာလည်း တစ်စုံ တစ်ယောက်က အငြိုးကြီးကြီးနှင့် ကိုင်ပေါက်လိုက်သကဲ့သို့ အခြားနေရာသို့ အရှိန်ပြင်းစွာ လွင့်စဉ်သွား၏။ တစ်ခါတစ်ရံ အဝတ်အစားများကို မီးစွဲလောင်တတ်၏။ လူများအား အကြီး အကျယ် ဘေးအန္တရာယ်ဖြစ်လောက်အောင်ကား ခြောက်လှန့် ခြင်း မရှိတတ်ချေ။

ထိုအိမ်များတွင် အများအားဖြင့် ရူးပေါပေါလူပျိုပေါက် အပျိုပေါက်ကလေးများကို တွေ့ရလေ့ရှိသောကြောင့် အဆိုပါ အံ့ဖွယ်ရာ ဖြစ်ပျက်မှုများမှာ ၎င်းတို့၏နောက်ပြောင်မှုများ ဖြစ်လေသလောဟု စဉ်းစားစရာဖြစ်၏။ ၎င်းတို့ကို တခြား တစ်နေရာသို့ပို့လိုက်လျှင် ထိုအံ့ဖွယ်ရာအဖြစ်အပျက်များ


www.burmeseclassic.com

www.burmeseclassic.com


ဆက်လက် ဖြစ်ပွားခြင်းမရှိဟုသိရ၏။ သို့ရာတွင် အချို့သော အဆိုပါအိမ် များ၌ ရဲအမှုထမ်းများကိုယ်တိုင် သတိဝီရိယနှင့် စောင့်ကြပ် ကြည့်ရှုကြစေကာမူ 'လူငယ်လူရွယ်တစ်ဦးဦး ရှုပ်နှောက်နေသည်' ကို လက်ပူးလက်ကျပ်မိခြင်း သိပ်မရှိလှချေ။

**သူတို့အယူ**

တစ္ဆေအကြောင်းနှင့်ပတ်သက်၍ စိတ်ပိညာဉ်သုတေသန အသင်းနှင့်တကွ အများသော အနောက်နိုင်ငံပညာရှင်တို့၏ ယူဆချက်မှာ ဤသို့ဖြစ်၏။ တစ္ဆေမည်သည်မှာ ရုပ်နာမ်မရှိ။ ၎င်းသည် လူ၏စိတ်ထင်မြင်ချက်မျှသာဖြစ်သည်ဟုလည်း မဆို နိုင်။ အဘယ့်ကြောင့်ဆိုသော် တစ်ခါတစ်ရံ လူတစ်ဦးတည်းသာ မကဘဲ လူအများပင် တစ္ဆေကို တပြိုင်နက်မြင်ကြရ၏။ ထို့ကြောင့် တစ္ဆေသည် ကောန်ရှိ၏။

သို့ရာတွင် ၎င်းသည် သတ္တဝါမဟုတ်၊ အရာဝတ္ထုမဟုတ် ဘဲ သင်္ကာန်အရိပ်အငွေ့မျှသာဖြစ်၏။ လူတစ်ဦးကြံစည်တွေး တော စိတ်ကူးသမျှတို့သည် ပတ်ဝန်းကျင်အရာဝတ္ထုများပေါ်၌ သင်္ကာန် အရိပ်ဖြစ်၍ ကျန်ရစ်၏။ ထိုအရာဝတ္ထုများ၏အပေါ်သို့ အခြား လူတစ်ဦးရောက်ရှိလွှားသောအခါ ထိုလူ၏မနောဝိညာဉ်၌ ထိုသင်္ကာန်အရိပ်များထင်လာ၍ တစ္ဆေခြောက်သည်ဟု လူတို့ ယုံကြည်စွဲမှတ်ကြခြင်းဖြစ်ပေသည်။

အရာဝတ္ထုများပေါ်၌ ကျန်ရစ်သော နာမ်တရား၏ သင်္ကာန်အရိပ်တို့မှာ မည်သို့သောအရာဖြစ်သည်ဟု ကျွန်ုပ်တို့ ပြောဆိုရန် ခဲယဉ်း၏။ သို့ရာတွင် တစ်စုံတစ်ခုကျန်ရစ်ကြောင်း


www.burmeseclassic.com

www.burmeseclassic.com


တိုကား ယုံမှားစရာမရှိချေ။ အကြောင်းမူ အနောက်နိုင်ငံများ အထူးသဖြင့် ပြည်သစ်ပြည်၌ အင်္ဂလိပ်လို ဆင်စီတစ်ဟုခေါ်သော လူထူးလူဆန်းတစ်မျိုးရှိ၏။ ၎င်းတို့မှာ အများအားဖြင့် မိန်းမများဖြစ်ကြ၏။

၎င်းတို့သည် လက်ကိုင်ပဝါ၊ ဖောင်တိန်စသော ပစ္စည်းတစ်ခုခုကို ကိုင်၍ကြည့်ပြီးလျှင် ပစ္စည်းပိုင်ရှင်ကို မမြင်ဖူးစေကာမူ ထိုသူ၏ရုပ်ရည်လက္ခဏာ စိတ်နေစရိုက်နှင့် နောက်ကြောင်းရာဇဝင်ကို တိကျမှန်ကန်စွာ ဟောပြောနိုင်၏။ ဤသည်မှာ ယုံတမ်းစကားမဟုတ်၊ စိတ်ပညာကျော်များကိုယ်တိုင် စုံစမ်းစစ်ဆေး၍ ဒိဋ္ဌမျက်မြင်တွေ့ခဲ့ကြရသောအချက်ပင်ဖြစ်၏။ ဤသို့သော ပြောခြင်းမျိုးကို အင်္ဂလိပ်လို ဆိုင်ကိုမေတြီဟုခေါ်၏။

**စိတ်အစွမ်းရှိမှမြင်၏**

လူအမြောက်အမြားနေထိုင်ဖူးသော သို့မဟုတ် သေဖူးသော အိမ်များ၌ သဏ္ဌာန်အရိပ်ပေါင်းများစွာ ကျန်ရှိမည်ဖြစ်ရာ ထို အိမ်များ၌ တစ္ဆေကိုမတွေ့မြင်ရခြင်းမှာ စဉ်းစားစရာဖြစ်၏။ အရာဝတ္ထုများပေါ်သို့ တစ်ခုပေါ်တစ်ခု ထပ်ခါထပ်ခါ ကျရောက်သော သဏ္ဌာန်အရိပ်များသည် တစ်ခုနှင့်တစ်ခုရောထွေးလျက် မှေးမှိန်ပျောက်ကွယ်သွားဟန်တူ၏။ တစ္ဆေကို လူတိုင်းလည်း မြင်နိုင်စွမ်းမရှိချေ။ စိတ်ဝိညာဉ်သုတေသနအသင်းက စုံစမ်းခဲ့သော လူပေါင်း ၁၇,၀၀၀ အနက် ၁၆၈၄ ယောက်(၉ ဒသမ ၉ ရာနှုန်း)ကသာလျှင် တစ္ဆေကိုမြင်ဖူးသည်ဟုဆိုကြ၏။ တစ္ဆေကို


www.burmeseclassic.com

www.burmeseclassic.com


တွေ့မြင်ရသောသူသည် သာမန်လူများထက် ထူးခြားသည့် စိတ်အစွမ်းသတ္တိတစ်မျိုးရှိသောသူဖြစ်သည်ဟု ယူဆဖွယ်ရှိ၏။

သို့စေကာမူ တစ္ဆေသည် သဏ္ဍာန်အရိပ်မျှသာဖြစ်သည် ဟူသောအယူသည် အချို့သောအချက်များကို ဖြေရှင်းရန်အတွက် လုံလောက်မည်မဟုတ်ချေ။ အချို့သေပြီးသူများ သို့မဟုတ် သေအံ့ဆဲဆဲပုဂ္ဂိုလ်များသည် ဝေးလံသောအရပ်ရှိလူများအား ကိုယ်ထင်ပြတတ်ခြင်းကို အထက်ပါအယူဖြင့် ရှင်းပြရန် ခဲယဉ်း၏။ တစ္ဆေက လူများကဲ့သို့ လှုပ်ရှားပြုမူပုံ၊ တစ်ခါတစ်ရံ ရှေ့ ဖြစ်မည့်အကြောင်းပင် ပြောပြပုံများကို စဉ်းစားလျှင်လည်း ထိုအယူကို ယုံမှားစရာဖြစ်၏။ ပုဏ္ဏကတိုက်သောအိမ်များမှာ သဏ္ဍာန်အရိပ်များ ထကြွသောင်းကျန်းသော အိမ်များသာဖြစ်သည်ဟုယူရန်လည်း ခဲယဉ်း၏။

တစ္ဆေအကြောင်း သုတေသနပြုကြသော အနောက်နိုင်ငံ ပညာရှင်တို့သည် အထက်ပါအချက်များကို ဝန်ခံကြ၏။ အမှန်ဆိုသော် တစ္ဆေပြဿနာမှာ သူတို့စိတ်ကျေနပ်လောက်အောင် မဖြေရှင်းနိုင်သေးသော ပြဿနာတစ်ရပ်ပင် ဖြစ်ပေသတည်း။

စာပေဗိမာန်ဦးအေးမောင်


www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် 'သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ ကြပါစေ' ဟု မေတ္တာ မပြတ်ပို့ရသည်။

မွေ့သဟာဝေရက္ခိတ် ဓမ္မစာရီ ဟူသော ဒေသနာတော်အတိုင်း စောင့်သူအား တရားက ပြန်၍ စောင့်ရှောက်သည့်သဘော ည်ထင်ပါသည်။

တော်စင်

တစ်နေ့တွင် 'သဗ္ဗေဗုဒ္ဓါ ဣန္ဒိပတ္တာ၊ ပစ္စေကာနဥ ယံ ဣန္ဒိ၊ ာနဥ တေဇေန၊ ရက္ခံဗန္ဓာမိသဗ္ဗသော' စသော စက်ပရိတ်

ကုသိုလ်ပြုဘာ အကျိုးထူးရ

❀

# ရန်အောင်

**ဘုရားဖက်လျှင် အသက်ရှည်**

၁၉၄၂ ခုနှစ်ကဖြစ်၏။ အင်္ဂလိပ်နှင့်ဂျပန်တို့ စစ်ဖြစ်ကြပြီး မြန်မာနိုင်ငံမှ အင်္ဂလိပ်တို့ ဆုတ်ခွာထွက်သွားကြပြီးနောက် မြန်မာ နိုင်ငံကို ဂျပန်တို့ အုပ်ချုပ်နေကြချိန်ဖြစ်သည်။

ထိုအချိန်က ကျွန်တော်သည် ရန်ကုန်အရှေ့ပိုင်း ကရိုလမ်းရှိ မက်သဒစ်ကျောင်း အဆောက်အဦများတွင် ဂျပန် စစ်တပ်ချထား



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသောသူသည် သာမန်လူများထက် ထူး ဗုံးကြဲရာ
စိတ်အစွမ်းသတ္တိတစ်မျိုးရှိသောသူဖြစ်သည်ဟု ယူဆ ;တွေးကာ
သို့စေကာမူ တချို့သည် သဏ္ဌာန်အရိပ်မျှသာ ;းအကျယ်
ဟူသောအယူသည် အချို့သောအချက်များကို ဖြေရှင်း
လုံလောက်မည်မ ဘ်ချေ။ အချို့သေပြီးသူများ သို့မပ
ဆဲဆဲပုဂ္ဂိုလ်များသည် ဝေးလံသောအရပ်ရှိလူများအား ဒီဇင်ဘာ
ပြတတ်ခြင်းကို အထက်ပါအယူဖြင့် ရှင်းပြရန် င် တစ်နှစ်
တချို့က လူများကဲ့သို့ လှုပ်ရှားပြုမူပုံ၊ တစ်ခါတစ်ရံ းကြဲခြင်း၊
အကြောင်းပင် ပြောပြပုံများကို စဉ်းစားလျှင်လည်း ပ့်အတွက်
ယုံမှားစရာဖြစ်၏။ ပုဏ္ဏကတိုက်သောအိမ်များမှာ သ ာပုပန်နေ

'ဘုရားဖက်လျှင် အသက်ရှေ (ရှည်)၊ တရားဖက်လျှင် အမျက်ပြေ၊ သံဃာဖက်လျှင် အခက်ဆေ' ဟူသော စကားကို နှလုံးသွင်းကာ ရတနာသုံးပါးကို ပို၍ ယုံကြည်လေးစား အားထားကိုးကွယ်ရသည်။

တတ်နိုင်သမျှ ဒါနစသော ကုသိုလ်ကောင်းမှုများကို ပြုရသည်။ သီတင်းသီလ ဆောင့်သုံးရသည်။ အထူးသဖြင့် ငါးပါးသီလကို ခါးဝတ်ပုဆိုးကဲ့သို့ မြဲရသည်။ ပရိတ်၊ မေတ္တာ၊ ဘာဝနာ၊ ကမ္မဋ္ဌာန်းတို့ကို စီးဖြန်းရွတ်ဖတ်အားထုတ်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



အထူးသဖြင့် 'သတ္တဝါအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေ' ဟု မေတ္တာ မပြတ်ပို့ရသည်။

'ဓမ္မောဟဝေရက္ခတိ ဓမ္မစာရီ' ဟူသော ဒေသနာတော်အတိုင်း 'တရားကိုစောင့်သူအား တရားက ပြန်၍ စောင့်ရှောက်သည့်သဘော' ဟု ပြောရမည်ထင်ပါသည်။

## ရသေ့သူတော်စင်

တစ်နေ့တွင် 'သဗ္ဗေဗုဒ္ဓါ ဣဒ္ဓိပတ္တာ၊ ပစ္စေကာနဥ္စ ယံ ဣဒ္ဓိ၊ အရဟန္တာနဉ္စ တေဇေန၊ ရက္ခံဗန္ဓာမိသဗ္ဗသော' စသော စက်ပရိတ်တော်ကို ရွတ်နေစဉ် ကျွန်တော်တို့နေသည့် တိုက်ရှေ့တွင် အသက် ၅ နှစ်ခန့်အရွယ် သူငယ်လေးတစ်ယောက် ရုပ်တုတစ်ခု 'ပိုက်ကာ ရပ်နေသည်ကို မြင်ရသဖြင့် ခေါ်ယူကြည့်ရှုရာ ထိုရုပ်တုကိုကြည့်ရင်း ကျွန်တော့်စိတ်ထဲတွင် မြတ်စွာဘုရားအလောင်းတော် သိဒ္ဓတ္ထမင်းသား တောထွက်တော်မူသွားစအခါတွင် ဗြဟ္မဏရသေ့ကြီးများဖြစ်ကြသော အာဠာရနှင့် ဥဒကရသေ့ကြီးများကို စဉ်းစားထင်မြင်ပေါ်ပေါက်လာ၏။

ဆိုလိုသည်မှာ ယခု သူငယ်ကလေး ယူဆောင်လာသည့် ရုပ်တုမှာ ရှေးသရောအခါကာလက မဇ္ဈိမဒေသတွင် သမထဘာဝနာ



www.burmeseclassic.com

www.burmeseclassic.com



ကို ပေါက်မြောက်အောင် အားထုတ်သည့် သူတော်စင်ကြီးတစ်ဦး၏ ရုပ်တုဖြစ်လိမ့်မည်ဟု စိတ်တွင် ထင်မြင်ပေါ်ပေါက်လာသဖြင့် သူငယ်ကလေးအား သူ ကျေနပ်လောက်အောင်ငွေကြေးပေးပြီး ရုပ်တုကို ယူထားလိုက်ကာ အဘိုးတစ်ယောက်၏ ရုပ်တုပမာ ရိုသေစွာထားပြီး နို့၊ ပန်း၊ ဆီမီး၊ သောက်ရေ စသည်များ တင်ပေး၏။

**မတော်တဆ တိုက်ဆိုင်ခြင်းလော**

ထိုရသေ့သူတော်စင်ရုပ်တု ရောက်လာရှိသည်နှင့် တစ်ပြိုင်နက် တစ်ခု ထူးခြားသည်မှာကား ဗုံးဘေး၊ စက်သေနတ်ဘေးတို့ကို ကြောက်ရွံ့ ပူဆွေးနေရသည့်စိတ် အတော်ကြီး ပြေပျောက်သွားကာ 'ဥပဇ္ဈေဒကကံဖြင့် ဘယ်နည်းနှင့်မျှ သေရမည်မဟုတ်' ဟု ယုံကြည်ကာ သောကပြေပျောက်သွားသည်။

ထိုအချိန်ကာလက အထက်တွင် ဆိုခဲ့သည့်အတိုင်း ရန်ကုန်မြို့တွင်းမှာ ရန်သူလေယာဉ်ပျံများက ဗုံးကြဲ၊ စက်သေနတ်ဖြင့် ပစ်ခြင်းများ အကြီးအကျယ် ပြုလုပ်နေသဖြင့် မြို့တွင်းတွင် မနေဝံ့ကြဘဲ ဆင်ခြေဖုံးအရပ်များ၊ ကျောင်းကန်ဘုရားအနီးအနားများသို့ ပြောင်းရွှေ့သွားကြသဖြင့် မြို့တွင်းတွင် လူမရှိသလောက်ဖြစ်ကာ လူဆိုး၊ သူခိုး၊ ဓားပြရန်ကို ကြောက်ရွံ့လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် ကျွန်တော်တို့အိမ်ထောင်သည်လည်း ရွှေတိဂုံစေတီတော်မြတ်အနီးရှိ ဗဟန်းသို့ ပြောင်းရွှေ့နေထိုင်ရန် ကြံစည်သော်လည်း အရေးကြီးသော အိမ်သုံးပစ္စည်းများ တင်ယူသွားရန် ဘာယာဉ်မှ မရှိသဖြင့် အခက်ကြုံနေ၏။

ထို့ကြောင့် ရလိုရငြား စမ်းသပ်သည့်သဘောကာဖြင့် ရသေ့သူတော်စင်ရုပ်တုထံ စီးရန်ယာဉ် ရရေးအတွက် ဆုတောင်းဆန္ဒပြုကြည့်မိသည်။

မတော်တဆ တိုက်ဆိုင်မှုဟု ဆိုလိုက ဆိုနိုင်ပါ၏။ ကျွန်တော် ဆုတောင်းပြီးနောက် မကြာမီပင် ကျွန်တော်တို့ အိမ်အနီးသို့ မြင်းလှည်းတစ်စီး မောင်းလာကာ လှည်းခ ဂျပန်ငွေကလေး ၂ ကျပ်မျှသာ ယူပြီး ကျွန်တော်တို့ကို ဗဟန်း ကြားတောရလမ်းသို့ ပို့ပေးသည်။

ကြားတောရလမ်းရှိ သစ်ပင်ရိပ် ကောင်းကောင်းတွင် ပစ္စည်းများ စုပုံချထားပြီးနောက် နေစရာအိမ် လိုက်ရှာရာ နေသာဝင်၍ နေစရာမရသဖြင့် သစ်ပင်အောက်တွင်ပင် တစ်ည အိပ်ရလေသည်။

အမဲသားနှင့်အရက်

နောက်နေ့တွင် ထုံးစံအတိုင်းပင် စမ်း၍ ဆုတောင်းကြည့်ရပြန်၏။ ကျွန်တော့်ကံလော၊ သူ့စွမ်းအင်လော မပြောတတ်။ မိတ်ဆွေ



www.burmeseclassic.com

www.burmeseclassic.com


တစ်ယောက် လမ်းလျှောက်လာစဉ် ကျွန်တော်နှင့်တွေ့ရာ ကျွန်တော်က အကျိုးအကြောင်း ပြောပြသဖြင့် သူရထားသည့် နှစ်ထပ်တိုက် အဆောက်အဦကြီးပေါ်တွင် သူတို့နှင့်အတူ နေစေ၏။

ယင်းသို့နေရင်း မကြာမီတွင်ပင် ပြဿနာထူးတစ်ရပ် ကြုံရလေသည်။ ကျွန်တော်တို့နှင့်အတူနေ မိတ်ဆွေသည် နေ့စဉ် အရက်သောက်၏။ အမဲသားလည်း အလွန်စား၏။ ယင်းသို့ အရက်သောက်ခြင်း၊ အမဲသားစားခြင်းကို ကျွန်တော်တို့ ရသေ့သူတော်စင်ကြီးက မကြိုက် မနှစ်သက်လေရော့သလားဟု ထင်မှတ်ရမလို ဖြစ်နေ၏။

အဘယ်ကြောင့်ဆိုသော် ထို အရက်သောက်တတ်၊ အမဲသားစားတတ်သော ကျွန်တော်တို့နှင့် အတူနေမိတ်ဆွေသည် တခြားသို့ ပြောင်းရွှေ့သွားသောကြောင့် ဖြစ်သည်။

**သုံးစွဲမကုန် လှူစွဲမခန်း**

ကျွန်တော်တို့ ဗဟန်းသို့ လာခဲ့ပြီးနောက် ကျွန်တော် အလုပ်အကိုင်လုပ်ရန် အခဲအယဉ်းဖြစ်နေပြန်၏။

ကျွန်တော်၏ မူလအလုပ်မှာ ပုဇွန်တောင် အထက်တန်းကျောင်းတွင် ကျောင်းဆရာဖြစ်ရာ ဗဟန်းမှ ပုဇွန်တောင်သို့ သွားရန် စီးစရာယာဉ် မရှိသည်ကတစ်ကြောင်း၊ လခမှာလည်း ဂျပန်ခေတ်ဖြစ်


www.burmeseclassic.com

www.burmeseclassic.com



၃၀ ကျပ်မျှသာ ရတော့၍ တစ်လစာ ဆန်ဖိုးပင် မလုံလောက်ဖြစ် သည်က တစ်ကြောင်းကြောင့် ကျောင်းဆရာလုပ်၍ မဖြစ်တော့သဖြင့် စီးပွားတစ်ခုလုပ်ရန် ကြံစည်နေစဉ် အမျိုးသမီးတစ်ယောက် ကျွန်တော့် ထံ ရောက်လာပြီး ကျွန်တော်တို့နေသည့် အဆောက်အဦရှေ့ရှိ ဈေးတဲ တစ်ခု ရောင်းမည့်အကြောင်းပြောသဖြင့် ကျွန်တော် ဝယ်လိုက်သည်။

ထိုဈေးတဲအတွင်းမှာပင် စာအုပ်အဟောင်းဆိုင် ဖွင့်လှစ် ရောင်းချရာ ကျွန်တော့်ထံမှ စာအုပ်ဝယ်သူများ၊ ကျွန်တော့်ထံသို့ စာ အုပ် လာရောင်းသူများ မပြတ်မစဲ တသဲသဲ ဖြစ်နေရာ သုံး၍မကုန်၊ ဖြုန်း၍မခန်းဆိုသော အဖြစ်မျိုးနှင့် ကြုံရလေတော့သည်။

စစ်ကြီးပြီးသွားပြီးနောက် လွတ်လပ်ရေးရသည့်ခေတ်တွင် ၁၉၅၂ ခုနှစ်၌ မြဝတီမဂ္ဂဇင်း စတင်ထုတ်ဝေမည်ကြားသဖြင့် မြဝတီ မဂ္ဂဇင်းတိုက်သို့သွား၍ ကျွန်တော် အလုပ်တောင်းရာ ချက်ချင်းပင် အလုပ်ရရှိခြင်းမှာလည်း ကျွန်တော့်အတွက် ထူးခြားချက်ပင် ဖြစ်ပါ သည်။

**စာဆုတောင်း**

ကျွန်တော့်အိမ်တွင် ရောက်ရှိ ကိုးကွယ်ထားသည့် ရသေ့ တောင်စင်ရုပ်တုသည် ကျွန်တော့်ကိုသာလျှင်အကျိုးပေးသည်မဟုတ်၊ အခြားသူများကိုလည်း ကောင်းကျိုးချမ်းသာ ပေး၏။



www.burmeseclassic.com

www.burmeseclassic.com



အမှတ်တရ ထင်ရှားသော သာဓကကို ပြရလျှင် ၁၉၆၀ ပြ
နှစ်က ကျွန်တော့်အမေက ကျွန်တော့်ကို ပြောခဲ့၏။

'ဟဲ့ ငရန်၊ ငါ့ကို စာပုံနှိပ်တိုက် ထောင်ပေးစမ်း၊ စာပုံနှိပ်
ထောင်ပြီး နင်က ကြီးကြပ်လုပ်ကိုင်ပေး'

'စာပုံနှိပ်စက်ဝယ်ရအောင် အမေ့မှာ ပိုက်ဆံဘယ်လော
ရှိလို့လဲ' ဟု ကျွန်တော်က မေးလိုက်၏။

'ငွေတစ်သောင်း ရှိတယ်'

'နောက်ထပ် တစ်သောင်းရှာဦး၊ အနည်းဆုံး နှစ်သော
လောက်တော့ ကုန်မယ်'

'ကိုယ့်အရပ်မဟုတ်တော့ ငွေမရှာတတ်ပါဘူးဟယ်'

'ဒီလိုဆိုရင် ကျွန်တော့် သူတော်စင်ကြီးထံမှာ ဆုတော
ကြည့်စမ်း၊ ငွေတစ်သောင်းရအောင်၊ တကယ်လို့ ငွေ တစ်သောင်း
ရင် ဘာလှူမလဲ၊ ဘာပူဇော်မလဲ၊ ဝန်ခံကတိပြုထား'

'ငါ့သာ ငွေတစ်သောင်းရရင် နင့်အဘိုးကြီးကို ရွှေချပေးမ

ရုပ်ဖု ၇တွင် မူလက ရွှေမရှိပါ၊ ရွှေချမထားပါ။

အမေက ၁ ငွေတစ်သောင်းရရန်ဆုတောင်း၏။အမေဆုတော
သည့်အတိုင်း ပင် မမျှော်လင့်သောနေရာမှ ငွေတစ်သောင်းရာ



www.burmeseclassic.com

www.burmeseclassic.com



ကတိအတိုင်းပင် ရွေချပေးသည်။

အမေ၏ ဆန္ဒအတိုင်း ရွှေဂုံတိုင်တွင် 'ရန်အောင်ပုံနှိပ်တိုက်' သည်ဖြင့် စာပုံနှိပ်တိုက် ဖွင့်ဖြစ်လေသည်။

၉ ကျပ်

၁၉၇၂ ခုနှစ်က ဆရာဝန်ကြီးတစ်ယောက် ကျွန်တော့် အိမ်သို့ လာ အကျိုးအကြောင်း ပြောပြ၏။

'မကြာသေးခင်က အိမ်တစ်အိမ်မှာ ယောဂီကြီးရဲ့ ဓာတ်ပုံကို ပါတယ်၊ ဆုတောင်းပြည့်တယ်ပြောလို့ ကျွန်တော့်မှာလဲ အကြံ န်တစ်ခု ရှိတဲ့အတွက် ဆုတောင်းကြည့်တာ ဆုတောင်းပြည့်လို့ လှူတာပါ'

ဆရာဝန်ကြီးက ငွေ ၃၃၃ ကျပ် လှူ၏။ ထို့ပြင် ပြောပါသေး သည်။

'နောက်ထပ် အကြံအဖန်တစ်ခု ရှိသေးလို့ ဆုတောင်းသွား ဦးမယ်'

ထို့နောက် တစ်လခန့်အကြာတွင် ဆရာဝန်ကြီး ရောက်လာ ကာ ဆုတောင်းပြည့်သည်ဟုဆိုကာ ငွေ ၆၆၆ ကျပ် လှူပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com


လောကတွင် ထူးခြားဆန်းကြယ် အံ့သြဖွယ်များ ရှိကြသ
မှာ အမှန်ပင်ဖြစ်ပါသည်။

**စိတ်နောက်ဝေဒနာ ပျောက်ခြင်း**

တစ်နေ့တွင် အမျိုးသမီးတစ်ယောက် ကျွန်တော့်အိမ်
ရောက်လာကာ 'ကျွန်မအမေ စိတ်နောက်နေလို့ ဆုတောင်းရအော
လာတာပါ' ဟု ပြော၏။

ကျွန်တော်က ပြန်ပြောလိုက်သည်။ မင်း အမေကို ခေါ်
မင်းအမေကိုယ်တိုင် ဆုတောင်းပစေ'

'အမေ့ကို ခေါ်မရပါဘူး၊ သူ့ကိုခေါ်ပြီး ဆေးရုံပို့မှာ စိုးလို့
ခေါ်သွားရင် ကားပေါ်က ခုန်ချမယ် ပြောပါတယ်' ဟု အမျိုးသမီး
ပြောပြသည်။

'မင်းအမေ နားလည်သဘောပေါက်အောင် သေသေချာ
ရှင်းပြပြီးခေါ်၊ ဆေးရုံကို ခေါ်မှာမဟုတ်ဘူး၊ တို့အိမ်ကို ခေါ်မှာ
ပြော'

ယင်းသို့ ကျွန်တော်က ပြောလိုက်ရာ အမျိုးသမီး ပြန်သွား
သူ့အမေကို ခေါ်လာကာ သူ့အမေကိုယ်တိုင် ရောဂါဝေဒနာ ပျော
ကင်းစေရန် ဆုတောင်း၏။


www.burmeseclassic.com

www.burmeseclassic.com



ရောဂါဝေဒနာလည်း ပျောက်ကင်းသွားပါသည်။

**ဘော်တာဖြုမိ၍**

လွန်ခဲ့သည့် (၁၀) နှစ်ခန့်က ဖြစ်၏။ အမျိုးသား တစ်ယောက်နှင့် အမျိုးသမီးတစ်ယောက်တို့ လာကြပြီး အရေးကြီးသော အလုပ်တစ်ခုရရန် အမျိုးသမီးက လျှောက်ထားရာ ထိုအလုပ်ရရန် အတွက် ဆုတောင်းခြင်းဖြစ်သည်။

ထိုအမျိုးသမီးပင် ထိုအလုပ်ကို ရသွား၏။

ထို့နောက် ရက်အနည်းခန့်အကြာတွင် အမျိုးသားလာပြီး ကျွန်တော့်ကို ပြော၏။

'ဆရာ့ပုဂ္ဂိုလ်ကြီးကို ကျွန်တော် ရွေချချင်လို့ပါ'

'ရတာယ်လေ ချသွားပေါ့' ဟု ကျွန်တော်က ပြောလိုက်၏။

'ကျွန်တော့်အိမ်ကို ပင့်သွားပြီး ရွှေချပါရစေ'

'အဲဒီလိုတော့ မဖြစ်ဘူး၊ နေ့စဉ်လိုလာလာပြီး ဆုတောင်းကြတဲ့လူတွေ ရှိနေတော့ ပင့်သွားရင် အဲဒီ လာတဲ့လူတွေ လာရကျိုးမနပ် တဲ့ ဖြစ်နေတော့မှာပေါ့'

ကျွန်တော်က ယူခွင့်မပြုသဖြင့် ထိုအမျိုးသားက ပုံတူတစ်ခု အလုပ်ကာ ထိုပုံတူရုပ်ကို ရွှေချသည်။

www.burmeseclassic.com

www.burmeseclassic.com



အမှန်မှာကား ထိုချသောရွှေမှာ အလုပ်ရသွားသော အ
သမီးက အချနိုင်းသော ရွှေဖြစ်ရာ ရွှေချရမည့်ရုပ်တုကို ရွှေမချ
အခြား ရုပ်တုကို ချမိမှား၍ ဖြစ်ဟန်တူပါသည်။ ထိုအမျိုးသား ကွ
လွန်သွားရှာ၏။

**ကတိတည်စေရန်**

တစ်ခါကလည်း အမျိုးသားတစ်ယောက် ကားရောင်း
သဖြင့် လာရောက် ဆုတောင်း၏။ ကားရောင်းလိုက်ရသည်ဟု ကြာ
၏။ သို့သော် ထိုအမျိုးသား ပေါ်မလာတော့ပေ။

ထို့နောက် မကြာမီတွင်ပင် ဘုန်းကြီးတစ်ပါး ကျွန်တော့်
သို့ ကြွလာကာ 'ဘုန်းကြီးအိပ်မက်ထဲမှာ ကုလားယောဂီကြီးတစ်ဦး
မကြာမကြာ တွေ့နေရတယ်၊ ဒီနေ့တော့ အိမ်တစ်အိမ်မှာ အဲဒီ ယော
ကြီးရဲ့ ဓာတ်ပုံတွေ့လို့ မေးကြည့်တော့ ဒကာကြီးအိမ်မှာ အဲဒီယော
ကြီး ရှိတယ်ဆိုလို့ လာကြည့်တာပါ' ဟု မိန့်တော်မူ၏။

ကျွန်တော်ကလည်း ကျွန်တော့်စိတ်ထဲတွင် ရှိသည့်အတိုင်း
ဘုန်းတော်ကြီးအား လျှောက်ထားလိုက်၏။

'အဲဒီဓာတ်ပုံ ရှိတယ်ဆိုတဲ့အိမ်ဟာ ဟိုတစ်လောက ကား
ရောင်းချင်တယ်ဆိုပြီး လာဆုတောင်းတဲ့ အိမ်များလား၊ ဟုတ်ရင်တော့
ကတိရှိရင် ဆောင်ရွက်ပါလို့ အမိန့်ရှိလိုက်ပါ ဘုရား'

www.burmeseclassic.com



ထိုညတွင်ပင် ကားရောင်းရသူလာကာ ငွေ ၃၀၀ ကျပ် လှူ
ဒါန်းသည်။

**ဖဲဝေါက်ခြင်း**

မကြာသေးခင်က ဖြစ်၏။ တောင်ဥက္ကလာပ နန္ဒဝန်ဈေးတွင်
ဈေးရောင်းနေသည့် လင်မယားနှစ်ယောက် လာ၍ ဆုတောင်းကြ၏။

ကျွန်တော်က 'ထီထိုးပေးကြ' ဟု ပြောလိုက်၏။

ထို့နောက် မကြာမီတွင် ငွေ ၁၀၀–ကျပ် လာ၍လှူသည်။
ပြော၍လည်း ပြ၏။

'ကျွန်တော်တို့ ထီထိုးတာ တစ်သောင်းဆုပေါက်လို့ ငွေ
တစ်ရာ လှူတာပါ'

**အိမ်ငှားပြောင်းရန်**

၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလဆန်းက အမျိုးသားတစ်ယောက်
လာပြီး ဆုတောင်း၏။

သူ့ကိစ္စမှာ နှစ်ထပ်အိမ်ကိုဖျက်၍ တိုက်ဆောက်မည်ဖြစ်
သော်လည်း အောက်ထပ် အခန်းနှစ်ခန်းတွင်နေသည့် အိမ်ငှားနှစ်ဦးက
ပြောင်းမရသဖြင့် တိုက်ဆောက်ရန် မဖြစ်နိုင်သောကြောင့် အိမ်ငှားများကို
သိုက်သင့်သလောက် ငွေပေးပြီး ရွှေ့ခိုင်းနိုင်ရန် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ ဆုတောင်းသွားပြီးနောက် ရက်အနည်းငယ်ခန့်အကြာ တွင် ကျွန်တော့်ထံလာပြီး

'ကိစ္စချောမောသွားပါပြီ၊ ကျွန်တော်ပေးတဲ့ငွေကိုယူပြီး ပြော ရွှေ့သွားပါတော့မယ်လို့ အိမ်ငှားတွေက ပြောပါတယ်' ဟု ဝမ်းမြော ဝမ်းသာ ပြော၏။

**အလှူထူး**

၁၉၈၉ ခုနှစ်၊ ဖေဖော်ဝါရီလအတွင်း နေ့တစ်နေ့တွင် ကျွ တော့်အိမ်သို့ လူတစ်ယောက်လာပြီး

'ဆရာကြီး အိမ်လိပ်စာ သိပါရစေ' ဟု ပြော၏။

'ဘာကိစ္စရှိလို့လဲ' ဟု ကျွန်တော်က ပြန်မေးလိုက်ရာ

'ဆရာကြီးအိမ်ကို လာချင်တဲ့လူတွေ ရှိလို့ပါ' ဟု ထိုသူ ပြန်ပြော၏။

'တိုက်နံပါတ် ၃၄၃၊ အခန်းနံပါတ် ၁၈၊ အနောက်ရန်ကင်း ပေါ်ကွာ၊ ရှာလို့လွယ်အောင် မှတ်ဖို့ကတော့ ရန်ကင်းမှာ လေးထပ် တိုက်၊ ၁၂ လုံးတန်းဆိုရင် လူတိုင်းသိတယ်၊ အဲဒီ ၁၂ လုံးတန်း အနောက်ဘက်မှာ ဂျိုးဖြူရေပိုက်လုံးကြီး ရှိတယ်၊ ရေပိုက်လုံးကြီး အနောက်ဘက်က ကပ်နေတဲ့တိုက်ဟာ တို့နေတဲ့တိုက်ပဲ'



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့ပြောလိုက်ပြီး နောက်တစ်နေ့တွင် အမျိုးသား နှစ်ယောက် လာကာဆုတောင်းကြ၏။ ဆုတောင်းသွားပြီးနောက် ရက်အနည်းငယ်အကြာတွင် ထိုသူနှစ်ယောက်လာကာ ၂၂၀၀ ကျပ် ပေးရသော ကျောင်းဆောင်ကြီးနှင့် ငွေတစ်ထောင်ငါးရာ လှူသွားလေသည်။

**ကြွေးနှစ်သောင်း တောင်းရ၍**

အမှတ်တရ (၁၇–၃–၈၉) နေ့က ပျဉ်းမနားမှ အမျိုးသားတစ်ယောက်လာကာ ကျွန်တော် ချေးထားတဲ့ ငွေ နှစ်သောင်း ပြန်တောင်းမရတာ တော်တော်ကြာပါပြီ၊ မကြာသေးခင်က ယောဂီကြီးဓာတ်ပုံတွေ့လို့ ဆုတောင်းကြည့်ပါတယ်၊ ငွေနှစ်သောင်းပြန်ရရင် ငွေနှစ်ထောင် လှူပါ့မယ်လို့လဲ ကတိပြုပါတယ်၊ ငွေနှစ်သောင်းပြန်ရလို့ လာလှူတာပါဟုပြောပြီး ငွေ ၂၀၀၀ ကျပ် လှူသွားလေသည်။

**ထုသိုလ်ပြုက အကျိုးထူးရ**

ယင်းသို့ လှူဒါန်းကြသည့်ငွေများဖြင့် ဘုရားခန်းအတွက် ကော်ဇောဝယ်ခြင်း၊ ယောဂီကြီးအား ရွှေချခြင်း၊ နို့၊ မုန့်၊ သစ်သီး၊ ဗန်း၊ ဖယောင်းတိုင်၊ အမွှေးတိုင် စသည်များ အမြဲ ဝယ်ခြမ်းကပ်လှူသည့်အပြင် အလှူခံလာသမျှကို လှူဒါန်းခြင်း၊ ဒုက္ခရောက်သူများကို ကူညီခြင်း၊ အသက် ၈၀ ကျော် အဘိုးအဘွားများအား ငွေ ၁၀၀ ကျပ်စီ လှူဒါန်းခြင်းများ ပြုလုပ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ယင်းသို့ အလှူငွေလှူနိုင်ခြင်းမှာ သူတော်စင် ယောဂီ၏ တန်ခိုး အာနိသင်ဟု ဆိုနိုင်ပါ၏။ တစ်နည်းပြောရလျှင် အသက် ၈၉ နှစ် ရှိပြီဖြစ်သော ကျွန်တော် အမြဲထာဝစဉ်ပြုသည့် ဒါန၊ သီလ၊ သမထ၊ ဝိပဿနာတို့၏ ကျေးဇူးကြောင့် ရသော့ကြီးရောက်လာပြီး အကျိုးပေးခြင်းဖြစ်သည်ဟုလည်း ဆိုနိုင်လိမ့်မည်ဟု ထင်ပါသည်။

ရန်အောင်

[မြဝတီမဂ္ဂဇင်း၊ အမှတ်–၁၊ အတွဲ–၂ ၅]



ဆရာကြီးဦးရန်အောင်နှင့် သူ၏အိမ်ရှိ သူတော်စင်ရုပ်တု

www.burmeseclassic.com

www.burmeseclassic.com

# နှစ်ဘဝစံ

## ကြည်ဦး

လောကတွင် ကြုံတောင့်ကြုံခဲ၊ ဖြစ်တောင့်ဖြစ်ခဲလှစွာသော အကြောင်းအရာများသည် မရေမတွက်နိုင်လောက်အောင် များစွာ ရှိနေပါကလားဟု ယခုမှပင် ကျွန်မကိုယ်တွေ့ကြုံရပါလေ၏။

နေသည် တပို့တွဲ၊ တပေါင်းနေပီသစွာ ခြစ်ခြစ်တောက် မတတ် ပူပြင်းနေပါ၏။

မည်သည့်နေရာကို ကြည့်သော်မှလည်း အရိပ်အာဝါသ တည်းခိုနေရန်ဟု မမြင်ရပါ။ ထို့ကြောင့် လှမ်းလှမ်းမှာမြင်နေရ သည့် ကုက္ကိုပင်အရိပ်အောက်သို့ရောက်ရန် ကျွန်မမှာ ခြေလှမ်း ကို အမြန်သော့ပြီး ရောက်ချင်စောပြင်းစွာဖြင့် မပြေးရုံတမယ် လှမ်းသွားမိပါသည်။

ကုက္ကိုပင်အရိပ်အောက်သို့ ရောက်သွားသောအခါ၌မူ ကျွန်မကဲ့သို့ အရိပ်ခိုနေသည့် လက်တွန်းထင်းလှည်းတစ်စီးကို မြင်လိုက်ရလေသည်။ လှည်းထဲမှာ ကနစိုထင်းခြမ်းနှစ်ရာခန့် ရှိမည်ထင်ပါ၏။



www.burmeseclassic.com

www.burmeseclassic.com


လှည်းတွန်းလာသောလူကြီးကမူ ပုဆိုးစုတ်တစ်ထည်ကို မျက်နှာပေါ်သို့အုပ်လျက်နှင့် ကုက္ကိုပင်၏ပင်စည်ကို မှေးမှီထိုင်လျက်ရှိနေပါ၏။

ကျွန်မ လက်တွန်းလှည်းအနီးမှဖြတ်၍ ထိုလူကြီးမှီထိုင်နေသည့် သစ်မြစ်ကြီးအနီးသို့ ရောက်သွားချိန်၌ ကျွန်မခြေသံကြောင့်ဟုထင်ပါသည်။

ထိုလူကြီးသည် မျက်နှာပေါ်အုပ်ထားသည့် ပုဆိုးစုတ်ကို ဖယ်ကာ ကျွန်မ ကိုလှမ်းကြည့်လိုက်သည်။ ထိုအခါမှ ကျွန်မမှာ လူကြီး၏မျက်နှာကို ဖြတ်ခနဲကြည့်မိသည်။

'ဟင်...ထွန်းမင်း...ထွန်းမင်း...ငါ့သားငယ်ထွန်းမင်းပါကလား၊ မင်း ထွန်းမင်း မဟုတ်လား"

အံ့အားသင့်စွာဖြင့် အထစ်ထစ်အငေါ့ငေါ့ပြောလိုက်မိသည့် ကျွန်မစကားကြောင့် လူကြီးသည် မျက်ခုံးများ နဖူးပေါ်သို့ ကြွတက်သွားသည်အထိ ကျွန်မကို ခြေဆုံးခေါင်းဆုံး အပြန်အလှန်ကြည့်ကာ မည်သည့်စကားကိုမျှ ပြန်မပြောနိုင်အောင်ရှိနေ၏။

သို့တိုင်အောင် ကျွန်မဘက်မှ မလျှော့သေးပါ။ လူကြီးအနားသို့တိုးကပ်သွားပြီး လူကြီး၏သွေ့ခြောက်မည်းပြာပိန်လှီနေသည့် ရုပ်အဆင်းကို စိတ်ထိခိုက်စွာဖြင့် ကြည့်မိပြန်ရင်း ဒုတိယအကြိမ်ထပ်မေးမိပြန်သည်။

'ထွန်းမင်း...နင် နေမကောင်းဘူးလား၊ ပိန်လှချည့်သားကွယ်၊ ဘာရောဂါဖြစ်နေတာလဲ၊ ငါ့ကိုပြောစမ်း...'


www.burmeseclassic.com

www.burmeseclassic.com



လူကြီးမျက်နှာ၊ မျက်လုံးများအရောင်တောက်လာသည်။ ကျွန်မကိုလည်း နားလည်စွာသော အကြည့်ဖြင့်ပြန်ကြည့်ရင်း–

'နင်...စိန်စိန်လား'

'ဟုတ်တယ်လေ...ငါစိန်စိန်ပေါ့၊ အခု ငါ ဝေါမှာ မဟုတ်တော့ဘူး၊ ရန်ကုန်မှာ ခဏလာနေတယ်၊ ဂွတ္တလစ်က ငါ့တူမအိမ်မှာ...'

'သြော်...သြော်...မတွေ့တာကြာပြီပဲ၊ ဘယ်မှတ်မိတော့မလဲ၊ အခု စိန်စိန်...ဘယ်သွားမလို့လဲ'

'နင်တို့ နတ်ချောင်းမှာရှိတယ်ကြားလို့ တွေ့ချင်တာနဲ့ ငါထွက်လာတာ၊ နင့်ဟယ်...ပိန်လိုက်တာ၊ ရုပ်ကိုမမြင်တော့ပါလား...'

ပြောရင်း မျက်ရည်ကျလာသည်။ ဝမ်းနည်းလိုက်သည်မှာလည်း ပြောဖွယ်ရာမရှိ။ ဤမျှဆင်းရဲပင်ပန်းသောအလုပ်မျိုးနှင့် အသက်မွေးနေရရှာပါကလားဟု ရင်ထဲမှာ ဆို့၍လာသည်။ သူလည်း မျက်နှာမကောင်းပါ။ ခေတ္တမျှနှစ်ယောက်စလုံး တိတ်ဆိတ်သွားသည်။

လေအေးကလည်း ဖြည်းဖြည်းသာသာဖြင့် ကျွန်မတို့အနားသို့ ဝေ့ဝဲတိုက်ခတ်လာသည်။ အဝေး၌မူ တံလျှပ်ရိပ်တို့သည် တရိုန်ရိုန်တောက်ပနေဆဲဖြစ်၏။

'ငါ...ပန်းနာရင်ကျပ်ရောဂါပြန်ထလာတာကြာနေပြီ၊ လူကလဲပင်ပန်းတော့ဒီတစ်ခါသိပ်ခံရတာပဲ၊ ဒါကြောင့် ဒီလောက်ပိန်သွားတာပေါ့...'



www.burmeseclassic.com

www.burmeseclassic.com



အင်အားနည်းပါးစွာဖြင့် သေးကွေးပိန်ချည့်နေသည့်လက်တစ်ဖက်ကို ကိုင်မြှောက်ကြည့်ရင်းဖြင့်ပြောသည်။

'နင့်အိမ်နဲ့ဝေးသေးသလား'

'မဝေးတော့ပါဘူး၊ ဟိုချောင်းကမ်းစပ်က အုန်းပင်စုစုဟာ တို့အိမ်ပဲ'

ဤသို့ ထွန်းမင်းအိမ်သို့ ကျွန်မရောက်သွားသည်။ အိမ်ဆိုပေသည့် တဲသာသာပင်၊ အိမ်ပေါ်သို့လှမ်းတက်လိုက်စဉ် ထွန်းမင်းမိန်းမသည် ကျွန်မကိုတွေ့လိုက်ရသည့်အတွက် များစွာအံ့အားသင့်သွားဟန်ဖြင့် ဆီးကြို၍ နှုတ်ဆက်လိုက်သည်။

'ဟယ်...စိန်စိန်ပါလား၊ ကိုထွန်းမင်းနဲ့ ဘယ်မှာသွားတွေ့ကြပါလိမ့်'ဟု ပျာပျာသလဲပြောကာ နေရာလုပ်ပေးသည်။

ချက်ချင်းပဲ သူတို့အိမ်မှ သောက်ရေတစ်ခွက်ကို ကျွန်မတောင်းသည်။ တောင်းပြီး ဘုရားစင်အမှတ်ဖြင့် ဘုရားပုံတော်ကို ထားရှိကိုးကွယ်ထားသည့် သူတို့အိမ်ဦးခန်း ဘုရားစင်ရှေ့သို့ ရေခွက်ကိုယူသွားသည်။

သည်အချိန်အထိ ထွန်းမင်း၏မိန်းမသည် ကျွန်မလှုပ်ရှားနေသည်များကိုကြည့်ကာ နားမလည်နိုင်အောင်ရှိနေသည်ဟု ထင်ပါသည်။

ကျွန်မ ဘုရားထံမှာ ငါးပါးသီလယူသည်။ ထို့နောက် သောက်ရေခွက်ကိုလက်နှစ်ဖက်နှင့်ကိုင်ထားကာ ဓာရဏသုတ်၊ ပရိမိတ္တဓာလသုတ်၊ နှစ်ဆယ့်လေးပစ္စည်းစသည်များကို စိတ်တည်ငြိမ်စွာထားပြီး ရွတ်ဖတ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် မေတ္တာပို့သည်။ အမျှဝေသည်။ 'ထွန်းမင်းသည် ကျွန်မ၏ဘဝဟောင်းမှ သားဖြစ်ခဲ့ပါသော်လည်း ယခုပစ္စုပ္ပန် ဘဝရှိ ကျွန်မ၏ရင်နှစ်သားကြီးနှင့်မခြား မေတ္တာထားပါသည်' ဟုလည်း သစ္စာပြုသည်။

ပြီးလျှင် 'ထွန်းမင်း ဟောဒီရေကိုသွားပြီးသောက်ပါ၊ မျက်နှာလဲသစ်ပါ၊ နင့်ဝေဒနာချမ်းသာသွားပါလိမ့်မယ်' ဟု ပြောလိုက်သည်။

ထွန်းမင်းကလည်း ကျွန်မမျက်စိရှေ့မှာပင် ဤရေကို တစ်ငုံသောက်ချလိုက်သည်။ ကျွန်မရင်မှာ အေးမြသွားပါ၏။

ထိုနေ့က တူမအိမ်သို့ပြန်ရောက်လာသည်အထိ ကျွန်မ ဘဝ၏အတိတ်ဇာတ်ကြောင်းများသည် ကျွန်မ၏စိတ်အမြင်ထဲ တွင် ရုပ်ရှင်စနစ်လို မျိုးစုံဖြစ်ပေါ်လာပါသည်။

ထူးလှသည့်အဖြစ်၊ ဆန်းလှသည့်အဖြစ်။

ကျွန်မ ပြန်လည်ပြောပြချင်ပါသည်။ ကျွန်မရင်ထဲမှာ ဤကဲ့သို့ဖွင့်ထုတ်ပြောချလိုက်မှ ပေါ့သွားရှင်းသွားမည်ဟုထင် သည်။

ကြောက်ရွံ့ဖွယ်ရာသော ဘဝများစွာ၏ပြောင်းလဲမှုများ သည် ကျွန်မ့်အဖို့ သံဝေဂရဖွယ်ရာနှင့် ထိတ်လန့်ဖွယ်ရာများ ပါတကား။

ပဲခူးတိုင်း ဝေါမြို့နယ်အတွင်းရှိ ကျုံကန်ရွာကြီးတွင် ဒေါ်ရွှေ နှစ်ဆိုသူရှိသည်။ ဒေါ်ရွှေနှစ်တွင် ညီအစ်မလေးယောက်ရှိသည်။



www.burmeseclassic.com

www.burmeseclassic.com



အငယ်ဆုံးကား မစိန်ဖြစ်သည်။ မစိန်အထက်အစ်မသည် ဘိုးကြန်ဆိုသူနှင့် အိမ်ထောင်ကျသည်။

ထိုအစ်မသည် သားသမီးနှစ်ယောက်ကိုရပြီးချိန်တွင် ကွယ်လွန်သွားလေသည်။ ထိုအခါ အစ်မကြီး ဒေါ်ရွှေနှစ်က မစိန်ကိုနားချသည်။

ကိုဘိုးကြန်သည် ပစ္စည်းဥစ္စာများစွာလည်းရှိသည်။ အရွယ်ကလည်း ငယ်သေးသည်။ တခြားတစ်ပါးမိန်းမနှင့် နောက်အိမ်ထောင်ထပ်ပြုလျှင် ကလေးနှစ်ယောက်သည် မိထွေးလက်မှာ ဒုက္ခရောက်ရှာတော့မည်။

ထို့ကြောင့် ငါ့ညီမက ဘိုးကြန်နှင့်လက်ဆက်လိုက်ပါ။ ကလေးတွေလည်း ဥမကွဲသိုက်မပျက်အောင် စောင့်ရှောက်ရာကျပါသည်ဟု တိုက်တွန်းသည်။

ဤသို့ဖြင့် မစိန်သည် မုဆိုးဖိုခဲအိုကြီးနှင့် အိမ်ထောင်ကျခဲ့ရသည်။ သမီးမတင်မေ၊ သားလတ်မောင်မောင်နှင့် သားငယ်ထွန်းမင်းတို့ကိုရလာသည်အထိ မစိန်၏ဘဝ ပြည့်စုံအေးချမ်းစွာရှိခဲ့၏။

သို့သော် နောက်ထပ် ကလေးတစ်ယောက်ကို ကိုယ်ဝန်ခြောက်လရှိသည်အထိ မစိန်လွယ်လာခဲ့ရသည်။ တစ်နေ့မှာ ကျုံကန်ရွာကြီးတွင် ပလိပ်ရောဂါဟု ထိုစဉ်ကခေါ်ခဲ့သည့် ကြောက်စရာကပ်ရောဂါကြီး ကျရောက်လာသည်။

ရွာသူရွာသားများ ဆေးကင်းရာသို့ပြောင်းကြရွှေ့ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



...နဲ့တို့မိသားစုလည်း ပြောင်းကြရွှေ့ကြမည်ဟု ပစ္စည်းများ ...ပိုးသည်။

ဤအချိန်မှာပဲ မစိန်ခမျာ ကပ်ရောဂါသင့်ပြီး ကိုယ်ဝန် ...ငွေ့အမာကြီးနှင့် ကွယ်လွန်သွားရှာသည်။ မစိန်အလောင်းကို ...ကန်သုသာန်မှာ မြှုပ်နှံသင်္ဂြိုဟ်သည်။

ကိုယ်ဝန်ကို ခွဲထုတ်မြှုပ်ကြသောအခါ ယောကျ်ားကလေး ...နေ၏။ ကလေးအလောင်းကိုလည်း မစိန်ကိုမြှုပ်နှံသည့်မြေပုံ ...းမှာပဲ ကပ်၍ မြှုပ်နှံလိုက်ကြသည်။

ကျောက်တန်းရေလယ်ဘုရားမှသွားလျှင် မော်ဝန်းချောင်း ...ရောက်သည်။ ဤချောင်းမှသွားလျှင် သုံးခွ၊ ခရမ်းစသည်တို့ ...သို့ ရောက်သည်။ ဤချောင်း၏ဘေးတွင် ပန်းချောင်း၊ ဖရုံ၊ ...ပြီး စသည်ဖြင့် ရွာပေါင်းလေးငါးရွာခန့်ရှိသည်။

ဤမော်ဝန်းချောင်း၏ကမ်းပါးစပ်တွင် ရောမသမှည့်ပင် ...တစ်ပင်ရှိသည်။ သမှည့်ပင်ကြီး၏အကိုင်းတစ်ကိုင်းသည် ...စပ်နှင့်ထိစပ်နေသည်အထိ ကိုင်းညွတ်ကောက်ကွေးလျက် ...သည်။

ချောင်း၏တစ်ဖက်လှမ်းလှမ်းတွင် ကျုံကန်ရွာကြီး၏ ...ဘက်ဘက်စူးစူးတွင် တည်ရှိနေသည့် သုသာန်ကို မြင်နေရ ...သည်။

တိတ်ဆိတ်ငြိမ်သက်ကာ လူသွားလူလာလုံးဝမရှိသော ...သမှည့်ပင်၏ အကိုင်းကောက်ကောက်ကြီးပေါ်သို့ ဘယ်နည်း ...ယ်ပုံသူရောက်နေပါလိမ့်ဟု မစိန် တွေးသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ ဘယ်အရပ်မှလာသည်ဟုလည်းမသိ၊ သူ့ကိုယ်သူ ဘယ်သူမှန်းလည်း လုံးဝမသိခဲ့ပါဘဲနှင့် မစိန်သည် ပျင်းရိခြောက်သွေ့စွာအချိန်ကုန်ခဲ့ရသည်။

ဤသမှည့်ပင်အကိုင်းကြီးပေါ်မှနေပြီး ဟိုဟိုသည်သည် ငေးမျှော်ကြည့်ကာ လွမ်းမိသည်။ မည်သည်ကိုလွမ်းမှန်းလည်း မသိ။

တစ်နေ့သောအခါ၌ ကျုံကန်သုသာန်ဆီမှ လူစုလူဝေးကြီး ကို မစိန်မြင်လိုက်ရသည်။ အတော်စမ်းသာသွားမိ၏။ ထိုနေရာ သို့ ရောက်လိုသောဆန္ဒကလည်း တားမရအောင်ပေါ်လာသည်။

သို့နှင့် မစိန်သည် ကျုံကန်သုသာန်သို့ရောက်သွားသည်။ လူစုလူဝေးကြီးရှိနေရာသို့ တိုးဝှေ့၍ဝင်သွားသည်။

ကျုံကန်ရွာတွင် ကွယ်လွန်သူမစိန်၏အစ်မကြီး ဒေါ်ရွှေ နှစ်ဆိုသူရှိသည်။

ဒေါ်ရွှေနှစ်တွင် သမီးကြီးမအုံးမယ်နှင့် သမီးငယ်မသ တို့ရှိသည်။ သမီးနှစ်ယောက်လုံး သူ့အိုးသူ့အိမ်ဖြင့် အသ အတင့်နေထိုင်နိုင်၍ ဒေါ်ရွှေနှစ် စိတ်အေးရပါ၏။

တစ်နေ့သောညတွင် မအုံးမယ်သည် အိပ်မောကျနေရာ သူ့အမေ ဒေါ်ရွှေနှစ်၏ညီမအငယ်ဆုံးဖြစ်သည့် သူ့ဒေါ်လေး မစိန်(ကွယ်လွန်သူ)ကို အိပ်မက်မက်သည်။ သူ့ဒေါ်လေးမစိန် သည် အထုပ်တစ်ခုကိုပိုက်ကာ လယ်တဲသို့ရောက်လာပြီး 'အေး မယ် ဒေါ်လေး နင့်ဆီ နေမလို့လာတာ'ဟု ပြောသည်ဟု မအုံးမယ်



www.burmeseclassic.com

www.burmeseclassic.com



သန့်နိုးသွားသည်။ အိပ်မက်ကလည်း အပေါ့တော့လိုပဲဟု မအုံးမယ် တွေးမိသည်။

နောက်ခြောက်ရက်အကြာလောက်မှာ ရှမ်းစုရွာဘုန်းတော်ကြီးကျောင်းသို့ ဥပုသ်စောင့်သွားမည်ဟု မအုံးမေထွက်လာသည်။ ကျောင်းရောက်လျှင် အမေဒေါ်ရွှေနှစ်၏ညီမတစ်ဝမ်းကွဲတော်သည့် ဒေါ်လှသူနှင့်တွေ့သည်။

ဒေါ်လှသူက ကျိုက်လှရွာအနီးရှိ လယ်တဲမှာနေသည်။ ကျုံကန်၊ ရှမ်းစု၊ ကျိုက်လှ၊ ဘုရားပြိုစသည့်ကွင်းရွာများသည် တစ်ရွာနှင့်တစ်ရွာ တစ်မိုင်နှစ်မိုင်ကျော်ခန့်ဝေးကြသော်လည်း သွားလူးသွားလာမှုက လူပြတ်သည်ဟုမရှိလှပေ။

ဒေါ်လှသူသည် မအုံးမယ်ကိုတွေ့လျှင်တွေ့ချင်း 'ငါအေ... ညည်းကို တွေ့လို့ သတိရပြီးပြောရဦးမယ်၊ မစိန်ကို တစ်ညက ငါ အိပ်မက်မက်တယ်'ဟုပြောသည်။ မအုံးမယ်က 'ဘာတွေမက်လဲ ဒေါ်လေးရဲ့'ဟု ပြန်မေးသည်။

'မစိန်အေ...ငါ့လယ်တဲကိုရောက်လာပြီး ညည်းတဲကို သွားချင်လို့ လိုက်ပို့ပေးဖို့ပြောတာနဲ့ ငါလိုက်ပို့ပေးလိုက်ရတယ်။ သူ့လက်ထဲမှာလဲ အထုပ်တစ်ထုပ်ကိုပိုက်လို့၊ ငါဖြင့် အဲဒီညက သူ့ကို အိပ်မက်ပြီး လန့်နိုးလာတော့ သူ့မျက်နှာကိုမြင်ယောင်ပြီး စိတ်မကောင်းလိုက်တာ တော်တော်နဲ့ကိုပြန်အိပ်လို့မပျော်ဘူး'

ဒေါ်လှသူစကားကိုနားထောင်ရင်း မအုံးမယ် တွေဝေသွားသည်။ ဘယ်လိုပါလိမ့်ဟုလည်း စိတ်ဝင်စားဖွယ်ရာဖြစ်လာသည်။ ထို့ကြောင့် ဒေါ်လှသူကို ပြန်မေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



'ဒေါ်လေး...အိပ်မက်မက်တာ ဘယ်တုန်းကလဲ...'

ဒေါ်လှသူ ခဏမျှစဉ်းစားကာ...

'လွန်ခဲ့တဲ့ဥပုသ်နေ့ညက'ဟု တွေးတွေးဆဆပြောသည်။ မအုံးမယ်ကလည်း သူ အိပ်မက်မက်သောညသည် ဒေါ်လှသူ ပြောသကဲ့သို့ ဥပုသ်နေ့ညပဲဖြစ်မည်ဟု တွက်ချက်ကြည့်သည်။ ဤသို့ဆိုလျှင် ဒေါ်လှသူရော သူပါ မစိန်စိန်ကို တစ်ညတည်း အိပ်မက်အတူတူမက်ကြခြင်းဖြစ်မည်ဟု အဖြေထွက်လာသည်။

မကြာမီ မအုံးမယ်မှာ ကိုယ်ဝန်ရှိလာသည်။ အချိန်တန်လျှင် သမီးကလေးဖွားမြင်သည်။ အင်္ဂါသမီးလေးဖြစ်သည်က တစ်ကြောင်း၊ ဤသမီးကလေးသည် သူ၏ဒေါ်လေးမစိန်ဝင်စား လာခြင်းဖြစ်သည်ဟု အထင်ရှိသည်ကလည်းတစ်ကြောင်းကြောင့် သမီးကလေးအမည်ကို 'မစိန်စိန်'ဟုပဲ မှည့်လိုက်သည်။

စိန်စိန်သည် မိခင်ဝမ်းမှကျွတ်ကတည်းက ရောဂါထွေလာ သည်။ တစ်နေ့တစ်မျိုး နေမကောင်းဖြစ်သည်။ ငိုလိုက်သည် မှာလည်း တကက်မတတ်ချက်မတတ်ပင်။ မည်သည့်အတွက် ကြောင့် ငိုသည်ဟုလည်း အဖြေရှာမရ။ တစ်ကိုယ်လုံး ပြာ နှမ်းလာသည် အထိငိုသည်။ ထို့ကြောင့် တစ်နေ့သောအခါ မအုံးမယ်သည် သုံးလသာရှိသေးသည့် သမီးကလေးကို သူကိုး ကွယ်သည့် ဘုန်းတော်ကြီးထံသို့ သွားပြကာ အကျိုးအကြောင်း လျှောက်ထားလေသည်။

ဘုန်းတော်ကြီးက စိန်စိန်၏ဇာတာကို တွက်ချက်ကြည့် သည်။ လေးလမကျော်လျှင် ကောင်းသွားလိမ့်မည်၊ စိတ်မပူ



www.burmeseclassic.com

www.burmeseclassic.com



ခွယ်မရှိဟု တိုတိုပဲ မိန့်သည်။ ဤသို့ဖြင့် စိန်စိန်သည် လေးနှစ်အရွယ်သို့ရောက်ရှိလာကာ စကားသွက်သွက်ပြောတတ်လာသည်။ သူပြောသည့်စကားများတွင် ကိုဘိုးကြန်သည် သူ့ယောက်ျား၊ မတင်မေ၊ မောင်မောင်နှင့် ထွန်းမင်းတို့သည် သူ့သားသမီးများဟု မကြာခဏပါလာသည်။

ဆွေမျိုးများကလည်း စိန်စိန်သည် 'မစိန်၏တစ်ဖြစ်လဲ အဝဖြစ်သည်' ဟူသောအမှတ်ဖြင့် ချစ်ကြသည်၊ ကရုဏာသက်ကြသည်။ အထူးသဖြင့် မစိန် သားသမီးသုံးယောက်လုံးကလည်း စိန်စိန်ကိုတွယ်တာချစ်ခင်ကြသည်။ ဤအချိန်တွင် တတိယဇနီးအသစ်ဖြင့် အိမ်ထောင်ထူလိုက်ပြီဖြစ်သော ကိုဘိုးကြန်ကလည်း စိန်စိန်ကို မစိန်ဝတ်ဆင်ခဲ့ဖူးသည့် ပတ္တမြားနားကပ်တစ်ရံကို ယူလာပေးသည်။

ကိုဘိုးကြန်၏တတိယဇနီးကို စိန်စိန်သည် လုံးဝကြည့်ရ၊ မလိုတမာစိတ် အမြဲဖြစ်ပေါ်နေတတ်ပြီးလျှင် အခြားသူများနှင့် ပြေပြေပြစ်ပြစ်ပြောဆိုတတ်သလောက် ကိုဘိုးကြန်၏ဇနီးအသစ်နှင့်ဆိုလျှင် အမြဲမပြေမပြစ်ရှိခဲ့၏။

တစ်ခါတစ်ရံ ကိုဘိုးကြန်တို့မိသားစုနေထိုင်သည့် အိမ်ကြီးပေါ်သို့ သူရောက်သွားတတ်သည်။ တစ်ရွာတည်းနေကြသူများဖြစ်၍ အထွက်အဝင်လည်း အခက်အခဲမရှိ။ ထို့ပြင် စိန်စိန်သည် ဒေါ်ရွှေနှစ်၏မြေးဖြစ်သကဲ့သို့ ကိုဘိုးကြန်၏သားသမီးများသည်လည်း ဒေါ်ရွှေနှစ်တူမများဖြစ်နေသောကြောင့် သွေးချင်းနီးစပ်နေမှုကလည်း အလိုလိုခင်တွယ်စေလေသည်။



www.burmeseclassic.com

www.burmeseclassic.com



စိန်စိန်သည် ကိုဘိုးကြန်၏ တတိယဇနီးကိုယ်ပေါ်တွင်
ဝတ်ဆင်ထားသောလက်ဝတ်လက်စားများကိုမြင်လျှင် အတင်
ဆွဲချွတ်သည်။ 'ငါ့ပစ္စည်းတွေ မဝတ်နဲ့'ဟုချွတ်ခိုင်းသည်။
မစိန်ဘဝကဝတ်ဆင်ခဲ့သည့် စိန်လက်ကောက်၊ စိန်လက်စွပ်
စိန်နားကပ်နှင့်ရွှေထည်အားလုံးကို မှတ်မိနေသည်။ ယုတ်စွအဆုံး
ဂျပန်ပြည်မှတင်သွင်းသည့် ကြွေထည်အုပ်ကလေးကိုပင်လျှင်
မစိန်ဘဝကသုံးစွဲခဲ့သည့် သူ့ပစ္စည်းအမှတ်ဖြင့် ပြန်တောင်း
ခဲ့သည်။ ယခုဘဝမှာလည်း စိန်စိန်၏မိခင် မအုံးမယ်သည်
ငွေကြေးတတ်နိုင်သူဖြစ်၍ စိန်စိန်ကို ရွှေဆွဲကြိုး၊ ရွှေလက်ကော
စသည်များဆင်မြန်းထားပေးသည်။

တစ်နေ့သောအခါမစိန်၏သားနှစ်ယောက်ဖြစ်သော မော
မောင်နှင့်ထွန်းမင်းကို ရှင်ပြုပေးကြသည်။ ဤရှင်ပြုပွဲသို့ စိန်စိ
၏မိခင်နှင့် အဘွားဖြစ်သူဒေါ်ရွှေနှစ်တို့ သွားရောက်ကူညီလုပ်ကို
ပေးကြသည်။ စိန်စိန်ကလေးကလည်း အလွန်ပျော်နေသည်
ရှင် လောင်းနှစ်ပါးအနားမှခွာသည်မရှိဘဲ တစိမ့်စိမ့်ကြည့်က
ပီတိ ဖြစ်နေသည်။ ရှင်လောင်းနှစ်ပါးအလှုပြင်နေသည်
သူကပါ ဝိုင်းဝန်းပြီးကူညီသည်။

အတန်ကြာလျှင် စိန်စိန့်အမေ မအုံးမယ်သည် စိန်စိ
တစ်ယောက် ဘယ်ရောက်နေပါလိမ့်ဟု လိုက်ရှာသည်။ ထိုအ
စိန်စိန် သူ့အဖော်တွေနှင့်ကစားနေသည်ဟုဆို၍ စိန်စိန်ကိုရှာ
ခေါ်လာသည်။

တွေ့လျှင် စိန်စိန့်ကိုယ်ပေါ်၌ ရွှေဆွဲကြိုး၊ ရွှေလ



www.burmeseclassic.com

www.burmeseclassic.com



ဘက်များမရှိတော့၊ ဘယ်ရောက်သွားသလဲဟု အမေက
းသောအခါ စိန်စိန်သည် 'မောင်မောင်နဲ့ထွန်းမင်းကို ပေးဝတ်
ားတယ်'ဟု အေးဆေးစွာဖြေသည်။ ထွန်းမင်းကို ပိုချစ်ဟန်
သည်။ စိတ်လိုလက်ရရှိလျှင် 'ငါ့သားထွန်းမင်း'ဟုခေါ်သည်။

စိန်စိန် အိမ်ထောင်ရက်သားကျသည်အထိ ဘဝဟောင်းမှ
ားသမီးများနှင့် အဆက်အသွယ်,အချစ်အခင်မပျက်နေထိုင်ခဲ့
ည်။ ရန်ကုန်သို့ပြောင်းရွှေ့နေထိုင်မည်ဟု ကြံစည်ဆုံးဖြတ်ပြီး
ာအခါ စိန်စိန်သည် သူ့သားသမီးများကိုသွားရောက် နှုတ်
က်သည်။

ဤသို့ဖြင့် ရေကြည်ရာမြက်နုရာပြောင်းရွှေ့နေထိုင်ရင်းဖြင့်
်များစွာကုန်လွန်ခဲ့သည်။ သူတကွဲငါတကွဲဖြစ်ကုန်ကြသည်။

အခု ကြုံမယ့်ကြုံတော့ 'ခရမ်းသီးပိန် ဓားတုံး' ဘဝဖြင့်
ကြရသည်။ကျွန်မက လည်း မကူညီမထောက်ပံ့နိုင်၊ သူတို့
လည်း ဗင်းရှောင်းစားနေရသည်အထိ ဒုက္ခရောက်နေကြပြီဟု
်မကောင်းဖြစ်ရသည်။

လွန်ခဲ့သည့်လေးနှစ်က ကျုံကန်သို့ပြန်ရောက်သွားသည်။
ာင်မောင်သည်လည်း ကောင်းစွာမကျန်းမာ၊ စီးပွားရေးက
ည်း မကောင်းသောကြောင့် ပရုတ်ဆီတစ်ဘူးနှင့်မောင်မောင့်
ီးမအတွက် အင်္ကျီတစ်ထည်ပေးခဲ့သည်။ ကိုယ်လည်းရှိသည်
ာတ်၍ များများမပေးနိုင်ခဲ့ခြင်းကို စိတ်မကောင်းဖြစ်မိသည်။

နောက်တစ်ခေါက်ထွန်းမင်းထံသို့ ကျွန်မရောက်သွားသော
ခါမှာ ကျွန်မပေးခဲ့သောရေမန်းဖြင့် ထွန်းမင်း ဝေဒနာသက်



www.burmeseclassic.com

www.burmeseclassic.com


သာသည်ဟုသိရ၍ ဝမ်းသာရသည်။ ကျွန်မ၏စေတနာမေတ္တ
နှင့် ကျွန်မပြုခဲ့သောသစ္စာ၏တန်ခိုးကြောင့်ပဲဟု ယုံကြည်မိ
သည်။

ယခု စိန်စိန်သည် အသက်(၇၁)နှစ်အရွယ် အမေစိန်ဖြ
နေလေပြီ။ တရားထူးတရားမြတ်ကို အားထုတ်ရင်းဖြ
ဘဝနေဝင်ချိန်ကို စောင့်နေရသည်။

မောင်မောင်နှင့်ထွန်းမင်းတို့လည်းရှိသေးသည်၊ မတင်မေ
ကွယ်လွန်လေပြီ။

ဇူ


www.burmeseclassic.com

www.burmeseclassic.com



## နှံ့ဆရာ ကိုဗိုးသာနှင့်
## ချေအင်း၌ ထူးဆန်းသောအဖြစ်အပျက်

### မျိုးတော်ကြောင်

ကျွန်တော့်ဇာတိဖြစ်သော်လည်း ဖြူးမြို့သည် ကျွန်တော့်အမြင်၌ စိမ်းနေသကဲ့သို့ရှိ၏။ ထိုနေ့က ကိစ္စတစ်ခုဖြင့် ဖြူးမြို့သို့ရောက်ရှိခဲ့ခြင်းဖြစ်သည်။ ကိစ္စမှာ ကျွန်တော့်တကြီးတော်သူ၏ အသုဘကိစ္စဖြစ်သည်။

ကျွန်တော် ဖြူးမြို့သို့ရောက်ရောက်ချင်းပင် ဘဘဦးဖိုးသာနှင့် ဘူတာတွင် ဆုံဖြစ်ကြသည်။ ဘဘဦးဖိုးသာမှာ ဖေဖေ့မိတ်ဆွေကြီးဖြစ်၏။

'ဟေး...မောင်ဇော်'

'ဟာ...ဘဘသာ'

ဖြူးမြို့သည် ကျွန်တော်နှင့်အတန်စိမ်းခဲ့သော်လည်း ဘဘဦးဖိုးသာမှာမူ ကျွန်တော်နှင့်မစိမ်းလှပေ၊ အဘယ်ကြောင့်ဆိုသော် ဘဘဦးဖိုးသာသည် ရန်ကုန်ကို မကြာမကြာရောက်လာတတ်ပြီး ရောက်တိုင်းလည်း ကျွန်တော်တို့အိမ်တွင် တည်းခိုတတ်သော ကြောင့်ဖြစ်ပေ၏။



www.burmeseclassic.com

www.burmeseclassic.com



'ဖြူးကို ဘာကိစ္စနဲ့လာတာလဲ မောင်ဇော်'

ဘဘဦးဖိုးသာက အမေးရှိသောကြောင့် ကျွန်တော်က လာရင်းကိစ္စကို ပြောပြလိုက်ရပေ၏။

'အသုဘကိစ္စဆိုလို့ သတိရမိတယ်ကွာ၊ အေးလေ...မင်းလဲ ဖြူးမှာရှိနေဦးမှာပဲ၊ ငါငယ်ငယ်က တစ္ဆေခြောက်ခံခဲ့ရတဲ့ အကြောင်းလေး မင်းကိုပြောပြချင်တယ်'

ကျွန်တော်စိတ်ဝင်စားသွား၏။ ဖြူးမြို့တွင် ကျွန်တော် သုံးရက်ခန့်နေထိုင်ခဲ့၏။ အသုဘကိစ္စအပြီးတွင် ကျွန်တော် ဘဘဦးဖိုးသာနှင့် သွားရောက်တွေ့ဆုံခဲ့၏။ ဤတွင် ဘဘဦးဖိုးသာက အောက်ပါဇာတ်လမ်းတစ်ပုဒ်ကို ပြောပြပါသည်။

ဘဘဦးဖိုးသာပြောပြသည့် ကိုယ်တွေ့ဆန်းကြယ်ဇာတ်လမ်းတစ်ပုဒ်မှာ ယုံနိုင်စရာအကြောင်းမရှိဟု ပထမသော် ကျွန်တော်ထင်သည်။ သို့ရာတွင် နာမ်လောကသည် စင်စစ် အမှန်ရှိနေသည်ကိုကား စာပေကျမ်းလာအရသိလာသောအခါ၌မူ ဘဘဦးဖိုးသာ၏ကိုယ်တွေ့ဖြစ်ရပ်ကို ကျွန်တော်အယုံအကြည်ရှိခဲ့ပါသည်။

ထို့ကြောင့် ကျွန်တော်သည် ဘဘဦးဖိုးသာ၏ကိုယ်တွေ့ဇာတ်လမ်းဖြစ်စဉ်ကို သူ့အာဘော်အတိုင်း ဇာတ်လမ်းဆင်၍ ရေးသားဖော်ပြလိုက်ပါသည်။

❋ ❋ ❋



www.burmeseclassic.com

www.burmeseclassic.com



ည၌ နာရီပြန်တစ်ချက်ရှိပြီဖြစ်သည်။

ပြတင်းပေါက်ဖွင့်ထားသဖြင့်တစ်ချက်တစ်ချက် ကျွန်တော့်အကြည့်က ပြတင်းပေါက်မှတစ်ဆင့် အပြင်ကိုထိုးဖောက်၍ ရောက်သွားတတ်သည်။ ထိုအခါ ဝိုးတဝါးလရောင်အောက်ဝယ် ထိုးထိုးထောင်ထောင်အရိပ်မည်းကြီးများကိုတွေ့ရ၏။ ထိုအရိပ်မည်းကြီးများသည် သစ်ပင်တန်းများနှင့်ဝါးရုံအုပ်များဖြစ်ကြသည်။

ဘာကြောင့်မှန်းမသိ၊ ကျွန်တော့်စိတ်များ လှုပ်ရှားနေ၏။ အိပ်ပျော်အောင်ကြိုးစားကြည့်သော်လည်းမရ မအိပ်ချင်၊ မျက်လုံးအစုံကလည်းကြောင်နေ၏။ တရှဲရှဲဖြင့် လေတိုးသံများနှင့်သစ်ရွက်ခတ်သံများက ကျွန်တော့်နားကိုပဲ့တင်ထပ်စေသည်။ ပိုးကောင်မွှားကောင်တို့၏အော်မြည်သံတို့က အဆက်မပြတ်မို့ နားအူမတတ်ကြားနေရ၏။

လရောင်ဝိုးတဝါးအောက် ရာသီဥတုမှာ ပြာနှမ်းနှမ်း မှိုင်းမှုန်မှုန် မြူပြာများ ဖုံးလွှမ်းနေသကဲ့သို့ဖြစ်နေသည်။ လရောင်က မပီဝိုးတဝါးနိုင်လွန်းလှသည်။

ကျွန်တော့်စိတ်တွေ ချောက်ချားနေသည်မှာသေချာသည်။

❋ ❋ ❋

ည၌ကတစ်ည၌လုံးပင်ပန်းခဲ့ကြသဖြင့် ကျွန်တော့်ဝိုင်းတော်သားများသည် မောမောပန်းပန်းနှင့် နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေလေပြီ။



www.burmeseclassic.com

www.burmeseclassic.com


ကျွန်တော်တို့လုပ်ငန်းက အထိန်းအသိမ်း ကောင်းပါမှ ဦးဆောင်မှုကောင်းပါမှ တော်ကာကျသည်။ တစ်ဖွဲ့လုံးနာမည် ရသည့်လုပ်ငန်းမျိုးဖြစ်သည်။ တစ်ယောက်တည်းချွန်ကောင်း နေလို့မရ၊ စင်စစ် ကျွန်တော်တို့လုပ်ငန်းက ဂီတအနုပညာသုခုမ ဆိုင်းဝိုင်း၊ ကျွန်တော်ကအဖွဲ့ခေါင်းဆောင်။

'နဲ့ဆရာကိုဖိုးသာရေ၊ ခင်ဗျားတို့ဝိုင်းကိုတော့ ကျုပ်တို့ ကျအင်းရွာက ကြိုက်သွားပြီဗျို့၊ ဒီပွဲမှာတော့ ကိုဖိုးသာတို့ဆိုင်း ဝိုင်းက ပန်းပန်သွားသဗျာ၊ ဟဲဟဲ–တော်ကြပါပေတယ် ဆိုင်းဆရာ ကိုဖိုးသာရယ်'

ဤသို့နှယ် ရွာလူကြီးကိုဘဆောင်က ချီးကျူးစကားပြော သောအခါ ကျွန်တော်အရမ်းကျေနပ်သွားသည်။ ဝမ်းသာသွား သည်။ ဘာပဲပြောပြော ကိုချက်စူအသုဘစည်စည်ကားကားလေး ဖြစ်သွားရခြင်းမှာ ကျွန်တော်တို့အဖွဲ့၏လုပ်ဆောင်မှုကောင်းသော ကြောင့်ဟု ရွာသားများကလည်း ပြောနေကြသည်။

သို့အတွက် ကျွန်တော်တို့ဝိုင်းကလည်း ကျအင်းရွာ၏ ရွာခံလူကြီးများနှင့်ရွာသူရွာသားများကို အထူးပင်ကျေးဇူးတင်နေ မိတော့သည်။ ထိုကြောင့် အသုဘချမည့်ရက်တွင် ကျွန်တော်တို့ အစွမ်းကုန်ကြိုးစားကြရပေတော့မည်။

❋ ❋ ❋

'ကိုချက်စူဆိုတဲ့လူကလဲ ဆရာကိုဖိုးသာလိုပဲဗျာ၊ ကျုပ် တို့ ကျအင်းမှာဆို အင်မတန်နဲ့မှတ်ဝါသနာပါတဲ့လူဗျို့၊ နေ့ရော


www.burmeseclassic.com

www.burmeseclassic.com



ညရော မှတ်နေတာနဲ့ ရွာလူကြီးကိုဘဆောင်က သူ့နဲ့ယူပြီး ဘုန်းကြီးကျောင်းအပ်ရတဲ့အထိပဲဗျာ၊ ဒါပေမယ့် ဆရာကိုဖိုးသာလိုတော့ကြေးစားနဲ့ပညာရှင်မဟုတ်ပေဘူး၊ ဝါသနာရှင်သက်သက်ပါဗျာ...ဟဲ...ဟဲ'

ရွာခံလူကပြောမှ သေဆုံးသူကိုချက်စူမှာ နဲ့ဝါသနာအိုးမှန်းသိရသည်။ ထိုကြောင့် ဝါသနာတူချင်းဖြစ်နေ၍ ပြင်ထားသောကိုချက်စူအလောင်းဆီသို့ မျက်စိအကြည့်ကရောက်သွားသည်။ ပိတ်ဖြူစလွှမ်းထားသော်လည်း အရုပ်ရှည်မှန်းသိလိုက်သည်နှင့်လူအများရှိနေသည့်ကြားကပင် ကြက်သီးမွေးညင်းထသွား၏။

ကျွန်တော့်ကို ရွာလူကြီးကိုဘဆောင်က သူတို့ရွာနှင့်ပတ်သက်ပြီး ပြောပြသည်။

ကျအင်းရွာ၏ထုံးတမ်းတစ်ခုသည် အသုဘ၌ဆိုင်းဝိုင်းထားလေ့ရှိခြင်းပင်ဖြစ်သည်။ အသုဘချလျှင်လည်း ဆိုင်းဝိုင်းဖြင့်ချကြသည်။ အလောင်းကို ရွာရှိကာလသားများက ထမ်းပိုးကြပြီးဆိုင်းဝိုင်းမြိုင်မြိုင်တီးကာ အလောင်းကစားလေ့ရှိ၏။ ယင်းသို့အလောင်းကစားရာတွင်လည်း ရွာခံလူကြီးများက ဦးဆောင်ကြရသည်။

အသုဘအိမ်တွင်လည်း (၇)ရက်(၇)ည ကက်ဝိုင်း၊ ဖဲဝိုင်းနှင့် ကျောက်ဂျက်ဝိုင်းရှိသည်။ တစ်ရွာမှတစ်ရွာ လာရောက်ကစားပါက ရွာခံလူကြီးများက တာဝန်ယူရသည်။ တစ်ရွာကလာပြီးကစား၍နိုင်ပါကလည်း အသုဘအိမ်ရှင်ကို အကောက်ကြေး



www.burmeseclassic.com

www.burmeseclassic.com



အပြင် နိုင်ငွေလေးပုံတစ်ပုံပေးရ၏။ ဒါက ရွာမလေ့ရွာထုံးတမ်း တစ်ရပ်ပင်ဖြစ်ပေသည်။

ခုကြည့် ဘာမျှမကြာလိုက်ချိန်မှာပင် ရျောက်ဂျက်ဝိုင်းက ရန်ဖြစ်၍ ကိုဘဆောင် သွားရောက်ထိန်းသိမ်းပြီး လူစုခွဲလိုက် ရသည်။ ကစားဝိုင်းမှန်သမျှပိတ်လိုက်၍ ရွာသားများ အဲလျှိုလျှို ပြန်သွားကြ၏။

ထိုညတွင် ကျွန်တော်တို့အဖွဲ့သည် ညဉ့်နက်သည်အထိ လက်စွမ်းပြကာ တီးခဲ့မှုတ်ခဲ့ကြရသဖြင့် အားလုံးလိုလိုပင် မောမောပန်းပန်းနှင့် အိပ်မောကျနေကြခြင်းဖြစ်၏။

သို့သော် ကျွန်တော်တစ်ယောက်သာမအိပ်နိုင်၊ မျက်စိတွေ ကြောင်ပြီး အသုဘကိုချက်စူ၏ အလောင်းပြင်ထားရာနေရာသို့ အာရုံကရောက်ရောက်နေသည်။ အလောင်းကောင်ကြီး၏ခန္ဓာ ကိုယ်ပေါ်၌ လွှမ်းခြုံထားသောပိတ်ဖြူစမှာ ရိပ်ခနဲလှုပ်ရှားသွား သလို မြင်လိုက်ရသဖြင့် ကျွန်တော့်တစ်ကိုယ်လုံးတဖျင်းဖျင်း ကြက်သီးမွေးညင်းတွေထသွားရ၏။

ကျွန်တော့်စိတ်အထင်ဖြစ်မည်ဟုထင်သဖြင့် စိတ်ကိုထိန်း ချုပ်ပြီး၊ အလောင်းကောင်ကြီးကို သတိကြီးစွာထား၍ အကဲခတ် ကြည့်နေမိ၏။ ကြောက်စိတ်ကိုလည်း မနည်းထိန်းထားရ၏။ သည်လောက်ထိန်းသည့်ကြားမှပင်–

'ဟာ...'

အာမေဋိတ်ဖြင့် နှုတ်မှရေရွတ်လိုက်ခြင်း ဖြစ်သည်။ ကျွန်တော့်မြင်ကွင်းတွင် ပိတ်ဖြူစသည် အောက်သို့ ဖြည်းဖြည်း



www.burmeseclassic.com

www.burmeseclassic.com



လျှောကျလာနေသလို အလောင်းကောင်ကြီး၏မျက်နှာပြင်ကလည်း ပိတ်ဖြူစအောက်မှ တဖြည်းဖြည်းပေါ်လာနေတော့သည်။

❄ ❄ ❄

တောင့်တင်းကြပ်ခဲနေသော ကျွန်တော့်ခန္ဓာကိုယ်ကြီးသည် ဆတ်ခနဲထောင်မတ်သွား၏။ ကြီးစွာသောထိတ်လန့်ချောက်ချားမှုကြောင့် ဝေါက်ခနဲ ထထိုင်လိုက်ခြင်းဖြစ်သည်။

အလောင်းကောင်ကြီး၏ခြေရင်းတွင် ပိတ်ဖြူစက ပုံလျက်သား ရောက်ရှိနေသောကြောင့်ဖြစ်၏။ အလောင်းကောင်ကြီး၏ကိုယ်ပေါ်တွင် လွှားထားသောပိတ်ဖြူစမရှိတော့။

'ဟိတ်...ဟိတ်...'

ကျွန်တော့်အသံတွေ သိသိသာသာတုန်ယင်နေမှန်း ကျွန်တော့်နားက ကောင်းစွာကြားနေရ၏။ ကျွန်တော့်လူတွေကိုနှိုးသော်လည်းမနိုးကြ။ အအိပ်ကြီးလိုက်ကြတာမှ တကယ့်အသေကောင်များအတိုင်းပင်။ အိပ်စက်နေကြသောဘေးနားကလူတွေကို လက်ဖြင့်ဆိတ်ကြည့်၊ ခြေထောက်ဖြင့်ကန်ကြည့်သော်လည်း တုတ်တုတ်ပင်မလှုပ်ကြ။ 'တ...ကျစ်–ကျစ်' ဖြင့်သွားကြိတ်သူက ရှိသေးသည်။

'ဒုက္ခပဲ...ဟာ...ဟာ...လုပ်ကြပါဦး...လာကြပါဗျို့'

ကျွန်တော့်အသံတွေက အော်ရင်းတိမ်ဝင်သွား၏။ အလောင်းကောင်ကြီးသည် ကြည့်နေရင်း လှုပ်ရှားလာသကဲ့သို့ ရှိသည်။ အလောင်းကောင်ကြီး ကြွတက်လာသဖြင့် ကြမ်းပျဉ်များပင် အဝွတ်ဝွတ်မြည်နေ၏။



www.burmeseclassic.com

www.burmeseclassic.com


'မြတ်စွာဘုရား...ကယ်တော်မူပါ'

'အောင်မယ်လေး...ဟိတ်...ဟိတ်...ထ...ထွ...ထွ'

ကျွန်တော့်အသံတွေ မပီသချင်၊ ဗလုံးဗထွေးဖြစ်နေသည်။ ရင်ဘတ်ကလည်း တုန်ယင်လှိုက်မောနေ၏။ အသက်ရှူပင် မှားချင်လာသည်။ အလောင်းကောင်ကြီးကား တောင့်တောင့်ရောင့်ရောင့်ကြီး ထလာနေသလို ညှီစို့စို့အနံ့ဆိုးကြီးကလည်း တစ်ခန်းလုံး နံစော်နေတော့သည်။

* * *

သွေးဆုတ်ပြီး ဖြူဖပ်ဖြူရော်ဖြစ်နေသော အလောင်းကောင်ကြီး၏မျက်နှာကြီးက လွန်စွာကြောက်စရာကောင်းနေသကဲ့သို့ရှိသည်။ ဟောက်ပက်နေသောမျက်လုံးအစုံက တဖြည်းဖြည်းပွင့်လာနေကြပြီး မျက်လုံးပြူးကြီးဖြင့် ပေကလပ်ပေကလပ် မျက်တောင်ခတ်ကာ ကျွန်တော့်ကို စိုက်ကြည့်နေ၏။

ကျွန်တော့်မှာ ထပြေးရအခက်၊ ရင်ဆိုင်ရအခက်ဖြစ်နေစဉ်မှာပင် အလောင်းကောင်ကြီး၏ပါးစပ်မှာ ရုတ်တရက်ပွင့်ဟလာပြီး ကျွန်တော့်ကို လက်ညှိုးထိုးလျက်–

'နဲ့အမှတ်ကောင်းတဲ့နဲ့ဆရာ ကိုဖိုးသာဆိုတာ ခင်ဗျားကိုး၊ ကဲ...လုပ်စမ်းဗျာ၊ တစ်ပုဒ်လောက် `ကျုပ်တစ်ကျော့လောက်က,စမ်းပါရစေ၊ သေတာညောင်းလို့ တောင့်တောင်တောင့်နေပြီ'

အလောင်းကောင်ကြီးကိုချက်စူ၏အမိန့်ပေးစကားသံမှာ ပီပီသသရှိသော်လည်း လေသံကခပ်ဩဩ၊ ခပ်လုံလုံရှိ၏။ ကျွန်


www.burmeseclassic.com

www.burmeseclassic.com


ဘော့်မှာ ဘာလုပ်ရမှန်းပင်မသိတော့၊ အိပ်မောကျနေသော ဘေး
ဘးက လူတစ်ယောက်ကို မသိမသာခြေဖြင့်ဆောင့်ကန်နှိုးလိုက်
သည်။ မနီး။

ကြေးမောင်းတီးအောင်ဘုသည် အီးခနဲ တစ်ချက်ညည်းညူ
ပြီး တစ်ဖက်သို့စောင်းလှည့်အိပ်နေပြန်၏။ အလောင်းကောင်ကြီး
ကလည်း ကျွန်တော့်ကို လက်ဟန်ဖြင့် နှဲမှုတ်ဖို့သာပြောနေပေ
ပြီ။ ကြောက်ကြောက်လန့်လန့်ဖြင့် ကျွန်တော်သည် သူအမိန့်ပေး
သည့်အတိုင်း အနားချထားသောနှဲကို ကောက်ကိုင်လိုက်ရ၏။

'မှုတ်...'

အလောင်းကောင်ကြီးက မေးကိုဆတ်ပြပြီး အမိန့်ပေး
လိုက်၏။ ကျွန်တော် နှဲကို စတင်မှုတ်လိုက်သောအခါ ကြောက်
လန့်ထိတ်လန့်စိတ်ကြောင့် နှဲသံက 'ပီ'ခနဲမပြည်ဘဲ 'ရှုတ်'ခနဲသာ
အသံထွက်လာ၏။

ထိုအခါ အလောင်းကောင်ကြီးမှာ နှာခေါင်းတစ်ချက်ရှုံ့
ပြီး မကျေမနပ်ဟန်ဖြင့် မျက်လုံးကြီးပြူးကြည့်ကာ ခေါင်းကို
ယမ်းပြလိုက်ပြီး–

'နှဲကိုပီအောင်မှုတ်စမ်းကွာ၊ နှဲဆရာကိုဖိုးသာဆိုပြီး
နာမည်ကတဲ ဟော့ ဖိုးသာ၊ ဒီနေရာမှာ မင်းနဲ့ငါ အပြိုင်ကျဲရမယ့်ပွဲ။
မင်းနိုင်ရင် မင်းသဘော၊ ငါနိုင်ရင်ငါ့သဘော၊ ဟုတ်ပြီလား
ဟုတ်'

အလောင်းကောင်ကြီးက ကျွန်တော့်ကို စိန်ခေါ်လိုက်
ချေပြီ။


www.burmeseclassic.com

www.burmeseclassic.com


'ပီ...ပီ...ပီ...ပီ'

ကျွန်တော့်ကြောက်စိတ်ကိုထိန်းပြီး နဲ့ကိုမှုတ်လိုက်သည်။ နဲ့သံက ပီပီသသထွက်လာ၏။ အလောင်းကောင်ကြီးက အလွန် ကျေနပ်သွားဟန်ဖြင့် ခေါင်းကိုတဆတ်ဆတ်ညိတ်၍–

'ဟုတ်ပြီ၊ ငါစက,မယ်'ဟုဆိုကာ ဝုန်းခနဲထိုင်ရာမှထ ကွေးနေအောင်ကနေတော့၏။ ကျွန်တော့်မှာ မျက်နှာပြင်တစ်ခု လုံး ချွေးသီးချွေးပေါက်များကျကာ အကြီးအကျယ်ဒုက္ခရောက် လျက်ရှိသည်။ အလောင်းကောင်ကြီး အကာမရပ်မချင်း နဲ့ကို တပီပီနှင့်သာ ဆက်တိုက်ကြီးမှုတ်နေရတော့သည်။

အချိန်အတန်ကြာတော့မှ–

'မဆိုးဘူး၊ ဒါကြောင့်လဲ နဲ့ဆရာကိုဖိုးသာလို့တွင်တာကိုး ရပ်တော့ကွာ'ဟု လက်ကာပြရင်း အမိန့်ပေးသဖြင့် ကျွန်တော့်မှာ နဲ့မှုတ်ခြင်းကို ရပ်လိုက်ရတော့၏။

'ငါ့ဆီပေးစမ်း မင်းနဲ့၊ ငါလဲ ဒီကျအင်းမှာ မင်းလိုနာမည် တစ်လုံးနဲ့နေခဲ့တဲ့နဲ့သမားချက်စူပဲ၊ ငါက နဲ့မှုတ်မယ်၊ မင်းက ခုနက ငါက,သလိုက'ဟုဆိုကာ အလောင်းကောင်ကြီးက နဲ့ကို လှမ်းတောင်းနေသဖြင့် ကျွန်တော့်မှာ ကြောက်ကြောက်လန့်လန့် ဖြင့် နဲ့ကိုလှမ်းပေးလိုက်ရ၏။

'ပီ...ပီ...ပီ...ပီ'

နဲ့ကိုစမ်းမှုတ်ရင်း ကျွန်တော့်ကိုက,ဖို့ မျက်ရိပ်ပြနေသော အလောင်းကောင်ကြီးကိုကြည့်ရင်း ကျွန်တော့်မှာ ဒူးများပင် တဆတ်ဆတ်တုန်လျက်ရှိ၏။


www.burmeseclassic.com

www.burmeseclassic.com



'ဘာလုပ်နေတာလဲ က,တော့လေ'

'ဗီ...ဗီ...ဗီ...ဗီ'

သူ့အမိန့်အတိုင်း ကျွန်တော့်လက်ကိုမြှောက်ပြီး က,လိုက်တော့၏။ အိပ်နေသည့်လူတွေ၏မျက်နှာပေါ်သို့ ကျွန်တော့်အစုံကတဖတ်ဖတ်ကျရောက်နေသည်။ သူတို့နိုးလာအောင်ရည်ရွယ်၍ တက်နင်းဖြစ်သည်။ သို့သော် သူတို့မနိုးကြ၊ တုတ်မျှပင်မလှုပ်ကြ။

'ဗီ...ဗီ...ဗီ...ဗီ'

တစ်ဆောင်လုံး နှဲ့သံလွှမ်းနေသော်လည်း ဘယ်သူကမှ နိုးကြ၊ ဘာတွေဖြစ်နေကြသည်မသိ။ ကျွန်တော့်မှာ ဆက်မပြတ်တိုင်း က,နေရတော့၏။

'အင်း ငါတော့ ဒုက္ခပဲ၊ ဒီအတိုင်းသာဆိုရင် ဒီအသုဘ ဆောင်ကြီးနဲ့ငါ'

'က...က...'

'ဗီ...ဗီ...ဗီ...ဗီ'

ကကြိုးတန့်သွားသည်နှင့်အလောင်းကောင်ကြီးက ကျွန်တော့်ကို သတိပေးပြီး ဆက်ကခိုင်း၏။ နှဲ့ကိုလည်း မနားတမ်း မှုတ်နေ၏။

ကျွန်တော် ဆုံးဖြတ်ချက်ချလိုက်၏။ သည်အတိုင်း ဆက် သို့မဖြစ်၊ သေဖို့သာရှိတော့၏။ ဘယ်ကောင်မှလည်း အကူ



www.burmeseclassic.com

www.burmeseclassic.com



အညီတောင်းလို့မရ၊ နှိုးလို့မရ။ ထွက်ပြေးမှလွတ်မည့်ကိန်း
ထွက်ပြေးရန်သာ စိတ်ကို ယတိပြတ်ဆုံးဖြတ်လိုက်တော့၏။

အခွင့်အရေးရသည်နှင့် စေ့ထားသောတံခါးကို နော
ပြန် ခြေဖနောင့်ဖြင့် ဆောင့်ကန်ဖွင့်လိုက်ပြီး တံခါးပွင့်သွားသ
နှင့် ကျွန်တော်သည် တစ်ချိုးတည်းခုန်ဆင်းပြေးရတော့၏။

'ဟိတ်...ဟိတ်ကောင် ဖိုးသာ မပြေးနဲ့လေကွာ'

အလောင်းကောင်ကြီးကလည်း ကျွန်တော့်နောက်က တ
ပီနှင့် နဲ့ကိုအဆက်မပြတ်မှုတ်ရင်း ပြေးလိုက်လာနေတော့သည်

❄ ❄ ❄

လယ်ကွင်းကိုဖြတ်၊ ရိုးပြတ်ကိုကျော်၍ အကြောက်အက
ပြေးလာရသဖြင့် ခြေအစုံတို့မှာ ရွှံ့တွေဗွက်တွေပေကျံကုန်
ကြောက်စိတ်ကြောင့် ကျွန်တော့်မှာ မောရပန်းရမှန်းပင် သ
မထားနိုင်တော့ပေ။

အနောက်က အလောင်းကောင်ကြီးမှာလည်း ရွှံ့တွေဗွ
တွေကို တဗွတ်ဗွတ်နှင့်နင်းဖြတ်ကျော်လွှားကာ နဲ့ကိုတပီပီမှ
ရင်း ကျွန်တော့်နောက်က ထက်ကြပ်မကွာပင် ပြေးလိုက်
နေလေ၏။

သည်တွင် ကျွန်တော့်ဦးနှောက်ထဲ အသိတစ်ခုဝင်လာ
၏။ မြို့ထောင့်ကျောင်းဆရာတော်ဘုရားသင်ကြားပေးသ
'အဋ္ဌာနာယံကင်းဂါထာတော်'ကို သတိရလိုက်သည်။ သည်နော
ကျွန်တော်သည်–



www.burmeseclassic.com

www.burmeseclassic.com


'ဗုဒ္ဓေါ မေ သီသိ တိဋ္ဌတု၊
ဓမ္မော မေ သီသိ တိဋ္ဌတု၊
သံဃော မေ သီသိ တိဋ္ဌတု၊
မာတာပိတု အာစရိယာ မေ သီသိ တိဋ္ဌတု' စသော
အနန္တ ရာယ်ကင်းဂါထာတော်ကို နှုတ်မှ အကြိမ်ကြိမ်အဖန်ဖန်
ရွတ်ဆိုလိုက်မိ၏။

အတန်ကြာမှ ကျွန်တော်သည် ခြေကုန်ပြေးလွှားရှုတ်ဆို
နေရာမှ အနောက်ဘက်အလောင်းကောင်ကြီးရှိရာသို့ လှည့်ကြည့်
လိုက်သောအခါ အလောင်းကောင်ကြီးမှာ အစေး၌ပြုတ်ကျန်ခဲ့
ကြောင်း မြင်တွေ့လိုက်ရလေသည်။

ကျွန်တော့်ရှေ့၌မူ သစ်ပင်ကြီးကြီးတစ်ပင်နှင့်နတ်စင်ဟု
ထင်ရသော အုန်းစင်တစ်စင်ကို ဝိုးတဝါးမြင်တွေ့လိုက်ရ၏။
ကျွန်တော် ဝမ်းသာသွား၏။ အနီးရောက်မှ သေချာကြည့်လိုက်
သောအခါ 'ရွာတော်ရှင်'နတ်စင်နှင့်ညောင်ပင်ကြီးတစ်ပင်ဖြစ်နေ
၏။ ကျွန်တော်၏ပါးစပ်မှလည်း ရက္ခစိုးနတ်မင်းအားလည်း
ကောင်း၊ ရွာတော်ရှင်အားလည်းကောင်း ကယ်မစောင့်ရှောက်
ပါရန် ရှိခိုးဦးတိုက်ပြီး နတ်စင်အောက်အုတ်ဘောင်ဘေးအတွင်း
သို့ ငုံ့လျှိုးဝင်ကာ ပုန်းခိုနေလိုက်ရ၏။

ကျွန်တော်သည် အနောက်ဘက်လယ်ကွင်းပြင်သို့ အသုဘ
အလောင်းကောင်ကြီး လိုက်လာမလာကို အုတ်ဘောင်အတွင်းမှ
ချောင်းမြောင်းကြည့်ရှုလိုက်သောအခါ မတွေ့ရတော့၊ လိုက်မလာ
တော့။


www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ်မှာပင် လင်းကြက်တွန်သံကို ကျွန်တော် ကြားလိုက်ရပေတော့သည်။

'အောက်...အီး...အီး...အွတ်'

❄ ❄ ❄

မနက် ထိန်ထိန်လင်းလေပြီ။

ကျွန်တော်သည် နတ်စင်အောက်မှ ဘေးဘီဝဲယာအနှံ့ကြည့်သော်လည်း လူသူဟူ၍တစ်ဦးတစ်ယောက်မှမမြင်၊ အလော ကောင်ကြီး တစ်နေရာမှစောင့်ပြီး ကျွန်တော့်ကိုမြင်သွားမှာလည်း စိုးရိမ်သည်။

ထိုစဉ်မှာပင် ကျွန်တော့်နားထဲသို့ အသံဗလံများ ရောက်လာကြ၏။

'ခင်ဗျားတို့ခေါင်းဆောင်နဲ့ဆရာက ဘယ်လိုလုပ်လို့ တာလဲဗျာ၊ ချက်စူအသုဘာပဲချတော့မယ်၊ အချိန်မရှိဘူး နဲ့ဆရာမတွေ့ရင် စရံငွေတွေ အကုန်ပြန်လျော်ရမယ်'

ရွာလူကြီးကိုဘဆောင်၏အသံဖြစ်သည်။ ဒေါသထွက်နေသဖြင့် လေသံကခပ်ထန်ထန်၊ မာကြောကြောရှိလှ၏။

'ညကပိုင်းသိမ်းပြီး ကျွန်တော်တို့နဲ့အတူအိပ်နေကြတာ

ကြေးမောင်းတီးအောင်ဘုအသံဖြစ်သည်။ အသံဗလံ တဖြည်းဖြည်းနီးကပ်လာနေသည်။

'ဟိတ်...ဟို...နတ်စင်အောက်မှာလူတစ်ယောက်'



www.burmeseclassic.com

www.burmeseclassic.com



'ဟာ…နဲ့ဆရာကိုဖိုးသာပါလား'

ကျွန်တော့်ကို သူတို့တွေ့သွားကြသည်။ ကျွန်တော် နတ်စင်အောက် အုတ်ဘောင်ဘေးမှထွက်လိုက်၏။

'ဘယ်လိုဖြစ်တာလဲ ကိုဖိုးသာ၊ ဟိုမှာ အသုဘချတော့ မယ်ဗျာ'

ရွာလူကြီးကိုဘဆောင်က ဒေါသလေသံဖြင့် မေးလိုက်သည်။ ကျွန်တော်က ညကကြုံတွေ့ခဲ့ရသည့်အဖြစ်အပျက်ကို ပြောပြပြီး မလိုက်နိုင်တော့ကြောင်း ငြင်းသည်။

'ခင်ဗျား ဒီလိုလုပ်လို့ဘယ်ရမလဲဗျ၊ အလုပ်ကိုပြတ်အောင် လုပ်မှပေါ့၊ ဒါ ကလေးကစားတာမဟုတ်ဘူး၊ အသုဘဗျ့ အသုဘ'

ကိုဘဆောင် ဒေါသထွက်နေသည်။

'အသုဘမှန်းသိပါ့ဗျာ၊ သိသမှသိပ်သိ၊ ဒီမယ် ကျုပ်တစ်ည လုံး မအိပ်ရသေးဘူး၊ အသုဘကိုချက်စု……ကိုချက်စု အသုဘ၊ ကျုပ်ကို ဘယ်လောက်ဒုက္ခပေးခဲ့တယ်ဆိုတာ ခင်ဗျားတို့မှ မသိ ဘာ၊ ဟောဒီမှာကြည့်၊ကိုချက်စုလိုက်လို့ပြေးခဲ့ရတာ ခြေထောက်က ရွံ့တွေတောင်မခြောက်သေးဘူး' ပြောပြီး ကျွန်တော်က ခြေစုံ နစ်ဖက်ကို သူတို့မြင်သာအောင်ပြလိုက်သည်။

'မဟုတ်သေးပါဘူးဗျာ၊ ခင်ဗျားအိပ်ချင်မူးတူးနဲ့ယောင်တာ ဖြစ်ပါလိမ့်မယ် ကိုဖိုးသာရာ၊ ဟိုမှာ ကိုချက်စုအလောင်းကြီးက ခေါင်းထဲတောင်မထည့်ရသေးဘူး၊ ခင်ဗျားလာမှထည့်ကြမှာ သာပါဗျာ'



www.burmeseclassic.com

www.burmeseclassic.com



'မလုပ်ပါနဲ့ဗျာ၊ ရှိကြီးခိုးတောင်းပန်ပါတယ်၊ စရံပြန်လျှော်ဆို ပြန်လျော်ပါ့မယ်ဗျာ၊ ကျုပ်မလိုက်ပါရစေနဲ့ဗျာ'

ကျွန်တော် အားလုံးကို လက်အုပ်ချီတောင်းပန်လိုက်၏။

'ခင်ဗျားမရှိလို့မဖြစ်ဘူး ကိုဖိုးသာ၊ ဝိုင်းကမစည်ဘူး ကျုပ်တို့တွေရှိပါတယ်၊ ဘာမှမကြောက်နဲ့၊ ကျုပ်တာဝန်ယူတယ် ကိုင်း...ကိုင်း...လာပါဗျာ'

ကိုဘဆောင် အတင်းဆွဲခေါ်သဖြင့် ကျွန်တော့်မှာ ယက်ကန်ယက်ကန်ဖြင့် ပါလာခဲ့ရ၏။ သို့ဖြင့် အသုဘထားရာ အဆောင်သို့ရောက်လာကြသည်။

❋ ❋ ❋

'ကိုဖိုးသာ ခင်ဗျားနဲ့ကော' ကိုဘဆောင်ကမေးသည်။

'ကျွန်တော့်နဲ့ ကိုချက်စူဆီမှာ'

'ဟာ...ဒီလူမဟုတ်တန်းတရားပြောရော့မယ်'

'ကျုပ် ဟုတ်တာပြောနေတာ ကိုဘဆောင်၊ ဟောဟိုမှာ ကြည့် ကျွန်တော့်နဲ့'

ကိုချက်စူအလောင်းဘေးတွင် ကျွန်တော့်နဲ့ကို တွေ့လိုက်ကြ၏။

'တွေ့တယ်မဟုတ်လား၊ မယုံရင် ကိုချက်စူခြေထောက်ကိုပါ ကြည့်လိုက်ဦး'

'ဟာ...'

'အလို...'အာမေဋိတ်သံများလျှံသွား၏။



www.burmeseclassic.com

www.burmeseclassic.com



သူတို့အားလုံးလည်း ထိတ်လန့်အံ့သြသွားကြပုံရ၏။ မှင်တက်မိလျက် အသုဘအလောင်းကြီးကို စိုက်ကြည့်နေကြ၏။

'ခင်ဗျားတို့ကို ကျုပ်ညာမပြောပါဘူးဗျာ၊ တစ်ညလုံး ကျုပ် ဘယ်လောက်ဒုက္ခရောက်ခဲ့တယ်ဆိုတာ ယုံပြီမဟုတ်လား'

မှန်သည်။ ကျွန်တော့်စကားကို သူတို့အားလုံး လက်ခံသွားပုံရပေသည်။ အဘယ်ကြောင့်ဆိုသော် အလောင်းကောင်ကြီး ကိုချက်ရှု၏ခြေအစုံနှစ်ဖက်တွင် ရွှံ့စေးများပေကျံနေသောကြောင့်ပါတည်း။

[မှတ်ချက်။ ။ဘဘဦးဖိုးသာ ခေါ် နှဲ့ဆရာကြီးဦးဖိုးသာ၏ ငယ်စဉ် နှဲ့သမားဘဝမှ အကယ့်ဖြစ်ရပ်ဆန်းကြုံတွေ့ရပုံကိုပြောပြသဖြင့် ကြည့်ရှုသုံးသပ်နိုင်ရန် တင်ပြခြင်း မှုလိုက်ရပေသည်။]

ဖိုးမောင်အောင်



www.burmeseclassic.com

www.burmeseclassic.com

# မြို့ရလေသုံ့ဘဝတွေ

ကျော်နန္ဒအောင်

ဖယောင်းတိုင်တစ်တိုင်ရဲ့တန်ဖိုးကို မြို့ပြကလူတွေ သိပ်
ကြမယ်မဟုတ်ပါဘူး။ ယခုခေတ်ဈေးနဲ့ဆိုရင် တစ်တိုင်မှ ငါးကျ
ပေါ့လို့ ပြောစရာရှိပါတယ်။ ဒါက လွယ်လွယ်ကူကူဝယ်လို့ရ
မြို့ပြလိုကျေးရွာလိုနေရာမျိုးတွေမှာပြောမယ့်စကားပါ။ စာရေး
တို့လို တောတောင်များမှာသွားပြီး တရားအားထုတ်တာဝါသ
ပါတဲ့သူများအဖို့ တစ်ခါတစ်ရံ ဖယောင်းတိုင်အတိုတစ်တိုင်
အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးလှပါတယ်။

စာရေးသူ အဦးဆုံးခြေဆန့်ခဲ့မိတဲ့ တောတောင်ရဲ့
အတွေ့အကြုံကြောင့် ဖယောင်းတိုင်တစ်တိုင်ရဲ့တန်ဖိုးကိုပြော
နေရတာပေါ့။ စာရေးသူရဲ့တောတောင်ထဲမှာတွေ့ခဲ့ရတဲ့ အဦး
ဆုံးသောအတွေ့အကြုံဖြစ်တဲ့ တစ္ဆေအကြောင်းကိုပြောပြချင်
ပါ။ စာရေးသူနဲ့ဓမ္မမိတ်ဆွေသုံးဦးတို့ဟာ လွန်ခဲ့တဲ့ဆယ်နှစ်
မှာ မွန်ပြည်နယ်ဘက်ကို တောရဆန်ဆန်ဆောက်တည်ပြီး တ
အားထုတ်ဖို့ထွက်ခဲ့ကြပါတယ်။ တစ်ဦးက ရန်ကုန်မြို့ အေး

www.burmeseclassic.com



သာဆေးခန်းက စာရင်းကိုင်ချုပ်ပါ။ နောက်တစ်ဦးက စီးကရက်စက်ရုံက အငြိမ်းစားယူထားသူအဘချုပ်ဖြစ်ပါတယ်။ နောက်တစ်ဦးကတော့ မြန်မာနိုင်ငံဆေးဝါးစက်ရုံက ဒု–စက်ရုံမှူး အငြိမ်းစားတစ်ယောက်ဖြစ်ပါတယ်။

စာရေးသူတို့လေးဦးဟာ တရားအားထုတ်ရတာကိုဝါသနာပါပြီး အလျဉ်းသင့်သလို တရားရှုမှတ်နေသူများလည်း ဖြစ်ကြပါတယ်။ မိတ်ဆွေကြီးဦးအောင်မောင်း(အေးဆေးခန်း)ရဲ့ကောင်းမှုကြောင့် မော်လမြိုင်နဲ့ မိုင်နှစ်ဆယ်ကျော်ဝေးတဲ့ တံခွန်တိုင်ကျေးရွာနဲ့ တော်ကူးကျေးရွာအကြား ရော်ဘာတောကြီးထဲက ကျောင်းတစ်ကျောင်းမှာ တရားအားထုတ်ကြဖို့အတွက် ရောက်ခဲ့ကြတာပါ။ ဝတာရဆန်ဆန် အားထုတ်ဖို့ အတွက် စာရေးသူတို့လေးဦးဟာ အနည်းဆုံး တစ်လကနေ ပျော်သလောက် ကြာကြာအားထုတ်ဖို့ ရည်ရွယ်ခဲ့ကြပါတယ်။

ကျောင်းတိုက်ဟာ လေးဧကလောက်ကျယ်ဝန်းတဲ့ ရော်ဘာတောကြီးထဲမှာဖြစ်ပါတယ်။ အဲဒီကျောင်းမှာ ဆရာတော်က နှစ်ပါးနဲ့ အားထုတ်နေကြတဲ့ရဟန်းကသုံးပါး စုစုပေါင်းငါးပါးရှိပါတယ်။ စာရေးသူတို့အဖွဲ့ဟာ ရန်ကုန်မြို့မှာ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီးရဲ့နည်းနဲ့ ရှုမှတ်အားထုတ်ခဲ့ကြသူများဖြစ်ပါတယ်။ အခုလည်း အဲဒီကျောင်းမှာ ကိုယ့်နည်းနဲ့ကိုယ် ရှုမှတ်ကြဖို့ ရက်ရှည်ခရီးထွက်ခဲ့ကြတာဖြစ်ပါတယ်။ စာရေးသူတို့သဘောကျတာကတော့ တရားရှုမှတ်ကြမယ့် ရော်ဘာတောကြီးထဲကကျောင်းဟာ ရွာနဲ့အလှမ်းဝေးတာရယ်၊



www.burmeseclassic.com

www.burmeseclassic.com



ရေဒီယို၊ သတင်းစာ၊ ပြက္ခဒိန်၊ ကက်ဆက်၊ တယ်လီဗေးရှင်း၊ တယ်လီဖုန်း စသည်တို့မရှိတာကြောင့်ပါပဲ။

ဧည့်သည်တွေလာဖို့ဆိုတာ အတော်မလွယ်ကူလှတဲ့နေရာပါ။ အကယ်၍ ဧည့်သည်လာမယ်ဆိုရင်လည်း အဲဒီကျောင်းကို အတော်မေးပြီးရှာရမယ့်အနေအထားမှာရှိနေပါတယ်။ တကယ်တော့ တရားအလုပ်,လုပ်မယ့်ယောဂီဟာ ဝိဝေကဖြစ်တဲ့နေရာကို ရွေးချယ်ဖို့ရယ်၊ ပလိဗောစနည်းတဲ့နေရာဖြစ်ဖို့ရယ် လိုအပ်လှပါတယ်။ ယောဂီတစ်ယောက်အတွက် ဆိတ်ငြိမ်မှုဆိုတဲ့ ဝိဝေကလည်းမရှိဘူး၊ ထွေရာလေးပါးကိစ္စများတဲ့ ပလိဗောစလည်း ရှိနေမယ်ဆိုရင် တရားအားထုတ်ဖို့အတွက်ကြီးစွာသောအနှောင့်အယှက်များဖြစ်နေမှာသေချာပါတယ်။ ဒါကြောင့် စာရေးသူတို့ လေးဦးဟာ ဆိတ်ငြိမ်မှုမရှိ၊ ပလိဗောစများတဲ့မြို့ပြကနေထွက်ပြီး ခလိုတိတ်ဆိတ်ပြီး ဗာဟိရကိစ္စနည်းတဲ့အရပ်ကိုထွက်ခဲ့ကြတာပါ။

စာရေးသူတို့လေးဦးကို ကျောင်းတိုက်ကဆရာတော်က မိမိတို့ကြိုက်နှစ်သက်တဲ့နေရာမှာနေရာယူကြဖို့မိန့်ပါတယ်။ ကျော်ဘာတောတစ်ဝင်းလုံးမှာ ကျောင်းအဆောက်အအုံက နှစ်လုံးသာရှိပါတယ်။တစ်လုံးကဆရာတော်တစ်ပါးတည်းနေပြီး ဤကျောင်းတစ်ကျောင်းမှာ ရဟန်းလေးပါးစုပြီးနေကြပါတယ်။ ဆရာတော်နေတဲ့ကျောင်းဟာ စင်္ကြံလျှောက်ဖို့လမ်းပါတွဲထားပြီး စင်္ကြံလမ်းကို လျှာထိုးသစ်သားများခင်းထားပါတယ်။ စာရေးသူတို့လေးဦးဟာ ခရီးရောက်မဆိုက်ဘဲ အဲဒီစင်္ကြံမှာ တစ်ဦးနဲ့တစ်ဦး ငါးပေလောက်စီခြားပြီး နေရာခင်းကျင်းကြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



စာရေးသူက ဆရာတော့်ကျောင်းဘက်က စကြိုအစ ဘက်မှာဖြစ်ပြီး ကျန်သုံးဦးကတော့ အစဉ်အတိုင်း နေရာယူကြပါတယ်။ ဒါ့ကြောင့် စာရေးသူဟာ အစွန်ဆုံးဘက်ကိုရောက်နေပါတယ်။ လေကောင်းလေသန့်နဲ့ ညရေးညတာ ထရသွားရတာ လွယ်ကူအောင်ဆိုပြီး စာရေးသူကိုယ်တိုင် အိပ်ရာကိုအစွန်ဘက်မှာ ခင်းလိုက်တာဖြစ်ပါတယ်။ စာရေးသူတို့ကျောင်းကိုရောက်တဲ့အချိန်ဟာ ညနေငါးနာရီထိုးနေပြီဖြစ်လို့ တောရိပ်တောင်ရိပ်နဲ့ မှောင်စပျိုးနေပြီဖြစ်ပါတယ်။ စာရေးသူတို့နေရာယူပြီး ခေတ္တအနားယူလို့ ကျောချကြပါတယ်။ မနက်စောစောကတည်းက ရန်ကုန်ဘူတာကြီးက မုတ္တမကိုမီးရထားစီး၊ မုတ္တမက မော်လမြိုင်ဘက်ကမ်းကို ဇက်ရေယာဉ်နဲ့ကူး၊ ပြီးတော့ ကျိုက္ခမီသွားတဲ့မော်တော်ကားကိုစီးပြီးမှ မော်လမြိုင်–ကျိုက္ခမီသွားတဲ့ကားလမ်းပေါ်မှာဆင်း၊ အဲဒီကမှ ကိုယ့်အထုပ်ကိုယ်ဆွဲပြီး တရားအားထုတ်ကြမယ့်ကျောင်းကို နှစ်မိုင်လောက်ခြေကျင်ဆက်ပြီး လျှောက်ရသေးတယ်ဆိုတော့ စာရေးသူတို့အဖွဲ့ ခေတ္တတော့ အိပ်ရာမှာ ကျောချမိကြတာအမှန်ပါ။

နာရီဝက်လောက်အနားယူပြီးတာနဲ့ ဆရာတော်က သူ့ကျောင်းဆောင်ကိုလာဖို့ မိန့်ပါတယ်။ စာရေးသူတို့အဖွဲ့ဟာ ရေပြောင်းရေလွှဲမို့ မျက်နှာသစ်၊ လက်ခြေရေဆေးပြီး ဆရာ‌တော် ကျောင်းကို သွားကြပါတယ်။ ဆရာတော်က ဆောင်‌ ကိုးပါးသီလဆောက်တည်ခိုင်းပါတယ်။ စာရေး‌ သီလခံယူပြီးတာနဲ့ ဆရာတော်ကစကားသိပ်‌

www.burmeseclassic.com



စားရေးသောက်ရေးနဲ့ မီးမရှိလို့ ရန်ကုန်ထက်စာရင် ဆင်းရဲမှာဖြစ်ကြောင်း၊ တရားကိုတော့ ဒီရော်ဘာတောကြီးထဲမှာ မိမိတို့ စိတ်ကြိုက် ရှုမှတ်အားထုတ်နိုင်ကြောင်း မိန့်ပါတယ်။ စာရေးသူတို့ ဆရာတော်ကိုဝတ်ချပြီးပြန်ခါနီးမှာ ဆရာတော်က လက်နှိပ်ဓာတ်မီးပါကြသလား၊ မီးခြစ်ပါကြသလားလို့ မေးပါတယ်။ မီးခြစ်ကတော့ အားလုံးပါကြပြီး လက်နှိပ်ဓာတ်မီးကတော့ စာရေးသူ ဘေးမှာနေရာယူထားတဲ့ အဘချူးကလွဲလို့ ဘယ်သူမှမပါကြပါဘူး။ ဆရာတော်က ဘာမှဆက်မပြောတော့ဘဲ စာရေးသူတို့ကို ငါးသေတ္တာခွက်မှာ သွတ်ကြိုးချည်ထားတဲ့ ခွက်တစ်ခွက်စီနဲ့ ဖယောင်းတိုင်တစ်တိုင်စီပေးပါတယ်။ ငါးသေတ္တာခွက်အခွံနဲ့ ဖယောင်းတိုင်ကိုကြည့်ပြီး ညရေးညတာ သွားလာဖို့ မီးအုပ်ဆောင်းဖြစ်ကြောင်း စာရေးသူတို့ သဘောပေါက်ကြပါတယ်။

အဲဒီညမှာ စာရေးသူတို့ဟာ ကျောင်းရှေ့မြေနီလမ်းလေးမှာ စင်္ကြံလျှောက်ပြီး ရှုမှတ်ကြပါတယ်။ တစ်ယောက်နဲ့တစ်ယောက်လည်း အကြောင်းကြီးငယ်မပြောမဖြစ်စကားပြောစရာရှိမှပြောကြဖို့ ကိုယ်စီကိုယ်ငှသဘောတူထားကြပါတယ်။ ရော်ဘာပင်တွေ ခြေရင်း မြေနီလမ်းမှာ စင်္ကြံလျှောက်ပြီး ရှုမှတ်ကြတဲ့အခါ မြွေနဲ့ ပိုးမွှားအန္တရာယ်ကိုမြင်နိုင်ဖို့အတွက် စာရေးသူဟာ ငါးသေတ္တာခွက်ထဲမှာ ဖယောင်းတိုင်ကိုထွန်းပြီး ရော်ဘာပင်မှာ ခွက်ကို သွပ်ကြိုးနဲ့ချိတ်ထားရပါတယ်။ စာရေးသူတို့လေးဦးဟာ ဖယောင်း တိုင်ကို ချွေတာသောအားဖြင့် မီးအုပ်တစ်ခုကိုသာ



www.burmeseclassic.com

www.burmeseclassic.com



ချွန်းပြီး သစ်ပင်မှာချိတ်ဆွဲထားကြပါတယ်။ ဖယောင်းတိုင်တစ်တိုင်ရဲ့အလင်းရောင်ဟာ ဆယ့်ငါးပေလောက်ဆို ရှေ့ကိုကောင်းကောင်းမမြင်ရတော့ပါဘူး။ ဒါ့ကြောင့် တောတောင်မှာ ဖယောင်းတိုင်တစ်တိုင်ရဲ့တန်ဖိုးဟာ မည်မျှကြီးမားကြောင်း စာရေးသူ ရှေ့မှာရေးခဲ့တာပါ။ စာရေးသူတို့ဟာ ယခုအကြိမ်မှာ ဆိုးတောရဆောက်တည်ကြတာမို့ အိပ်ရာလိပ်ကလွဲပြီး ကျန်တဲ့ ပစ္စည်းတွေကို ဂရုမစိုက်မိခဲ့ကြပါဘူး။ နောင်ဆိုရင် ဖယောင်းတိုင်နဲ့ လက်နှိပ်ဓာတ်မီးကိုတော့ အမြဲတမ်းဆောင်သွားကြမယ်ဆိုတာ လေးဦးလုံးရဲ့စိတ်ထဲမှာ တေးထားလိုက်ကြပါတယ်။

ရော်ဘာတောကြီးထဲမို့ထင်ပါရဲ့၊ ညဉ့်နက်လေ တိတ်ဆိတ်လေ ပိုပြီးမှောင်လေပါပဲ။ ပုရစ်အော်သံနဲ့ ပုဇင်းရင်ကွဲအော်သံကလွဲလို့ တစ်တောလုံး ဘာသံမှမကြား ရပါဘူး။ တောတောင်အတွေ့အကြုံမရှိတဲ့သူဆိုရင်တော့ ကြောက်စရာနဲ့ငြီးငွေ့စရာကြီးပါတယ်။ ဘယ်လောက်မှောင်သလဲဆိုရင် မီးအုပ်ကဖယောင်းတိုင်မီးလေတိုက်လို့ငြိမ်းသွားတာနဲ့ စာရေးသူတို့တစ်တွေ တစ်ယောက်နဲ့တစ်ယောက် မြင်ရဖို့မပြောနဲ့၊ ကိုယ့်ကိုယ်ကိုတောင် ငုံ့ကြည့်လို့ မမြင်ရပါဘူး။ အဲဒီလောက်အထိကို မှောင်လွန်းပါတယ်။

ညဆယ်နာရီထိုးလောက်ကြတော့ ရော်ဘာတောရိပ်နဲ့မို့ အေးလာတာကြောင့် ကျောင်းပေါ်ကိုပြန်တက်ခဲ့ကြပါတယ်။ အိပ်ရာအသီးသီးခင်းလို့ ခြင်ထောင်ထောင်ပြီးတာနဲ့ ဖယောင်းတိုင်ကိုချွေတာသောအားဖြင့် မီးငြိမ်းလိုက်ပါတယ်။ မြို့ပြကနေ



www.burmeseclassic.com

www.burmeseclassic.com



ဖြုန်းခနဲ တောထဲတောင်ထဲရောက်လာတော့ အဲဒီညက တော်တော်နှင့် အိပ်လို့မရပါဘူး။ တစ်ဦးနဲ့တစ်ဦး မှောင်ထဲမှာလှမ်းပြီး စကားတစ်လုံးစနှစ်လုံးစပြောဖြစ်ကြပါသေးတယ်။ ည ၁၁း၃၀ နာရီလောက်ကျမှ စာရေးသူတို့တစ်တွေ မောမောနှင့်အိပ်ပျော်သွားကြပါတော့တယ်။

နံနက် ၃ နာရီမှာ အုန်းမောက်ခေါက်တော့ စာရေးသူတို့တစ်တွေအားလုံးထကြ၊ ဝီရိယကိုထူထောင်ကြနဲ့၊ အိပ်ချိန်ကိုလျှော့ချကြရပါတယ်။ ကျန်းမာရေးအတွက် လုံလောက်ရုံမျှသာ အိပ်ပြီး ကျန်အချိန်တွေကို တရားရှုမှတ်ခြင်းဖြင့် အချိန်ကုန်စေမယ်လို့ သန္နိဋ္ဌာန်ချထားသူများဖြစ်ပါတယ်။ ဒီလိုနဲ့ ဒုတိယနေ့ကို နံနက်၃နာရီက ထပြီး ထိုင်တစ်လှည့်၊ လမ်းလျှောက်တစ်လှည့်စီ စူးစူးစိုက်စိုက်ရှုမှတ်ကြပြီး ညဘက်အိပ်ချိန် ၁၁ နာရီလောက်ရောက်မှ မိမိအိပ်ရာကိုပြန်ကြပါတယ်။

အိပ်ရာထဲရောက်ပြီးတာနဲ့ ၁၀ နာရီခွဲလောက်မှာ စာရေးသူဘေးနားမှာ နေရာယူထားကြတဲ့ ဓမ္မမိတ်ဆွေသုံးဦးရဲ့ဟောက်သံကိုကြားနေရပါပြီ။ စာရေးသူဟာ ညဘက်မှာ စောစောအိပ်တတ်တဲ့အကျင့်မရှိလို့ ဖြုန်းစားကြီးအိပ်မပျော်ခဲ့ပါဘူး။ ရန်ကုန်နေအိမ်ကိုစိတ်ရောက်လိုက်၊ ရှုမှတ်လိုက်၊ ဟိုဟိုသည်သည်အတွေးရောက်လိုက်၊ စိတ်ကိုစူးစူးစိုက်စိုက်မှတ်လိုက်နဲ့ အချိန်ဘယ်လောက်ကြာသွားတယ်မသိပါဘူး၊ ဒါကြောင့် စာရေးသူဟာ ဂက်(စ်)မီးခြစ်ကိုခြစ်ပြီး လက်ပတ်နာရီကိုကြည့်လိုက်မိပါတယ်။ ည ၁၂ နာရီ ၁၀ မိနစ်ရှိနေပါပြီ။ မနက်ကိုလည်း ၃ နာရီထ



www.burmeseclassic.com

www.burmeseclassic.com



မှာမို့ ပက်လက်အနေအထားနဲ့ ဗိုက်ပေါ်မှာလက်နှစ်ဖက်
ပြီး တရားကိုသာတွင်တွင်ရှုမှတ်နေခဲ့ပါတယ်။

အဲဒီလိုရှုမှတ်နေတုန်း ၁၀ မိနစ်လောက်ပဲကြာလို့မယ်
ပါတယ်။ စာရေးသူအိပ်တဲ့ညာဘက်စကြ်ံလမ်း အစကနေပြီး
ရေးသူအိပ်တဲ့ဘက်ကို မှောင်ထဲမှာ ခြေသံပြင်းပြင်းနဲ့နင်းပြီး
ဘက်လာတဲ့ခြေသံကိုကြားရပါတယ်။ ခြေသံကပြင်းတော့
များဟာ အတော်ကလေးမြည်သံကြားရပါတယ်။ အဲဒီလိုနဲ့
ခြေသံပြင်းပြင်းဟာ ကြမ်းခင်းတွေကို နင်းပြီး စာရေးသူရဲ့
ထောင်အေး ညာဘက်နားအထိရောက်လာပြီး ရပ်သွားပါ
ယ်။ စာရေးသူရဲ့စိတ်ထဲမှာတော့ ဆရာတော်များ တစ်ခုခု
လသလား၊ စာရေးသူတို့အိပ်ရတဲ့အခြေအနေကို လာကြည့်
လားထင်ပြီး မျက်စိကို မှေးထားလိုက်ပါတယ်။ မှောင်ထဲ
တော့ ဘာမှမမြင်ရပါဘူး။ စာရေးသူစိတ်ထဲက မှန်းဆကြည့်
ပဲရှိပါတယ်။

စာရေးသူရဲ့ညာဘက်ခြင်ထောင်အေးမှာရပ်သွားတဲ့ခြေသံ
ဆက်ပြီးတော့စာရေးသူရဲ့ခြေရင်းနံရံဘက်ကို ဆက်လျှောက်
ပါတယ်။ စာရေးသူရဲ့ခြေရင်းနံရံနားမှာ သစ်သားဗီရိုကြီး
လုံးရှိပါတယ်။ ဗီရိုကြီးကို ကြေးသော့ခလောက်ကြီးနဲ့ ခတ်
တာကို စာရေးသူ ခြင်ထောင်ကြိုးချည်ရင်းနဲ့ကြည့်လိုက်မိ
သတိပြုမိပါတယ်။ စောစောကခြေသံပြင်းပြင်းဟာ ဗီရိုနားကို
က်တာနဲ့ရပ်သွားပါတယ်။ ပြီးတော့မှ ဗီရိုမှာရှိတဲ့ သော့
လောက်ကြီးကို တော်တော်အရှိန်ပြင်းပြင်းနဲ့ဆွဲပြီး လှုပ်ခါပါ



www.burmeseclassic.com

www.burmeseclassic.com


တယ်။ ညဘက်တိတ်ဆိတ်နေတာကြောင့် သော့ခလောက်
ဆွဲလှုပ်လိုက်တဲ့အသံဟာ အတော့်ကို ကျယ်ကျယ်လောင်လော
မြည်ဟည်းသွားပါတယ်။

သော့ခလောက်ကို ခြေသံပိုင်ရှင်ဟာ စိတ်တိုင်း
လေးငါးခါလောက်ဆွဲခါပြီးတော့မှ ရပ်လိုက်ပါတယ်။ ပြီးတော
ခြေသံပြင်းပြင်းနဲ့ လာလမ်းအတိုင်းပြန်လျှောက်သွားပြီး ခြေ
ပျောက်သွားပါတော့တယ်။ ဘေးကစမ္မမိတ်ဆွေတွေကို နှိုး
ပေမယ့်အလှမ်းဝေးနေတာကြောင့်မနိုးဖြစ်ပါဘူး။ သူတို့လည်း
ကြပါဘူး။ဟောက်သံကိုသာကြားနေရပါတယ်။ စာရေးသူအဖ
ကတော့ ဆရာတော်မီးမထွန်းဘဲကျင့်သားရနေလို့ ဗီရိုဆီကိုပစ္စ
တစ်ခုခုယူဖို့လာတာပဲလို့ စိတ်ဒုန်းဒုန်းချထားလိုက်မိပါတယ

ထုံးစံအတိုင်း မနက် ၃ နာရီထိုးမှာ တုံးခေါက်တော
အိပ်ရာက ထပြီး အရုဏ်နဲ့နေ့ဆွမ်းစားချိန်ကို နားချိန်အ
သတ်မှတ်ပြီးတော့ ယောဂီလုပ်ငန်းခွင်ဝင်ရပါတယ်။ လ
လျှောက်တစ်လှည့်၊ ထိုင်လျက်တစ်လှည့်၊ မတ်တတ်ရပ်လျ
တစ်လှည့်စီ တရားအလုပ်ကိုစူးစိုက်ပြီး ရှုမှတ်ကြရပြန်ပါတယ
ည ၁၀ နာရီထိုးမှာတော့ ယောဂီလုပ်ငန်းခွင် ခေတ္တသိမ်း
အိပ်ရာထဲဝင်ကြပါတယ်။ မအိပ်ခင်ဘေးနားမှာအိပ်တဲ့ အဘ
ကို မနေ့ကခြေသံပြင်းပြင်းနဲ့ ခြေရင်းဗီရိုက သော့ခလောက်
လှုပ်ယမ်းဆွဲခါတဲ့ အကြောင်းပြောပြမိပါတယ်။ ဒီအခါမှာ အ
ချုံးက စာရေးသူကို မောင်ရင်စိတ်ထင်လို့နေမှာပါလို့နှစ်သိ
ပါတယ်။ ဒါနဲ့ စာရေးသူက ဒီည လာလိုလာငြား အကယ်


www.burmeseclassic.com

www.burmeseclassic.com



ကြာ ခြေသံပိုင်ရှင်ဟာ ဆရာတော်မဟုတ်ဘဲ တခြေ(သို့မဟုတ်) တွာဆိုရင်တော့ နှစ်ဦးသားစောင့်ပြီးကြည့်ရအောင် အဘချုး နှုန်တော့်ဘေးနား လက်လှမ်းမီအောင် တိုးအိပ်ပါ။ လက်တို ကိုက်တာနဲ့ လက်နှိပ်ဓာတ်မီးနဲ့ ထိုးကြည့်ရအောင်ဆိုပြီး နှစ်ဦး သား တိုင်ပင်ထားကြပါတယ်။ အဘချုးကလည်း သဘောတူ လက်ခံပါတယ်။

ဒီလိုနဲ့ စာရေးသူတို့ဟာ မအိပ်ခင်အိပ်ရာထဲမှာ ယောဂီ လုပ်ငန်းခွင်ကိုဆက်ပြီးဝင်ကြပါတယ်။ စာရေးသူကတော့ ထုံးစံ အတိုင်း ပက်လက်လှန်အိပ်၊ ဝမ်းဗိုက်ပေါ်မှာ လက်နှစ်ဖက်တင် ထားပြီး ရှုမှတ်နေလိုက်ပါတယ်။ အဘချုးကတော့ ခြင်ထောင် ပြီး မအိပ်ခင် ထိုင်လျက်ရှုမှတ်နေတာကို ဖယောင်းတိုင်မငြိမ်း င် စာရေးသူတွေ့လိုက်ရပါတယ်။ တကယ်တော့ စာရေးသူဟာ ကြာခြေသံပြင်းပြင်းပိုင်ရှင်ကို တမင်စောင့်နေတာတော့ မဟုတ်ပါ ။ တရားအလုပ်ကိုမှတ်လို့ကောင်းကောင်းနဲ့ မှတ်နေမိတာပါ။ တကယ်တမ်း ယောဂီလုပ်ငန်းခွင်မဝင်ခင်တုန်းကဆိုရင် စာရေး ဟာ လျောင်းပြီး မှတ်တဲ့ဣရိယာပုတ်ဟာ အလွယ်ဆုံးလို့ င်ခဲ့မိပါတယ်။ တကယ်တမ်းရှုမှတ်ကြည့်တဲ့အခါကျတော့ ယာဂီလုပ်ငန်းခွင်ရဲ့ ဣရိယာပုတ်လေးမျိုးမှာ လျောင်းပြီး ရှုမှတ် တာဟာ အခက်ဆုံးအလုပ်ဆိုတာကိုတွေ့ရပါတယ်။

မရွေ့မပြောင်းမပြင်ဘဲ လျောင်းပြီး ရှုမှတ်ရမယ်ဆိုရင် ်ပေါ်လာတဲ့ဝေဒနာတွေဟာ အခြားသော လျှောက်၊ ထိုင်၊ ်ဣရိယာပုတ်ထက် လွန်စွာသည်းခံရခက်ကြောင်း တွေ့ရမှ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါတယ်။ လျှောင်းပြီးမှတ်လို့ ဖြစ်ပေါ်လာတဲ့ဝေဒနာကို ရှုမှ
ရတာ လွန်စွာမှ ခက်ခဲလှပါတယ်။ အတော်လည်း သည်းခံ
ရပါမယ်။ ဒါက စာရေးသူရဲ့ကိုယ်တွေ့ပါ။ စာရေးသူဟာ အိပ်
ထက်မှ ပက်လက်လှန်ပြီးတော့ တရားကို ရှုမှတ်နေပါတယ်
ခေါင်းအုံးနဲ့နောက်စေ့ကိုထိတွေ့ပြီး ဖြစ်ပေါ်လာတဲ့ ဝေဒနာ
လွန်စွာမှပင် ဆိုးဝါးလှပါတယ်။ တစ်ခါတစ်ရံ ညဥ့်ငှက်တွေ
အိပ်တန်းလန့်ပြီး အော်သံနဲ့ ဇီးကွက်အချို့ရဲ့ အော်သံတို့
လည်း စာရေးသူရဲ့နားထဲကိုဝင်လာလို့ မှတ်လိုက်ရတာလည်
ရှိပါတယ်။ ၊၆၀ ၊ ၆

စာရေးသူ ဝေဒနာနဲ့အကြိတ်အနယ်တိုက်ပွဲဆင်ပြီး ရှုမှ
နေချိန်မှာပဲ မနေ့ညကလို ခြေသံပြင်းပြင်းနဲ့ စကြံလမ်းအစပ်ဆီ
နေ စာရေးသူရဲ့ခြင်ထောင်ဆီကို လျှောက်လာတဲ့အသံကို ကြာ
နေရပါပြီ။ ဒီအခါ စာရေးသူက ရှုမှတ်မှုကို ခေတ္တရပ်ပြီးထေ
ဘေးခြင်ထောင်မှာ ထိုင်ပြီးရှုမှတ်နေတဲ့ အဘချူးကို လက်
လိုက်ပါတယ်။ အဘချူးက စာရေးသူလက်တို့ပြီး သတိ
တာကိုသိသွားလို့ စာရေးသူရဲ့ခြင်ထောင်နားကပ်ပြီး ခြေသံ
ကြားရတဲ့အကြောင်း တိုးတိုးကပ်ပြီးပြောပါတယ်။ ခြေသံ
မှောင်ထဲမှာပဲလျှောက်လာပြီး စာရေးသူရဲ့ခြင်ထောင်ဘေးနား
ရပ်လိုက်ပါတယ်။ ပြီးတော့ ခြေရင်းဘက်က ဗီရိုဆီကိုတည့်တ
ခြေသံပြင်းပြင်းနင်းပြီး ဆက်လျှောက်သွားပါတယ်။ ဗီရိုနား
ရောက်တာနဲ့ ခြေသံရပ်သွားပါတယ်။ ခြေသံရပ်သွားတာ
တစ်ပြိုင်နက် ဗီရိုကသော့ခလောက်ကို ခပ်ပြင်းပြင်းဆွဲပြီး ခါလို



www.burmeseclassic.com

www.burmeseclassic.com



ကို အကာလညအချိန်မှာ စာရေးသူနားထဲမှာ ကျယ်လောင် ည်ဟည်းစွာ ကြားလိုက်ရပါတော့တယ်။ သော့ခလောက်ဆွဲခါ ကြားတာနဲ့ စာရေးသူရဲ့ဘေးက အဘချုပ်ဟာ သူ့ရဲ့ခြင် ထောင်ကိုလှန်ပြီး လက်နှိပ်ဓာတ်မီးနဲ့ ဗီရိုက သော့ခလောက် ကို လှမ်းထိုးကြည့်လိုက်ပါတယ်။ ဒီအခါမှာ စာရေးသူရော အဘချုပ်ပါ မြင်လိုက်ရတဲ့မြင်ကွင်းကတော့ ဘယ်သူတစ်ဦး တစ်ယောက်ကိုမှမတွေ့ရဘဲ ဓာတ်မီးရောင်အောက်မှာ သော့ လောက်ဟာ ယိမ်းထိုးပြီး လှုပ်ရှားနေတာပါပဲ။

သော့ခလောက်တုန်ခါမှုရပ်သွားတာနဲ့ အဘချုပ်က က်နှိပ်ဓာတ်မီးကို မှိတ်လိုက်ပါတယ်။ မနက်မှ ဆရာတော်ကို လျှောက်ကြည့်ကြတာပေါ့လို့ အဘချုပ်က စာရေးသူကိုပြောပြီး ိုင်လျက်ကနေ နှစ်ဦးသားခေါင်းအုံးပေါ်ကိုလှဲပြီး ခေါင်းမြန်ချ ိုက်ကြပါတယ်။ ၁၀ မိနစ်လောက်ကြာတဲ့အခါမှာ ဗီရိုနားကနေ ြေသံပြင်းပြင်းနဲ့ လာလမ်းအတိုင်း စာရေးသူရဲ့ခြင်ထောင်ဘေး နေ ဖြတ်ပြီးပြန်သွားသံကိုကြားလိုက်ရပါတယ်။ ခြေသံကြား ာက်ကို အဘချုပ်က အမြန်ထပြီး လက်နှိပ်ဓာတ်မီးနဲ့ထိုး ကြည့်လိုက်တဲ့အခါ နှစ်ဦးစလုံးတွေ့လိုက်ရတာကတော့ ကြမ်း င်များဟာ လူနင်းသွားသလို ကြွကြွသွားတာကို တွေ့ရပြီး ကောင်အထည်ကိုတော့ ဘာမှမတွေ့ရပါဘူး။ စာရေးသူတို့ ည်း ဒီညအဖို့တော့ ပြီးသွားပြန်ပြီလို့ စိတ်ချပြီး ရှုမှတ်မှုနဲ့ ိပ်လိုက်ကြပါတော့တယ်။

နံနက် အရုဏ်ဆွမ်းစားပြီးချိန်မှာ စာရေးသူနဲ့အဘချုပ်



www.burmeseclassic.com

www.burmeseclassic.com



တို့ဟာ ဆရာတော်ကို ညကအဖြစ်အပျက်များအကြောင်း ပြောပြကြပါတယ်။ ဒီအခါမှာ ဆရာတော်က ခေါင်းညိတ်နားထောင်ပြီး ဘေးနားက ဦးဇင်းတစ်ပါးကို ဗီရိုသော့ဖွင့်ပြီးတော့ အထဲမှာရှိတဲ့သင်္ကန်းတွေကို သူ့ကျောင်းပို့ဖို့မှာနေတာကြားလိုက်ရပါတယ်။ စာရေးသူတို့လည်း မနေနိုင်တော့တာနဲ့ ဘာအကြောင်းကြောင့် ခုလိုဖြစ်ရတာလဲဆိုတာ ဆရာတော်ကိုလျှောက်ကြည့်ပါတယ်။ ဒီအခါမှာ ဆရာတော်ဟာ တည်တည်ငြိမ်ငြိမ်နဲ့ ပြောပြပါတယ်။ ဒကာကြီးမလာခင် လွန်ခဲ့တဲ့နှစ်လလောက်တုန်းက မြစ်ဘက်က အသက် ၇၀ ကျော် တောထွက်ကိုယ်တော်ကြီးတစ်ပါး တရားလာရောက်အားထုတ်ကြောင်း၊ သူ့ရဲ့သင်္ကန်းတွေကို ဗီရိုကြီးထဲထည့်ထားကြောင်းနဲ့ မမျှော်လင့်ဘဲ အစားမှားဝမ်းလျှောပြီး ပျံလွန်တော်မူခဲ့ကြောင်း၊ သူ့သင်္ကန်းတွေစွဲလို့ ထင်ပါရဲ့ ဗီရိုကိုလာပြီး ဖွင့်ကြည့်တယ်နဲ့တူပါတယ်လို့ မိန့်ပါတယ်။ ကိစ္စမရှိဘူး၊ ဘုန်းကြီးသင်္ကန်းတွေယူပြီး ဆရာတော်ကိုလှူလိုက်မယ်။ ပြီးတော့ သူ့အတွက် အမျှအတန်းပေးဝေလိုက်မယ်လို့လည်းပြောပါတယ်။ ဒကာကြီးတို့ ဒီနေ့ညကစပြီး ဦးဇင်းတွေရဲ့ကျောင်းကို သွားအိပ်ချင်အိပ်ကြပေါ့လို့ ပြောပါသေးတယ်။ ဒါပေမယ့် စာရေးသူတို့ တရားအလုပ်အားထုတ်ဖို့ လာသူတွေပီပီ ဒီကိစ္စကိုဂရုမပြုအားပါဘူး။ ကိစ္စမရှိပါဘူးဘုရား၊ တပည့်တော်တို့မပြောင်းတော့ ပါဘူး။ ညကြမှ တပည့်တော်တို့ ဘုရားရှိခိုးပြီး အမျှဝေတဲ့အခါ ပျံလွန်တဲ့ဦးဇင်းကြီးကို သီးခြားအမျှဝေပါမယ်လို့သာ ပြန်လျှောက် လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာတော်မှာ သက်န်းကိုစွဲပြီး ဗီရိုသော့ခလောက်ကို
ကိုင်ကြည့်တဲ့ ဦးဇင်းကြီးအတွက် ကရုဏာသက်သွားဟန်
ပါတယ်။ ခေါင်းငုံ့နေရင်းက စာရေးသူတို့ကို မိန့်ဟာပါသေး
ယ်။ အမှန်တော့ တရားအလုပ်ကိုသူလာလုပ်တာပါပဲ။ ဒါပေ
့် ပျံလွန်ခါနီးမှာ သူ့ရဲ့စိတ်က သင်္ကန်းဆီရောက်သွားဟန်တူ
တယ်။ စိတ်မကောင်းစရာပဲလို့မိန့်ပါသေးတယ်။ ဆရာတော်က
ဏာသက်တာကိုကြည့်ပြီး စာရေးသူက ဘုရားရှင်လက်ထက်
တ္တိပြည် ဇေတဝန်ကျောင်းမှာသီတင်းသုံးတဲ့ အရှင်တိဿ
န်းကြီးဟာ ပျံလွန်ခါနီးဆဲဆဲမှာ သူ့နှမလှူလိုက်တဲ့သင်္ကန်း
မဝတ်ရသေးတာကိုစွဲပြီး ခုနစ်ရက်သန်းမကြီးဘဝဖြစ်သွား
တဲ့ ဓာတ်လမ်းကိုလျှောက်လိုက်မိပါတယ်။ ဆရာတော်က
 ဘုရားရှင်လက်ထက်မှာဆိုတော့ ဒီဘက်ခေတ်ပုဂ္ဂိုလ်တွေ
ခန်းစာယူပြီး ဒါမျိုးတွေမဖြစ်ရအောင် ကြိုးစားဖို့ ကောင်းတာ
လို့ မိန့်တော်မူပါတယ်။

ဒါနဲ့ စာရေးသူက ပြန်လျှောက်လိုက်ပါတယ်။ ဒီဘက်
တ်မှာလည်း ဒီလိုသာဓကတွေရှိပါတယ်ဘုရားလို့ဆိုတော့
ာတော်က ဟုတ်လား၊ ဒကာကြီးက စာရေးဆရာဆိုတော့
်ဖူးမှတ်ဖူးတွေ့ကြုံဖူးတာရှိရင် ပြောပြပါဦးလို့မိန့်ပါတယ်။
ာ့ခလောက်လာလှုပ်တဲ့ ကိုယ်တော်ကြီးအတွက် ဖြေသာ
င်လို့ ဆရာတော့်ကို လျှောက်ထားမိပါတယ်။ ဆရာတော်
းဖူးမှာပေါ့ဘုရား။ ရေချုဆရာတော်လို့ခေါ်ကြတဲ့ တောင်တန်း
ခြားသာသနာပြုဆရာတော်ကြီး အရှင်ဦးဥတ္တမသာရဆိုတာ

www.burmeseclassic.com



လေ။ ဒီဘက်ခေတ်မှာ ဘုန်းကြီးတစ္ဆေရှိခဲ့ဖူးကြောင်းကို ဆ
တော်ကြီး စာရေးခဲ့ဖူးတယ်။ အဲဒီစာအုပ် တပည့်တော်မှာပါ
ပါတယ်။ တပည့်တော်ကိုယ်တိုင်ထုတ်ဝေခဲ့တဲ့စာအုပ်ပါ။ အ
ယူလာပါတယ်ဘုရား။ ဆရာတော့်ကိုသက်သေပြရအောင်
ဆရာတော် အချိန်နည်းနည်းပေးနိုင်မယ်ဆိုရင် တပည့်တေ
ဖတ်ပြချင်ပါတယ်ဘုရား။ နားများထောင်နိုင်မလားဆိုေ
ဆရာတော်က အေး...ကောင်းသားပဲ ဒကာကြီးရဲ့တဲ့။ ဒါကြေ
စာရေးသူဟာ အသင့်ဆောင်လာတဲ့ တောင်တန်းဆရာတော်
အရှင်ဦးဥတ္တမသာရရဲ့ အာပတ်နှင့်တကွစုတေလျှင် စာအုပ်
ပါတဲ့ ဘုန်းကြီးတစ္ဆေဖြစ်ရသော ဦးနန္ဒဆိုတဲ့ကိုယ်တော်
အကြောင်းကို ဖတ်ပြလိုက်ပါတယ်။ စိတ်ဝင်စားစရာကောင်
ဖြစ်ရပ်လေးမို့ စာဖတ်သူလည်း နားထောင်ရအောင် စာရေး
မူရင်းအတိုင်း ဖတ်ပြပါရစေ။

### ဘုန်းကြီးတစ္ဆေဖြစ်ရသောဦးနန္ဒ

ရှေးလွန်လေပြီးသောတစ်ချိန်ဆီက မြန်မာပြည်တွင်
ဖြစ်ရပ်ဟောင်း ပုံပြင်ဝတ္ထုအကြောင်း တကယ့်ဖြစ်ရပ်တွေ မျာ
ရှိခဲ့ဖူးကြ၏။ ကြားသိရခြင်းကလည်း စိတ်ဝင်စားဖွယ်ရာလ
ကောင်းသလိုလိုရှိသည်။ မြန်မာပြည်အတွင်း၌ ငွေကျပ်အ
အကောင်းစားတွေသုံးစွဲခဲ့ရသော ခေတ်အခါတွင်းဆီကဖြစ်
ပြည်မြို့ အရှေ့ဘက် ပေါက်ခေါင်းမြို့နှင့် ၂၄ မိုင်ဝေး
နှင့် သုံးမိုင်ခန့်အကွာတွင်ရှိ အမည်မဖော်လိုသော ၌ ဦး
ဘွဲ့အမည်ရှိသော ဘုန်းကြီးတစ်ပါး ကျောင်းထိုင်နေခဲ့ဖူးသ



www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီး ဦးနန္ဒကို လူကြည်ညို များကြ၏။ ရှိသေလေးစား ကြ၏။

အကြောင်းမှာ ဦးနန္ဒသည် စာပေကျမ်းဂန်တတ်အောင် သင်ကြားထားပြီးဖြစ်သည်။ သူ၏ပင်ကိုအသံသြဇာကကောင်း သည်။ စကားပြောပုံကောင်းသည်။ ရေစက်ချပေးပုံကောင်းသည်။ ပရိတ်ရွတ်ဆိုပုံကောင်းသည်။ ဦးနန္ဒ၏ထူးခြားသော ထိုကောင်း ခြင်း (၇)ရပ်တို့ကြောင့် ထိုဒေသပတ်ဝန်းကျင်ရှိ မြို့ရွာဒကာ တို့က ကြည်ညိုမှုများလှသည်ဆို၏။

စိန်ဗေဒါမပါလျှင် အလှူတောင်မဖြစ်သလိုပဲဟူသော သီချင်းသွားကဲ့သို့ သားရှင်ပြုပွဲ ဦးနန္ဒပါသည်။ သမီးနားသမင်္ဂလာ ပွဲ ဦးနန္ဒပါသည်။ ကထိန်ပွဲ ဦးနန္ဒပါသည်။ ကျောင်းရေစက်ချပွဲ၊ ဇရပ်ရေစက်ချပွဲ ဦးနန္ဒပါသည်။ ဘုရားပွဲ,ကျောင်းပွဲအားလုံး ဦးနန္ဒပါသည်။ သာမှုကိစ္စ,နာမှုကိစ္စအရပ်ရပ် ဘုန်းကြီးပါရသော ပွဲကြီးငယ်ဟူလေသမျှ ဦးနန္ဒကို အမိအရပင့်ကြသည်။

အလှူပွဲဆိုလျှင်လည်း ဦးနန္ဒပါမှ ဒကာတို့က ကျေနပ်ကြ သည်။ ဦးနန္ဒ၏တရားကို နာကြားလိုက်ရမှ ဝမ်းသာကြည်နူး ရှိကြသည်။ ဦးနန္ဒရေစက်ချသံ၊ ပရိတ်ရွတ်သံကိုကြားလိုက်ရမှ အားရကျေနပ်ခြင်းပြည့်စုံကြသည်။ထို့ကြောင့်ပင်ဘုန်းကံကြီးမား ပြီး ပစ္စည်းလေးပါးလည်း ပေါများလာသည်။ ငွေကြေးလည်း အတော်စုမိနေသည်ဆို၏။ ထို့ကြောင့် တမလွန်ဘဝ အစပ်တွင် ထူးခြားချက်ဖြစ်ပေါ်လာရသည်။



www.burmeseclassic.com

www.burmeseclassic.com



## စိုးရိမ်စိတ်ဝင်မိ၍

တစ်နေ့သ၌ ဦးနန္ဒသည် စိုးရိမ်စိတ်ဝင်လာသည်။ လူ သတင်းလူချင်းဆောင်၍ ချဲ့ထွင်သောစကားတွေကြောင့် ခိုးသူ ဘေး၊ ဓားပြရန်ဘေးမှ စိတ်ချကင်းလွတ်ရအောင်ဟူ၍ အကြံ ရကာ စုဆောင်းရထားပြီးသောငွေအားလုံးသည် ကုန်သည်ပွဲစား တို့ စုဆောင်းရငွေနှင့်စာလျှင် မပြောပလောက်ပါ။ သပိတ်ကြီး တစ်လုံးတွင်အပြည့်သိပ်ကာ တိတ်တဆိတ် သူ၏ကျောင်း လှေကားအောက်၌ မြှုပ်ထားလိုက်သည်။ ပတ်ဝန်းကျင်၌ နာမည် ကျော်ကြားသလောက် နှစ်အနည်းငယ်ကြာအောင် တရားဟော ကြားပေးရခြင်းများလာသောအခါ ဦးနန္ဒကျန်းမာရေးညံ့လာ သည်။ လေနာရောဂါစွဲလာသည်။ နောင်နှစ်များမကြာခင် အတွင်း လေနာရောဂါဖြင့် ပျံလွန်သွားရရှာသည်။

သတ္တဝါတို့သည် သေခါနီးဆဲဆဲအချိန်ပိုင်းတွင် တစ်စုံ တစ်ရာ သံယောဇဉ်ကို စိတ်အာရုံစွဲလမ်းနေမိလျှင် တမလွန်ဘဝ အတွက် ခရီးမဖြောင့်ဖြစ်တတ်သည်။ ဦးနန္ဒသည် သူ၏ငွေအိုးကို စိတ်အာရုံတွင် စွဲလမ်းမှုအားကောင်းနေမိသောကြောင့် ကောင်းရာ ဘဝသို့မရောက်ရှာပါ။ သူ၏နေမြဲထိုကျောင်းပေါ်၌ သံပရာခွံ ဦးထုပ်ဖြူဆောင်းရသော ဘုန်းကြီးတစ္ဆေဖြစ်နေရသည်။

တစ္ဆေဆိုသည်မှာ ဝိနိပါတိက အသုရာနတ်မျိုးဝင် ဘုမ္မစိုး နတ်တို့နှင့် အလားတူသယောင်ရှိသော ပြိတ္တာတစ်မျိုးဖြစ်သည်။

ထိုကျောင်း၌ ရပ်ရွာဒကာများက နောက်ထပ်ခြား ဘုန်းကြီးများကိုပင့်၍ ကျောင်းတင်ကြပါသည်။ သို့သော် အမြဲ



www.burmeseclassic.com

www.burmeseclassic.com



မနေနိုင်ကြပါ။ မကြာမကြာကိုယ်ထင်ပြ၍ ကျောင်းပေါ်၌ သွားလာလှုပ်ရှားနေတတ်သော ဘုန်းကြီးတစ္ဆေကြီးကို ကြောက်လန့်ကြသောကြောင့်ဆို၍ အခြားသို့ ရွှေ့ပြောင်းသွားတတ်ကြသည်။ နောက်တစ်ပါးပင့်ကြပြန်တော့လည်း ထိုနည်းလည်းကောင်း၊ ထို့နောက်တစ်ပါးပင့်ကြပြန်တော့လည်း ဘုန်းကြီးတစ္ဆေ ကြောက်ကြ၍ဆိုကာ တစ်ပါးပြီးတစ်ပါးရှောင်သွားကြ၏။ ကျောင်းထိုင်မည့်ဘုန်းကြီးရှာမရတော့ပါ။ ကျောင်းလွတ်ကြီးဖြစ်နေတော့သည်။

## ကြောက်အောင်ခြောက်နေခြင်းမဟုတ်

အမှန်မှာ ဘုန်းကြီးတစ္ဆေက ကျောင်းလာထိုင်ကြသောဘုန်းကြီးများကို ကြောက်အောင်ခြောက်လှန့်နေခြင်းမဟုတ်ပါ။ ဦးနန္ဒသည် မတော်တဆ ပြိတ္တာဖြစ်နေရသော်လည်း စာတတ်သော ပုဂ္ဂိုလ်တစ်ပါးဖြစ်သည်။ လူအများကို ဘာမျှမဟုတ်သော ဥစ္စာကလေးကိုစွဲလမ်းမိသောသံယောဇဉ်စိတ်ကြောင့် တမလွန်ဘဝ၏အစပ်၌ ပြိတ္တာဖြစ်နေရခြင်းဖြစ်သည်။

သူ၏တမလွန်ဘဝ၌အမှားရောက်နေရခြင်းကိုမလိုလားပါ။ ထိုဘဝမှ လွတ်မြောက်စေနိုင်သောနည်းလမ်းကိုလည်း သူကိုယ်တိုင် ဗုဒ္ဓစာပေကျမ်းဂန်တွေသင်ခဲ့ပြီး ယခင်ဘုန်းကြီးဘဝတုန်းက လူအများကို တရားဟောကြားပေးနေရဖူးပြီဖြစ်သောကြောင့် အတတ်ကျွမ်းနားလည်ပြီးဖြစ်၏။ သိထားသော်လည်း လူ၏အကူအညီ ယူရပေဦးမည်။

လူကမှထိရောက်အောင် ကူညီနိုင်သောကြောင့် ထိုကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ပေါ်ရောက်လာကြသော ဘုန်းကြီးများကိုအကျိုးအကြောင်း ပြောပြကာ အကူအညီတောင်းရန် ကြိုးစားကြည့်သည်။ ဦးနန္ဒသည် သူ၏ပြိတ္တာဘဝမှ အမြန်လွတ်စေရန် အခြားသို့လည်း မသွားနိုင်၊ ကျောင်းပေါ်ရောက်လာကြသော ဘုန်းကြီးများအား ကူညီမှုပေးဖို့ပြောရန် ကြိုးစား၏။ စကားပြောခွင့်မရ။ ကိုယ်ထင်ပြ၍ ကူညီမှုတောင်းခံခြင်းကို သဘောပေါက်သူမရှိကြပါ။ အထင်အမြင်လွဲမှားကြသည်။ နတ်များကဲ့သို့ထိရောက်အောင် အိပ်မက်ပေးနိုင်စွမ်းလည်းမရှိပါ။

ကျောင်းထိုင်ဘုန်းကြီးတစ်ပါး ရောက်လာလေတိုင်း ဦးနန္ဒသည် သူ၏ပြိတ္တာဘဝမှ လွတ်မြောက်ရေးအတွက် ကိုယ်ထင်ပြခြင်းဖြင့် အမျိုးမျိုးကြိုးစား၍ အကူအညီယူရန်တောင်းခဲ့သည်။ အကူအညီပေးကြရန် တောင်းနေခြင်းကို အကင်းပါးစွာ နားလည်သူမရှိကြ၍ အကျိုးမပြီးပါ။ တွေ့မြင်သူတိုင်းကပင် ဘုန်းကြီးတစ္ဆေခြောက်တယ်ဟူ၍ တွင်တွင်ပြောဆိုနေကြသည်။ အထင်အမြင်လွဲမှားစွာ ကြောက်လန့်နေကြတော့သည်။

## သတ္တိကောင်းသူရှိ၍ ဦးနန္ဒကျွတ်ရ

သို့ရာတွင် ကြိုးစားခြင်းဖြင့် အချည်းနှီးမဖြစ်နိုင်ပါ။ ကျွတ်ချိန်တန်သောကြောင့် ထင်ရ၏။ နောက်ဆုံးတွင် ကံအားလျော်စွာ သတ္တိရှိရှိယောကျ်ားတစ်ယောက် လက်တွေ့ရင်ဆိုင်လေ့လာကြည့်လိုသော ဧည့်သည်တစ်ယောက် ထိုကျောင်းပေါ်ရောက်လာသည်။



www.burmeseclassic.com

www.burmeseclassic.com


အခြားရွာမှ ထိုရွာသို့ ကိစ္စတစ်ခုနှင့်လာခဲ့ရာ ထိုရွာ၌ သူ၏မိတ်ဆွေတစ်ဦးအိမ်သို့ ဝင်ရောက်တည်းခိုသည်။ သူ၏ မိတ်ဆွေယောကျ်ား အရပ်တစ်ပါးသို့ခရီးသွားနေခိုက်ဖြစ်၍ မိတ်ဆွေ၏ဇနီးသာအိမ်၌တွေ့ရသည်။ ထို့ကြောင့် ညအခါ ဘုန်းကြီးကျောင်းပေါ်၌သွားအိပ်တော့မည်ပြောခဲ့ပြီး အဆိုပါကျောင်းပေါ်သို့ သူတစ်ယောက်တည်း တစ်ညတည်းခိုကာ အိပ်စက်ခြင်းဖြစ်သည်။

ညဉ့်မှောင်စပျိုးချိန်တွင် ဘုန်းကြီးတစ္ဆေနှင့်တွေ့ကြသည်။ သံပရာခွံဦးထုပ်ဖြူဆောင်းလျက် ဧည့်သည်ယောကျ်ား၏အိပ်ရာအနီးသို့ ချဉ်းကပ်ရောက်လာသည်။ ထိုအခါ ဧည့်သည်ယောကျ်ားက ဦးစွာ တစ္ဆေကိုလက်သီးနှင့် ဆီးကြိုပြီးထိုးသည်။ တစ္ဆေက ပြန်မထိုးပါ။ သို့ရာတွင် ဘုန်းကြီးတစ္ဆေနှင့် လူယောကျ်ားတို့ လက်ချင်းအပြန်အလှန်ဆွဲကိုင်ဖေ့ယမ်းကာ နပန်းလုံးကြသည်။

သတ္တိရှိသောယောကျ်ားက တစ္ဆေဘုန်းကြီးကို မလွတ်အောင် လက်တစ်ဖက်မှဆွဲကိုင်ထားပြီး ကျန်တစ်ဖက်က ရန်မရှာနိုင်အောင် ဖေ့ယမ်းကာခုခံကာကွယ်သည်။ သို့ရာတွင် ဘုန်းကြီးတစ္ဆေက လက်ဖြင့်ဖမ်းဆီးခြင်းသာပြုသည်။ ရိုက်ပုတ်ခြင်းဖြင့် တစ်စုံတစ်ရာနာကျင်အောင်မလုပ်ပါ။ သူတို့နှစ်ဦး လက်ချင်းဆွဲကိုင်၍ နပန်းလုံးကြသကဲ့သို့ဖြစ်ကြရာ တစ်ယောက်တစ်ပြန်စီ အထက်ရောက်အောက်ရောက်ဖြစ်ကြသည်ဆို၏။ အချိန်အနည်းငယ်ကြာလျှင် တစ္ဆေခေါင်းပေါ်မှဦးထုပ်ကို ဧည့်သည်ကဆွဲချွတ်ယူလိုက်မိသောအခါ အခြေအနေမှာပြောင်းသွားသည်။


www.burmeseclassic.com

www.burmeseclassic.com



ဘုန်းကြီးတစ္ဆေသည် သူ၏ခေါင်းပေါ်မှဦးထုပ်မရှိတော့လျှင် အင်အားမရှိတော့ပါ။ မောပန်းနွမ်းနယ်လာပြီး လဲကျသွားသည်။ လူနာကဲ့သို့ သနားစရာ ညင်သာစွာစကားပြောသည်။

'မိတ်ဆွေ၊ သင့်ကို ငါ ကျေးဇူးတင်ပါတယ်။ သတ္တိရှိသောလူတစ်ဦးကိုတွေ့ရ၍ ဝမ်းသာတယ်၊ အားရခြင်းလည်း ရှိတယ်။ ငါက သင့်ကို အကူအညီတောင်းချင်လို့ ကပ်လာတာ ခြောက်လှန့်ဖို့စိတ်ကူးမရှိပါဘူး'။

'ဘာကူညီပေးရမှာလဲ'ဟူ၍ ညှိသည်ယောက်ျားက သနားကြင်နာသံနှင့်မေးမြန်းသောအခါ တစ္ဆေဦးနန္ဒက ပြေလည်အောင်ရှင်းပြပြောဆိုသည်။

'ကျုပ်က ယခင်ဒီကျောင်းမှာကျောင်းထိုင်ပြီး နေသွားတဲ့ဘုန်းကြီးဦးနန္ဒဖြစ်ပါတယ်။ ပျံလွန်ခါနီးဆဲဆဲအချိန်မှာ ဥစ္စာတစ်ခုအပေါ် သံယောဇဉ်တွယ်မိတဲ့စိတ်အာရုံအစွဲကြောင့် ဒီကျောင်းပေါ်မှာ ပြိတ္တာဖြစ်နေရတယ်။ ဒီဘဝမှာ ကျွတ်လွတ်ဖို့အကြံရှိလို့ ကျောင်းထိုင်ဘုန်းကြီးများထံချဉ်းကပ်ပြီး ပြောကြားဖို့ကြိုးစားပါတယ်။ ခရီးမပေါက်ပါ။ ဒီကျောင်းရောက်လာကြတဲ့ဘုန်းကြီးများက သဘာဝကျအောင် တွေးဆတတ်ခြင်းမရှိကြပါ။ သူတို့ကိုဘုန်းကြီးတစ္ဆေခြောက်ပါတယ်လို့သာ ပြောဆိုပြီး တခြားသို့ ရွှေ့ပြောင်းသွားတတ်ကြတယ်'

ဆက်၍ပြောပြန်သည်မှာ 'မိတ်ဆွေကကူညီပေးစေလိုသည်မှာ ကျုပ် ဒီဘဝမှကျွတ်လွတ်ပါစေလို့ ရည်စူးပြီး ကျုပ်အတွက် သပိတ်သွတ်ပေးပါ။ သံဃာတော်များအား ကုသိုလ်



www.burmeseclassic.com

www.burmeseclassic.com



ကောင်းမှုပြုလုပ်ပြီး ကျွန်ုပ်အား အမျှပေးဝေပါ။ ဒီကိစ္စအတွက် ကျွန်ုပ်မြှုပ်နှံထားခဲ့တဲ့ ငွေအိုးရှိတယ်။ အဲဒါတူးဖော်ယူပါ။ ကောင်းမှုပြုကာ ကျန်သောငွေများကို မိတ်ဆွေယူပါ သုံးပါ။ ဒါပါပဲ။ အဲဒါကိုသစ္စာရှိပါ'

'ကောင်းပါပြီ၊ ဒီကိစ္စအတွက်စိတ်ချပါ။ မကြာခင် ၇-ရက်အတွင်း ပြည့်စုံအောင်ဆောင်ရွက်ပေးပါ့မယ်။ သစ္စာရှိပါတယ်။ ယုံကြည်စွာနဲ့ သာဓုခေါ်ဆိုရန်သာ ဒီကျောင်းမှာစောင့်နေပါ'

ဤသို့ ဘုန်းကြီးတစ္ဆေဟူ၍ လူရှင်အများတို့အပြောများနေကြသော ပြိတ္တာဖြစ်နေရရှာသူ ဦးနန္ဒနှင့်ညှော်သည်ယောက်ျားတို့သည်အချင်းချင်းနားလည်မှုရကြ၍ ပြေလည်စွာပြောခွင့်ရသောအခါညှော်သည်လူယောက်ျားလိပ်ပတ်လည်အောင်သိရတော့သည်။

နောက်နေ့နံနက်မိုးသောက်လျှင် တစ္ဆေဦးနန္ဒညွှန်ကြားချက်အတိုင်း သူညွှန်ပြထားရာမြေ၌ ငွေအိုးကိုတူးဖော်ယူပြီး ခေတ္တသူ၏ရွာသို့ပြန်သွား၍ ရက်များမကြာခင် ပြန်ရောက်လာသည်။ ထိုညှော်သည်ယောက်ျားသည် သစ္စာရှိကတိတည်စွာနှင့် သပိတ်သွတ်ရန် သံဃာတော်များပင့်ပြီး ထိုကျောင်းပေါ်၌ အလှူပွဲများပြုလုပ်၍ လှူဒါန်းအမျှပေးဝေလိုက်သည်။

ဦးနန္ဒသည် ထိုပေးဝေသောအမျှကို သာဓုခေါ်ဆို၍ ထိုခဏ၌ပင် ပြိတ္တာဘဝမှ ကျွတ်လွတ်သွားလေတော့သည်။ သူအထက်ဘုံသွားတော့မည်ဟု အိပ်မက်တွင်ဆိုကာ ဒကာများအား ပြောကြားသွားသည်ဟူ၏။ ထိုအချိန်၏နောက်ပိုင်းတွင် အဆိုပါကျောင်း၌ ကျောင်းထိုင်ဘုန်းကြီးမြဲလျက်ရှိနေပြီတဲ့။



www.burmeseclassic.com

www.burmeseclassic.com


အဖြစ်အပျက်ကလေးကတော့ အဲဒါပါပဲဘုရား။ သေခါနီး စုတိစိတ်ကျတဲ့အခါမှာ မစွဲလမ်းမိဖို့သာအဓိကပါဘုရား။ ဒါ့ကြောင့်မို့လည်း တပည့်တော်တို့တစ်တွေ ခုလိုရပ်ဝေးကနေ လာပြီး တိတ်ဆိတ်တဲ့ ဒီလိုအရပ်မျိုးမှာ တရားလာပြီး အားထုတ်ကြတာပါလို့ စာရေးသူကလျှောက်တော့ ဆရာတော်ကခေါင်း ညိတ်ပြီး သာဓုခေါ်ပါတယ်။

ဗီရိုကြီးထဲက သင်္ကန်းတွေထုတ်ယူပြီး ဆရာတော်,သံဃာ တော်တွေကို သင်္ကန်းကပ်လှူတယ်။ အမျှအတမ်းလည်းပေးဝေပါ တယ်။ စာရေးသူတို့ဘက်ကလည်း ဘုရားရှိခိုးပြီးတိုင်း အမျှ အတမ်းပေးဝေပါတယ်။ သင်္ကန်းကိုစွဲပြီး ပျံလွန်တော်မူသွားတဲ့ ဆရာတော်ကြီးဟာ အမျှအတမ်းရပြီး ကျွတ်လွတ်သွားဟန်တူ ပါတယ်။ စာရေးသူတို့အဖို့ တတိယညကစပြီး နေထိုင်ခဲ့တဲ့ တစ်လအတွင်း ဗီရိုကြီးဆီက သော့ခလောက်လှုပ်ခါသံဈော ခြေသံပြင်းပြင်းကိုရော လုံးဝမကြားရတော့ပါဘူး။ တကယ်တော့ သတ္တဝါတွေမှာ သေခါနီးထင်တတ်တဲ့ ဂတိနိမိတ်တွေဟာ ကောင်းဖို့ လိုအပ်လှတယ် မဟုတ်ပါလားခင်ဗျား။ ။

ကျွန်ုပ်မောချမ်းသာကြပါစေ

ဆော့ဒ်နန္ဒအောင်
(မထီစောတ)



www.burmeseclassic.com

www.burmeseclassic.com



# အသူရကာယ်ဘုံမှာတစ်ခဏ

## ဂမ္ဘီရဆရာဝ

မွန်ပြည်နယ်၊ ကျိုက်ထိုမြို့၊ ရှမ်းစုရပ်ကွက်၊ နှင်းဆီလမ်း အမှတ် (၃၈၉) ရှိ အကျွန်ုပ်ယောက္ခမနေအိမ်သို့ တစ်နှစ်လျှင် ကြိမ် သွားရောက်လေ့ရှိရာ ယခုနှစ်ဦးပိုင်းကာလတွင် အကျွန်ုပ် တပည့် စောဘီလူးနှင့်အတူ တစ်ကြိမ်ရောက်ရှိခဲ့ကြ၏။

အကျွန်ုပ်၏ တပည့်စောဘီလူးက ကျိုက်ထိုသို့ရောက်သည့် အတန့်ဝယ်၊ ဂန့်ဂေါရပ်ကွက်တွင် သွားရောက်တည်းခိုလေ့ရှိပြီး



www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်သည် ကျိုက်ထို ရှမ်းစုရပ်ကွက်သို့ ရောက်ရှိသည်နှင့် မိတ်
ဆွေ သင်္ဂဟာအပေါင်းအသင်းများကို လိုက်လံနှုတ်ဆက်ရင်း ဓာတ်
ဗိန္ဒောပယောဂကုဆရာ ဦးကျော်သန်း နေအိမ်သို့ ရောက်ရှိသွားခဲ့၏

ဆရာဦးကျော်သန်းက တွေ့လျှင်တွေ့ခြင်း အကျွန်ုပ်အား-

'တွေ့ချင်တုံး တွေ့ရတာ အတော်ပဲ ဆရာရေ၊ ဆရာ့ကို ခင်
ရောက်မဆိုက် သတင်းဆန်းလေးကို ပြောပြရဦးမယ်'

'ဘာသတင်းဆန်းလေးများလဲ ပြောစမ်းပါဦးဗျာ၊ ကြားချင်
ပါရစေ'

'ဆရာ ကျိုက်ထိုကို ရောက်လာရင် သွားလေ့ရှိတဲ့ အာသေ
တောင်က ကျောက်ဖျာအောက်က ကျောက်ဂူကြီးထဲမှာ ပိတ်
စင်ကြယ်နဲ့ သူတော်စင်တစ်ဦး လာရောက်ပြီး တရားကျင့်ကြံ အ
ထုတ်နေတာ သုံးလလောက်ရှိသွားပြီ'

'တရားကျင့်တယ်ဆိုတော့ ကောင်းပါတယ်ဗျာ။ လူတိုင်း
တရားကျင့်နိုင်ဖို့ မဆိုထားနဲ့၊ စိပ်ပုတီးကိုတောင် မှန်မှန်စိပ်နိုင်
မလွယ်ကူဘူးဗျ။ ဒါထက် နေ့ပါဦး၊ အာသေါတောင်က ကျောက်ဂူကြီး
ထဲမှာ တရားကျင့်ကြံနေတယ်ဆိုတော့ စားရေး၊ သောက်ရေးတော
အဆင်ပြေရဲ့လား'



www.burmeseclassic.com

www.burmeseclassic.com



'စားရေးသောက်ရေးလား၊ ဧယျာမွန်ရပ်ကွက်ထဲက လူတွေ
လူအတွက် လိုအပ်တာတွေကို လှူဒါန်းဖြည့်ဆည်းပေးနေလို့ စား
သောက်ရေးအတွက်ကတော့ ဘာမှ ပူပင်ကြောင့်ကြစရာ မလိုပါ
အဆင်ပြေနေပါတယ်'

'အဲဒီ သူတော်စင်ပုဂ္ဂိုလ်ကြီးက ဘယ်အရပ်က ရောက်လာ
တဲ့လဲ'

'ဟိုး အထက်ချင်းတွင်း ထမံသီရွာကလို့ ပြောသံ ကြားရ
ဆရာ၊ သူ့မှာ ဆွေမျိုးရင်းခြာတွေဆိုလို တစ်ယောက်မှ မရှိတော့
ဲ၊ ဒါထက်ပိုပြီး အံ့သြစရာကောင်းတာက . . .'

'ပြောစမ်းပါဦး၊ ဆရာဦးကျော်သန်း'

'ဒီသူတော်စင်ကြီးဟာ သူ့ဘဝမှာ အလွန် အံ့သြဖွယ်ရာ
သနစ်တစ်ခုကို ကိုယ်တွေ့ကြုံတွေ့ပြီးကတည်းက ကြောက်ရွံ့
သန့်ပြီး တောတောင်အသီးသီးမှာ တရားမေ့ကျင့်ကြံအားထုတ်
အခု ကျွန်တော်တို့ ကျိုက်ထိုမြို့အနီးအနားက အာပေါတောင်
ရောက်လာတယ်လို့ ပြောပါတယ်'

အကျွန်ုပ်သည် ဆရာ ဦးကျော်သန်းပြောသော သူတော်စင်
ကြီးကို စိတ်ဝင်စားမိပြီး . . .

www.burmeseclassic.com

www.burmeseclassic.com


'ဘယ်လိုများ အံ့သြဖွယ်အဖြစ်သနစ်ကို ကိုယ်တွေ့ကြုံ
လို့ ကြောက်ရွံ့ထိတ်လန့်တယ်တဲ့လဲ'

'အဲဒါတော့ ကျွန်တော်တို့လဲ သေသေချာချာ မသိဘူး၊
တော်တို့လဲ ကိုယ့်အလုပ်နဲ့ကိုယ် ရှုပ်နေတော့ တကူးတကန့်ကို
ရောက်ပြီးမေးဖို့ အချိန်မရှိပါဘူး၊ အခါကြီး ရက်ကြီး ဥပုသ်နေ့
တော့ အာပေါတောင်ပေါ်က အာပေါစေတီ၊ လွမ်းစေတီတွေကို
ရောက် ကြည်ညိုဖူးမြော်ဦးခိုက်ရင်းနဲ့ ဒီ သူတော်စင် ပုဂ္ဂိုလ်ကြီး
အာပေါတောင်က ကျောက်ဂူကြီးထဲမှာ တရားကျင့်နေတာကို
အဝေးက တွေ့မြင်ခဲ့ရပါရဲ့'

အကျွန်ုပ်က စဉ်းစားလိုက်ပြီး –

'ဆရာဦးကျော်သန်း ပြောပြတဲ့ သူတော်စင် ပုဂ္ဂိုလ်
အကြောင်းကို သိခွင့်ရရင် သိပ်ကောင်းမှာ၊ စိတ်ဝင်စားစရာပဲ'

'ဆရာက စာရေးဆရာဆိုတော့ မေးမြန်း စုံစမ်းတတ်
မဟုတ်လား၊ ဒီတော့ သူတော်စင်ပုဂ္ဂိုလ်ကြီးအကြောင်းကို သိဖို့
တော့ ခဲယဉ်းမယ်မထင်ပါဘူး။ သူကိုယ်တိုင်ကလဲ ပြောလိုဟန်
တယ်၊ မနက်ဖြန်ကျရင် ဆရာ အာပေါတောင်ကို သွားကြည့်
မကောင်းဘူးလား၊ အကျိုးအကြောင်း သိရတာပေါ့'


www.burmeseclassic.com

www.burmeseclassic.com



'ကောင်းပြီလေ၊ ကျွန်တော် မနက်ဖြန် စောစောမှာ အာပေါ
ဘင်ကို သွားကြည့်လိုက်မယ်၊ ဒါမှလဲ ဆရာဦးကျော်သန်းပြောတဲ့
တော်စင်ပုဂ္ဂိုလ်အကြောင်းကို ပြည့်ပြည့်စုံစုံလေး သိရတာပေါ့'

'ဆရာရေ၊ စကားကောင်းလို့ မေ့နေလိုက်တာ၊ ကဲ လက်ဖက်
ည်ကြမ်းများလဲ သောက်၊ လက်ဖက်သုတ်ကိုလဲ စားပါဦး'

အကျွန်ုပ်က ဆရာဦးကျော်သန်း ကမ်း၍ ပေးလိုက်သော
က်ဖက်ရည်ပန်းကန်လုံးကို လှမ်းယူလိုက်ပြီး တစ်ကျိုက်နှစ်ကျိုက်
သောက်လိုက်ကာ ငရုတ်သီးစိမ်းနိုင်နိုင်ဖြင့် သုတ်ထားသော လက်
သုတ်ကို တစ်ဇွန်းခပ်၍ စားလိုက်ပြီး –

'ဆရာ ဦးကျော်သန်းရေ၊ ကျွန်တော့်ကို ခွင့်ပြုပါဦးဗျာ၊ နှင်းဆီ
ားက ဒေါ်သိန်းကြည်အိမ်ကို ဝင်လိုက်ဦးမယ်၊ တော်တော်နဲ့လဲ
န်သေးပါဘူး၊ နောက်မှပဲ တစ်ခေါက်လာတွေ့ဦးမယ်'

အကျွန်ုပ်သည် ဆရာဦးကျော်သန်းအိမ်မှ ထွက်လာခဲ့ပြီး
သိန်းကြည်အိမ်သို့ သွားရောက်လည်ပတ်ကာ အိမ်သို့ ပြန်လာ၍
းယူနေခဲ့၏။

နောက်တစ်နေ့နံနက်တွင် အကျွန်ုပ်သည် အိပ်ရာမှ စောစော
ာ မျက်နှာသစ်ပြီး ရေတွင်း၌ ရေမိုးချိုး၍ ကိုယ်လက်သန့်စင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ထမင်းကြမ်း၊ ပဲပြုတ်နှင့် လက်ဖက်ရည်ကြမ်းကို အဝသောက်
ဗိုက်ကားအောင် ဖြည့်တင်းခဲ့၏။

ထို့နောက်တွင် အာပေါတောင်သို့ လေ့လာစုံစမ်းရေး
ထွက်ရန် ပင်နီအပေါ်အင်္ကျီနှင့် ရှမ်းဘောင်းဘီတို့ကိုဝတ်ဆင်ကာ
အိတ်ထဲတွင် ရန်ကုန်မှ ယူဆောင်လာခဲ့သော ရသာသကြားလုံး
နှင့် လက်ဖက်ခြောက်ထုပ်တို့ကို ထည့်ကာ အကျွန်ုပ်သည် အဖော်
ဝါးတောင်ဝှေးလက်ကိုင်တုတ်ကလေးကို အဖော်ပြု၍ ဂန့်ဂေါ်ရုပ်
ရှိ တပည့် ဇောတိလူးကို ဝင်ရောက်ခေါ်ငင်ပြီး အာပေါတောင်သို့
ထွက်ခဲ့တော့၏။

အကျွန်ုပ်နှင့် ဇောတိလူးသည် စကားတပြောပြောနှင့်
လျှောက်၍လာခဲ့ကြရာ ကျိုက်ထိုမြို့ မြို့ပြင်သို့ရောက်ရှိလာခဲ့ကြသည်
ဓမ္မာမွန်ရပ်ကွက်အဆုံးရှိ ရဟန္တာသိမ်တော်ကြီးနှင့် ကျောက်ရေ
တောရဘုန်းတော်ကြီးကျောင်းကို လွန်လာခဲ့သော် ရဘာတောကြီး
တွေ့မြင်ရပြီး ထိုမှကျော်လွန်သော် တောရိပ်တောင်ရိပ်ကို စတင်
တွေ့ရတော့၏။

အာပေါတောင်ပေါ်သို့ စတင်၍ တက်ရောက်လိုက်သည်
လေက တဖြူးဖြူးတိုက်ခတ်နေသည်။ ပတ်ဝန်းကျင် တောတော



www.burmeseclassic.com

www.burmeseclassic.com



များ၏ ရှုခင်းက သာယာလှဘိ၏။ ကျိုက်ထိုဝန်းကျင်ကို တောတောင်များက ကာဆီးထားသကဲ့သို့ ဖြစ်နေသည်။ ယင်းတောင်များ၏ ထိပ်တွင် စေတီငယ်လေး တည်ထားသည်ကို ဖူးတွေ့ရ၏။

ဤဒေသကား သဝသနာပွင့်လန်းရာမြေ ဖြစ်သည်။ ပတ်ဝန်းကျင်ရှိ သေကျွတောင်၊ ကင်မွန်းတောင်၊ ဆိတ်ဖူးတောင်၊ တိုက်တောင်၊ ဘုရားသုံးဆူတောင် စသည်တို့သည် သမိုင်းအစဉ်အလာရှိသော တောတောင်များ ဖြစ်ကြသည်။

သေကျွတောင်ဆိုလျှင် ဤတောင်၌ နှစ်ရှည်လများ သီတင်းသုံးနေထိုင်၍ ကျမ်းအဆူဆူကို ပြုစုတော်မူခဲ့သည့် ဦးတိလောကကို အကြောင်းပြု၍ နာမည်ကျော်ကြားခဲ့သည်။ ဘုရားသုံးဆူတောင်ဆိုလျှင် ဦးနန္ဒမာလာကို အကြောင်းပြုပြီး ထင်ရှားခဲ့သည်။ ယခု အကျွန်ုပ်တို့ တက်လှမ်းနေသော အာပေါတောင်ဆိုလျှင် ရဟန္တာဟု ထင်ရှားခဲ့သော ဘုန်းတော်ကြီးဦးသီလ တရားကျင့်ကြံအားထုတ်ရာ ကျောက်ဂူကြီးရှိသော တောင်တော်မြတ်ပင် ဖြစ်၏။

အကျွန်ုပ်တို့သည် အာပေါတောင်ပေါ်ရှိ အာပေါစေတီနှင့် သွမ်းစေတီတို့ကို ဖူးမြော်ကန်တော့ပြီး တောင်အောက်ခြေ (အောက်အာပေါ) သို့ ဆင်းသွားရာ ဂဝံကျောက်သားမြေနှင့်ဖြစ်နေသော



www.burmeseclassic.com

www.burmeseclassic.com



ကျောက်ဂူကြီးအနားသို့ ရောက်ရှိသွားတော့သည်။ သားဝန်းကျင်တွင် ကြခတ်ဝါးရုံတောရှိပြီး သစ်ပင်ကြီးများပေါ်တွင် နွယ်ပင်များ ယှက် ကျေးငှက်များ မြူးတူးပျော်ပါးနေသည်ကို တွေ့မြင်ရ၏။

အကျွန်ုပ်တို့ ကျောက်ဂူဝကြီးနားသို့ ရောက်ရှိသွားချိန်ဝ ကြေးစည်သံ သုံးချက်တီးခတ်သံကို နားဖြင့် ဆတ်ဆတ်ကြားလို ရ၍ –

'ဆရာ ကြေးစည်တီးခတ်သံ ကြားတယ်နော်'

'ကြားပါတယ်'

'အရင်တစ်ခေါက် ကျွန်တော်တို့လာတုံးက အောက်အာ ကျောက်ဂူကြီးနေရာမှာ ဘာသံမှ မကြားရဘူး၊ တိတ်ဆိတ်နေတာ

'ငါ မင်းကို ပြောထားတယ်မဟုတ်လား၊ အခု အာ ကျောက်ဂူကြီးထဲမှာ ပိတ်ဖြူစင်ကြယ်နဲ့ သူတော်စင်တစ်ပါး ရောက် ပြီး တရားကျင့်ကြံအားထုတ်နေတယ်လို့ ရှမ်းစု၊ နှင်းဆီ (၂) လမ်း နေတဲ့ ဆရာဦးကျော်သန်းက ပြောလိုက်တယ် မဟုတ်လား၊ သူ ဘု ဝတ်ပြုပြီးလို့ အချက်ပေးတာ ဖြစ်မှာပေါ့၊ လာပါကွာ'

အကျွန်ုပ်နှင့် စောဘီလူးတို့သည် အာပေါ်ဂဝံကျောက်ဂူကြီး နားသို့ လျှောက်သွားစဉ် ဂူဝ၌ လူတစ်ယောက်ကို မမျှော်လင့်ဘဲ တွေ့

www.burmeseclassic.com


သိုက်ရသည်။ ထိုသူက ပိတ်ဖြူအပေါ်အင်္ကျီနှင့် ပိတ်ဖြူပုဆိုးကို ဝတ်ဆင်ထားပြီး သျှောင်တစ်ဆောင်း ထုံးထားသည်။ အသားညိုညို၊ အရပ်ထောင်ထောင်မောင်းမောင်းဖြစ်ပြီး စူးရှတည်ကြည်သော မျက်လုံးနှင့် သောက်ျားပီသသော ဥပဓိရုပ်ရှိသည်။ အသက်အရွယ်မှာ (၇၀) ကျော်ခန့် ရှိပြီဟု ခန့်မှန်းရသည့် ပုဂ္ဂိုလ်ကြီးတစ်ဦးဖြစ်နေသည်။ ထိုပုဂ္ဂိုလ်ကြီး၏ လည်ပင်းတွင်ကား ပယင်းရောင်ဖြစ်နေသော ပုတီးကြီးတစ်ကုံးကို ချိတ်ဆွဲထားရှိ၏။

ထို ပိတ်ဖြူစင်ကြယ်နှင့် သျှောင်တစောင်း ပုဂ္ဂိုလ်ကြီးက အကျွန်ုပ်တို့ကို တွေ့လိုက်သည်နှင့် 'လာကြပါ မိတ်ဆွေတို့၊ လက်ဘက်ရည်ကြမ်းများကိုလဲ သုံးဆောင်ကြပါဦး၊ လက်ဖက်ရည်ကြမ်းက မြက်အစေ့ကြီးကတည်းက ဖောက်ထားတော့ အေးနေပြီ။ အမောပြေလေး သောက်သုံးသွားကြပါဦး' ဟူ၍ ဖိတ်မန္တကပြုနေ၏။

အကျွန်ုပ်နှင့် စောဘီလူးတို့ နှစ်ဦးသားသည် ကျောက်ဂူကြီးအတွင်းသို့ ဝင်ရောက်လိုက်သောအခါ အခင်းကို သစ်သား ကွပ်ပျစ်ခင်း၍ ထားရှိသည်။ အကျွန်ုပ်တို့သည် သစ်သားကွပ်ပျစ်ပေါ်ဝယ် ထိုင်လိုက်ကြပြီး ဝန်းကျင်ကို လေ့လာအကဲခတ်လိုက်သည်။ ကျောက်ဂူကြီးအတွင်းပိုင်းဝယ် တစ်တောင်ခန့်ရှိသော ကျောက်သားဆင်းတုတော် တစ်ဆူ ကိန်းဝပ်လျက်ရှိပြီး ဆီမီးသုံးခွက်ဖြင့် ညောင်ရေအိုး


www.burmeseclassic.com

www.burmeseclassic.com



သုံးလုံး ပုခေါ်ကန်တော့ထားသည်ကို တွေ့မြင်ရ၏။

အကျွန်ုပ်တို့အား ပိတ်ဖြူစင်ကြယ်နှင့် သူတော်စင် ပုဂ္ဂိုလ်
ကြီးက ပြုံးရွှင်စွာဖြင့် စေ့စေ့ကြည့်၍ နေ၏။

ဤတွင် အကျွန်ုပ်က –

'ဦးရဲ့နာမည်က ဘယ်လိုခေါ်ပါသလဲခင်ဗျာ'

'ဦးသူတော်လို့ ခေါ်ပါတယ်'

'အထက်ချင်းတွင်း ထမံသီရွာကလား ခင်ဗျာ'

'ဟုတ်ပါတယ်ကွယ်၊ ဦးက အထက်ချင်းတွင်း ထမံသီ
ဆိုတာကို ဘယ်လိုလုပ်ပြီး မောင်ရင်တို့က သိပါသလဲ'

'ဒီလိုပါ ဦးရယ်၊ ကျွန်တော်တို့ ရှမ်းစုရပ်ကွက်က ဆရာ
ဦးကျော်သန်းက ပြောပြပြီး လမ်းညွှန်လိုက်လို့ပါ'

'ဪ ... ဪ ဒါထက်၊ မောင်ရင်တို့ကကော ဘယ်အရပ်
ပါလဲ'

'ကျွန်တော်တို့က ရန်ကုန်ကပါ၊ ဒီ ကျိုက်ထိုမြို့ကို ရောက်
တုံး ရောက်ခိုက်မှာ ပတ်ဝန်းကျင်မှာရှိတဲ့ တောတောင်တွေကို



www.burmeseclassic.com

www.burmeseclassic.com



သုတ ရှာမှီးဖို့ ထွက်လာခဲ့ကြတာပါ။ အသက်မွေးဝမ်းကျောင်းအလုပ်ကတော့ စာရေးဆရာဖြစ်ပါတယ်၊ ကျွန်တော်နဲ့ပါလာတာက ကျွန်တော့်တပည့် စောဘီလူးဖြစ်ပါတယ်'

'ဪ မောင်ရင်တို့က စာရေးဆရာတွေကိုး၊ ဦးအနေနဲ့ သိကျွမ်း ခင်မင်ခွင့်ရတာ ဝမ်းသာလှပါတယ်'

'ကျွန်တော်တို့လဲ ဦးသူတော်နဲ့ သိကျွမ်းခင်မင်ရတာ ဝမ်းသာပါတယ်'

'ဒါထက် နေစမ်းပါဦး၊ မောင်ရင်တို့က ခုလို တောတောင်တွေကို ခရီးထွက်လာခဲ့တာ ဗဟုသုတရှာဖို့ သက်သက်ပဲလား'

'ဗဟုသုတလဲရှာ၊ စာရေးသားဖို့ ကုန်ကြမ်းလဲရှာဆိုသလိုပေါ့၊ ကျွန်တော်တို့ကို တစ်ခုလောက် ကူညီပါဦးရယ်'

'ဘာများ မောင်ရင်တို့ကို ဦးက အကူအညီပေးရမှာလဲ၊ ဦးတတ်စွမ်းနိုင်တာဆိုရင်တော့ အကူအညီပေးဖို့ အဆင်သင့်ပါပဲ မောင်'

'ဒီလိုပါ ခင်ဗျာ.. ကျွန်တော်တို့က ရှမ်းစုရပ်ကွက်မှာ တည်းခိုတော့ ဆရာ ဦးကျော်သန်းက ဦးအကြောင်းကို တစ်စွန်းတစ်စ ပြောပြတာကို ကြားဖူးပါတယ်'

www.burmeseclassic.com

www.burmeseclassic.com



'ဦးအကြောင်း ဟုတ်လား၊ ဘာများ မောင်ရင်တို့ကို ပြောပြလိုက်လို့တုံး'

'ဦးရဲ့ဘဝမှာ အလွန်အံ့သြဖွယ်ရာ အဖြစ်သနစ်ကို ကိုယ်တွေ့ ကြုံတွေ့လို့ ခုလို တောတောင်တွေမှာ တရားကျင့်ကြံ အားထုတ်တယ်လို့ ကြားထားတာကို သိပါရစေလား ဦးရယ်၊ ကျွန်တော်တို့က ဗဟုသုတ လေ့လာရှာမှီးသူတွေဆိုတော့ သေသေချာချာကို ရေးမှတ်ပြီး မှတ်တမ်းတင်ထားချင်လို့ပါ'

အကျွန်ုပ်၏ ခွင့်ပန်ပြောဆိုလိုက်သော စကားကြောင့် ဦးသူတော်က အံ့သြသွားပြီး ပါးစပ်အဟောင်းသားနှင့် ဖြစ်သွားတော့သည်။ ထို့နောက် ဦးသူတော်က ဣန္ဒြေဆည်လိုက်ပြီး လက်ဖက်ရည်ကြမ်းအိုးတွင်းမှ လက်ဖက်ရည်ကြမ်းတစ်ပန်းကန်ကို ငှဲ့ယူသောက်လိုက်ကာ–

'အင်း မောင်ရင်တို့က စာရေးဆရာတွေဆိုတော့ အကြောင်းအရာ တစ်ခုကို နိုက်နိုက်ချွတ်ချွတ် သိချင်မှာပေါ့လေ။ ဦးအနေနဲ့ကလဲ မိမိကိုယ်တွေ့ မျက်တွေ့ ဆုံခဲ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်ကို ပြန်ပြောပြဖို့ ဝန်လဲမလေးပါဘူး၊ ဒါပေမယ့် ကြားရသိရတဲ့ သူတွေက မယုံကြည်ကြဘူး မောင်'

ဤတွင် ဓောဘီလူးက –



www.burmeseclassic.com

www.burmeseclassic.com


'ဒီလိုရှိပါတယ် ဦးရယ်၊ လူတွေဆိုတဲ့ နေရာမှာက အမျိုးမျိုး အစားစားရှိပါတယ်။ ကျွန်တော်တို့က ကိုယ့်မျက်စိနဲ့ မမြင်တွေ့ဘူး တိုင်း မယုံဘူးလို့ ဖွတ်ငြင်းတတ်တဲ့ လူစားတွေ မဟုတ်ပါဘူး'

'ဟုတ်ပါတယ်ခင်ဗျာ၊ ကျွန်တော်လဲ ဒီအတိုင်း ခံယူထားပါ တယ်၊ စာရေးဆရာဆိုတော့ လူမျိုးစုံနဲ့တွေ့ပြီး အဖြစ်သနစ်မျိုးစုံကို ကြားသိနေရပါတယ်။ လောကမှာ မိမိကိုယ်တိုင် မကြုံဘူးပေမယ့် စိတ်ကူးနဲ့ ဘယ်လိုမှမဖြစ်နိုင်ဘူးလို့ ထင်နေတဲ့ အဖြစ်သနစ်တွေဟာ တကယ့် လက်တွေ့မှာ ဖြစ်ပျက်သွားတဲ့ သဘောသဘာဝကို လက်ခံ ထားပါတယ် ဦး'

ဦးသူတော်က အကျွန်ုပ်စကားကြောင့် တွေဝေစဉ်းစားလိုက် ပြီး –

'အင်း ဒါဖြင့်လဲ မောင်ရင်တို့ကို ဦး သေသေချာချာ ပြောပြ မယ်၊ ရေးမှတ်ထားချင်ရင်လဲ ထား၊ ဖြည်းဖြည်းသက်သာ ပြောပြမယ်'

ဦးသူတော်က ယင်းသို့ အစချီ၍ သူ့ဘဝ တစ်ကွေ့ဝယ် ကိုယ်တွေ့ မျက်တွေ့ ကြုံခဲ့ဆုံခဲ့ဖူးသော အံ့ဩဖွယ်ရာ အဖြစ်သနစ်ကို စကားလေးလေးနှင့် မှန်မှန် စတင်၍ပြောကြားပါတော့သည်။ အကျွန်ုပ် က မှတ်စုပဒေသာစာအုပ်ကိုထုတ်၍ ဦးသူတော်နှုတ်မှ ဖွင့်ဟပြောကြား


www.burmeseclassic.com

www.burmeseclassic.com



လေသမျှကို တတ်နိုင်သမျှ ရေးမှတ်ထားသည်မှာ အောက်ဖော်ပြပါ အတိုင်း ဖြစ်၏။

'တကယ်တော့ ကျုပ်ရဲ့ နာမည်နဲ့ ကျုပ်ရဲ့ဘဝက တစ်ခြားစီပါ။ ကျုပ်ရဲ့နာမည်ကို ကြားလိုက်ရရင် တကယ့်ကို သူတော်ကောင်းကြီးလို့ အများက ထင်မှတ်ကြပေမယ့် တကယ်တော့ ကျုပ်ဟာ အကုသိုလ်ကောင် လူမိုက်ကြီးတစ်ယောက်ပါ'

'ကျုပ်ရဲ့ အမေနာမည်က ဦးဋီကာလို့ခေါ်ပါတယ်။ မြန်မာလူမျိုးစစ်စစ်ပါ။ မုံရွာခရိုင် အမြင့်မြို့နားတိလို့ သိရပါတယ်။ အမေနာမည်က ဒေါ်အုံးပွင့်လို့ခေါ်ပါတယ်၊ ထမံလူမျိုးပါ။ အမေက ကျောင်းဆရာအလုပ်နဲ့ အသက်မွေးဝမ်းကျောင်းပါတယ်။ ကျုပ်ကို အထက်ချင်းတွင်း ထမံသီရွာမှာ မွေးပါတယ်။ ကျုပ်မှာ မွေးချင်းပေါက်ဖော်ဆိုလို့ တစ်ဦးတစ်ယောက်မှမရှိဘဲ တစ်ဦးတည်းသောသားသမီးများဟာ အတ္တလွန်ကဲတဲ့သဘော၊ တစ်ကိုယ်ကောင်းဆန်တဲ့ သဘာဝများ ရှိတတ်ပါတယ်'

'လူလိမ္မာသား ယဉ်ပါး'ဆိုတဲ့ စကားစဉ်ရှိပေမယ့်လို့ ကျုပ်ဟာ ငယ်ငယ်ကတည်းကစပြီး အလွန့်ကို ဆိုးပါတယ်။ မိဘနှစ်ပါးက ကျုပ်ကို စာတတ်စေချင်လွန်းလို့ ကျောင်းထားပေမယ့် ကျုပ်ဟာ ကျောင်းကို မှန်မှန်မတက်ဘူး။ ကျောင်းပြေးတယ်၊ သူငယ်ချင်း



www.burmeseclassic.com

www.burmeseclassic.com


အပေါင်းအသင်းတွေနဲ့ လေးခွ၊ ဒူးလေးကိုယ်စီကိုင်ကာ ကြက်၊ ငှက်တွေကို လိုက်ပစ်သတ်စားတယ်။ ကျုပ်ကလဲ ငယ်ငယ်ကတည်းက လောက်လေးခွကို လက်ဖြောင့်သလားမမေးနဲ့၊ တစ်ချက်တစ်ကောင်ပဲ။ အဲဒီလို တောကြီးထဲကိုသွားပြီး လောက်လေးခွနဲ့ ကြက်၊ ငှက်တွေပစ်ရတာကို ကျုပ်က အထုံဝါသနာကြောင့်လားတော့ မသိဘူး။ ကျုပ်အဖို့တော့ ပီတိတွေဝေဖြာပြီး ပျော်ရွှင်လို့ နေမိတယ်လေ'

'ကျုပ် လူပျိုပေါက်ဖြစ်ချိန်မှာတော့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို မိဘနှစ်ပါးစလုံးဟာ ဆုံးပါးလို့ သွားကြပါတယ်။ အဲဒီအချိန်မှာ ကျုပ်ဘဝမှာ ထိန်းကျောင်းပေးမယ့်လူမရှိတော့ ဒူးလေးကိုင်ပြီး တကယ့်ကို သားကောင်တွေလိုက်တဲ့ မုဆိုးကြီးဘဝကို ရောက်သွားတော့တယ်။ ကျုပ်ရဲ့ မွေးရပ်ချက်ကြွေ ဇာတိမြေဖြစ်တဲ့ ထမံသီရွာမှာက မုဆိုးလုပ်လို့ ဘယ်သူက အပြစ်လို့ မမြင်ကြဘူး။ အပြစ်လို့လဲ မပြောကြဘူး။ ကျုပ်တို့ရွာဝန်းကျင်မှာက တောင်ယာလုပ်ရင်လုပ်၊ မလုပ်ရင် တောလိုက်၊ တံငါလုပ်။ ဒီအလုပ်တွေဟာ ရိုးရာအလုပ်တွေလို ဖြစ်နေတယ်မဟုတ်လား'

'ကျုပ်ဟာ မုဆိုးဘဝရောက်သွားတော့ တကယ့်ကို မုဆိုးကျော်ကြီးဖြစ်အောင်ကို ကြိုးစားတယ်။ ကျုပ်ရဲ့တပည့်ကျော် တောလိုက်ခွေးကြီး လေးကောင်နဲ့ တောထွက်ပြီး သားကောင်တွေကို


www.burmeseclassic.com

www.burmeseclassic.com


ပစ်ခတ်ဖမ်းဆီးတယ်။ နေ့တိုင်း တောပစ်ထွက်တိုင်း သားကောင် ရရှိ
တယ်။ ကျုပ်ကလဲ ဒူးလေးကို ပစ်မလွဲအောင် လေ့ကျင့်ထားတာကိုး
တစ်ခါတစ်ခါတော့ တောကောင်ကို ခဲရာခဲဆစ် ပစ်ခတ်ဖမ်းရတာ ရှိသေ
မယ့် အများအားဖြင့်ကတော့ လွယ်လွယ်ကူကူနဲ့ပဲ ပစ်ခတ်လို့ရပါ
တယ်။ ကျုပ်ဟာ မုဆိုးဖြစ်တဲ့နေ့ကစပြီး ဘယ်သတ္တဝါ၊ ဘယ်တိရစ္ဆာန်
မျိုးကိုမှ မကြောက်တော့ဘူး။ ကျားနဲ့လဲ တိုးခဲ့တာပဲ၊ ကျုပ်ဟာ
'ကျားကိုကြောက်ရင် မုဆိုးကောင်းမဖြစ်ဘူး၊ ဓားကို ကြောက်ရင် သူရဲ
ကောင်းမဖြစ်ဘူး' ဆိုတဲ့ထုံးကို အမြဲ နှလုံးသွင်းထားပါတယ်။

'ကျုပ်ဟာ ဘယ်လောက် အကုသိုလ်များသလဲဆိုရင် တော
တောင်အထပ်ထပ်သွားပြီး တောကောင် သားရဲတိရစ္ဆာန်ကို ပစ်သတ်
တဲ့ မုဆိုးအလုပ်ကို လုပ်နေရတာနဲ့ အားမရနိုင်သေးဘူး။ အချိန်အား
ရင် ချင်းတွင်းမြစ်ထဲက ငါးရှာဖမ်းတဲ့ ရေမုဆိုးတံငါသည်အလုပ်ကိုလဲ
လုပ်လိုက်သေးတယ်။ တံငါသည်လုပ်တဲ့အခါမှာလဲ သေသေချာချာ
စနစ်တကျ ပိုက်ထောင်ပြီးတော့ကို ငါးဖမ်းတယ်။ ငါးကို ငါးမျှားချိတ်
လေးနဲ့ တစ်ကောင်စ နှစ်ကောင်စ ဖမ်းတဲ့အလုပ်မျိုးကို လုပ်တဲ့ လူစား
မျိုး မဟုတ်ဘူး။ တစ်ရွာလုံးကကို သားငါးကိစ္စမှာ ကျုပ်ကို အားကိုး
နေရတဲ့အဆင့်အထိ ဖြစ်လာခဲ့တယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ဟာ မုဆိုးဘဝ၊ တံငါသည်ဘဝနဲ့ နေလာလိုက်တာ ...ဆက်နှစ်ဆယ်ရောက်လာတော့ ထမ်းသိရွာထဲက မအေးမြဆိုတဲ့ ...မိုးသမီးတစ်ယောက်နဲ့ အကြောင်းပါခဲ့တယ်။ မအေးမြက ရှမ်းမျိုး ...ပါ မကင်းတဲ့ အမျိုးသမီးတစ်ဦး။ သူက ဘာသာရေး ကိုင်းရှိုင်းတယ်၊ ...တောင်ယာစိုက်ပျိုးပြီး အသက်မွေးတဲ့သူပါ။ ကျုပ်နဲ့ မအေးမြတို့ဟာ ...ရဲ့မြောက်ဘက် အစွန်အဖျားမှာ နေကြပါတယ်။ ကျုပ်တို့နေတဲ့ ...သားအိမ်ရဲ့ အနောက်ဘက်မှာကတော့ တောင်ယာတွေချည်းပဲ။ ...ပ်နဲ့ မအေးမြ အကြောင်းပါတဲ့နေ့ကစပြီး ကျုပ်ကို 'အကုသိုလ် ...လုပ်ဖြစ်တဲ့ မုဆိုး တံငါမလုပ်ဖို့ အတန်တန် ပြောပါတယ်။ အိမ်မှာ ...အေးအေးဆေးဆေး နေထိုင်ပါ၊သူက တောင်ယာလုပ်ပြီး ရှာဖွေကျွေး ...မ့်အကြောင်း ပြောပါတယ်။

ကျုပ်ကိုက အကုသိုလ်အလုပ်မှာ ဝါသနာပါနေတာကိုး၊ ...ပ်ဟာ တစ်နေ့မှာ တောကောင်တိရစ္ဆာန်တစ်ကောင်ကောင်ကိုမှ ...မ်မခတ် မသတ်ရရင် နေလို့ထိုင်လို့ကို မကောင်းလောက်အောင်ကို ...ကုသိုလ်တရားက ကျုပ်ကို ဖိစီးနှိပ်စက်နေတယ်လေ။

ကျုပ်လဲ မုဆိုးကြီးဘဝနဲ့ မအေးမြကို ပေါင်းလာလိုက်တာ ...နှစ်လောက်ကြာတော့ မောင်ဇော်ဆိုတဲ့ သားဦးယောကျ်ားလေး ...ယောက် ထွန်းကားခဲ့တယ်။ ကျုပ်ရဲ့သား မောင်ဇော် ဆယ်နှစ်သား



www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတဲ့အထိ ကျုပ်ဟာ မုဆိုးတံငါသည်ဘဝမှာပဲ ပျော်မွေ့
တုန်းပါပဲ။ ကျုပ်ကို ဇနီးမယားမအေးမြက အကြိမ်ကြိမ် ပြောဆို
မရတဲ့အဆုံးမှာတော့ ကျုပ်ကို ဘာမှ ဆက်မပြောတော့ဘူး။ ဒီအတိုင်း
လွှတ်ထားလိုက်ပါတယ်။

ကျုပ်ရဲ့သား မောင်ဇော်ရဲ့ ဝါသနာဗီဇစရိုက်ကို လေ့
ကြည့်တော့ ကျုပ်နဲ့မတူဘူး။ သူ့အမေ မအေးမြဘက်ကို နွယ်တ
ကျုပ်သားက ကျုပ်လို မဟုတ်ဘူး၊ ကျုပ်သား မောင်ဇော်က
အလုပ်တွေကို ဝိုင်းကူလုပ်ပေးပေမယ့် သူက လိမ္မာတယ်၊ ကျော
မှန်မှန်တက်တယ်၊ စာကြိုးစားတယ်၊ ဘာသာရေးကို ကိုင်းရှိုင်းတ
ဘုရားလဲ မှန်မှန်ရှိခိုးတယ်၊ သူ့အမေ မအေးမြနဲ့ တောင်ယာအ
တွေကိုလဲ စိတ်ပါလက်ပါနဲ့ ဝိုင်းကူလုပ်ပေးတာကို တွေ့ရတယ်

တစ်နေ့မှာ ထမ်းသီရွာနားက ရန်ဒွေးရွာတောစပ်မှာ
ဝက်တွေကို တွေ့ခဲ့တယ်လို့ ထော်ဂဲက သတင်းလာပေးလို့ ကျုပ်
မြားနဲ့ဒူးလေးကို အသင့်ပြင်ပြီး တပည့်ကျော် တောလိုက်ခွေး
လေးကောင်နဲ့အတူ တောလိုက်ထွက်ခဲ့ပါတယ်။ ရန်ဒွေးရွာလေး
လှေကားထစ်တောင်ယာလုပ်ကိုင်စားသောက်တဲ့ တောင်ပေါ်ရွာ
တစ်ရွာပါ။ အရင်ကလဲ ရန်ဒွေးရွာနားက တောစပ်မှာ ကျုပ်ဟာ
နှစ်ကောင်ကို ပစ်ဖူးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်ရဲ့ တပည့်ကျော် တောလိုက်ခွေးကြီး လေးကောင်နဲ့ တွေ့ ရန်ဖွေးရှာနေးက တောစပ်ကိုရောက်တော့ တောဝက်ခြေရာတွေ ကို ကြည့်လိုက်ပါတယ်။ အရွယ်အစားချင်းမတူတဲ့ တောဝက် သုံး ကောင်ရဲ့ ခြေရာသုံးမျိုးကို တွေ့မြင်ရပါတယ်။ ဒါနဲ့ ကျုပ်လဲ သတိ ရိုယထားပြီး တွေ့တဲ့တောဝက်ခြေရာတွေကို နောက်ယောင်ခံလိုက် သွားလိုက်တာ အချိန်ဟာ ကုန်မှန်းမသိ ကုန်လာခဲ့တယ်။

အနောက်ဘက်က နေမင်းကြီးဟာ ဝင်တော့မယ့်ဆဲဆဲ ဖြစ် နေတယ်။ တောရိပ် တောင်ရိပ် သစ်ရိပ် ဝါးရိပ်ကြောင့် တစ်တော တစ်တောင်လုံး မှောင်ရည်သန်းလို့ နေပါတယ်။ ဒီအချိန်မှာ တစ်ခု ထူးဆန်းတာက ကျုပ်ရဲ့ တပည့်ကျော် တောလိုက်ခွေးကြီး လေးကောင် ရဲ့ အသံကို လုံးဝမကြားရတော့ဘူး။

ကျုပ်က တပည့်ကျော် တောလိုက်ခွေးကြီးတွေကို အသံပေး ခေါ်ပေမယ့် သူတို့ဆီက တုံ့ပြန်တဲ့အသံကို လုံးဝမကြားရတော့ ကျုပ် ရင်ထဲမှာ ထိတ်ကနဲဖြစ်သွားမိတယ်။ ဒီအချိန်မှာ ကျေးငှက်တွေ အား လုံးလဲ အိပ်တန်းကို တက်ကုန်ကြပြီ။ တစ်လောကလုံးကိုလဲ အမှောင် ထုက လွှမ်းခြုံလို့ ထားလိုက်ပြီလေ။

အခုလို မှောင်မိုက်နေတဲ့ အချိန်မှာ ကျုပ်မှာက အလင်းရောင် ရဖို့ လက်နှိပ်ဓာတ်မီးလဲ မပါလာခဲ့ဘူး၊ အမှောင်ထဲမှာ တောကောင်



www.burmeseclassic.com

www.burmeseclassic.com


တိရိစ္ဆာန်နဲ့ ကျုပ်တွေ့ရင် ကျုပ်ဟာ အရှုံးဘက်ကဆိုတာကို နားလည်သဘောပေါက်ထားလိုက်တယ်။

ဒါကြောင့် ကျုပ်ဟာ တောထဲက အကြီးဆုံး သစ်ပင်တစ်ပင်ကို ရှာပြီး တောကောင်တိရစ္ဆာန်တွေရဲ့ ဘေးရန်က ကင်းရှင်းအောင် တက်ရောက်ပြီး နေခဲ့တယ်။ ဒီသစ်ပင်ကြီးပေါ်မှာ တစ်ယောက်တည်း အချိန်ဖြုန်းနေရတယ်လေ။ တစ်ညလုံး ကြက်အိပ်ကြက်နိုး အိပ်ခဲ့ရပါတယ်။

နောက်တစ်နေ့နံနက် အရုဏ်ဦး လင်းရောင်ခြည်သန်းချိန်မှာ သစ်ပင်ကြီးပေါ်က ကျုပ်ဟာဆင်းလာခဲ့ရတယ်။ မြေပြင်ပေါ်ရောက်တော့ ကျုပ်ဟာ ထမံသီရွာကိုပြန်တဲ့ လမ်းကို ရှာကြည့်ပေမယ့် ဘယ်လိုမှ ရှာလို့ မတွေ့တော့ဘူး။ ကျုပ် မျက်ဝါးထင်ထင် တွေ့မြင်နေရတဲ့ တော တောင်ရှုခင်းတွေဟာ စိမ်းလန်းစိုပြည်ပြီး သာယာလှပမှု ရှိနေပေမယ့် ကျုပ် တစ်သက်နဲ့တစ်ကိုယ်မှာ တစ်ကြိမ်တစ်ခါမှ မတွေ့မမြင်ဖူးသေးတဲ့တောတောင်သဘာဝတွေ ဖြစ်နေတယ်။

အဲ တစ်ခုထူးဆန်းအံ့သြဖွယ်ကောင်းနေတာက ကျုပ် ရောက်ရှိနေတဲ့ တောတောင်မှာ လူသံလဲ မကြားရဘူး၊ လူလဲ မတွေ့ရဘူး။ ကျေးငှက်သတ္တဝါကအစ တောကောင်တိရစ္ဆာန်ဆိုလို့လဲ တစ်ကောင်ကို မတွေ့မမြင်ရဘူး။ သဘာဝအလှအပ စိုက်ပျိုးထားတဲ့တောင



www.burmeseclassic.com

www.burmeseclassic.com



ချာဉ်ကြီးလို ဖြစ်နေတာကို တွေ့မြင်ရပါတယ်။ ကျုပ်လဲ ဘာလုပ် ဲ့ ဘာကိုင်ရမှန်းမသိလို့ နေထွက်ရာအရပ်ကိုသာ ခြေဦးတည့်နေလို့ ည့်တည့်မတ်မတ် လျှောက်လို့ လာခဲ့ပါတယ်။

အချိန်အတော်ကြာအောင်ကို လျှောက်လာမိခဲ့ပါတယ်။ အခု ချိန်အထိ လူသံလဲ မကြားရသေးဘူး။ တိရစ္ဆာန်သံလဲ မကြားရသေး း။ ခေါင်းပေါ်ကနေကလဲ အတော်လေး မြင့်တက်လာပြီ။ လူသား ာ့ စားသောက်လို့ရတဲ့ သစ်သီးဝလံနဲ့ သီးနှံပင်ဆိုလို့လဲ တစ်ပင်မှ တွေ့မြင်ရဘူး။

ဒီအချိန်မှာ ကျုပ်ဟာ တစ်သက်နဲ့တစ်ကိုယ်မှာ မဖြစ်ပေါ် းတဲ့ ကြောက်စိတ်ဟာ ဝင်လာပါတယ်။ ဒီအခြေအနေအတိုင်းသာ ဆက်ပြီး တွေ့နေရရင် ကျုပ်ဟာ အစာပြတ် ရေပြတ် ရေငတ်ပြီး သမှာတော့ အမှန်ပဲ။

လူတွေဟာ 'ခလုတ်ထိမှ အမိတ' ဆိုသလို ကျုပ်လဲပဲ သက်အန္တရာယ် ဘေးဒုက္ခနဲ့ ရင်ဆိုင်တွေ့ကြုံလေတော့မှ မြတ်စွာ ရားသခင်ကို သတိရပြီးအားကိုးမိတယ်။ ကျုပ်ဟာ နေမင်းကြီး က်ပေါ်ရာ အရှေ့မျက်နှာလှည့်ပြီး မြေကြီးပေါ်မှာ ပဆစ်တုပ်ထိုင် ာလက်နှစ်ဘက်ယှက်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



'သုံးလောကထွတ်ထား မြတ်စွာဘုရားသခင်ဘုရား၊ တပည့်
တော်ဟာ အစာပြတ်ရေငတ်ပြီး သေရတော့မယ့် ဘေးဒုက္ခဆိုးနဲ့
ဆိုင်တွေ့ကြုံနေရပါတယ်ဘုရား။ ရှင်တော်မြတ်ဘုရားရဲ့ တန်ခိုး
အနုဘော်ကြောင့် တပည့်တော် ကြုံတွေ့နေရတဲ့ ဘေးဒုက္ခဆိုးအပေါင်း
အမြန်ဆုံး လွတ်ကင်းချမ်းသာပါစေသား' လို့ ရွတ်ဆိုပြီး ဦးသုံး
ချကာ မြတ်စွာဘုရားသခင်ထံမှာ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်

မှတ်မှတ်ရရ ကျုပ်ဟာ ကလေးဘဝတုန်းကလွဲပြီး လူ
သိတတ်ကတည်းက ဘုရားလဲ မရှိခိုးခဲ့ဘူး။ ဘုရားမေ့၊ တရားမေ့
နေခဲ့မိတယ်။ အကုသိုလ်ကံတွေကို နေ့စဉ်ရက်ဆက် ကျူးလွန်လာ
တဲ့ ကျုပ်ဟာ တကယ့် အသက်ဘေးဒုက္ခနဲ့ ရင်ဆိုင်တွေ့တော့မှာ
ကြည်စိတ်အပြည့်အဝနဲ့ မြတ်စွာဘုရားသခင်ဆီမှာ မိမိလိုအပ်တဲ့
ကို တောင်းပြီးချိန်ကစပြီး စိတ်ထဲမှာ နည်းနည်းသက်သာသွားသ
ဖြစ်မိတာတော့ အမှန်ပဲ။

ကျုပ်စိတ်ထဲမှာ ကျုပ်ကို ကယ်ဆယ်စောင်မမယ့်လူတွေ
တွေ့လိမ့်မယ်လို့လဲ ယုံကြည်နေမိတယ်။ ဒါနဲ့ ကျုပ်လဲ ခြေဦးတည့်
ရာကို ဆက်လျှောက်လာခဲ့တယ်ဆိုရင်ပဲ ကလေးငိုသံ၊ မိန်းမ
စကားပြောသံ၊ ရက်ကန်းခတ်သံတွေကို ကြားလာရတယ်။ ကျုပ်စိတ်
ထဲမှာ ဝမ်းသာကြီးကို ပျော်သွားမိတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မကြာပါဘူးဗျာ၊ ကျုပ်ဟာ ရွာကြီးတစ်ရွာနဲ့ ဆိုက်ဆိုက်မြိုက်ကိုက်ကို တိုးတော့တာပဲ။ ရွာကြီးက အိမ်ခြေ နှစ်ရာကျော် သုံးရာနီးပါးလောက်ကို ရှိတယ်။ ကျုပ်ဒီရွာကြီးထဲကို ဝင်သွားတဲ့အခါ ပထမဆုံးတွေ့ရတဲ့ ရွာဦးထိပ်က နှစ်ဆောင်ပျဉ်ထောင်အိမ်ကြီးမှာနေတဲ့ အသက်လေးဆယ်လောက်ထင်ရတဲ့ အမျိုးသမီးက ပြုံးပြုံးရွှင်ရွှင်နဲ့ 'လာပါ မောင်ကြီးရယ်၊ ခရီးတစ်ထောက် နားပါဦး၊ ဝင်ပြီး တည်းခိုပါဦး' လို့ အိမ်ရှေ့လမ်းမပေါ်က ကျုပ်ကို ထွက်လို့ခေါ်ပါတယ်။

ကျုပ်လဲ ဗိုက်ထဲကဆာ၊ ရေကလဲ ငတ်နေတာနဲ့ ဘာမှကိုဆင်ခြင်မနေနိုင်တော့ဘူး။ အဲဒီအမျိုးသမီးခေါ်တဲ့ နောက်ကိုပဲ လိုက်သွားခဲ့ပါတယ်။

အမျိုးသမီးက တကယ့်ကို ဖော်ဖော်ရွေရွေပါပဲ။ အိမ်ထဲရောက်တော့ နီးချောကတ္တီပါကွပ်ဖျာကို ထုတ်ယူခင်းပေးပြီး ညှဉ့်ခံတယ်၊ ကျုပ်က ရေအလွန်ငတ်နေလို့ ရေတစ်ခွက်တောင်းပြီးသောက်တော့ ကျုပ်ကို ငွေခွက်နဲ့ သောက်ရေခတ်ပေးတယ်၊ ပြီးတော့ –

'မောင်ကြီးကို ကြည့်ရတာ ခရီးအဝေးကြီးက လာရလို့ ခရီးပင်ပန်းနေတယ်တူပါတယ်။ထမင်းလေးများသုံးဆောင်သွားပါဦး'ဆိုပြီး ကျုပ်ကို ထမင်းခူးခတ်လို့ ကျွေးတယ်။ ဟင်းကလဲ ကြက်သားဆီပြန်၊ ပဲဟင်းချို၊ မကျည်းရွက်နုသုတ်နဲ့ဆိုတော့ မြိန်လိုက်တာ၊ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



သုံးပန်းကန်လောက်ကို အားရပါးရ စားသောက်လိုက်တာ အသား
ရိုက်သွင်းသလို ကုန်သွားတယ်။ ပျဉ်ထောင်အိမ်ကြီးရဲ့အောက်
မှာက အသက် နှစ်ဆယ်လောက်ရှိတဲ့ အမျိုးသမီးကတော့ ရက်
စင်မှာ ရက်ကန်းခတ်လို့ နေပါတယ်။

ကျုပ်လဲ ထမင်းတစ်ဝစားသောက်ပြီး ဗိုက်တင်းသွားတဲ့အ
ရွာကြီးထဲကို လှည့်ပတ်လို့ ကြည့်မိတယ်။ ရွာထဲမှာက အိမ်တိုင်
လိုဟာ သစ်သားနဲ့ ဆောက်လုပ်ထားတဲ့ အိမ်ကြီး အိမ်ကောင်း
ချည်းပဲ။ အိမ်တိုင်းရဲ့ အောက်ထပ်မှာ ရက်ကန်းစင်တွေရှိတယ်။ လူ
လူငယ် လူရွယ် လူလတ် အရွယ်မျိုးစုံကို တွေ့ရတယ်။ အမျိုးသား
ရေထက် အမျိုးသမီးဦးရေက ပိုလို့များပြားနေတာကို လေ့လာတွေ့
ရတယ်။ ရွာကြီးထဲမှာက အသားရောင်ဖြူဖွေးတဲ့ လူတွေက များတယ်
သူတို့တွေရဲ့ မျက်နှာပေါက်ကို ကြည့်ရတာ မြန်မာစစ်စစ်တွေတော့
ဟုတ်ဟန်မတူဘူး၊ စကားပြောကြည့်တဲ့အခါမှာ အနည်းငယ် စကား
ဝဲတယ်။

အမျိုးသမီးတွေက 'ဟုတ်ကဲ့ရှင့်' လို့ သုံးနှုန်းလေ့ရှိပြီး၊ အမျိုး
သားတွေက 'ဟုတ်ကဲ့ခင်ဗျာ' လို့ သုံးနှုန်းလေ့ရှိပါတယ်။ အိမ်တိုင်း
လိုလိုမှာ လူကြီးလူငယ် ကလေးဆယ်ယောက်ခန့်စီလောက်ကို တွေ့
ရှိရပါတယ်။ သူတို့တတွေကြည့်ရတာ အားလုံးလိုလိုဟာ ပျော်ရွှင်
ရွှင်ရွှင်နဲ့ သွားလာလှုပ်ရှားနေတာကို တွေ့မြင်ရပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကလေးလူကြီးအားလုံးဟာ ရွှေတွေကို လက်ဝတ်တန်ဆာအဖြစ် ဆင်မြန်းထားကြတာကို တွေ့မြင်ရပါတယ်။ ရွှေမဝတ်နိုင်တဲ့လူတွေကတော့ ငွေလက်ဝတ်ရတနာတွေကိုဆင်မြန်းထားကြပါတယ်။

ရွာကြီးတစ်ရွာလုံးရဲ့ အဓိကလုပ်ငန်းကတော့ ရက်ကန်းလုပ်ငန်းပဲ၊ အိမ်တိုင်းမှာ ရက်ကန်းစင်တွေရှိသလို နွားလှည်းကိုစီလဲ ရှိကြပါတယ်။ ရွာထဲမှာ ဆန့်ဖွပ်၊ ဗိုင်းငင်နေကြတာကိုလဲ တွေ့မြင်ရပါတယ်။ ရွာထဲမှာ ကြက်၊ ဘဲ၊ ဝက်၊ ခွေး၊ ကလေးတွေကတော့ ရှုပ်ပွလို့ကိုနေပါတယ်။ ကျုပ်လဲ ရွာတစ်ရွာလုံးကို နှံ့စပ်အောင်ကိုကြည့်ပြီး မူလကျုပ်ဝင်ရောက်ပြီး ရေဝင်သောက်တဲ့အိမ်ကို ပြန်လာခဲ့ပါတယ်။

အဲဒီအိမ်ကို ရောက်တော့မှပဲ စောစောက ကျုပ်ကို ထမင်းရှူးခပ်ကျွေးမွေးတဲ့ အမျိုးသမီးက အကြောင်းစုံကို ရှင်းပြပါတယ်။ သူပြောပြလို့ သိရတာက အဲဒီရွာရဲ့ နာမည်က 'ရွှေရင်းရဲ' ရွာလို့ခေါ်တဲ့အကြောင်း၊ တစ်ရွာလုံးဟာ ရက်ကန်းလုပ်ငန်းနဲ့ တောင်ယာလုပ်ငန်းတို့နဲ့ အသက်မွေးဝမ်းကျောင်းတဲ့အကြောင်း၊ ရွာမှာရှိကြတဲ့ လူတွေကလဲ အားလုံးလိုလို စားသောက်နိုင်ကြပြီး ချမ်းချမ်းသာသာရှိတဲ့အကြောင်း၊ စားရမဲ့သောက်ရမဲ့ ဆင်းရဲတဲ့သူမရှိကြောင်း၊ ရွာကို ရောက်ရှိလာတဲ့ တစ်စိမ်းတစ်ရံစံ လူများကိုလဲ မိသားစုစိတ်ဓာတ်နဲ့ ခင်မင်တတ်ပြီး ကူညီရိုင်းပင်းလေ့ရှိတဲ့အကြောင်းများကို စိကာပတ်ကုံး ကျုပ်ကို ပြောပြပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သူက ဆက်ပြောတာက–

ကျွန်မတို့မှာ မောင်နှမ သုံးယောက်ရှိပါတယ်၊ ကျွန်မ နာမည်က မမကြီးပါ၊ ကျွန်မရဲ့ ညီမနာမည်က မမလေးပါ။ ကျွန်မတို့မှာ အစ်ကိုကြီး ဖိုးဓေဆိုတာလဲ ရှိပါသေးတယ်။ အစ်ကိုကြီးက ကျွန်မတို့ ရက်လုပ်ပြီးတဲ့ အဝတ်အထည်တွေကို ရွာစဉ်လှေျာက်ပြီး ရောင်းဝယ်ဖောက်ကားလို့ နေပါတယ်။ တစ်ခါခရီးထွက်သွားရင် တစ်လ နှစ်လလောက် ကြာပါတယ်။ ဒါကြောင့် ကျွန်မတို့အစ်ကိုကြီး ဖိုးဓေကို အိမ်မှာ မတွေ့တာပါ။ ဒီအိမ်မှာ အစ်ကိုကြီးမရှိတုန်း မောင်ကြီးကပဲ ကျွန်မတို့ ညီအစ်မတွေကို စောင့်ရှောက်ပြီး နေစေချင်ပါတယ်။ ကျွန်မတို့ ညီအစ်မတွေကလဲ မောင်ကြီးကို ကိုယ့်အစ်ကိုကြီးအမှတ်နဲ့ပြုစုပါရစေ၊ မောင်ကြီး ပျော်သလောက် ကျွန်မတို့အိမ်မှာ နေထိုင်နိုင်ပါတယ်၊ ဘာမှ အားနာစရာမရှိပါဘူး။ မောင်ကြီး ပြန်ချင်တဲ့အခါမှသာ ပြောပါ။ ကျွန်မတို့လမ်းသိတဲ့သူနဲ့ မောင်ကြီးကို ရွာရောက်အောင် ပို့ဆောင်ပေးဖို့ တာဝန်ယူ ကတိပေးပါတယ်' လို့ ပြောပါတယ်။

ကျုပ်အနေနဲ့ကလဲ မမကြီး၊ မမလေးဆိုတဲ့ ညီအစ်မ နှစ်ယောက်စလုံးကို အရင်က တစ်ခါမှ မတွေ့မြင်ခဲ့ဖူးပါဘူး။ နှစ်ယောက်စလုံးကလုံးကြီးပေါက်လှ မိန်းမချောတွေချည်းပါပဲ။ မြန်မာစစ်စစ်တော့ ဟုတ်ဟန်မတူပါဘူး။ သွေးတစ်ခုခုတော့ စပ်တယ်လို့ ထင်ရပါတယ်၊ အသားကလဲ ဖြူဖွေးလို့ နေပါတယ်။ မမကြီးက နှစ်ဆယ့်ငါးနှစ်

www.burmeseclassic.com



အရွယ်လောက်ရှိပြီး မမလေးကတော့ အသက်နှစ်ဆယ်ရှိကြောင်း သူတို့ ပြောပြကြလို့ သိခဲ့ရပါတယ်။

ဘယ်လိုဘဝက ရေစက်ဆုံဆည်းလို့လဲ မပြောတတ်ဘူး။ မကြီး၊ မမလေးဆိုတဲ့ ညီအစ်မနှစ်ဖော်ကို မြင်မြင်ချင်းပဲ ခင်မင်မိပါတယ်။ သူတို့ကလဲ ကျုပ်ကို ခင်မင်ကြပါတယ်။ ကျုပ်ကို သူတို့ညီအစ်မ နှစ်ဖော်က ဟင်းကောင်းဟင်းလျာတွေ နေ့တိုင်းချက်ပြုတ်လို့ ကျွေးပါတယ်။ ဆီပြန်သားငါးဟင်းလျာတွေကိုချက်ပြုတ်ပြီး ထမင်းပွဲ ရှေ့ရောက်ကို ကျွေးပါတယ်။ ကျုပ်က လက်ဆေးပြီး စားရုံအသင့်ပဲ။ ဒါကြောင့် သွားလေရာမှာ ကိုယ်နဲ့မကွာ သယ်ဆောင်သွားလေ့ရှိတဲ့ တောသိုက် ဒူးလေးနဲ့ မြားအိမ်ကို အသုံးမလိုဘဲ ကျုပ်အိပ်တဲ့နေရာ ခေါင်းရင်းနံရံမှာ ချိတ်ဆွဲလို့ ထားလိုက်ပါတယ်။ ကျုပ်လဲ တစ်နေ့ တစ်နေ့ စားလိုက်သောက်လိုက်၊ လျှောက်လည်လိုက်၊ အိပ်လိုက်နဲ့ အတော့်ကို အိမ်တွေ့လို့ နေပါတယ်။ ဒီလိုနဲ့ ကျုပ်ဟာ ရွှေရင်းရဲဆိုတဲ့ ရွာကြီးထဲမှာ နေထိုင်လာလိုက်တာ တစ်လလောက်ရှိသွားခဲ့ပြီ။ ကြာတော့လဲ ကျုပ်ဟာ ပျင်းတောင်လာတယ်။ တစ်နေ့တစ်နေ့ ဒီညီအစ်မနှစ်ယောက်နဲ့ပဲ စကားပြောအချိန်ဖြုန်းလို့ နေရပါတယ်။

တစ်ခါတစ်ခါတော့ ကျုပ်ကိုယ်တိုင် ဖြစ်ပျက်နေတာတွေဟာ အကယ်မှ ဟုတ်ပါလေစ။ အိပ်မက်ရှည်ကြီးများ မက်နေတာများလား လို့တောင် စဉ်းစားမိပါရဲ့။ ကြည့်လေ ကျုပ်ဟာ အထက်ချင်းတွင်း



www.burmeseclassic.com

www.burmeseclassic.com



ထမံသီရွာဇာတိ၊ ကျုပ် ထမံသီရွာမှာ မုဆိုးတံငါသည်ဘဝနဲ့ နေလာခဲ့တာ နှစ်ပေါင်း (၃၀) ကျော်ခဲ့ပြီ။ ကျုပ်တို့နေတဲ့ ထမံသီရွာနားမှာ 'ရွှေရင်းရဲ' ရွာရှိတယ်လို့ ကျုပ်တို့ မိဘအဘိုးအဘွားတွေ လက်ထက်ကလဲ မကြားမသိခဲ့ရဘူး။ ထမံသီရွာနဲ့ ဝေးတဲ့အရပ်မှာ 'ရွှေရင်းရဲ' ရွာရှိတယ်လို့လဲ တစ်ကြိမ်တစ်ခါမှ မကြားခဲ့ရပါဘူး။ ဒီတော့ ကျုပ်ဟာ ဘယ်လိုလုပ်ပြီး 'ရွှေရင်းရဲ' ရွာကို ရောက်လာသလဲဆိုတာ မစဉ်းစားတတ်အောင်ကို ဖြစ်နေပါတယ်။

လမိုက်တဲ့ညတစ်ည သန်းခေါင်ယံအချိန်မှာ ကျုပ်ဟာ လှေသံ၊ လှည်းသံတွေကြောင့် နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေရာက လန့်ပြီးတော့ နိုးလာမိတယ်။ ကျုပ်ခေါင်းရင်းဘက်က ဇောထားတဲ့ သစ်သားတံခါးရွက်လေးကို အသာတွန်းပြီး ဖွင့်ကြည့်လိုက်တော့ တစ်ရွာလုံးမှာရှိတဲ့ အိမ်တိုင်းက လူကြီး လူငယ် ကလေးပါမကျန် ယောက်ျား၊ မိန်းမတိုင်းဟာ သူတို့အိမ်အောက်မှာရှိတဲ့ နွားလှည်းတွေကို အသင့်ပြင်၊ နွား တွေကိုချည်ပြီး ညာဘက်မှာ ရွာလုံးကျွတ် ပွဲလမ်းသဘင်ကို သွားကြတော့မယ့်အတိုင်း အလုပ်ရှုပ်နေတာကို တွေ့ရတယ်။ ဒီအထဲမှာ မမကြီး၊ မမလေးတို့ ညီအစ်မနှစ်ဖော်လဲ ပါတယ်လေ။ ဒါနဲ့ ကျုပ်လဲ အခြေအနေကို အကဲခတ်လို့ ကြည့်နေမိတယ် မကြာလှပါဘူး။ တစ်ရွာလုံးမှာရှိတဲ့ လူကြီးလူငယ်အားလုံးဟာ နွားလှည်းတန်းကြီးနဲ့ တစ်ယောက်မကျန် ရွာပြင်ကို မောင်းလို့ထွက်သွားတာကို မြင်လိုက်



www.burmeseclassic.com

www.burmeseclassic.com



ရပါတယ်။ ရွာထဲမှာတော့ ကျုပ်တစ်ယောက်တည်း ကျန်ရစ်ခဲ့တယ်လေ။

ကျုပ်လဲ အိပ်ရာကထ၊ အိမ်ပေါ်ကဆင်းပြီး လူညီးတန်းရှည်ကြီး နောက်နား မလှမ်းမကမ်းက မှောင်ရိပ်ခိုပြီး လိုက်ပါသွားခဲ့ပါတယ်။ ကျုပ်စိတ်အထင်တော့ ရွာကြီးနံဘေးက တောင်ယာခြံတွေကိုကျော်ဖြတ်ပြီး မှောင်မိုက်နေတဲ့ တောအုပ်ကြီးထဲကို တစ်မိုင်လောက်နေရာကိုလဲ ရောက်ရော မြက်ပင် လုံးဝမပေါက်တဲ့ မြေကွက်လပ်ကွင်းပြင်ကြီးထဲမှာ လူကြီးတစ်ရပ်လောက်ရှိတဲ့ ထင်းချောင်းကြီးတွေစုပုံမီးရှို့ထားတဲ့ ပေသုံးဆယ်ရှိတဲ့ မီးပုံကြီးတစ်ပုံကို တွေ့မြင်ရပါတော့တယ်။ ရွှေရင်းရဲ့ရွာက ထွက်လာခဲ့တဲ့ လူညီးတန်းရှည်ကြီးဟာအဲဒီ မီးပုံကြီးကို ဝိုင်းပတ်လို့ ရပ်နားလိုက်ကြပါတယ်။

ပြီးတော့မှ လူညီးပေါ်မှာ လိုက်ပါလာခဲ့ကြတဲ့ ယောကျ်ား၊ မိန်းမ၊ ကလေးတွေပါမကျန် အားလုံးဟာ တစ်ယောက်ပြီးတစ်ယောက်မီးပုံကြီးထဲကို ခုန်လို့ ဆင်းသွားကြတာကို ကျုပ် မျက်ဝါးထင်ထင်ကိုတွေ့မြင်ခဲ့ရပါတယ်။ ကျုပ်ဖြင့် အံ့ဩလွန်းလို့ ပါးစပ်အဟောင်းသားဖြစ်သွားပြီး ရင်ထဲမှာ ထိတ်ကနဲ ဖြစ်သွားမိပါတယ်။ နောက်မကြာပါဘူး။ မီးပုံကြီးထဲက ငိုသံတွေ၊ အော်သံတွေ၊ ကယ်ပါ ယူပါ တစာစာ အော်သံတွေဟာ ကမ္ဘာပျက်မတတ် ဆူညံလို့နေတယ်။ မောင်ရင်တို့ပဲ စဉ်းစားကြည့်လေ၊ ဘယ်သူက ဒီမီးပုံကြီးထဲကို ဆင်းပြီး ကယ်



www.burmeseclassic.com

www.burmeseclassic.com


ဆယ်ဝှံပါ့မလဲ။ ကယ်ဆယ်ဖို့ နေနေသာသာ မီးပုံကြီးအနားကို ကပ်ဖို့ တောင် မလွယ်ဘူး။ ကျုပ် ခပ်လှမ်းလှမ်းကနေတာတောင် အပူ ရှိန် လာဟပ်တယ်။ ကျုပ်လဲ တွေ့မြင်ရတဲ့ မြင်ကွင်းကြောင့် ကြောက် စိတ်တွေ့ဖွန်ပြီး ချွေးသီးချွေးပေါက်တွေ ကျလာတာနဲ့ ရွှေရင်းရဲ့ရွာ အိမ်ကို မှောင်ကြီးထဲမှာ ပြေးလာပြီး ကိုယ့်အိပ်ရာထဲမှာ ကွေးမပျောက် ပြန်အိပ်လို့ နေလိုက်ပါတယ်။ အိပ်လို့တော့ ဘယ်ရပါ့မလဲ။ ကြောက် တဲ့စိတ်အေနဲ့ ရင်တွေခုန်ပြီး ကျုပ်လဲ တစ်ညလုံး မျက်စိတွေ ကြောင် လို့ နေပါတယ်။

နံနက် မိုးထိန်ထိန်လင်းကာနီးတော့ လှည်းတန်းကြီးနဲ့ ရွှေရင်းရဲ့ရွာက လူတွေ ပြန်လာကြတာကို တွေ့ရပါတယ်။ ပြန်လာတဲ့ အထဲမှာ မမကြီး၊ မမလေးတို့ ညီအစ်မနှစ်ဖော်လဲပါလာတယ်။ နောက် ညတွေမှာလဲ ကျုပ်ဟာ သတိထားပြီး အိပ်စောင့်ကြည့်တော့ အရင်ည တွေအတိုင်းပဲ ရွာလုံးကျွတ် လှည်းတန်းရှည်ကြီးနဲ့ ရွာအပြင်ကို ထွက် သွားကြပြီး အရုဏ်တက်ချိန်လောက်မှ ပြန်လာကြတာကို တွေ့မြင်ရ ပါတယ်။

ကျုပ်ဟာ ကိုယ့်ကိုယ်ကို သတ္တိအလွန်ကောင်းတဲ့သူလို့ ထင် မှတ်ပြီး နေခဲ့မိတယ်။ ဘယ်လောက်ကြီးတဲ့ တောကောင် တိရစ္ဆာန် ဖြစ်ဖြစ်၊ ဘယ်လို သတ္တဝါနဲ့တွေ့တွေ့ ကျုပ်ဟာ လုံးဝကို ကြောက် စိတ်မရှိခဲ့ပါဘူး။ ကြောက်တယ်ဆိုတာကို ငယ်ငယ်ကတည်းက နား


www.burmeseclassic.com

www.burmeseclassic.com


မလည်ခဲ့ပါဘူး။ ဒါကြောင့်လဲ တောတောင်တွေမှာ မုဆိုးလုပ်ပြီး အသက်မွေးဝမ်းကျောင်းခဲ့တာပေါ့။ တစ်ညက ကျုပ် မျက်ဝါးထင်ထင် တွေ့မြင်ခဲ့ရတဲ့ မြင်ကွင်းကို ပြန်လည် တွေးတောမိတိုင်း အလိုလိုနေရင်း ကြက်သီးတွေ တဖြန်းဖြန်း ထလာမိတယ်။ ရင်ထဲက တဒိတ်ဒိတ်နဲ့ ခုန်လာအောင်ကို ကြောက်လန့်တုန်လှုပ်နေမိပါတယ်။

ကျုပ် ငယ်ငယ်က ကျုပ်ရဲ့အဖေ ဦးငို့ကာ ဆုံးမခဲ့တဲ့ စကားတစ်ခွန်းကို သွားအမှတ်ရမိပါတယ်။ ကျုပ်အဖေ ဦးငို့ကာက 'ငါ့သား နေ့စဉ်လို့ ညခံရတဲ့ အသူရကာယ်ဘုံဆိုတာ ရှိတယ်။ လူ့ဘဝမှာ အကုသိုလ်သိပ်များပြားတဲ့ လူတွေဆိုရင် မသေခင်ကို မျက်ဝါးထင်ထင် တွေ့မြင်ရတတ်တယ်။ ငါ့သားလဲ ကြားဖူးမှာပေါ့။ တချို့လူတွေဟာ အသက်ထွက်မယ့်ဆဲဆဲမှာ အလွန်ကြောက်စရာ၊ လန့်စရာကောင်းတဲ့ အကောင်ကြီးတွေ လာဆွဲခေါ်လို့ အမယ်လေး ကယ်ကြပါဦးလို့ အော်ဟစ်ရင်း အသက်ပျောက်သွားခဲ့ကြတယ်။ မကောင်းတဲ့ အကုသိုလ်တရားဆိုတာ သိပ်ကို ကြောက်စရာကောင်းတာ။ အသူရကာယ်ဘုံကို ရောက်သွားတဲ့သူဟာ လူ့သားစင်စစ်ဘဝကို ပြန်ရဖို့ ခဲယဉ်းသွားပြီ။ ဒါကြောင့် ငါ့သားရယ်၊ ကြက်၊ ငှက် တိရစ္ဆာန်တွေကို သတ်ဖြတ်တဲ့ အကုသိုလ်အလုပ်တွေကို မလုပ်ပါနဲ့ လို့' ကျုပ်ငယ်ငယ်ဘဝတုန်းက ဆုံးမခဲ့တဲ့စကားကို သတိရလိုက်တာနဲ့ ကျုပ်ဟာ ခြောချေးတွေ ပြန်ထအောင်ကို ကြောက်လန့်တုန်လှုပ်ချောက်ချားသွားမိပါတယ်။ ဒီ



www.burmeseclassic.com

www.burmeseclassic.com


အချိန်ကစပြီး ကျုပ်ဟာ အိပ်ကောင်းခြင်း မအိပ်နိုင်တော့ဘူး။ စား သောက်လို့လဲ ဘာမှ အရသာမတွေ့တော့ဘူး။ နေ့စဉ်လို့ ညခံရတဲ့ အသူရကာယ်ဘုံဖြစ်တဲ့ ရွှေရင်းရဲ့ဆိုတဲ့ရွာက အမြန်ဆုံး ထွက်ခွာသွား နိုင်တဲ့နည်းလမ်းကိုသာ ကျုပ် စဉ်းစားတွေးတောလို့ နေမိပါတယ်။

နောက်တစ်နေ့နံနက်မှာ ကျုပ်က မမကြီးကို ကျုပ် ရွှေရင်းရဲ့ ရွာမှာနေထိုင်ခဲ့တာ တစ်လခွဲ နှစ်လလောက်တောင် ရှိသွားပြီ။ ကျုပ်ရဲ့ မွေးရပ်ရွာဖြစ်တဲ့ ထမံသီရွာကို ပြန်လိုကြောင်း ပြောလိုက်တယ်ဆိုရင်ပဲ မမကြီးဟာ ပြုံးရွှင်နေရာက ချက်ချင်း မျက်နှာလေး ညှိုးငယ်သွားတာ ကို တွေ့မြင်လိုက်ရပါတယ်။ မမကြီးစိတ်ထဲမှာ သူတို့ရဲ့ အသူရကာယ် ဘုံသားတွေရဲ့ဘဝကို ကျုပ်က သိရှိသွားလို့ ဒီလိုပြောတယ်လို့ ထင် ကောင်း ထင်ပေလိမ့်မယ်။

ပြီးတော့ မမကြီးက 'မောင်ကြီးဇာတိမွေးရပ် ထမံသီရွာကို ပြန်တော့မယ်ဆိုတော့လဲ ဘယ်တတ်နိုင်ပါ့မလဲ။ ပြန်ပေါ့လေ။ ကျွန်မ တို့ကတော့ မောင်ကြီးကို ကတိပေးထားတဲ့အတိုင်း လမ်းသိတဲ့ဖြတ်စ နဲ့ ရွာရောက်အောင်ကို ပို့ဆောင်ပေးပါ့မယ်' လို့ ပြောပါတယ်။ မမကြီး ဆီက ဒီလိုစကားမျိုးကို ကြားလိုက်ရတဲ့အခါမှာ ကျုပ်ဟာ အလိုလို စိတ်ချမ်းသာသွားမိပါတယ်။ ဒီနောက်မှာတော့ မမကြီးဟာ သူ့အိမ် နံဘေးက ဖြတ်စဆိုတဲ့ ရွာသားလေးတစ်ယောက်ကို လှမ်းခေါ်ယူလိုက်


www.burmeseclassic.com

www.burmeseclassic.com


ကျုပ်ကို ထမံသီရွာအရောက် လိုက်ပို့ပေးဖို့ နွားလှည်းပြင်ဆင်ဖို့ ပြောနေပါတယ်။

မမကြီးဟာ ဖြတ်စကို သူမှာကြားစရာတွေကို မှာကြားပြီး တော့ ကျုပ်ဘက်ကို လှည့်ကာ မော်ကြည့်လိုက်ပါတယ်။ မမကြီးရဲ့ ဝင်လုံးအိမ်ထဲမှာ မျက်ရည်တွေ ဝဲလယ်နေတာကို ကျုပ် တွေ့မြင် လိုက်ရပါတယ်။ ဒီလို တွေ့မြင်လိုက်ရတော့ ကျုပ်ရင်ထဲမှာ စိတ် မကောင်းသလိုလို ခံစားမိပါတယ်။ မမကြီးက ကျုပ်ကို 'မောင်ကြီး ညီမတို့ကို မောင်ကြီးရဲ့ ညီမတွေလို သဘောထားပါနော်။ ဘယ်လို ပဲ မောင်ကြီး စိတ်မကောင်းမဖြစ်ပါနဲ့။ ညီမတို့ဟာ အရင်ဘဝတုန်း ငါးစိမ်းသည်တွေဖြစ်ခဲ့ပြီး၊ ငါးတွေကို မသေမရှင်သတ်မိခဲ့လို့ ကိုယ့် ကုသိုလ်ကံနဲ့ကိုယ် ခံနေရတဲ့သူတွေပါ။ မောင်ကြီးနဲ့ ဘဝရေစက် ဆုံ့ လာပြီး တွေ့ဆုံရတာကိုပဲ ကုသိုလ်ထူးဟယ်လို့ ထင်မှတ်ပြီး သာလှပါတယ်။ ညီမပြောမယ့် စကားတွေကို သေသေချာချာ နား ထောင်ပြီး လိုက်နာပါ မောင်ကြီး၊ အခု မောင်ကြီးကို ရွှေရင်းရဲ့ရွာ ဘက် မင်္ဂလာလမ်းကနေပြီး ဖြတ်စက မောင်ကြီးကို နွားလှည်းနဲ့ ပို့ပါလိမ့်မယ်။ လမ်းခရီးမှာ ဖြတ်သွားဖြတ်လာ လူတွေကို တွေ့ လိမ့်မယ်။ ဒီအထဲမှာ မောင်ကြီးရဲ့ ဆွေမျိုးရင်းချာတွေနဲ့ ခင်မင် နီးတဲ့ မိတ်ဆွေသင်္ဂဟတွေကိုလဲ တွေ့ချင်တွေ့လိမ့်မယ်။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



တတွေက မောင်ကြီးကို နှုတ်ဆက်ပြီး စကားပြောကြပါလိမ့်မ
မောင်ကြီးက နှုတ်က ဖွင့်ဟပြီး စကားတစ်ခွန်းမှ ပြန်မပြောလိုက်
တကယ်လို့ မောင်ကြီးက မေ့ပြီး သူတို့နဲ့စကားပြောဆိုမိရင် မောင်
ဒီရွာကနေပြီး ဘယ်တော့မှ ပြန်လို့မရတော့ဘူး။ ကျွန်မတို့နဲ့ ဘ
ဖြစ်သွားပါလိမ့်မယ်။ အဲဒါကို အထူးသတိဝီရိယ ထားပါနော်။ မော
ပြီးတော့ တစ်ခါ မောင်ကြီးတို့ရွာ ရောက်ခါနီးမှာ အလွန်တ
နက်တဲ့ ချောက်ကမ်းပါးကြီးကို တစ်ဘက်နဲ့တစ်ဘက် ဆက်သွ
ထားတဲ့ နွယ်ကြိုးတံတားကို မောင်ကြီးတစ်ယောက်တည်း ဖြ
လျှောက်ကူးသွားရပါလိမ့်မယ်။ ဒီချောက်ကမ်းကြီးဟာ အလွန်ပဲ
ရှိုင်းပါတယ်။ အဲဒီ ချောက်ကမ်းပါးကြီးထဲမှာ ကယ်ပါ ယူပါ တ
ညည်းညူသံမျိုးစုံကို မောင်ကြီးနားနဲ့ ဆတ်ဆတ်ကြားနေရပါ
မယ်။ ယောင်လို့များ ချောက်ကမ်းပါးအောက်ကို ငုံ့လို့ မကြည့်
ပါနဲ့ မောင်ကြီး။ တကယ်လို့ မောင်ကြီးဟာ ချောက်ကမ်းပါးကြီး
ငုံ့ကြည့်မိရင် ဒီကနေ ဘယ်တော့မှ လူသားစစ်စစ်တွေနေတဲ့ ရွာ
ပြန်မရောက်နိုင်တော့ဘူး။ အဲဒါကိုလဲ အထူးသတိထားပါ။ ကျွန်မ
အနေနဲ့ အခုလို မောင်ကြီးနဲ့ ခွဲခွာသွားတာဟာ ကျွန်မတို့ အစ်ကို
တစ်ယောက် ဆုံးပါးသွားသလို ခံစားလို့နေရပါတယ်။ မောင်ကြီး
ကျွန်မတို့ ညီအစ်မနှစ်ဖော်ဟာ ကိုယ့်ရဲ့ တစ်အူတုံဆင်း သွေး



www.burmeseclassic.com

www.burmeseclassic.com



ရင်း အစ်ကိုကြီးတစ်ယောက် ဆုံးပါးသွားသလို ခံစားလို့နေရပါ ယ်။ မောင်ကြီးကို ကျွန်မတို့ ညီအစ်မနှစ်ဖော်ဟာ ကိုယ့်ရဲ့ တစ်အူ ခင်း သွေးရင်းသားရင်း အစ်ကိုကြီးတစ်ယောက်လို သဘောထား ကျွန်မတို့ ရှိခိုးကန်တော့ပါတယ် မောင်ကြီး' လို့ ပြောပြီး မမကြီး၊ လေးတို့ ညီအစ်မနှစ်ဖော်ဟာ ကျုပ်ကို ဦးသုံးကြိမ်ချပြီး ကန်တော့ ပါတယ်လေ။

ကျုပ်အနေနဲ့ကလဲ တစ်လုတ်စားဖူး သူ့ကျေးဇူးဆိုသလို ကြီး၊ မမလေးတို့ ညီအစ်မနှစ်ဖော်က ရက်ပိုင်း၊ လပိုင်းကြာအောင် ာ့နေထိုင်လာခဲ့တော့ တစ်ဦးနဲ့တစ်ဦး ခင်မင်တဲ့မေတ္တာသံယောဇဉ် ကြောင့် ကျုပ်ဟာ အလိုလိုဝမ်းနည်းလာမိပြီး ငိုချင်စိတ် ပေါက်လာမိပါ ယ်။

ပြီးတော့မှ မမကြီးဟာ သူ့ရဲ့ညာဘက်လက်ခလယ်မှာ ဝတ် င်ထားတဲ့ ငွေလက်စွပ်ကို ဖြုတ်ယူလိုက်ပြီး –

မောင်ကြီး ကျွန်မတို့ ညီအစ်မနှစ်ဖော်ကို အစဉ်သတိရနေ င် ကျွန်မရဲ့ ကြောင်ငွေလက်စွပ်ကို အမှတ်တရ လက်ဆောင်ပေး ပါရစေ။ အစဉ်သဖြင့် မောင်ကြီးလက်မှာ ဝတ်ဆင်ထားပါ။ ကိုကြီးတစ်ယောက်ကို ညီမတွေကပေးတဲ့ အမှတ်တရလက်ဆောင် သဘောထားပါ။ တကယ်တော့ မောင်ကြီးနဲ့ညီမတို့ဟာ အကြောင်း



www.burmeseclassic.com

www.burmeseclassic.com



ရေစက်မကုန်သေးလို့ လာတွေ့ကြတာပါ။ မောင်ကြီးကို ညီမ
ပြောလိုက်ပါဦးမယ်၊ မောင်ကြီးရဲ့ ဇာတိချက်ကြွေ မွေးရပ်မြေကို
ရောက်ရင်လေ မောင်ကြီးအထင်နဲ့ အမြင်တွေဟာ အားလုံးပြောင်း
ဖြစ်နေပါလိမ့်မယ်။ မောင်ကြီးရဲ့ ဘဝဟာလဲ မထင်မှတ်ဘဲနဲ့ ပြော
လဲသွားပြီး တရားမွေ့ကို ကျင့်ကြံအားထုတ်ပါလိမ့်မယ်။ မောင်ကြီး
တောတောင်အနှံ့ကို သွားရောက်ပြီး တရားရှာနေရာက နောက်
အောက်ပြည် အောက်ရပ် မွန်ပြည်နယ်၊ ကျိုက်ထိုမြို့အနီးက အ
တောင်မှာ ဘုန်းတော်ကြီးတစ်ပါးနဲ့ တွေ့ဆုံမိပြီး မောင်ကြီးဟာ
မှောက်ဘဝမှာကို တရားထူး တွေ့ရှိပါလိမ့်မယ်။

မောင်ကြီးကို ညီမတို့ တောင်းပန်ချင်တာတစ်ခုက မောင်
ဘဝ ထိုထိုက ပြုခဲ့ဖူးတဲ့ဒါနကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကု
အခု မျက်မှောက်ဘဝမှာ မောင်ကြီးပြုတဲ့ ဒါနကုသိုလ်၊ သီလကု
ဘာဝနာကုသိုလ်အစုစုကို မောင်ကြီးရဲ့ ညီမတွေဖြစ်ကြတဲ့ မမ
မမလေးတို့ကို နာမည်နဲ့ဖိတ်ခေါ်ပြီး ကြေးစည်သုံးချက်ရိုက် အ
ပေးပါနော်။ ညီမတို့ စောင့်မျှော်နေပါ့မယ်။

မောင်ကြီးရဲ့ အမျှပေးဝေမှုကိုလဲ အမြဲတမ်း နားစွင့်လို့
မယ်။ ဒီမှာ နှစ်ရှည်လများ မိမိတို့ပြုလုပ်ခဲ့တဲ့ အကုသိုလ်ကံကြော



www.burmeseclassic.com

www.burmeseclassic.com



နေရတဲ့သူတချို့ဟာ သာဓုခေါ်နိုင်ကြပေမယ့် မိမိတို့နာမည်ခေါ်ပြီး ပေးမယ့် သားစဉ်မြေးဆက်၊ ဆွေမျိုးမိတ်သင်္ဂဟာအပေါင်းတွေ မရှိ ာလို့ ခံနေကြရတဲ့ သူတွေပါ။

ခုပြောတာကို ညီမတို့ကို သနားပြီး မောင်ကြီး ကောင်းမှုပြုပြီး ငြ ညီမတို့ရဲ့နာမည်တွေနဲ့ ဖိတ်ခေါ်ပြီး ကြေးစည်သုံးချက်ရိုက် အမျှ ဝေပါနော်။ ဒါကို မောင်ကြီးမမေ့မလျော့အောင် သတိရစေချင်ပါ ယ်။

ကဲ အချိန်လဲ သိပ်မရှိတော့ဘူး။ သွားရမယ့်ခရီးက အဝေး ြ၊ မောင်ကြီးနဲ့ ညီမတို့ဟာ ဆန်ဆုံစား၊ ကံကုန်သွားဆိုပေမယ့် ကုန်သေးရင်လဲ ပြန်ဆုံကြသေးတာပေါ့။ သွားတော့ မောင်ကြီး သွားပေဦးတော့လို့ ပြောပါတယ်။

ကျုပ်ဟာ မမကြီးက အမှတ်တရပေးလိုက်တဲ့ ကြောင်ငွေ က်စွပ်လေးကို ကျုပ်ရဲ့ ညာဘက်လက်ခလယ်မှာ ဝတ်ဆင်လိုက် ကျုပ် ရွှေရင်းရဲ့ရွာကို လာစဉ်က ကိုယ်နဲ့တစ်ပါတည်းယူလာခဲ့တဲ့ လေးနဲ့ မြားအိမ်ကိုတောင် မယူအားတော့ဘဲ အိမ်အပေါ်ထပ်မှ ပြေး င်းလာခဲ့ပြီး ဖြတ်စ အဆင်သင့်ပြင်ဆင်ထားတဲ့ နွားနှစ်ကောင်တပ် ည်းပေါ်ကို တက်လိုက်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လဲ နွားလှည်းပေါ်ကို ရောက်ရော ဖြတ်စကလဲ
ပြီး မောင်းထွက်ပါတော့တယ်။ သစ်သားအိမ်ကြီးပေါ်ကနေပြီး မ
မမလေးတို့ ညီအစ်မနှစ်ဖော်ဟာ ကျုပ်တို့နွားလှည်းကို မျက်စိတ
ကြည့်ပြီး ကျန်ရစ်ခဲ့ကြပါတယ်။

ဖြတ်စမောင်းတဲ့ နွားလှည်းဟာ ရွှေရင်းရဲ့ရွာရဲ့ အရှေ့
က တောင်ယာခြံမြေတွေနံဘေးက လှည်းလမ်းကြောင်းအတိုင်
မောင်းထွက်လို့ လာခဲ့ပါတယ်။ တောအထပ်ထပ်၊ တောင် အသွ
သွယ်တို့ကို ဖြတ်ကျော်မောင်းနှင် လာခဲ့ပေမယ့် လမ်းမှာ သ
တိရစ္ဆာန်သတ္တဝါဆိုလို့ တစ်ကောင်တစ်လေတောင် မတွေ့မမြင်
ဘူး။

ငှက်အော်သံ၊ ကြက်တွန်သံဆိုလို့လဲ မကြားခဲ့ရပါ
မမကြီး၊ မမလေး ညီအမနှစ်ဖော်နဲ့ ကွေကွင်းကွဲကွာခဲ့ရလို့ ဝမ်းန
သလိုလို ခံစားနေရပေမယ့် နေ့စဉ်ညခံနေရတဲ့ အသူရကာယ်ဘုံ
လွတ်မြောက်လာခဲ့ရတဲ့ ကျုပ်ရဲ့ဘဝကို ကြိတ်ပြီး ဝမ်းသာနေမိ
တာက အမှန်ပါပဲ။

ကျုပ် စဉ်းစားလို့မရတဲ့ အချက်တစ်ချက်က မမကြီး
ရွှေနားကပ်၊ ရွှေဆွဲကြိုး၊ ရွှေကြယ်သီး၊ ရွှေလက်ကောက်တွေအ
ဆင်မြန်းထားပေမယ့် ဘာကြောင့်များသူညာဘက်လက်၊လက်



www.burmeseclassic.com

www.burmeseclassic.com



ဝတ်ဆင်ထားတဲ့ ကြောင်ငွေလက်စွပ်ကလေးကိုမှ ဖြုတ်ပြီး ဘာ
ကြင့်များ ကျုပ်ကို အမှတ်တရ လက်ဆောင်ပစ္စည်း ပေးအပ်လိုက်
ယ်ဆိုတဲ့ အချက်ပဲ ဖြစ်ပါတယ်။

ကျုပ်တို့ စီးလာတဲ့ နွားလှည်းဟာ တောနက်ကြီးတစ်တော
ဖြတ်ကျော်မောင်းနှင်လာတဲ့အခါမှာ လှည်းလမ်းကြောင်းနံဘေးက
ပြီး လျှောက်လာတဲ့ လူလေးငါးဦးကို တွေ့မြင်မိပါတယ်။ အဲဒီမှာ
ျပ်နေတဲ့ ထမံသီရှာက အသိမိတ်ဆွေသင်္ဂဟ သုံးယောက်ပါရှိတယ်။
လူတွေက ကျုပ်ကို တွေ့မြင်တာနဲ့ 'ဟော့ သူတော်ကြီး၊ ဘယ်သွား
ဆို့လဲ' လို့ လှမ်းပြီး နှုတ်ဆက်ပေမယ့် ကျုပ်လဲ မမကြီး သတိပေး
ိက်တဲ့ စကားကို အမှတ်ရပြီး ကျုပ်မိတ်ဆွေတွေ မေးတဲ့စကားကို
ာမှ ပြန်မပြောခဲ့ပါဘူး။ ပြုံးရုံသာ ပြုံးပြခဲ့ပါတယ်။ ကျုပ်က ဘာမှ
န်မပြောတော့ သူတို့လဲ ဘာမှ ဆက်မမေးနေတော့ဘဲ ရွှေရင်းရဲ့ရွာ
က်ကို လျှောက်သွားကြတာကို တွေ့မြင်ခဲ့ရပါတယ်။ ဒီလိုနဲ့ တစ်
မ်းလုံး ကျုပ်ဟာ ဝမ်းပိတ်ကျင့်ပြီး လိုက်လာလိုက်တာ ခရီးအတော်
သးလဲ သွားမိရော ဖြတ်စက သူ့နွားလှည်းကို ရပ်တန့်လိုက်ပါတယ်။

ကျုပ်ကို ဖြတ်စက နွားလှည်းပေါ်ကဆင်းဖို့ ပြောတာနဲ့ ကျုပ်
ဲ နွားလှည်းပေါ်က ဆင်းလိုက်ပါတယ်။ ဖြတ်စလဲ ကျုပ်နဲ့အတူ
းလှည်းပေါ်က ဆင်းလိုက်လာပြီး ချောက်ကမ်းပါးနှစ်ခုကို ဖြတ်ပြီး



www.burmeseclassic.com

www.burmeseclassic.com


သွယ်တန်းထားတဲ့ လူတစ်ယောက်သာ လျှောက်နိုင်တဲ့ နွယ်ကြိုး
တံတားနားကိုပို့ပေးပါတယ်။ နွယ်ကြိုးတံတားဟာ ပေတစ်ရာ
နှစ်ရာလောက်တော့ အရှည်ရှိမယ်လို့ ထင်မှတ်ရပါတယ်။ ချော
ကမ်းပါးကြီး နှစ်ခုအကြားမှာတော့ အလွန်နက်တဲ့ ချောက်ကြီးက
လို့နေပါတယ်။ ဒီချောက်ကြီးထဲကို ကျုပ်လဲငုံ့မကြည့်ဝံ့ပါဘူး။
သတိပေးထားတဲ့စကားကို အစဉ် သတိရလို့နေပါတယ်။ နွယ်ကြိုး
တံတားထိပ်ရောက်တော့ ဖြတ်စကာ 'ဒီကနေ နွယ်ကြိုးတန်းဆော
ကိုင်ပြီး ကူးသွားပါ။ ဟိုမှာဘက်ကမ်းရောက်လို့ တစ်ခေါ်လော
လျှောက်သွားမိရင် ထမံသီရှာထိပ်ကို ရောက်ပါလိမ့်မယ်'လို့ ပြော
တယ်။

ကျုပ်လဲ နွယ်ကြိုးတံတားဘောင်ကြီးကိုကိုင်ပြီး စတ
ဖြတ်လို့ကူးပါတယ်။ တံတားက နွယ်ကြိုးတွေကို တစ်ခုနဲ့တစ်ခု
နှောင်ပြီး ပြုလုပ်ထားတဲ့ ကြိုးတံတားဖြစ်တော့ ကလေးပုခက်လို
ရမ်းလို့ နေပါတယ်။ ချောက်ကမ်းပါးကြီးအောက်က မီးခိုးလုံး
လုံးကြီးတွေက နွယ်ကြိုးတံတားအခင်းထိအောင်ကို မြင့်တက်လို့
ပါတယ်။ ချောက်ကမ်းပါးကြီးအတွင်းက 'ကယ်တော်မူကြပါ၊
တော်မူကြပါ'လို့ အော်သံဟာစ်သံတွေဟာလဲ တစ်တောလုံးကို ဆူညံ
နေပါတယ်။ ကျုပ်လဲ ဘုရားတပြီး ရင်ထဲက တဒိတ်ဒိတ်နဲ့ ဖြည်း


www.burmeseclassic.com

www.burmeseclassic.com


ချင်း တစ်လှမ်းချင်း လှမ်းလျှောက်ပြီး လာလိုက်တာ တစ်ဘက်အစွန်း ချောက်ကမ်းပါးကို ရောက်တော့မယ့်ဆဲဆဲမှာ ကျုပ်ဟာ ခုန်ပြီး ကူး လိုက်ရင်းနဲ့ ချောက်ကမ်းပါးအောက်ကို သမင်လည်ပြန် ငုံ့ပြီး ကြည့် လိုက်မိပါတယ်။

အလွန်တရာ နက်တဲ့ချောက်ကမ်းပါးကြီးအောက်မှာ မီး တောင် ပေါက်ကွဲလို့ ထွက်ပေါ်လာတဲ့ ချော်ရည်ပူတွေနဲ့ မီးကျီခဲတွေ ကြားမှာ နစ်ချည်ပေါ်ချည်ဖြစ်နေတဲ့ လူတွေကို ကျုပ်မျက်စိနဲ့ မြင်တွေ့ရပြီး 'ကယ်ပါ ယူပါ' တစာစာအော်နေတဲ့ အသံတွေက ဘဝင် လျှံလို့ နေတော့တာပဲ။ ကျုပ်လဲ မကြည့်ရဲတော့ဘဲ မျက်နှာကို လွှဲ လိုက်တဲ့အချိန်မှာ ကျုပ်ရဲ့နောက်နားက ဝုန်းဆိုတဲ့ တော်လဲသံကြီးလို အသံမျိုးကြီးကို ကြားလိုက်ရပြီး မီးခိုးလုံးကြီးတွေ တက်ရောက်လာ တာ နက်မှောင်လို့သွားတော့တယ်။ မီးခိုးမှိုင်းလုံးကြီးတွေလဲ လွင့်စဉ် ပျောက်ကွယ်သွားရော စောစောက ကျုပ်ဖြတ်လျှောက်လာခဲ့တဲ့ နွယ် ကြိုးတံတားကြီးလဲ မတွေ့ရတော့ဘူး၊ ကျုပ်စီးလာတဲ့ နွားလှည်းနဲ့ ဖြတ်စကိုလဲ မတွေ့ရတော့ဘူး။ ချောက်ကမ်းပါးနေရာမှာ မြက်တွေ စိမ်းလန်းစိုပြည်နေတဲ့ မြေပြင်ကြီးဖြစ်နေတာကို တွေ့မြင်ရပါတယ်။ ကျုပ်အဖို့တော့ မြင်ကွင်းအားလုံးဟာ မျက်လှည့်ပြလိုက်သလိုလို၊ အိပ် မက်ထဲမှာ ကြုံတွေ့နေရသလိုလို ထင်မှတ်လို့ နေမိပါတယ်။


www.burmeseclassic.com

www.burmeseclassic.com



ကျုပ်လဲ ခြေဦးတည့်ရာကိုလျှောက်လို့လာခဲ့ပါတယ်။ ဖြတ်ပြောတဲ့အတိုင်းပါပဲ၊ တစ်ခေါ်လောက် လျှောက်လာမိရင်ပဲ ကျုပ်ရဲ့ဇာတိချက်ကြွေ မွေးရပ်မြေဖြစ်တဲ့ ထမံသီရွာကို ရောက်လာပါတော့တယ်။ ကျုပ်လဲ အားရဝမ်းသာနဲ့ ရွာထဲကို ဝင်လာမိပါတယ်။ ထမံသီရွာရဲ့ အခြေအနေအရပ်ရပ် မြင်ကွင်းတွေအားလုံး ပြောင်းလဲလို့နေတာကို တွေ့မြင်ရပါတယ်။ ကျုပ်ငယ်ငယ်ကနေခဲ့တဲ့ ကျောင်းကြီးလဲမရှိတော့ဘူး။ ကျောင်းရဲ့မြေကွက်လပ်ဟာ ဟင်းလင်းပြင်ကြီးဖြစ်နေပြီးကောက်ရိုးတွေ စုပုံလို့နေတာကို တွေ့ရတယ်။ အကြော်သယ် ဒေါ်မှုရဲ့ အကြော်တဲလေးနေရာမှာလဲ ပျဉ်ထောင်နှစ်ထပ်အိမ်ကြီးအိမ်ကောင်းတစ်လုံး ဆောက်လုပ်ထားတာကို တွေ့မြင်ရပါတယ်။ မျက်စိနဲ့ တွေ့မြင်နေရတဲ့ မြင်ကွင်းတွေအားလုံးဟာ ပြောင်းလဲလို့ နေကြမှကိုး။

ကျုပ်လဲ ထမံသီရွာထဲကို လျှောက်လို့ လာခဲ့ပါတယ်။ ရွာထဲကို ဝင်လိုက်တာနဲ့ ခွေးတစ်ကောင်ဟာ ကျုပ်ကို မြင်တော့ ဟောင်ပြီးအိမ်တစ်အိမ်အောက်ကို ပြေးဝင်သွားပါတယ်။ ရွာထဲမှာက ယောကျ်ားမိန်းမ၊ ကလေး၊ အရွယ်ရွယ်အစားအစားကို တွေ့မြင်ရပေမယ့် အားလုံးဟာ မျက်နှာစိမ်းချည်းပဲ။ ကျုပ်ကို သိကျွမ်းတဲ့လူဆိုလို့ ကလေးလူကြီး၊ ယောကျ်ား၊ မိန်းမ တစ်ယောက်မှ ရှာလို့မတွေ့တော့ဘူး။ ကျုပ်လဲ ကျုပ်ရဲ့နေအိမ်ကို သွားကြည့်တော့ ထူးထူးခြားခြား ကျုပ်ရဲ့နေအိမ်က ဘာမှထူးထူးခြားခြား ပြောင်းလဲနေတာ မတွေ့ရဘူး။ ကျုပ်



www.burmeseclassic.com

www.burmeseclassic.com



အိမ်ရှေ့မှာရှိတဲ့ ကျုပ်ထိုင်နေကျ သစ်သားကွပ်ပျစ်လေးပေါ်မှာ ဆယ့်ခြောက်နှစ်အရွယ် ကောင်ကလေးတစ်ယောက် ထိုင်လို့နေတာကို တွေ့မြင်ရပါတယ်။ အဲဒီ ကောင်ကလေးက ကျုပ်ကို မမြင်ဘူးလို့ ထင်ပါရဲ့၊ စူးစူးစိုက်စိုက် ကြည့်လို့နေတယ်လေ။

ကျုပ်က အဲဒီကောင်ကလေးရဲ့အမည်ကို မေးကြည့်တော့ 'အာကာ' လို့ ပြောပါတယ်။ သူ့ရဲ့ အဖေနဲ့အမေနာမည်တွေကို မေးမြန်းကြည့်တော့ အဖေက ဦးဇော်၊ အမေက ဒေါ်ညိုလို့ ပြောပါတယ်။ သူတို့လဲ ဆုံးပါးကုန်လို့ သူ့အဖေရဲ့အိမ်မှာ သူ့အဒေါ်ဖြစ်တဲ့ သူနဲ့အတူနေထိုင်ကြောင်း ပြောပြပါတယ်။ သူ့အဖေ ဦးဇော်ဆိုတာက ကျုပ်ရဲ့သား မောင်ဇော်များဖြစ်နေမလားလို့ သိချင်တာကြောင့် ဦးဇော်ရဲ့အဖေ အမေ၊ မင်းရဲ့ အဘိုး အဘွားတွေရဲ့အမည်ကို သိသလားလို့ မေးလိုက်တော့ မောင်အာကာက အဘိုးဖြစ်သူ ဦးသူတော်၊ အဘွားဖြစ်သူက ဒေါ်အေးမြလို့ ပြောပါတယ်။ အဘိုးအဘွားကိုတော့ သူတစ်ခါမှ မတွေ့မြင်ဘူးကြောင်း၊ အဖေပြောပြလို့ သိခဲ့ရကြောင်းကို ပြောပြပါတယ်။ ကျုပ်တော့ မောင်အာကာဆီက စကားကိုကြားလိုက်ရတော့ တော်တော့်ကို အံ့သြသွားမိပါတယ်။ ကျုပ်ဟာ မင်းတို့အဘိုး ဦးသူတော်ဆိုတာ ငါပဲလို့ ပြောလဲ မောင်အာကာက ယုံမှာမဟုတ်ဘူး။ ကျုပ်ကိုသိတဲ့သူကို သက်သေထူပြဖို့ရာကလဲ ထမံသီရွာမှာ တစ်ဦးတစ်ယောက်မှ မရှိကြတော့ဘူး။



www.burmeseclassic.com

www.burmeseclassic.com



'အင်း ကျုပ် မမကြီး၊ မမလေးတို့နေတဲ့ အသူရကာယ်ဘုံမှာ တစ်ခဏ၊ တစ်လနှစ်လ သွားနေတဲ့အချိန်ပိုင်းလေးအတွင်းမှာ လူ့ပြည်မှာနှစ်အတော်ကြာအောင်ပြောင်းသွားခဲ့တဲ့အဖြစ်ကိုကျုပ်ကိုယ်တွေ့ကြုံရတော့တာပဲ။ ဒီအခါမှာ ကျုပ်ဟာ အကုသိုလ်အလုပ်ကို ကိုယ်တွေ့မျက်မြင်ဖြစ်လို့ အကြောက်ကြီး ကြောက်မိသွားပြီး အကုသိုလ်အလုပ်မှန်သမျှကို လုံးဝ စွန့်လွှတ်လိုက်ပါတယ်။ အကုသိုလ်အလုပ်ကို ကျုပ်ဟာ ဘယ်လောက်ထိအောင် ကြောက်ရွံ့ထိတ်လန့်သွားမိသလဲ ဆိုရင် အကုသိုလ်အလုပ်ကိုလုပ်ရင် ငွေတစ်သိန်းပေးပါ့မယ်ဆိုလဲ ကျုပ်တော့ မလုပ်ဝံ့တော့ဘူး။ အကုသိုလ်အလုပ်ကို ကျုပ်တစ်သက်မှာ မလုပ်တော့ဘူးလို့ ဆုံးဖြတ်လိုက်ပါတယ်။ အဲဒီအချိန်ကစပြီး ကျုပ်ဟာ မုဆိုးတံငါသည်ဘဝကို စွန့်လွှတ်လိုက်ပြီး ရှမ်းပုတီးတစ်ကုံးနဲ့ တရားရှာ ထွက်လာခဲ့တော့တာပါပဲ။

ကျုပ်မှာက ဆွေမျိုးရင်းချာဆိုလို့ တစ်ယောက်မှ မရှိတော့ပါဘူး။ ကျုပ်ကို မှီခိုပြီး စားသောက်မယ့်လူလဲ မရှိတော့ပါဘူး။ ကျုပ်ဟာ တစ်ကိုယ်ရေ တစ်ကာယသမားပဲ။ ဒီတော့ တရားကျင့်ကြံအားထုတ်တဲ့နေရာမှာ နှောက်ဆံမတင်းဘူးပေါ့။ ကျုပ်ဟာ ပုပ္ပါးတောင်၊ စစ်ကိုင်းတောင်၊ စမတောင်၊ ဆင်ဖြူတောင်၊ ခွဲကပင်တောင်၊ ဆဒ္ဒန်ဂူ၊ ဇင်းကျိုက်တောင်၊ မင်းမနွတောင်၊ ကယ်လွှင်ကြီးတောင်၊ ကေလာသ၊ ကေလာသဖတောင်၊ ဝေပုလ္လတောင်၊ မြသပိတ်တောင်၊ ကြောင်တစ်ရှူး



www.burmeseclassic.com

www.burmeseclassic.com



တောင်တွေမှာ နှစ်ပေါင်းများစွာ တရားကျင့်ကြံအားထုတ်ပြီး အခု အာပေါ်တောင်ကို ရောက်လာခဲ့တာပါပဲ။ အာပေါ်တောင်ရောက်တော့ မှ အခု ဒီကျောက်ဂူထဲမှာ ကျုပ် အရင်ရောက်နှင့်နေတဲ့ တောရ ဘုန်းတော်ကြီးတစ်ပါးနဲ့ ဆုံဆည်းမိပြီး ဆရာတော်ဘုရား ချီးမြှင့်တဲ့ တရားတော်လမ်းစဉ်အတိုင်း ကျင့်ကြံအားထုတ်လို့ နေပါတယ်။ ဆရာတော်ဘုရားဟာ အခု ကျိုက်ထီးရိုး ရသေ့တောင်နားက ဗုဒ္ဓေါဂူကို ကြွသွားပါတယ်။ မကြာခင်မှာ ပြန်ပြီး ကြွလာပါလိမ့်မယ်။ ကျုပ်ရဲ့ အဖြစ်သနစ်က ဒါပါပဲ။ ဘယ့်နဲ့လဲ ကျုပ် ပြောခဲ့တာတွေကို ယုံကြည်လက်ခံရဲ့လား မောင်ရင်တို့'

သျှောင်တစောင်း ဦးသူတော်၏ စကားက ဆုံးသွားလေပြီ။

အကျွန်ုပ်နှင့် စောဘီလူးတို့က တုပ်တုပ်မျှမလှုပ်၊ ငြိမ်သက်၍ နားထောင်နေကြသည်။ ဦးသူတော်က သူ့ဘဝ ကြုံတွေ့ ဆုံတွေ့ခဲ့ရသော ဘဝမှတ်တမ်း ဇာတ်လမ်းရှည်ကြီးကို မမောတမ်း မပမ်းတမ်း အားပါးတရ ပြောကြားလိုက်ရ၍ မောသွားဟန် တူသည်။ ထို့ကြောင့် ရှေ့တွင်ရှိသော လက်ဖက်ရည်ကြမ်းအိုးထဲမှ လက်ဖက်ရည်ကြမ်းကို ငှဲ့ကာ နှစ်ခွက်ဆင့်၍ သောက်သုံးလိုက်၏။

စောဘီလူးက အကျွန်ုပ်၏ မျက်နှာကို လှမ်း၍ ကြည့်လိုက်သည်။ တစ်စုံတစ်ခု အဖြေစကား ပြောကြားရန် တောင်းဆိုဟန်တူသည်။ ထို့အတွက်ကြောင့်–



www.burmeseclassic.com

www.burmeseclassic.com



'ကျွန်တော်တို့ထက် အသက်အရွယ်ကြီး၊ ဘဝအတွေ့အကြုံ စုံတဲ့လူကြီး၊ သူကြီးရဲ့ ပြောစကားကို ကျွန်တော်တို့ ယုံကြည်လက်ခံပါ တယ်။ ကျွန်တော်တို့က အရာရာကို မသိစက္ခုအမြင်နဲ့ မဆုံးဖြတ်ပါ ဘူး၊ ပညာစက္ခုအမြင်နဲ့ ဆုံးဖြတ်ပါတယ် ဦးရယ်'

အကျွန်ုပ်၏ အဖြေစကားကို ဦးသူတော်က ကျေနပ် နှစ်သိမ့် သွားပြီး –

'မောင်ရင်တို့ဆီက ခုလို အဖြေစကား ကြားသိရတော့ ကျုပ် ဝမ်းသာလှပါတယ်။ အခုခေတ် လူငယ်တွေကို ကျုပ်ရဲ့ ဘဝ အတွေ့ အကြုံ အဖြစ်သနစ်တွေကို ပြောပြခဲ့ဖူးပါတယ်။ သူတို့က သူတို့မျက်စိ နဲ့ မတွေ့မမြင်နိုင်တဲ့ အဖြစ်အပျက်လို့ မယုံကြည်နိုင်ကြဘူး။ ဒီ အဘိုး ကြီး မဟုတ်တာတွေကို လျှောက်ပြောနေတယ်လို့ ထင့်မြင်ယူဆနေကြ တယ်'

'ဦးကို ကျွန်တော်သိချင်တာလေးတစ်ခုတော့ မေးပါရစေ'

'မေးပါ မောင်ရင်တို့ရယ် မေးပါ၊ ကျုပ်သိသမျှကို ဖြေပါ့ မယ်'

'ဦး တွေ့ခဲ့တယ်ဆိုတဲ့ ရွှေရင်းရဲ့ရွာက မမကြီး၊ မမလေးတို့ နဲ့ အပြင်လောကမှာ နောက်ထပ် တွေ့သေးသလား'

ဦးသူတော်က စဉ်းစားလိုက်ပြီး –



www.burmeseclassic.com

www.burmeseclassic.com



အပြင်လောကမှာတော့ တစ်ခါမှ မတွေ့မြင်တော့ပါဘူး၊ ကျုပ် ထမ်းသီရွာက ထွက်လာခဲ့ပြီး တောတောင်တွေမှာ တရားဓမ္မ ကျင့်ကြံအားထုတ်သော့ မမကြီးမှာလိုက်တဲ့ မမကြီး၊ မမလေးနှာမည် တွေ ဖိတ်ခေါ်ပြီး မိမိရဲ့ ကုသိုလ်ကောင်းမှု တစ်ခုခုကို အမျှပေးဝေခဲ့ ပါတယ်။ ဒီတုန်းကတော့ ကျုပ်ကို မမကြီး၊ မမလေးတို့ ညီအစ်မ နှစ်ဖော်က အိပ်မက်လာပေးပါတယ်။ အိပ်မက်ထဲမှာ ကျုပ်ပေးတဲ့ အမျှ ကို ရရှိကြောင်း၊ ကျေးဇူးတင်ရှိကြောင်းများ၊ မကြာမီမှာ သူတို့ဟာ သုဂတိဘုံကို ရောက်တော့မည်ဖြစ်တဲ့အကြောင်းကို တစ်ကြိမ် နှစ်ကြိမ် လာပြီး အိပ်မက်ပေးဖူးပါတယ်။ ခု မမကြီး၊ မမလေးတို့ အိပ်မက် လာမပေးတာ အတော်ကို ကြာသွားပြီ။ နှစ်တွေ ဒီလောက်ကြာလာ တော့ သူတို့လဲ အသုရကာယ်ဘုံက ကျွတ်လွတ်လောက်ပြီ ထင်ပါရဲ့'

ဦးသုတော်က စကားပြောပြီးသည်နှင့် သူ့ညာဘက် လက် ခလယ်တွင် ဝတ်ဆင်ထားသော ကြောင်ငွေလက်စွပ်လေးကို ချွတ်၍ ကြည့်လိုက်ပြီး–

'ဒီ ကြောင်ငွေလက်စွပ်လေးဟာ ကျုပ်ကို မမကြီးပေးလိုက်တဲ့ လက်စွပ်လေးပဲ၊ ဒီကြောင်ငွေလက်စွပ်လေးကို ဝတ်ဆင်ထားလို့ အမှတ်ရနေရင် သံယောဇဉ်မီးပွားရှိကလွဲလို့ ဘာမှ ကျေးဇူးမများပါဘူး၊ ကျုပ်က တရားသမားဖြစ်နေမှပဲ။ ဒါတွေလဲ မလိုအပ်တော့ပါဘူး။ ဒီ ကြောင်ငွေလက်စွပ်လေးဟာ ငွေကြေးအရ တန်ဖိုးမရှိပေမယ့် ထူးခြား



www.burmeseclassic.com

www.burmeseclassic.com


ဆန်းကြယ်တဲ့ လက်စွပ်ကလေးပါ။ ကျုပ်အတွက်ကတော့ အသုံးမလို တော့ပါဘူး။ မောင်ရင်တို့လို လူငယ် လူရွယ်တွေအတွက်တော့ အသုံးဝင်ကောင်း ဝင်မယ်၊ ဒါကြောင့် မောင်ရင့်ကို ကျုပ် မေတ္တာရှေ့ ထားပြီး ပေးလိုက်မယ် ရော့'

ဦးသူတော် လက်ကမ်း၍ပေးသော ကြောင်ငွေလက်စွပ်လေး ကို အကျွန်ုပ်က လှမ်းယူလိုက်ပြီး –

'ဒီ ကြောင်ငွေလက်စွပ်လေးက ဘယ်လိုများ ထူးခြားဆန်း ကြယ်လို့လဲ ဦး'

'ဩ မောင်ရင်ဝတ်ထားရင် သိလာမှာပေါ့။ တစ်ခုတော့ ရှိ တယ်၊ ဒီကြောင်ငွေလက်စွပ်ဟာ ညာဘက်လက် လက်ခလယ်မှာ အမြဲ တမ်း ဝတ်ထား၊ အသုဘအိမ်တို့၊ မီးနေအိမ်တို့ကိုလဲ ရှောင်စရာမလို ဘူး'

'ဟုတ်ကဲ့၊ ကျေးဇူးတင်ပါတယ် ဦးရယ်'

အကျွန်ုပ်သည် လွယ်အိတ်ထဲတွင် အသင့်ယူဆောင်လာခဲ့ သော ရသာ သကြားလုံးထုပ်၊ လက်ဖက်ခြောက်ထုပ်နှင့် ငွေနှစ်ဆော ကျပ်ကို ဝတ်ဖြူစင်ကြယ်ဝတ်၊ သျှောင်တစ်စောင်း ဦးသူတော်၏ရှေ့ တွင် ချ၍ –

'ကျွန်တော်တို့ ဦးကို ကန်တော့ပါတယ်'


www.burmeseclassic.com

www.burmeseclassic.com



အကျွန်ုပ်နှင့် စောဘီလူးတို့က ကန်တော့လိုက်ကြ၏။

'သာဓု သာဓု သာဓု၊ ဤသို့လှူရသော မြတ်ဒါနကြောင့် ...းလေရာ လာလေရာ ဘေးမသီရန်မခဘဲ မိမိတို့ရဲ့ စိတ်ကြံရွယ် ...သမျှ၊ မိမိတို့ရဲ့နှုတ်က ဖွင့်ဟပြောကြားလေသမျှ မိမိတို့ရဲ့ ကိုယ် ...ယကလုပ်ဆောင်လေသမျှ အားလုံး ပြီးမြောက်အောင်မြင်ကြပါစေ၊ ...င်ရင်တို့ လှူဒါန်းတဲ့ စားသောက်ဖွယ်ရာတွေကိုတော့ ဦးလက်ခံပါ ...ယ်။ ငွေကိုတော့ ဦး လက်မခံပါရစေနဲ့၊ ငွေဟာ ကျုပ်အတွက် အသုံး ...မရှိပါဘူး၊ အသုံးလဲ မလိုပါဘူး။ မောင်ရင်တို့ကို ပြန်စွန့်လိုက်ပါ ...ယ်'

ထိုသို့ ဦးသူတော်က ပြောပြီး သူ့ရှေ့မှောက်တွင်ရှိသော ငွေ ...ရာကျပ်ကို အကျွန်ုပ်တို့အား ပြန်လည်၍ စွန့်လိုက်သည်။ အကျွန်ုပ် ...သည် ပိတ်ဖြူစင်ကြယ်ဝတ် သျှောင်တစ်စောင်း ဦးသူတော်အား ...်ဆက်ပြီး အာပေါ်တောင် ကျောက်လိုဏ်ဂူကြီးမှ ပြန်လာခဲ့ကြ ...ည်။ အကျွန်ုပ်၏ ညာဘက်လက်၊ လက်ခလယ်တွင် ဦးသူတော် ...အပ်လိုက်သော ထူးခြားဆန်းကြယ်သည့် ကြောင်ငွေလက်စွပ်လေး ...ဆင်မြန်းဝတ်ဆင်ပြီး အကျွန်ုပ်နှင့် စောဘီလူးတို့သည် လာခဲ့သော ...်းအတိုင်း ကျိုက်ထိုမြို့ ရှမ်းစုရပ်သို့ ပြန်ခဲ့ကြတော့၏။

အကျွန်ုပ်တို့သည် ကျိုက်ထိုမြို့တွင် တစ်ပတ်ခန့်နေထိုင်ခဲ့ကြ ... ရန်ကုန်မြို့၊ စဥ့်အိုးတန်းလမ်း၊ အိမ်အမှတ် (၁၀) အကျွန်ုပ်နေအိမ်



www.burmeseclassic.com

www.burmeseclassic.com


သို့ ပြန်လည်ရောက်ရှိချိန်တွင် အကျွန်ုပ်သည် ညာဘက်လက်ခေ
တွင် ဝတ်ဆင်ထားသော ကြောင်ငွေလက်စွပ်လေးကို သေချာစွာ ကြ
ရှုလိုက်သည်။ ကြောင်ကျောက်မှာ ပြည်ပုပ်ရောင်ဖြစ်ပြီး ကျောက်
ငွေစွန်ကုတ်ကလေး ကိုးချက်က သေချာစွာ ကုတ်ထားကာ ကျော
အိုးနှင့် လက်စွပ် ကွင်းဆက်တော့သည့် တစ်ဘက်တစ်ချက်နေရာ
ဘီလူးအထီးခေါင်းနှင့် ဘီလူးအမခေါင်းလေးနှစ်လုံးကို သေချာ
ပြုလုပ်၍ထားသည်ကို တွေ့မြင်ရသည်။ ကြောင်ကျောက်ကို ကြ
လျှင် ကျောက်သားထဲတွင် တစ်ခါတစ်ခါ တောရိပ်တောင်ရိပ်များ
တွေ့နေရသည်။ တစ်ကြိမ်တစ်ကြိမ်တွင် မီးရောင်စုံများ လင်းလက်
နေတတ်ပြီး တစ်ခါတစ်ခါတွင် ဘီလူးမျက်နှာများ ပေါ်လွင်၍ နေတ
သည်။ ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိပြီး သုံးရက်အကြာတွ
အကျွန်ုပ်၏ ညာဘက်လက်ခလယ်တွင် ပိတ်ဖြူစင်ကြယ်ဝတ် သူ
တစ်ယောင်း ဦးသူတော်ပေးလိုက်သော ကြောင်ငွေလက်စွပ်လေး
တစ်ကြိမ်တစ်ခါမှ မချွတ်ဘဲ ဝတ်ထားပါလျက်နှင့် ထူးခြားဆန်းကြ
စွာ အလိုလို ပျောက်ဆုံး၍ သွားခဲ့ပါတော့၏။

ဂမ္ဘီရ ဆရာ


www.burmeseclassic.com

www.burmeseclassic.com

# အံ့ဩဘနန်းဖြစ်ရပ်ဆန်း

# အရိန္ဒမာ

၁၉၇၄ ခုနှစ်က ဖြစ်လေသည်။

တစ်နေ့သ၌ အကျွန်ုပ်နှင့် တပည့်ကျော် စောဘီလူးတို့သည် ဆ်လလျှင် တစ်ကြိမ်၊ နှင်းဆီကုန်း ဘိုးဘွားရိပ်သာသို့ သွားရောက် သ့ရှိသည့်အတိုင်း ရောက်ရှိသွားခဲ့လေသည်။

အကြောင်းကား အကျွန်ုပ်၏ မိဘဘိုးဘွားများ ဇာတိချက် ပ်ရာ ဝါးခယ်မမြို့မှ ဘိုးချိန်သည် အားကိုးအားထားရာ မရှိသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



ဘိုးဘွားရိပ်သာတွင် လာရောက်ခိုလှုံနေရသောကြောင့် အကျွန်ုပ်အ
ဖြင့်လည်း မိမိ၏ အဘိုးတစ်ယောက်ကဲ့သို့ မှတ်ယူကာ တတ်နိုင်သ
သွားရောက်လှူဒါန်းခြင်းဖြစ်လေသည်။

အကျွန်ုပ်သည် ဝါးခယ်မမြို့မှ ဘိုးချိန်ထံသို့ လှူဒါန်း
တစ်လလျှင် တစ်ကြိမ် မပျက်မကွက် မှန်မှန်သွားရောက်လေ့ရှိ
ဘိုးချိန်နှင့် ခုတင်ချင်းကပ်လျက်ရှိသော အဘိုးတစ်ဦးနှင့် သိကျွ
ခင်မင်ခဲ့ရသည်။

ထိုအဘိုး၏ အမည်မှာ ဘိုးအောင်ချိန်ဖြစ်သည်။ စစ်
ခေတ်က စာရေးဆရာဘဝတွင် နှစ်ပေါင်း (၄၀) ကျော် ကျင်လည်
သည်ဆို၏။ ကျွန္တာဝဇိရ ကလောင်အမည်ဖြင့် စာအုပ်၊ စာ
ဆောင်းပါးပေါင်းများစွာကို စစ်ကြိုခေတ်ကာလက ရေးသားခဲ့သူ
ဖြစ်သည်။ ဘဝအခြေအနေ အားလျော်စွာ ဘိုးအောင်ချိန်သည် 
ခုနှစ်၊ ဇူလိုင်လ (၂၀) ရက်နေ့ကစ၍ နှင်းဆီကုန်းဘိုးဘွားရိပ်သာ
ခိုလှုံလျက် ရှိသည်ဆို၏။

အကျွန်ုပ်လည်း စာပေဝါသနာရှိသူဖြစ်သည့် အားလျော်
နှစ်ပေါင်း (၄၀) ကျော် စာပေလောက၌ ကျင်လည်ခဲ့သည်ဆို
ဘိုးအောင်ချိန် (ခေါ်) ကျွန္တာဝဇိရကို အထူးပင် စိတ်ဝင်စားခဲ့သ



www.burmeseclassic.com

www.burmeseclassic.com


ာမှုနယ်ပယ်တွင် သက်ကြီးစကား၊ သက်ငယ်ကြားဆိုသည့်စကား
ျ မိမိထက် အသက်အရွယ်ကြီးရင့်သောသူများ၏ အတွေ့အကြုံ
သိပညာများကို မှတ်တမ်းတင်ထားလေ့ရှိသည်။ အကျွန်ုပ်အား
းအောင်ချိန်က ပြောပြသော စကားများတွင် ထူးခြားဆန်းကြယ်
သဖွယ်ကောင်းသော အဖြစ်အပျက် အဆွေ့ဖွတ္တိတစ်ပုဒ် ပါရှိသည်။
အဖြစ်အပျက်ကို တချို့သောသူများက ယုံတမ်းစကားဟု ထင်
ာ်ကောင်း ထင်မှတ်ပေလိမ့်မည်။ မည်သို့ပင်ဖြစ်စေ၊ ဗဟုသုတ ရှာ
သိုသူများအတွက် ဘိုးအောင်ချိန်နှုတ်မှ ပြောပြသည့်အတိုင်း
ကျွန်ုပ်သည် အောက်တွင် ရေးသားဖော်ပြလိုက်ပေသည်။

'ကျွန်တော့်အမေရဲ့ ညီမအရင်းဖြစ်သူ ဒေါ်လေးနဲ့ ဦးလေးတို့
ပြည်မြို့ အင်ကြင်းမြောင်တောရမှာ ဇရပ်တစ်ဆောင်ဆောက်လုပ်
ကမ္မဋ္ဌာန်းတရား ပွားများအားထုတ်နေကြတာ နှစ်ပေါင်း (၂၀)
း ကြာပြီဖြစ်ပါတယ်။

တစ်နေ့မှာ ကျွန်တော်ဟာ ဒေါ်လေးဆီ သွားရောက်
သိပတ်ရင်း အင်ကြင်းမြောင်က သီလရှင် မဥတ္တရာတစ်ယောက်
ဆောင်းတော် ကဿပကို ဖူးတွေ့ခဲ့ရတယ်ဆိုတဲ့ သတင်းစကား
လျက်ရှိတာကို ကြားသိရပါတယ်။ ဒီတုန်းကကျွန်တော့်ရဲ့အသက်
(၁၈) နှစ်သာ ရှိသေးမယ့် ဒီသတင်းစကားကိုအတော်စိတ်ဝင်စားခဲ့မိ
တယ်။ မကြာ ခင်မှာပဲ ဒေါ်လေးဟာ ကျွန်တော့်ကိုခေါ်ပြီး အခြား


www.burmeseclassic.com

www.burmeseclassic.com



အဖော် သုံးယောက်နဲ့အတူ မဥတ္တရာနေတဲ့ သီလရှင်ဇရပ်ကို ခေါ်သွား
ပါတယ်။

ဇရပ်ကို ရောက်တော့ ဆရာလေး မဥတ္တရာ အလောင်းတော်
ကဿပကိုရောက်ပြီး ဖူးတွေ့ခဲ့ရတယ်လို့ ကြားရပါတယ်။ ဘယ်
သွားပြီး ဘယ်လိုဖူးတွေ့ခဲ့ရတယ်ဆိုတာကို သိချင်ကြားချင်တာနဲ့ လ
ပြီး လာခဲ့ကြတာပဲ။ တဆိတ်လောက် ပြောပြစမ်းပါ၊ ဆရာလေး
လို့ ဒေါ်လေးက စတင်လို့ ပြောလိုက်ပါတယ်။

ဒီအခါမှာ ဆရာလေး မဥတ္တရာက ဖျာခင်းပြီး ထိုင်ကြပါဦး
နားကြပါဦးလို့ဆိုပြီး အနီးမှာရှိတဲ့ ရေတကောင်းက ရေများကို ဖ
မှာ ငှဲ့ကာ တစ်ယောက်ပြီးတစ်ယောက်ပေးရင်း ဒေါ်လေးတို့ကြား
လို့ အခုလို လာမေးကြတယ်ဆိုတော့ ဒီအကြောင်းကိုပြောရ
တဆွေးဆွေး တမြေ့မြေ့နဲ့ လွမ်းဖျားလွမ်းနာကျပြီး မစားနိုင် မအိ
နိုင်အောင်ကို ဖြစ်သွားတာပဲ ဒေါ်လေးရဲ့ လို့ ပြောပါတယ်။ ပြီးတော့
ဆရာလေး မဥတ္တရာဟာ တစ်စုံတစ်ခုကို တွေးတောနေတဲ့ လက္ခဏာ
နဲ့ ငေးစိုက်ပြီး ကြည့်နေတာကို တွေ့ရပါတယ်။

ဒေါ်လေးက ကိုယ်တိုင်မရောက်ဖူးလို့ မဖူးရပေမယ့် တစ်ဆင့်
စကား တစ်ဆင့်နား ကြားရကတည်းက ဘယ်လို ကြည်ညိုမှန်း
ချင်မှန်းမသိဘူး၊ ဆရာလေးက ကိုယ်တွေ့ဖူးတွေ့ခဲ့ရသူဆိုတော့ ဆ



www.burmeseclassic.com

www.burmeseclassic.com



းရဲ့ အတွေ့အကြုံကို ကြားရရင် အင်မတန် ဝမ်းသာရမှာပဲ။ ဆရာ
း အဖို့လဲ နိဗ္ဗာန်ကူးတို့ပို့ပေးတဲ့ ကုသိုလ်ဟာ အလွန် ကြီးမား
မြတ်ပါတယ်လို့ အတန်တန်ကို တိုက်တွန်း ပြောကြားပါတယ်။

ဒီတော့မှ ဆရာလေး မဥတ္တရာရဲ့ မျက်နှာဟာ ကြည်လင်
ပြီး 'ကိုင်း ဒေါ်လေးတို့ ဒီလောက်တောင် ကြားချင်တယ်ဆိုရင်လဲ
ရတာပေါ့'လို့ဆိုပြီး ရေတကောင်းကို သူ့နေရာ ပြန်ထားကာ
န်တော်တို့ရဲ့ အနားမှာလာထိုင်ပြီး သူ့ကိုယ်တွေ့ကို ပြောပြပါ
တယ်။

နေ့ရက်ကတော့ ၁၂၇၈ ခုနှစ်၊ တပို့တွဲလပြည့်နေ့ကပါ၊ နိဗ္ဗိန္ဒ
င်မှာ ဆရာလေးတို့ သီလရှင်တွေ ဆယ်ပါးသီလယူပြီး ဥပုသ်
င့်နေကြပါတယ်။ ဓီးကုန်းက စက်သူဌေး ဦးစံထိုင်းက ဥပုသ်
ည်တွေကို ဆွမ်းကျွေးလို့ စားသောက်ပြီး ပြန်အလာ ကျောင်းတိုက်
င်ဝရောက်တော့ ရေချမ်းစင်နဲ့ ဇရပ်ကလေးမှာ အမောပြေ ခဏဝင်
င်နေတယ်။

ဒီအချိန်မှာ အသက် ၃၀ လောက်ရှိပြီလို့ ခန့်မှန်းရတဲ့ ဦးပဉ္ဇင်း
စ်ပါးနဲ့ နောက်က ကျောင်းသားလေးတစ်ယောက်ပေါက်လာပြီး ဒီ
ကျောင်းတိုက်က ဘယ်လိုခေါ်ပါသလဲလို့ မေးပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဆရာလေးက 'အင်ကြင်းတောရလို့ ခေါ်ပါတယ်၊ ဘုရားသ
လျှောက်တော့ ဒါဖြင့် ဒီတောရမှာ ဟသ်ာတက သီလရှင် မဥတ္တရာ
ဆိုတာ သိပါသလားလို့ မေးတယ်။

တပည့်တော်မပါဘဲ ဘာကိစ္စများ ရှိပါသလဲ ဘုရားလို့ မေး
တော့ တစ်ခြားမဟုတ်ပါဘူး။ မဥတ္တရာဟာ ဟို အတိတ်ဘဝတုန်းက
ဦးပဥ္စင်းနဲ့ မောင်နှမအရင်းတော်ခဲ့ကြတယ်။ အဲဒီဘဝတုန်းက ဦးပဥ္စင်း
ထွက်ရပ်ပေါက်ရင်း အလောင်းတော်ကဿပကို သုံးခေါက်တိတိ လိုက်
ပို့ရမယ်လို့ မဥတ္တရာက တောင်းဆိုခဲ့တဲ့အတွက် ပို့ပေးပါမယ်လို့ ဝန်ခံ
ကတိပေးခဲ့တယ်။ အဲဒီဘဝမှာပဲ ထွက်ရပ်ပေါက်ကို တစ်ကြိမ်ပို့ခဲ့ပြီး
နောက်ဘဝ ဒုတိယအကြိမ်လဲ ပို့ပေးခဲ့ပြီ။ ယခုဘဝ တတိယအကြိမ်
နောက်ဆုံးအဖြစ် သွားချင်ရင် လိုက်ပို့ပေးမယ်လို့ တမင်လာခေါ်တာ
ပါပဲဆိုတော့ ဆရာလေးလဲ ရုတ်တရက် အံ့သြသွားတယ်။

အရင်ဘဝတုန်းက မောင်နှမ မဖျော်လင့်ဘဲ ခုလို တွေ့ရတာ
ဝမ်းသာလွန်းလို့ ဒါနဲ့နေပါဦး၊ ဘုရားတပည့်တော်မက သုံးဘဝတော
ကူးနေပြီပဲ။ ဒီလိုဆိုရင် ဦးပဥ္စင်း အသက်ဘယ်လောက်ရှိနေပြီလဲ
ဘုရားလို့ မေးလိုက်တယ်။ ဦးပဥ္စင်းက အသက်တွေဘာတွေ မေးမနေ
နဲ့၊ မဥတ္တရာက သုံးဘဝကူးနေပေမယ့် ဦးပဥ္စင်းက တစ်ဘဝပဲ ရှိသေး
တယ်တဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဩဘော် ဓောာ်တော့ကို အုံ့ဖို့ကောင်းတာပဲနော်လို့ ဒေါ်လေးက ပြောလိုက်ပါတယ်။

ဟုတ်တယ်၊ ဆရာလေးလဲ ဝမ်းသာအားရနဲ့ တပည့်တော် သိပ်ကံထူးတာပဲ ဘုရား။ အလောင်းတော် ကဿပကို အရင့် အရင် ဘဝက ဖူးတွေ့ခဲ့ရတဲ့ ပါရမီဓာတ်ခံကြောင့် ထင်ပါရဲ့၊ ဖူးချင်တဲ့ အာရုံ တွေ ပေါ်ပေါ်နေတာ တစ်နှစ်လောက်ရှိနေပြီလို့ လျှောက်လိုက်ပါ တယ်။

ဒီတော့ ဦးပဥ္စင်းက 'ကိုင်း လိုက်မယ်ဆိုရင် ခုပဲသွားမယ်၊ ရက်များ မကြာပါဘူး။ ၇–ရက်ထဲပဲ ကြာမယ်။ ဓောင်၊ ခြင်ထောင်နဲ့ အဝတ်အစား နည်းနည်းပါးပါးယူခဲ့၊ ဟောဒီ ကျောင်းသားလေးပါ ခေါ်သွား၊ မြန်မြန်လဲ ပြန်လာဆိုပြီး သူနဲ့အတူပါလာတဲ့ ကျောင်းသား လေးကို ထည့်လိုက်တယ်။ ကျောင်းသားလေးနာမည်က ထွန်းဓောတဲ့။

အင်း ဒါနဲ့ ဆရာလေးလဲ လိုက်သွားရောလားလို့ ဒေါ်လေး က မေးလိုက်တယ်။

ဆရာလေးလဲ အဝတ်အစား သင့်ရုံလောက်ယူပြီး အတူနေ ကြတဲ့ သီလရှင်တွေကို ပြည်မြို့မှာ (၇) ရက်လောက် သွားနေဦးမယ် လို့ ပြောပြီး ထွန်းဓောနဲ့ ထွက်လာခဲ့ကြတာပါပဲ။ ပြည်မြို့ရောက်တော့



www.burmeseclassic.com

www.burmeseclassic.com



သင်္ဘောဆိပ်က တန်းဆင်းပြီး သင်္ဘောပေါ်တက်မိကြတဲ့အခါမှာ သီလရှင် နှစ်ပါးတွေ့တယ်။

သူတို့က ဆရာလေးကို မြင်မြင်ချင်းပဲ အားရဝမ်းသာနဲ့ ဆီးကြို နှုတ်ဆက်ကြပြီး ဦးပဉ္စင်း ညီမ၊ မဥတ္တရာဆိုတာ ဆရာလေးပဲ လားလို့ မေးကြတယ်။ ဦးပဉ္စင်းက ဟုတ်တဲ့အကြောင်းကို ပြောတော့ ဆရာလေးနှစ်ပါးက အဆင်သင့်လိုက်တာ မဥတ္တရာရယ်၊ ချိန်းထား သလိုပဲ လာတွေ့ရတာ၊ ပါရမီထူးလိုက်တာလို့ အားရဝမ်းသာ ပြော ကြတယ်။

ဆရာလေးရေ ဒီသီလရှင်တွေနဲ့အရင်ကသိကျွမ်းခဲ့ဖူးသလား လို့ ဒေါ်လေးကမေးတယ်။

ဒီတော့ ဆရာလေးက ဘယ်သိဖူးလိမ့်မလဲ၊ တစ်ခါမှ မမြင် ဖူးပါဘူး။ ဆရာလေးက မသိဘဲနဲ့ သူတို့က ဆရာလေးနာမည်ကို ဘယ့်နှယ်လုပ်သိပါလိမ့်မလဲ။ ဝမ်းထဲက အံ့သြမိတယ်။ ဒါနဲ့ သီလရှင် နှစ်ပါးကို ဘယ်ကလာပြီး ဘယ်ကို သွားကြမှာလဲလို့ ဆရာလေးက မေးတော့ မြန်အောင်ကလာကြတာပါ၊ ရွှေစက်တော်ဘုရားကို ဘုရား ဖူး သွားကြမလို့ပါတဲ့။ ဒါနဲ့ ဦးပဉ္စင်းက အတော်ပဲပေါ့၊ ဦးပဉ္စင်းတို့လဲ စက်တော်ရာကို ဘုရားဖူးလာကြတာပဲ၊ လာ အတူတူ သွားကြမယ် လို့ ပြောပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးက အလောင်းတော် ကဿပကို သွားမယ်လို့ ဦးပဥ္စင်းက မပြောဘူးလားလို့ မေးတယ်။

မပြောဘူး၊ ဒီအချိန်ထိ ဦးပဥ္စင်းဟာ အလောင်းတော် ကဿပအကြောင်းကို အရိပ်အမြွက်တောင် မပြောဘူး။ အဲဒီည သင်္ဘောပေါ်မှာ အိပ်ကြပြီး မနက်လင်းတော့ မင်းဘူး ဆိပ်ကမ်းဆိုက်၊ အားလုံး သင်္ဘောပေါ်ကဆင်းပြီး ဘတ်စ်ကားနဲ့ ရွှေစက်တော်ကို သွားကြတာပဲ။ ညနေ ဘုရားရောက်တော့ ဘုရားဖူးပြီး ညအိပ်တယ်။

နောက်နေ့လဲ တစ်ရက်လုံးလုံး ဘုရားဖူးပြီး ညအိပ်ရတော့ ရွှေစက်တော်မှာချည့် နှစ်ညဖြစ်သွားတာပေါ့။ မနက်လင်းတော့ အတူလာတဲ့ သီလရှင်နှစ်ပါးက ရွှေစက်တော်မှာ နေခဲ့ကြပြီး ဆရာလေးတို့က အနောက်မြောက်တည့်တည့်ကို ခြေလျင်ခရီး ထွက်ခဲ့ကြပါတယ်။ ဆွမ်းစားချိန်လောက်ကျတော့ ဝမ်းထဲက ဆာလာတယ်။ ဒီတော့ ဦးပဥ္စင်းက ငှက်ပျောသီးတစ်လုံးစီပေးလို့ ထွန်းဇောနဲ့ နှစ်ယောက်သား သစ်ပင်အောက်မှာ ထိုင်စားကြတာ တစ်လုံးတည်းနဲ့ ဝသွားကြပြီး ထမင်းမဆာတော့ဘူး။ နောက် ခရီးကို ဆက်သွားကြရတယ်။

တောကြီး တောင်ကြီးတွေကို တက်လိုက် ဆင်းလိုက်နဲ့ သွားကြရပေမယ့်၊ မောခြင်း ပန်းခြင်းမရှိဘူး ဒေါ်လေးရဲ့၊ သက်သက်သာ



www.burmeseclassic.com

www.burmeseclassic.com



သာနဲ့ သွားနေရတယ်။ ညနေ နေဝင်ခါနီးတော့ ဦးပဉ္စင်းက ခုည ဒီတောထဲမှာပဲ အိပ်ကြရမယ်လို့ ပြောတယ်။

ဒီတော့ ဆရာလေးက မောင်ပဉ္စင်းကလဲ မဟုတ်တာ၊ တော ကြီးထဲမှာ ကျားတွေ၊ ဆင်တွေနဲ့ အိပ်လို့ ဖြစ်ပါ့မလားဆိုတော့ ဦးပဉ္စင်း က ဘာမှ မကြောက်ပါနဲ့၊ ဦးပဉ္စင်း စည်းသုံးထပ် ဝိုင်းချပေးထားမယ်။ စည်းဝိုင်းက အကျယ်ကြီးမို့ ခင်းကြီးခင်းငယ် သွားချင်ရင် အပြင် မထွက်ဘဲ စည်းဝိုင်းထဲ သွားပေါ့၊ ဦးပဉ္စင်းက မေတ္တာကမ္မဋ္ဌာန်း စီးဖြန်း ရင်း အပြင်က စောင့်အိပ်မယ်။ စိတ်ချလက်ချသာ အိပ်ကြ၊ အကြောင်း ရှိရင် လှမ်းခေါ်လိုက်ပေါ့တဲ့။ အဲဒီလိုနဲ့ တစ်ဖြည်းဖြည်း မှောင်လာ တယ်။ မှောင်လာရာက မည်းပြီး မှောင်မည်းမည်းကြီးထဲမှာ တော တိရစ္ဆာန်တွေရဲ့ ဟိန်းသံ ဟောက်သံ အူသံ အော်သံတွေဟာ ဆူညံလို့ နေတာပဲ။

ဒီအခါမှာ ဒေါ်လေးက 'အင်း ဆရာလေးက သတ္တိလဲ မဓ ဘူးနော်' လို့ ဝင်ပြောတယ်။

နားထောင်ပါဦး ဒေါ်လေးရဲ့၊ ဆရာလေး သတ္တိဘယ်လော် ကောင်းသလဲဆိုတာ ဆရာလေးစိတ်ထဲမှာ ကြောက်စရာကောင်းတဲ့ အသံတွေက နားနားကပ်ပြီး အော်နေသလားလို့တောင် ထင်မိတယ်



www.burmeseclassic.com

www.burmeseclassic.com



ဒီတော့ ဆရာလေးဟာ ကိုယ့်စိတ်ကိုယ် မတင်းနိုင်လို့ တစ်ခါတည်း ချုံးပွဲချငိုတော့တာပဲ။

ဒီတော့ ထွန်းစောက လက်ခုပ်လက်ဝါးတီးပြီး ဆရာလေးက လဲဗျာ ကျွန်တော်လို ကလေးက မကြောက်ဘဲနဲ့ ဆရာလေးကကြောက်လို့ ငိုရသေးတယ်။ အံ့ပါရဲ့ဗျာလို့ ပြောပြီး ရယ်နေတယ်။ ဒီလို ပြောဆို ရယ်မောနေတာကို စည်းဝိုင်းအပြင်ဘက်က စောင့်အိပ်နေတဲ့ ဦးပဥ္စင်းကကြားတော့ 'ဟေ့ ထွန်းစော ဘာဖြစ်နေတာလဲ' လို့ လှမ်းမေးတယ်။

ထွန်းစောက 'ဟောဒီမှာ ဆရာလေး မဥတ္တရာက ကြောက်လို့တဲ့ဘုရား၊ ငိုနေတယ်' ဆိုတော့ 'မကြောက်နဲ့၊ မကြောက်နဲ့ ဦးပဥ္စင်းရှိတယ်၊ ဘာမှမဖြစ်ဘူး၊ စိတ်ချလက်ချသာ အိပ်ကြ' လို့ ဦးပဥ္စင်းက အားပေးစကား ပြောတယ်။ ဒီတော့မှ တစ်ခါတည်း အိပ်ပျော်သွားလိုက်တာ၊ မနက်လင်းလို့ ဦးပဥ္စင်းက နှိုးတော့မှပဲ နိုးတော့တယ်။

မိုးလင်းတော့ စမ်းချောင်းထဲမှာ မျက်နှာသစ်ပြီး ဦးပဥ္စင်းက ငှက်ပျောသီး တစ်လုံးစီပေးလို့ စားကြရတယ်။ စားပြီးတဲ့နောက် 'ကိုင်း ခရီးဆက်ကြမယ်၊ ဒီတစ်ခါတော့ ရောက်ရောပေါ့ကွယ်ဆိုပြီး ဆက်လာလိုက်တာ၊ ပထမ တောင်ပေါ်တက်ပြီး ကျော်ဆင်းလိုက်တော့ နဂါး



www.burmeseclassic.com

www.burmeseclassic.com



အကြေးခွံကို ငွေပြားကြီးတွေ ခင်းထားတဲ့အပေါ်က နင်းသွားခဲ့တယ်။ နောက် နဂါးကြီးနှစ်ကောင် ယှဉ်ပြီး ပါးပျဉ်းကြီးတွေ ထောင်နေတာ မြင်တွေ့ရလို့ ဆရာလေးလဲ လန့်ပြီး နောက်ဆုတ်လိုက်တယ်။

ဒေါ်လေးက 'အမယ်လေး ကြောက်စရာကြီးပါလားနော်' လို့ ဝင်ပြောလိုက်တယ်။

နားထောင်ပါဦး ဒေါ်လေးရဲ့၊ ဆရာလေးက လန့်အော် နောက်ဆုတ်လိုက်တော့ ထွန်းဇောက 'အရှင်မဟုတ်ပါဘူး၊ အရုပ်ကြီး တွေပါ ဆရာလေးရဲ့' ဆိုပြီး နဂါးကြီးခေါင်းကို နောက်ကနေ တွန်း လိုက်တယ်။ ဟာ ဒီတော့မှ ဗြိမ့်ဗြိမ့် ဗြိမ့်နဲ့ ပေါက်လိုက်တော့မလား အောက်မေ့ရတယ်။ ဆရာလေးလဲ ရှေ့ဆက်မတိုးဝံ့တော့ဘူး။ ဒါနဲ့ ထွန်းဇောက နဂါးရုပ်ကြီးရဲ့ ဇက်ပေါ်ကခွပြီး ခေါင်းကို တွန်းလိုက်နဲ့ ဆော့ ကစားတာပေါ့။

ဒေါ်လေးက 'အင်း အင်း တော်ပါသေးရဲ့၊ ဒါနဲ့ ဆက်ပြော ပါဦး' လို့ ပြောတယ်။

ဒီလိုနဲ့ နဂါးကြီး နှစ်ကောင်ကြားက လမ်းအတိုင်း ဦးပဉ္စင်း က ရှေ့ကကြို၊ ဆရာလေးက အလယ်က၊ ထွန်းဇောက နောက်ကတန်း စီပြီး သွားလိုက်ကြတာ၊ ညနေစောင်းမှ နဂါးလမ်းက ထွက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်လေးက 'လမ်းက တော်တော်ရှည်တာပေါ့နော်' လို့ ပြောတယ်။

'ဟုတ်ကဲ့၊ အဲဒီလမ်းက ထွက်တော့ ပကတိ ငွေရောင်တောက်နေတဲ့ သဲပြင်ကြီးပေါ်ကို ဖြတ်သွားရပြန်တယ်။ အဲဒီ ငွေသဲပြင်ကြီးကို ဖြတ်ပြီးမှ ကျောက်ဖျာကြီး ကာထားတဲ့ လိုဏ်ဂူဝတစ်ခုကို တွေ့ရတယ်။ အဲဒီလိုဏ်ဂူဟာ အလောင်းတော် ကဿပကိန်းအောင်းစံတော်မူတဲ့ ဝေဘာရတောင်ရဲ့ တောင်ဘက်မျက်နှာပါပဲ။

အဲဒီရောက်တော့ ဦးပဥ္စင်းဟာ ခုညတော့ အချိန်မရှိတော့ဘူး၊ အပြင်ကနေ အာရုံပြုပြီး ဖူးကြပေတော့။ အန္တရာယ် ဘာမှ မရှိဘူး။ စတုမဟာရာဇ်နတ်မင်းကြီးတွေ စောင့်နေတယ်။ သူတော်ကောင်းကိုဘာကွယ်တယ်၊ သူယုတ်မာကို လက်မခံဘူးတဲ့။

ဆရာလေးက 'ဒီတောင်ကို ဘာတောင်လို့ ခေါ်ပါသလဲဘုရား' လို့ မေးတော့ အလောင်းတော်ကဿပတောင်က ဝေဘာရတောင်၊ ဟိုအနောက်ဘက်က တောင်က ဝေပုလ္လတောင်လို့ ခေါ်တယ်လို့ ပြောတယ်။ ဆရာလေး လှမ်းကြည့်လိုက်တော့ တောင်တစ်ခုလုံးဟာ ထိန်ထိန်လင်းပြီး ကြယ်တွေ ပျံနေသလို တကက်တာကတက်၊ ဆင်းဘာကဆင်းနဲ့ ကွန့်မြူးနေကြတာ မြင်တွေ့ရတယ်။ ၉



www.burmeseclassic.com

www.burmeseclassic.com



ဒါနဲ့ ဆရာလေးက ဦးပဉ္ဇင်းကို မသိလို့ မေးရဦးမယ်ဆိုပြီး 'ဝေဘာရတောင်နဲ့ဝေပုလ္လတောင်ဟာ ရာဇဂြိုဟ်ပြည်ကိုရံနေတဲ့ ပဏ္ဍဝတောင်၊ဂိဇ္ဈကုဋ်တောင်၊ဣသိဂိလိတောင်၊ဝေဘာရတောင်၊ဝေပုလ္လ တောင်ဆိုတဲ့ တောင်ငါးလုံးမှာ ပါဝင်တဲ့ဝေဘာရနဲ့ ဝေပုလ္လတောင်တွေ လို့ စာအုပ်စာတမ်းအမျိုးမျိုး၊ စကား အဆက်ဆက် မှတ်ဖူးတာ ဒါပဲ လား ဘုရား' လို့မေးတယ်။

ဦးပဉ္ဇင်းက' မဟုတ်ဘူး၊အဲဒီတောင်တွေက ဒီတောင်နှစ်လုံး ရဲ့နာမည်ကိုယူပြီး မှည့်ထားတာ၊ ရာဇဂြိုဟ်ပြည် ရံနေတဲ့တောင်ငါးလုံး ကို ဦးပဉ္ဇင်း ရောက်ဖူးတယ်။ တကယ်လို့ ကဿပအလောင်းတော်သာ ဝေဘာရတောင်စောင်းထဲမှာရှိတယ်ဆိုရင် အဲဒီတောင်စောင်းမှာ ရှိသင့်တယ်။ ဘာမှမရှိဘူး။ ပထမ သံဂါယနာတင်တုန်းက ရာဇဂြိုဟ် ပြည်ဝေဘာရတောင် လိုဏ်ဂူဝမှာ ရှင်မဟာကဿပကအမှူးပြုပြီး ပထမသံဂါယနာတင်ခဲ့တယ်။

ကျမ်းစာရေးတဲ့ဆရာတွေကလဲ လူသာမန် ခန္ဓာကိုယ်တွေဖြစ် နေတော့ ဝိဇ္ဇာ၊ဇော်ဂျီ၊တပသီတို့လို မြေလျှိုးမိုးပျံနိုင်တဲ့ ကမ္မဇိဒ္ဓိတန်ခိုး မရှိလို့ ဟိမဝန္တာကဝေဘာရတောင်နဲ့ဝေပုလ္လတောင်ကို မရောက်နိုင် တော့မသိဘူး၊ မသိတော့ မရှိဘူးထင်ပြီး လူတိုင်းသိတဲ့ရာဇဂြိုဟ်ပြည် က ဝေဘာရနဲ့ဝေပုလ္လကိုပဲ ညွှန်းရတာပေါ့ဦးပဉ္ဇင်းလဲ ဖတ်ဖူးပါတယ်



www.burmeseclassic.com

www.burmeseclassic.com



ရာဇဂြိုဟ်ပြည်မှာ ဝေပုလ္လတောင်၊ဟိမဝန္တာမှာ ကေလာသတောင် တောင်းကင်မှာနေ၊နက္ခတ်အပေါင်းတို့မှာလ၊မြစ်အပေါင်းတို့မှာ သမုဒ္ဒရာဖြစ်တယ်တဲ့။

ဟိမဝန္တာမှာ ဝေပုလ္လတောင်ရှိမှန်းမသိတော့ ရာဇဂြိုဟ်ပြည်က ဝေပုလ္လကိုပဲမှန်းချလိုက်တယ်။ ပြီးတော့ ဟိမဝန္တာမှာ ကေလာသတောင် ဆိုတာမဟုတ်ဘူး။ဝေပုလ္လတောင်ဆိုမှ မှန်တယ်။ ကေလာသတောင်ဆို တာ အနောဒတ္တအိုင်ကို ရံနေတဲ့တောင်ငါးလုံးမှာ တစ်လုံးအပါအဝင် ဖြစ်တယ်။ ဒီတောင်ငါးလုံးမှာ သုဒဿနတောင်၊ကာဠတောင်၊ဂန္ဓမာဒနတောင်၊စိတ္တကူတောင်၊ ကေလာသတောင်ရယ်လို့ ငါးလုံးရှိတယ်။

အဲဒီဘက်မှာ ပစ္စေကဗုဒ္ဓရှင်တို့ ကိန်းအောင်းမွေ့လျော်ရာဖြစ် တဲ့ ဂန္ဓမာဒနတောင်သာ အမြတ်ဆုံးဖြစ်တယ်။ ဒါ့ကြောင့် အနောဒတ္တ အိုင်ကိုရံနေတဲ့တောင်တွေမှာ ဂန္ဓမာဒနတောင်သာအမြတ်ဆုံးဆိုမှမှန် တယ်။ သုဝဏ္ဏဘုမ္မိသထုံပြည်က ကေလာသတောင်ဟာလဲ ဒီငါးလုံး ထဲက ကေလာသနာမည်ကိုယူပြီး မှည့်ထားတာပဲလို့ပြောရင်း ဆွေးနွေးခဲ့တာ။

မောင်နှမနှစ်ယောက်စကားပြောနေလိုက်တာတော်တော် ကြာကြာင် ညဥ့်နက်သွားပြီ၊ ကဲ…ကဲ၊အိပ်ကြ အိပ်ကြ၊မနက်ကျတော့ ချောင်းထဲမှာ ရေမိုးချိုးကြပေါ့၊ ဆွမ်းတော်တင်ဖို့ ငှက်ပျောသီးတစ်



www.burmeseclassic.com

www.burmeseclassic.com



ဖီးကျန်သေးတယ်။ မနက်ကျမှ ဆွမ်းတော်ကပ်ရင်း အားရအောင်ဖူးကြ
လို့ ပြောတယ်။ ထွန်းစောကတော့ ဆရာလေးနားမှာ တရှူးရှူးနဲ့
အိပ်ပျော်နေတော့တယ်။ အဲဒီနေ့ဟာ ငါးရက်မြောက်ညပေါ့၊ အနီးအ
နားမှာ လူဆိုလို့ တစ်ယောက်မှ မတွေ့ရဘူး။

ခြောက်ရက်မြောက်တဲ့နေ့ကျတော့ ထွန်းစောနဲ့နှစ်ယောက်
စမ်းချောင်းထဲမှာ ရေမိုးချိုးကြပြီး အဝတ်အစားများ လဲလှယ်ဝတ်ကြ
ဆွမ်းတော်တင်ဖို့ ငှက်ပျောဖီးကို ကိုင်ပြီး ထိုင်စောင့်နေတုန်း
ဦးပဉ္စင်းက–

'ကိုင်း...အချိန်ကျပြီ သွားကြစို့လို့ အလောင်းတော်ကဿပ
လိုဏ်ဂူဝကို သွားကြတယ်။ ရောက်တော့ ဦးပဉ္စင်းက ပုတီးစိပ်ပြီး
ပါးစပ်က တစ်စုံတစ်ခုကို ရွတ်ဆိုရင်း ကျောက်ဖျာကြီးကို လက်နဲ့
သုံးချက်ပုတ်တယ်။ ဒီအခါ ကျောက်ဖျာကြီးဟာ အတွင်းဘက်ကပွင့်
သွားပြီး ခဏကြာတော့ ဝုန်းခနဲမြည်ပြီး ပိတ်သွားတယ်။ ဒုတိယ
အကြိမ်မှာလဲ ဒီအတိုင်းပဲ၊ တတိယအကြိမ်မှာကျတော့ တစ်ခါတည်း
ပွင့်သွားပြီး ပြန်မပိတ်တော့ဘူး။

ဒီအခါမှာလဲ ဦးပဉ္စင်းက ကဲ...ဝင်ကြ ဝင်ကြဆိုပြီး ရှေ့ကဝင်
သွားတယ်။ဆရာလေးတို့လဲ နောက်ကဝင်လိုက်သွားကြတယ်။အတွင်း
ရောက်တော့ ဓာတ်မီးတွေ ထွန်းထားသလို ထိန်ထိန်လင်းနေတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဦးပဍ္ဍင်းကလဲ အဲဒီအလင်းရောင်ဟာ ဓာတ်မီးရောင် မဟုတ်ဘူး။ ဆပုလ္လဝတောင်က ပတ္တမြားတွေကို နတ်မင်းကြီးတွေက ယူပြီး အလင်းရောင်ရအောင် ပူဇော်ထားတာ၊ ဟောဒါက သစ်သီးမျိုးစုံနဲ့ ဆွမ်းတော်ကပ်ထားတာ၊ ဒါက ဗန္ဓုရသရက်သီးလို့ ခေါ်တယ်။ ဒါကတော့ ဇမ္ဗူသပြေသီးပဲလို့ ပြောပြတယ်။ သစ်သီးအနံ့တွေကလဲ ဘယ်လိုမွှေးကြိုင်နေမှန်း မသိဘူး။ နောက်တော့ ယူလာတဲ့ ငှက်ပျောသီးတစ်ဖီးကို ဆွမ်းတော်ကပ်ပြီး တစ်နာရီလောက်ကြာအောင် ဖူးကြတယ်။ ဖူးပြီးတော့ ဦးပဍ္ဍင်းက လျှောက်ပြရင်း လိုဏ်ဂူတော်အဝင်ပေါက်က တောင်ဘက်မှာရှိပြီး ပုံသဏ္ဌာန်အတိုင်း (၆) တောင်ပတ်လည်ရှိတယ်။ လိုဏ်ဂူတော်အတွင်း အကျယ် အမြင့်က အတောင် (၈၀) စီ အညီအမျှ ရှိတယ်လို့ ပြောပြတယ်။

ဒီအလောင်းတော်ဟာ လိုဏ်ဂူအတွင်း အရှေ့ဘက်က အောက်ခံကျောက်ဖျာပေါ်မှာရှိတဲ့ သလွန်ပေါ်မှာ စံတော်မူနေတယ်။ ခရုပ်တော် (၆) တောင်ခန့်နဲ့ ဆံတော် လက်လေးသစ်ခန့်ရှိပြီး မြောက်ဘက်ကို ဦးခေါင်းပြုနေတော်မူတယ်။ လက်ယာလက်က အောက်၊ လက်ဝဲလက်က အပေါ်၊ အနောက်ဘက်မျက်နှာပြုပြီး တစ်စောင်းအိပ်နေသလို ထင်ရတယ်။ လိုဏ်ဂူဝက အလောင်းတော်ရဲ့ ခြေရင်းဘက်မှာ ဖြစ်ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



ဦးပဉ္ဇင်းက အလောင်းတော်ရဲ့ နောက်ကျောကနေ အပေါ် လက်ဖျားကလေးကို ကိုင်ပြီး မြှောက်တဲ့အခါမှာ ပျော့ပျော့ကလေ ပါလာပါတယ်။ ဦးခေါင်းတော်ကို မ,ပြီး မြှောက်ပြတဲ့အခါမှာလည်း ပျော့ပျော့ခွေခွေကလေး မြှောက်လာတာကို တွေ့ရပါတယ်။

အလောင်းတော်ရဲ့ရှေ့မှာ ဂုံညင်းလောက်ပမာဏ နဂိုအရော တောက်နေတဲ့ စိန် ကျောက် ပတ္တမြား၊ ဝေဿဝဏ်ကျောက် မသရဝဏ်ကျောက် စတဲ့ ကျောက်ပေါင်းတစ်ရာခန့်ကို ရှေ့တော် ရွှေကလပ်တစ်ခုစီနဲ့ စီတန်းပူဇော်ထားတာကိုလဲ ဦးပဉ္ဇင်းကပြောပြ တွေ့ရသိရပါတယ်။ အလောင်းတော်ရဲ့ ရှေ့မျက်နှာဘက် ဖိုးသူတော်တစ်ပါးက တောင်ဝှေးထောက်ပြီး ရပ်နေတာကို ပထမတော့ အရုပ်ကြီးလား ထင်မှတ်မိတယ်။ နောက်တော့မှ အသက်ရှိ ဖိုးသူတော်ဖြစ်နေတာကို သိရပါတယ်။

ဆရာလေးဟာ အလောင်းတော်ကို ဖူးလို့မဝ၊ ကြည်ညို အားမရဖြစ်ပြီး ဝမ်းမြောက်ဝမ်းသာ ပီတိသောမနဿတွေ ဖြစ်နေလို တာ နေမွန်းတည့်အချိန်လောက် ရောက်ပါရော ဦးပဉ္ဇင်းကိုကြည့်လို တော့ ဖူးနေတုန်းပဲ။ ဒီတော့မှ ဖိုးသူတော်ကြီးက သွားကြ၊ သွားကြ နှင်တဲ့အတွက် ဦးပဉ္ဇင်းက ကိုင်း ထွက်ကြတော့ဆိုတာနဲ့ ကပြာကယ ထွက်လာခဲ့ကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး အပြင်လဲရောက်ရော လိုဏ်ဂူတံခါးကြီးဟာ န်းကနဲ မြည်ပြီး ပိတ်သွားတာပဲ။ ဆရာလေးလဲ နောက်တော့ ဖူးရ တော့မှာမဟုတ်ဘူး။ တပည့်တော်မ နောက်ဆုံးကန်တော့ခဲ့ပါတယ် ရားလို့ ထိုင်ပြီး ဦးသုံးကြိမ်ချ ကန်တော့ရင်း ဝမ်းထဲက ဆို့တက်လာ ို့ ငိုရသေးတယ်။

ဆရာလေးဟာ ဒီလိုပြောနေရင်းက တကယ့်ကိုဝမ်းနည်းလာ ို့ မျက်ရည်တွေ စီးကျလာတာကို တွေ့မြင်ရပါတယ်။ ကျွန်တော်တို့ ် အလွန့်ကိုစိတ်ဝင်စားနေကြလို့ ဘာမှမပြောမိကြပါ။ ကျွန်တော်တို့ းလုံးဟာ ဆရာလေး မဥတ္တရာကိုသာ ငေးပြီး ကြည့်နေကြပါတယ်။ ာ်တော်လေးကြာမှ ဆရာလေးက မျက်ရည်တွေသုတ်ပြီး တစ်ချက် က်ရင်း ဆက်ပြောရင်း ပြောပြပါတယ်။

အဲဒီလိုငိုနေတုန်း ဦးပဥ္စင်းကလဲ ကတိအတိုင်း သုံးခါတောင် ပြီးမှပဲ ကျေနပ်ရောပေါ့ မဥတ္တမရယ်လို့ နှစ်သိမ့်တယ်။ ပြီးတော့ းမလွှဲခင် ငှက်ပျောသီးတစ်လုံးစီ စားကြအုံးဆိုပြီး ပေးလို့ ထွန်းဓော အတူ စားလိုက်ကြတယ်။ စထွက်လာကတည်းက ထမင်းဆိုလို့ စ်ခါမှ မစားရဘူး၊ ငှက်ပျောသီးနဲ့ပဲ အာဟာရဖြစ်နေတာပဲ။ မောခြင်း းခြင်းလဲ မရှိဘူး၊ နေထိုင်မကောင်းလဲ မဖြစ်ဘူး၊ သက်သက်သာ ာနဲ့ပဲ တောင်တန်းပေါ်တွေကို တက်ဆင်းနိုင်တယ်။



www.burmeseclassic.com

www.burmeseclassic.com



၄ နောက်တော့ ဦးပဥ္စင်းက အလောင်းတော်ကဿပကို ဖူးပြီးပြီ။ ပြန်ဖို့ပဲရှိတော့တယ်။ လာလမ်းအတိုင်း စက်တော်ရာ ပြန်မလား၊ ဖြတ်လမ်းက ပြန်မလားလို့ မေးတယ်။ ဆရာလေး စက်တော်ရာကို ဖူးပြီးမှပဲ ပြန်မသွားတော့ပါဘူး။ ဖြတ်လမ်းကပြန် ကောင်းပါတယ် ဘုရားလို့ လျှောက်တယ်။

ဦးပဥ္စင်းတို့ လာခဲ့တာ ဒီနေ့ဆိုရင် ခြောက်ရက်တောင် ရှိ ပြီ။ ဖြတ်လမ်းကပြန်ရင် ဒီနေ့တစ်နေ့လုံး ဒီမှာနေပြီး ညအိပ်နိုင် တယ်။ အပြင်က အာရုံပြုပြီး ဖူးကြ၊ လည်ချင်ပတ်ချင်ရင် တော တောင်တစ်ဝှမ်းပဲ လည်ကြဆိုလို့ အနီးအနားကို လျှောက်ကြည့် သေးတယ်။ အထူးအဆန်းတွေလဲ တွေ့ရပါတယ်။ လှတာရယ် ကြည် ကောင်းတာရယ် ဒါပဲသိတယ်။

ပန်းတွေကလဲ လှလွန်းလို့ ဘုရားတင်ဖို့ရည်စူးပြီး ထွန်း နဲ့ နှစ်ယောက်ခူးလိုက်ကြတာ တပွေ့တပိုက်ကြီးပဲ။ ပန်းရနံ့တွေက တစ်တောလုံး တစ်တောင်လုံး မွှေးကြိုင်နေတာပဲ။ ထွန်းဇောက အ ပေါ်တက်ခူး၊ ဆရာလေးက အောက်ကကောက်၊ ပန်းတွေက များလွန်း နေလို့နိုင်သလောက်ပဲသယ်ယူပြီးအလောင်းတော်ကဿပဂူဝမှာတင် ပူဇော်ကြတယ်။ ညဦးပိုင်း မအိပ်ခင်က တစ်ချိန်လုံးမှာ အပြင်က အာရုံပြုပြီး ဖူးကြရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခုနစ်ရက်မြောက်တဲ့နေ့ မနက်လင်းတော့ ငှက်ပျောသီး တစ်လုံးစီ ပေးပြန်လို့ စားပြီးတဲ့နောက် ဦးပဥ္စင်းက မဥ္ဇူသွာရာကို ကတိ တစ်ခုတောင်းရလိမ့်မယ်။ အလောင်းတော်ကဿပကို ဖူးတွေ့ခဲ့ရတဲ့ အကြောင်း ဘယ်သူ့ကိုမှ မပြောရဘူး။ ကတိအတိုင်း တည်လို့ရှိရင် ဦးပဥ္စင်းတို့ကို တွေ့ချင်တဲ့အခါမှာ (မြင်ဗာဟု) ဘုရားကိုလာပြီး ထွန်း စောရေ ထွန်းစောရေလို့ ခေါ်လိုက် ဦးပဥ္စင်းတို့နဲ့ တွေ့ရမယ်လို့ ပြော ပါတယ်။

ဒေါ်လေးက 'ဒီတော့ ဆရာလေးက မပြောပါဘူးလို့ ကတိ ပေးလိုက်ပါသလား' လို့ ပြောပါတယ်။

'ဟုတ်ပါတယ်၊ ဘယ်သူ့ကိုမှ မပြောပါဘူးလို့ ဝန်ခံကတိ ပြုလိုက်ရပါတယ်၊ ပြီးတော့ ဦးပဥ္စင်းက ကိုင်း . . . သွားကြစို့လို့ ပြောတာနဲ့ ကိုယ့်အထုပ်အပိုး ကိုယ်သယ်ပြီး အရှေ့တည့်တည့်ကို ဆွက်လာခဲ့ကြရတာပေါ့။ ထမင်းအိုးတစ်အိုးကျက်လောက်လဲ သွားမိ ရော ဧရာဝတီမြစ်ကို တွေ့ရတယ်'

မြစ်ကမ်းနံဘေးမှာ လှေစောင့်ရင်း ထိုင်နေကြတာ တစ်ခဏ အကြာမှာ လှေတစ်စင်းနဲ့ လူတစ်ယောက် ပေါက်လာတယ်။ ဦးပဥ္စင်း က ဦးပဥ္စင်းတို့ အလောင်းတော်ကဿပကိုဖူးပြီး ပြန်လာပါတယ်။ ပြည်မြို့ကို ပို့ပေးနိုင်ပါ့မလားလို့ မေးတော့၊ လှေသမားက တပည့်



www.burmeseclassic.com

www.burmeseclassic.com



တော် အလောင်းတော်ကဿပဖူးတဲ့လူတိုင်းကို အခမယူဘဲ နိဗ္ဗာန်ကူးတို့ ပို့ပေးနေတဲ့လူပါ။ ပြည်မြို့တင်မကဘူး၊ အလိုရှိရာကို ပို့ပေးနိုင်ပါတယ်ဘုရားလို့ လျှောက်တယ်။

'အဲဒီလှေက ဘယ်ကများ ရောက်လာသလဲ မသိဘူးနော်' လို့ ဒေါ်လေးက မေးလိုက်ပါတယ်။

'ဒါတော့ ဆရာလေးလဲ မပြောတတ်ဘူး ဒေါ်လေး၊ မြစ်ထဲက လှော်ခတ်လာတာကိုတော့ တွေ့ရတာပဲ။ ဦးပဍ္စင်းက ဒီလိုဆိုရင် အတော်ပဲ။ လှေကို ကပ်ပေရှော့၊ မဥတ္တရာတို့ ထွန်းဓေဝတို့ လှေပေါ်ကို တက်ကြ တက်ကြဆိုပြီး တက်ခိုင်းတယ်။ လှေသမားကိုလဲ အဆင့်သင့်လိုက်တာ ဒကာကြီး၊ ကျေးဇူးပေါ့လို့ပြောပြီး လှေထွက်သွားလိုက်တာပဲ။ လှေလဲထွက်ရော ဆရာလေးလဲ ဘယ်လိုအိပ်ချင်မှန်း မသိဘူး ဒေါ်လေးရယ်၊ ဣန္ဒြေဆယ်လို့ မရနိုင်ဘူး။ မျက်စိဖွင့်လို့ မရနိုင်အောင် ဖြစ်လာလို့ မှေးခနဲဆို အိပ်ပျော်သွားတာပဲ။ ဘယ်လောက်ကြာတယ်တော့ မသိဘူး။

အိပ်ပျော်နေတုန်း မဥတ္တရာ ထ ထ ရောက်ပြီလို့ ဦးပဍ္စင်းက နှိုးသံကြားတော့မှ မျက်စိကို ဖွင့်ကြည့်လိုက်တော့ အင်ကြင်းမြောင် တိုက်အဝင်ဝက ရေချမ်းစင်နဲ့ ဇရပ်ကလေးမှာ အထုပ်အပိုးတွေနဲ့ ရောက်နေတော့ အိပ်မက်များ မက်နေသလားလို့ အောက်မေ့မိတယ်။



www.burmeseclassic.com

www.burmeseclassic.com


အနားမှာလဲ ဘယ်သူမှ မရှိဘူး၊ မနက် ဆွမ်းစားချိန်လောက်က လှေ ပေါ်တက်တာ၊ နေမွန်းလွဲချိန်လောက်မှာ ဇရပ်ကို ပြန်လို့ရောက်လာတာ ပဲ။

အဲဒီလို အင်ကြင်းမြောင်ကို ပြန်ရောက်တော့ အလောင်း တော် ကဿပကို ဖူးတွေ့ခဲ့ရတဲ့အကြောင်း ပြောချင်လိုက်တာ ဒေါ် ဒေါ်ရဲ့၊ ကတိပေးခဲ့တာကို သတိရလို့ မပြောမိအောင် စိတ်ကို မနည်း ထိန်းချုပ်ထားရတယ်။ ဒါပေမယ့် တစ်ညတော့ သိပ်ကို ပြောပြချင် တာနဲ့ ဇရပ်မှာ အတူနေကြတဲ့ သီတင်းသုံးဖော်တွေကို အလောင်းတော် ကဿပ ဖူးတွေ့ခဲ့ရတဲ့အကြောင်းကို ခုပြောပြသလိုပဲ ပြန်ပြီး ပြောပြ မိတယ်။

အဲဒီကစပြီး အလောင်းတော် ကဿပ တရားနာချင်တဲ့လူ တွေ သတင်းကြားတာနဲ့ ဟိုက ဒီကလာပြီး တောင်းပန်ကြတော့ ဟော ရ ပြောရပြန်တော့တာပေါ့။ သုံးလေးခါလောက် ဟောပြီးတော့ ဘယ်လို ဖြစ်မှန်းမသိဘူး၊ သွားရ လာရ ကြုံတွေ့ခဲ့ရတာတွေကို ပြန် ပြောင်းပြီး သတိရနေပြီး လွမ်းနေရတာပဲ။

ဒီလိုနဲ့ ဦးပဉ္ဇင်းကို တွေ့ချင်ရင် (မြင်ဗာဟု) ဘုရားကို လာ ပြီး ထွန်းစောရေ၊ ထွန်းစောရေ လို့ခေါ်လိုက်၊ ဦးပဉ္ဇင်းတို့ လာခဲ့မယ်


www.burmeseclassic.com

www.burmeseclassic.com



လို့ မှာလိုက်တာကို သတိရလို့၊ တစ်နေ့တော့ အဖော်တစ်ယောက်ခေါ်ပြီး (မြင်ဗာဟု) ဘုရားကို သွားတာပေါ့။ ဟိုရောက်ရောက်ချင်း ထွန်းစောရေ၊ ထွန်းစောရေလို့ တကြော်ကြော်အော်ခေါ်တယ်။ ဘယ်သူမှ ပေါ်မလာဘူး။

အတန်ကြာတော့မှ အလောင်းတော်ကဿပဂူထဲမှာ တွေ့ခဲ့ရတဲ့ ဖိုးသူတော်ကြီး ထွက်လာပြီး အလောင်းတော်ကဿပကို ဖူးတွေ့ခဲ့ရတဲ့အကြောင်း ဘယ်သူ့ကိုမှ မပြောပါနဲ့လို့ မှာလိုက်ပါရက်နဲ့ သီလရှင်က လူတကာ လျှောက်ပြောနေတာကိုး ထွန်းစောတို့ ဘယ်လာတော့မှာလဲ၊ သွားကုန်ကြပြီလို့ ပြောပြောဆိုဆိုနဲ့ တောင်အောက်ကို ဆင်းသွားတယ်။ ဆရာလေးလဲ ငိုယိုပြီး ပြန်ခဲ့ရတာပါပဲ ဒေါ်လေးရယ်' လို့ စီကာပတ်ကုံးပြောပြပါတယ်။

ဒေါ်လေးက အလောင်းတော်ကဿပတရား နာရတာ ကောင်းလိုက်တာ မဥတ္တရာရယ်၊ ကိုယ်တိုင်မရောက်ရပေမယ့် ခုလို ပြောပြတာကိုနားထောင်ရတော့ကိုယ်တိုင်ကိုယ်ကျရောက်နေရသလိုပါပဲ။ ကြားရတာ ဘယ်လို ကြည်ညိုမှုန်း မသိဘူး။ သာဓုကွယ် သာဓု သာဓု လောကီဝိစ္ဆာ ပေါက်သလို လောကုတ္တရာဝိစ္ဆာလဲ ပေါက်ကြပါစေ' လို့ ဆိုပြီး ဆရာလေး မဥတ္တရာကို နှုတ်ဆက်ကြပြီး ကျွန်တော်တို့ အားလုံး ကိုယ့်ဇရပ်ကို ပြန်လာခဲ့ကြပါတယ်။ ဇရပ်ကို ပြန်ရောက်တဲ့အခါမှ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဒေါ်လေးနဲ့ တိုင်ပင်ပြီး ဆရာလေး မဉ္စတ္တရာရဲ့ အလောင်းတော်ကသယ်ပသွား ဖြစ်ရပ်ဆန်း မှတ်တမ်းကို မှတ်စုစာအုပ်မှာ ရေးမှတ်လို့ကို ထားခဲ့ပါတယ်။

အကျွန်ုပ်သည် ဘိုးအောင်ချိန် ပြောပြသည်များကို သူ၏ပြောဆိုဟန်အတိုင်း ရေးသားမှတ်သားထားလိုက်သည်။ အကျွန်ုပ်အတွက် ဤသို့သော အုံ့ဩဘနန်း ဖြစ်ရပ်ဆန်းသည် စာပေ ဝါသနာရှင်များအတွက် တစ်နေ့နေ့ တစ်ချိန်ချိန်တွင် အသုံးဝင်လိမ့်မည်ဟု ယုံကြည်မိသည်။

အကျွန်ုပ်သည် မိမိတွင်ပါရှိသော ငွေတစ်ရာကို ဘိုးအောင်ချိန်အား ပေးအပ်လှူဒါန်းပြီး –

'အဘိုး အခုပြောပြတဲ့ အဖြစ်အပျက်ဟာ အလွန့်ကို ဆန်းပါတယ်။ သေသေချာချာလဲ ရေးကူး မှတ်သားထားပါတယ်။ ကျွန်တော်ဟာ စာရေးဆရာဖြစ်အောင် ကြိုးစားနေသူတစ်ယောက်ပါ။ စာရေးဆရာဖြစ်ရင် အခု အဘိုးပြောပြတဲ့ ဖြစ်ရပ်ဆန်းကို တိုင်းပြည်ကို တင်ပြပါ့မယ်'

'အေးကွယ်၊ သာခု သာခု သာခု ငါ့မြေးလဲ မင်းရည်မှန်းထားတဲ့ စာပေဝါသနာရှင်ကြီးဖြစ်ပြီး တိုင်းကျိုးပြည်ကျိုးကို ဆောင်ရွက်နိုင်တဲ့ကိုယ် ဖြစ်ပါစေလို့ အဘိုး ဆုပေးပါတယ်'

အုရာ



www.burmeseclassic.com

www.burmeseclassic.com

# ရင်အထိတ်ထိတ်အချိန်

## ဖြိုးဖြိုး [ကျိုင်းတုံ]

'တစ္ဆေတကယ်ရှိမရှိ' ဆိုတဲ့ ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)ရဲ့ စာအုပ်ထဲက မေးခွန်းကို ကျွန်မတစ်ယောက်တည်း ဖြေကြည့်လိုက်မိပါတယ်၊ "ရှိတာပေါ့ဆရာရယ်၊ အကောင်အထည်ရော၊ အရိပ်ရော၊ အသံရော အခြောက်အလှန့်တွေ မကြာခဏခံရလို့ပါ" ဆိုပြီး တိုးတိုးလေးဖြေကြည့်လိုက်မိပါတယ်၊ ကျွန်မရဲ့ ကိုယ်တွေ့ကြုံတွေ့ခဲ့ရတာတွေကိုပြောပြပါရစေ။

ကျွန်မမှာ လူမှန်းသိတတ်စအရွယ်ကတည်းက မိဘနှစ်ပါးစလုံးမရှိတော့ပါဘူး၊ အမေက ဂျပန်ခေတ်မှာ အဖြစ်များတဲ့ ဝမ်းရောဂါနဲ့ကွယ်လွန်ခဲ့ရပါတယ်၊အမေကွယ်လွန်တော့ကျွန်မက သုံးလသမီးပဲရှိပါသေးတယ်၊ ကျွန်မတို့မောင်နှမလေးယောက်ကို အဘိုးနဲ့အဘွားက ကြည့်ရှုစောင့်ရှောက်ကျွေးမွေးလာခဲ့ရတာပါ၊ သားသမီးတွေကိုစိတ်မချတာကြောင့်တစ်ကြောင်း၊ မိအိုဖအိုနှစ်ပါးကိုစိတ်မချနိုင်တာကြောင့်တစ်ကြောင်း၊ အမေဟာသေသာသွားပေမယ့် ဇောတစ်ခုကြောင့် မကျွတ်နိုင်ဘဲ ကျွန်မရှစ်နှစ်ကိုးနှစ်သမီးအရွယ်ထိ အိမ်ကြီးထဲမှာ အမြဲလိုလို တွေ့ရှေ့ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့အဘိုးအဘွားများဟာ ပြည်ကြီးပေါက် တရုတ်တွေဖြစ်ပါတယ်၊ အိမ်မှာဘုရားစင်မရှိဘူး၊ ဗုဒ္ဓရဲ့အဆုံးအမလဲ မသိဘူး၊ ဒါန,သီလဆိုတာလဲ လုံးဝမလုပ်ခဲ့ဖူးဘူး၊ သေသွားတဲ့အမေဟာ စွဲလန်းလွန်းလို့ညစဉ်ညတိုင်း ကျွန်မရဲ့အဘွားနဲ့ စကားပြောပြီး ငိုနေလေ့ရှိပါတယ်။

ကျွန်မတို့နေတဲ့အိမ်ကလဲ ဘုရားစင်မရှိပေမယ့် သေဆုံးသွားတဲ့သူတွေကိုတော့ အမြဲမပြတ် စားပွဲသောက်ပွဲတွေနဲ့ရှိခိုးပြီး ခေါ်ကျွေးလေ့ရှိတယ်။ အဲဒါကို တချွေကြီးရှိခိုးပွဲလို့ခေါ်တယ်။ ကျန်ပွဲတွေရှိသေးတယ်၊ တရုတ်နှစ်သစ်ကူးပွဲ မိဘဘိုးဘွားများကွယ်လွန်တဲ့ရက်ရှိခိုးပွဲ၊ သာရေးနာရေးရှိခိုးပွဲများပြုလုပ်လေတိုင်း သေဆုံးသူဆွေမျိုးများရဲ့အမည်များကို တပ်ခေါ်ပြီးကျွေးမွေးရှိခိုးတဲ့ပွဲများလဲရှိပါသေးတယ်၊ ရှိခိုးတဲ့အခါမှာ ဝိညာဉ်များကိုခေါ်ပြီး "အခုရှိခိုးတဲ့စားပွဲသောက်ပွဲမှာ ပျော်ပျော်ပါးပါးလာပါ,စားပါ၊ သောက်ပါ,ဝလင်အောင်စားပါ၊သုံးစွဲဖို့အတွက် ရွှေစက္ကူ ငွေစက္ကူများကိုလဲ မီးရှို့ပေးပါတယ်"ဆိုပြီး နာမည်နဲ့တကွခေါ်ဝေါ်ပြီး ရှိခိုးပွဲကိုလာရောက်စားသောက်ဖို့ ခေါ်ကျွေးလေ့ရှိပါတယ်၊ တစ်နှစ်ပတ်လုံးမှာ ကွယ်လွန်သူများကို ရှိခိုးတဲ့ပွဲဟာ အနည်းဆုံး လေးငါးကြိမ်ထက်မနည်းပါဘူး၊ သေဆုံးသူများကလဲ သူတို့သေဆုံးတဲ့ရက်နီးလာရင် သတိပေးတဲ့အနေနဲ့ အိပ်မက်ပေးတတ်ကြပါတယ်။

ကျွန်မအရွယ်ရလာလို့ အိမ်ထောင်ကျပြီးတဲ့အခါမှာ ဒီအယူအဆကို လုံးဝမနှစ်သက်လို့ မလုပ်ခဲ့ဘူး၊ ဗုဒ္ဓဘာသာကို

www.burmeseclassic.com



စစ်မှန်တဲ့ယုံကြည်ချက်နဲ့ ကြည်ညိုအားထားကိုးကွယ်လာတဲ့အခါ မှာမိဘများ၊ဘိုးဘွားများကိုအလှူဒါနပြုခြင်းဖြင့် ကုသိုလ်ကောင်းမှု ကို အမျှပေးဝေကာ သာဓုအနုမောဒနာခေါ်ယူစေခဲ့ပါတယ်။

ကျွန်မရဲ့အဘိုးနဲ့အဘွားဟာ မြန်မာစကားကိုကောင်းစွာ မပြောတတ်၊ ဘုန်းကြီးရဟန်းများကိုလည်း လှူဒါန်းရမှန်းမသိခဲ့ ဘူး၊ နောက်ဆုံးကုန်ကုန်ပြောရရင် သူတောင်းစားလာတောင်းရင် တောင် နှင်ထုတ်တတ်တဲ့အဘွားပါ။ ကျွန်မအသက်အရွယ်ရလာ တဲ့အခါမှာ အဘွားရဲ့အပြုအမူကိုပြန်တွေးကြည့်တဲ့အခါမှာ အဘွား ဟာ စစ်အတွင်းက တရုတ်ပြည်မကြီးမှာ ငတ်မွတ်ဘေးကြီးဆိုတဲ့ ဒုက္ခကို ခံစားရသူမို့ ပေးကမ်းစွန့်ကြဲတာကိုတွန့်တိုတာလို့ပဲ ယူဆမိပါတယ်။ ကျွန်မတို့ငယ်စဉ်ကနေထိုင်ခဲ့တဲ့အိမ်ဟာ ဝိညာဉ် များရဲ့အိမ်လို့တောင် ပြောလို့ရအောင် ဝိညာဉ်တွေပေါများတယ် လို့ ထင်မိပါတယ်။ ဘာကြောင့်လဲဆိုတော့ အိမ်မှာမုန့်လုပ်ဖို့ ဆန်တွေကြိတ်ရ၊ ရေခပ်ရတဲ့ တောက်တိုမယ်ရလုပ်ဖို့ခေါ်ထား တဲ့ အပွနားဆိုတဲ့ကုလားလေးဟာ အိမ်မှာနေခိုင်းလို့ကိုမရဘူး၊ "နင်တို့အိမ်မှာသရဲရှိတယ်"ဆိုပြီး အိမ်နဲ့မနီးမဝေးမှာ သူ့တဲနဲ့သူ နေပြီး သူ့ဘာသာသူ ထမင်းဟင်းချက်စားတယ်။

ကျွန်မအသက် ၆–နှစ်,၇–နှစ်မှတ်မိတဲ့အရွယ်မှာ (မှတ်မိ တယ်ဆိုတာက အသက်ကိုအတိအကျမဟုတ်ပါဘူး)အဲဒီတုန်းက အဘွားနဲ့ဘေးမှာ ကျွန်မအိပ်တော့ အိပ်ရာရဲ့ခေါင်းရင်း မြေပြင် ပိုင်းဘက်မှာ တရုတ်မုန့်လုံးကြီးတွေကြော်နေလေ့ရှိတဲ့အဘွား အဲဒီကြော်ပြီးတဲ့မုန့်တွေကို မနက် ၄–နာရီလောက်မှာ လက်ဖက်



www.burmeseclassic.com

www.burmeseclassic.com



ရည်ဆိုင်တွေကိုအချိန်မီမုန့်တွေသွားပို့ရတဲ့အဘိုး၊ အဲဒီပုံရိပ်ကလေးတွေကို ရုပ်ရှင်ကြည့်ခဲ့ရသလို ယခုအချိန်ထိ အာရုံထဲမှာ စွဲထင်နေတာကို မှတ်မိတယ်လို့ဆိုခဲ့တာပါ။

တစ်ညမှာ အချိန်ကိုတော့ ဘယ်အချိန်လဲလို့မသိတော့ပါဘူး၊ ကျွန်မအိပ်ရာကနိုးလို့ အိပ်မှုံစုံမွှားနဲ့ အဘွားမုန့်ကြော်နေတဲ့ ခေါင်းရင်းဘက်ကိုလှမ်းကြည့်လိုက်တဲ့အခါမှာ အဘွားဟာ မုန့်ကြော်နေရင်းက ငိုနေပါတယ်၊ အဘွားရှေ့မှာ ကုလားထိုင်တစ်လုံးနဲ့ ထိုင်နေတဲ့ တရုတ်မတစ်ယောက်ကိုလဲတွေ့လိုက်ရတယ်၊ အဲဒီ တရုတ်မကဆံပင်တိုတိုနဲ့၊ တရုတ်မတွေဝတ်တဲ့အကျႌ၊ အောင်းဘီတွေနဲ့မို့ ဘယ်ကတရုတ်မကြီးလာပြီး အဘွားနဲ့စကားပြောနေပါလိမ့်ပေါ့။ အဘွားကလဲငို၊ တရုတ်မကလဲငိုပေါ့၊ စကားပြောတော့တရုတ်လိုပြောနေတယ်၊ ဒါနဲ့ကျွန်မကအဘွားကို လှမ်းမေးလိုက် တယ်။

"အဘွား-အဘွား-အဲဒါ ဘယ်သူလဲ"ပေါ့၊ အဘွားကနေပြီး "ဟဲ့-ဘယ်သူရှိရမှာလဲ၊ အဲဒါ နင့်အမေပေါ့"တဲ့၊ ကျွန်မကလဲ "သြော်-အဲဒါ အမေလား"ဆိုပြီး အိပ်ရာထဲပြန်ထိုးအိပ်လိုက်တာပဲ၊ မနက်မိုးလင်းတော့ အဘွားက "ဟဲ့-အိုင်းယိ၊ ညကနင့်အမေကိုတွေ့လား"လို့မေးတော့ ကျွန်မက "တွေ့သားပဲ၊ အဲဒီတရုတ်မကြီးက အဘွားနဲ့ အမြဲတမ်းစကားပြောနေတာပဲ၊ ငိုလဲငိုနေတာပဲ"လို့ပဲ ဖြေမိတယ်။အမေကိုတွေ့ရလို့ ဝမ်းသာရမှန်းလဲမသိ၊ ဝမ်းနည်းရမှန်းလဲမသိ၊ တော်တော်ကိုပဲ အသိဉာဏ်ထုံထိုင်းပုံရပါတယ်၊ အဘွားကနေပြီး အမေလို့ပြောပြပေမဲ့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မစိတ်ထဲမှာ ဘယ်လိုမှ မခံစားတတ်ဘူး၊ အမေလားဆိုပြီး ပြန်အိပ်တော့တာပဲ၊ အခု အသက်ကြီးလာမှ အမေ့ကိုတွေ့ချင်လိုက်တာ၊ အမေဟာ ကျွန်မကိုစိတ်မချလို့ ကျွန်မအပျိုဘော်ဝင်တဲ့အရွယ်ထိ အမြဲလိုက်စောင့်ရှောက်နေခဲ့ပါတယ်။

ကျွန်မအဘိုးအဘွားများဟာ တစ္ဆေသရဲတွေကိုလဲမကြောက်တတ်ကြဘူး၊ အမေ့ဝိညာဉ်ကို ကုလားထိုင်ပေါ်မှာထိုင်ပြီး ငိုနေတာကို မျက်ဝါးထင်ထင်တွေ့ခဲ့ရတာ တစ်ကြိမ်မဟုတ်ပါဘူး၊ အကြိမ်ကြိမ်တွေ့ရလို့ ကြောက်ရမှန်းလဲမသိဘူး၊ အဘွားကလဲ ဘယ်သူ့အသုဘပဲပို့ပို့ သချိုင်းရောက်ရင် အမေ့အုတ်ဂူဆီသွားပြီး အမေ့ဂူကိုဖက်ပြီး ငိုနေလေ့ရှိတော့ အမေခမျာလဲ အမေအိုအဖေအိုကြီးနှစ်ယောက်အပြင် ဥမမယ်စာမမြောက် ကျွန်မတို့မောင်နှမလေးယောက်ကို စိတ်မချနိုင်ဘူးထင်ပါရဲ့၊ တော်တော်နဲ့ကိုမကျွတ်မလွတ်နိုင်ရှာပါဘူး၊ သွားစရာနေရာမရှိ၊ စားစရာမရှိတဲ့အမေကလဲ အိမ်ကနေဘယ်မှမသွားဘူး၊ ကျွန်မတို့အိမ်ကလဲအလင်းရောင် သိပ်နည်းတယ်၊ ကျွန်မမှတ်မိသလောက် ရှေ့ကတံခါးပေါက်ကြီးတစ်ခုနဲ့ အိမ်နောက်က တံခါးပေါက်နှစ်ခုပဲပါတယ်၊ ပြတင်းပေါက်မတွေ့မိဘူး၊ ရှမ်းပြည်နယ်ဘက်က တိုင်းရင်းသားလူမျိုးများ ဆောက်လေ့ရှိကြတဲ့ မြေစိုက်အိမ် အမိုးခပ်ကုပ်ကုပ်မျိုးဆောက်ထားတော့ နေ့မှာလဲအလင်းရောင်နည်းတော့ ဝိညာဉ်တွေပိုပြီးသဘောကျမှာပဲ၊ ဒီလိုနဲ့ ကျွန်မ အသက်၉–နှစ်သမီးလောက်မှာ အဘွားလဲဆင်းရဲတဲ့ဒဏ်၊ ပင်ပန်းတဲ့ဒဏ်၊ အညှော်မိတဲ့ဒဏ်တွေစုပြီး အိပ်ရာထဲလဲတော့တယ်၊ အဘွားက



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးထွက်သက်အထိ မြေးတွေကိုစိတ်မချနိုင်ဘူး၊ ညသန်းခေါင်လောက်မှာ မြေးတွေကိုစိတ်မချလို့ တဖွဖွမှာရင်း "ဟိုမှာငါ့သမီးမေကြူခေါ်နေတယ်၊ ငါ သူနဲ့သွားနေတော့မယ်၊ နင်တို့လိမ်လိမ်မာမာနေကြ၊ ငါ့မြေးမလေးအငယ်ဆုံးကိုမရိုက်ကြပါနဲ့" ဆိုပြီး အမေထိုင်လေ့ရှိတဲ့ခုံကိုလှမ်းလှမ်းကြည့်ပြီး ကွယ်လွန်သွားခဲ့တော့တယ်။

အဘွားကွယ်လွန်သွားတော့ တရုတ်လူမျိုးများရဲ့ဓလေ့ထုံးစံအတိုင်း အဘွားအုတ်ဂူနံဘေးမှာ အဘိုးသေရင်အဘိုးအတွက်အုတ်ဂူလုပ်ဖို့ မြေနေရာကိုတစ်ခါတည်းဝယ်လိုက်တယ်၊ အဘိုးကသူသေရင်သုံးဖို့ အခေါင်းသေတ္တာကိုပါ(သစ်လုံးထွင်း)တစ်ခါတည်းမှာပြီးပြီ၊ အဘိုးမှာလဲ နှစ်ပေါင်းများစွာ ဒုက္ခကိုခါးစည်းခံလာတဲ့ ဇနီးသည်ကွယ်လွန်တော့ စိတ်လျှော့လိုက်ပုံရပါတယ်၊ အရင်ကလောက် သီချင်းညည်းလေ့မရှိတော့ဘူး၊ အရက်ကိုပိုသောက်လာတယ်၊ ညညကျရင် အိပ်နေရင်းတစ်ယောက်တည်းစကားပြောနေလေ့ရှိတယ်၊ အမေနဲ့ပြောလား၊ အဘွားနဲ့ပြောလားဆိုတာ အဘိုးပဲသိတော့တယ်။

ကျွန်မတို့အိမ်မှာ အတူနေတဲ့အဘိုးရဲ့မွေးစားသားတစ်ယောက်ရှိတယ်၊ အိမ်ထောင်ရက်သားကျပေမယ့် အိမ်မခွဲဘဲအဘိုးကိုပြုစုနေတယ်၊ သူကတရုတ်လူမျိုးမဟုတ်ဘူး၊ မြန်မာတလေးလေးတစ်ယောက်ကို (ရက်သားလောက်ပဲရှိသေးတယ်) သားအရင်းကဲ့သို့ မွေးစားခဲ့တဲ့ မွေးစားသားတာပါ၊ မွေးစားသားဆိုပေမယ့် အဘိုးက ချစ်လိုက်တာအရမ်းပဲ၊ အဲဒီဦးလေးက



www.burmeseclassic.com

www.burmeseclassic.com



တရုတ်စကားကိုမွတ်နေ အောင်ပြောတတ်သလို မြန်မာစကားကိုလဲ မြန်မာတစ်ယောက်လို ပြောတတ်တဲ့အပြင် ယူထားတာလဲ မြန်မာအမျိုးသမီးကိုပဲယူထားတော့ ဗုဒ္ဓဘာသာကိုယုံကြည်အားကိုးပြီး ဦးလေးက ဘုရား၊တရားကိုကိုးကွယ်ဆည်းကပ်နေပြီ၊ ဦးလေးကို အသားမည်းလို့ မြို့ခံလူတွေက နာမည်မခေါ်ကြဘူး၊ 'တရုတ်မည်း'ဆိုတဲ့နာမည် ပြောင်ခေါ်ရင်း (ယောက်မဲ) ထားဝယ်လိုခေါ်ရင်း ရာသက်ပန်အမည်တွင်သွားပါတော့တယ်၊ ဦးလေးက ဘုရား၊တရားကြည်ညိုတော့ ဘုန်းကြီးဝတ်တယ်၊ လူထွက်လာတော့လဲ အိမ်မှာ ဘုရား စာတွေရွတ်နေလေ့ရှိတယ်၊ ကျွန်မတို့မိသားစုမှာ ဘုရား၊ တရားကို ကြည်ညိုသဒ္ဓါပွား ကိုးကွယ်ခဲ့သူဟာ ဦးလေးကစခဲ့တယ်ဆိုရင် မမှားပါဘူး၊ မနှစ်က စာရေးသူ ကျွန်မဟာနှစ်ပေါင်း ၄၀-ကျော်မရောက်ခဲ့တဲ့ထားဝယ်ကို ရောက်သွားပြီး အဖြစ်အပျက်ကိုမေးတဲ့အခါမှာဦးလေးက အဖြစ်အပျက်များကိုပြန်လည်ပြောပြခဲ့ပါတယ်၊ ဦးလေးအမြဲ ရွတ်နေတဲ့ဂါထာက သမ္ဗုဒ္ဓေဂါထာ ဖြစ်ကြောင်းသိရပါတယ်။

တစ်နေ့တော့ ဦးလေး ဘုရားစာရွတ်ဖတ်သရဇ္ဈာယ်နေတုန်းမှာ အဘိုးဟာ ရုတ်တရက်ကြီး ဦးလေးကို တရုတ်လိုထဆဲပါလော့ရော၊ "ဟေ့-ကျန်းတီး၊ နင့်ပါးစပ်က ဘာတွေပြောနေတာလဲ၊ ဘာတွေဆိုနေတာလဲ၊ ငါ့မှာဖြင့် ဒီမှာ ဗိုင်းဆွဲနေလို့ သေတော့မယ်"လို့အော်လို့ ဦးလေးနဲ့အခေါ်လဲ အဘိုးဆီပြေးသွားကြတယ်၊အဘိုးဟာ နေ့ခင်းနေ့လယ်ခဏအိပ်နေတာပါ၊ ဦးလေးက သမ္ဗုဒ္ဓေကိုရွတ်လိုက်တော့ အိမ်မှာရှိတဲ့အမေနဲ့အသွားရဲ့ဝိညာဉ်



www.burmeseclassic.com

www.burmeseclassic.com



တွေက မနေနိုင်လို့ အဘိုးကို 'ကူပါ၊ ကယ်ပါ'ဆိုတဲ့သဘောနဲ့ ပိုင်းပြီးဆွဲကြတာပါ၊ အဘိုးခမျာ သူ့ကို ရင်ဘတ်တက်ဖိကြ တယ်လဲပြောတယ်၊ လက်ကိုရော ခြေထောက်ကိုရော ဆွဲတယ် လို့လဲပြောတယ်၊ အဘိုးအပြောအရကတော့ တစ်ခါနှစ်ခါ ဖြစ်တုန်းက မရိပ်မိဘူးတဲ့၊ ငါ့ကို ဘာလို့ ဝိုင်းဆွဲနေကြတာလဲလို့ တော်စဉ်းစားယူမှ ဦးလေးဘုရားစာရွတ်တိုင်း အဘိုးခမျာ သမတတ်ခံနေရလို့ အခုလိုဝုန်းဒိုင်းကြပြီး ထဆဲတဲ့ဘဝကို ရောက်ရတာပါပဲ၊ ဒီတော့ အဘိုးက အမိန့်ချတယ်။ "ငါ့သေမှ တက်ကြပါ"တဲ့၊"နင်ကရွတ်နေတော့နင့်အမေနဲ့နင့်အစ်မ ဘယ်မှာ သွားနေရမှာလဲ"တဲ့၊ အဘိုးက အဘွားနဲ့အမေရဲ့ဓာတ်ပုံရှေ့မှာ ယောင်းတိုင်,အမွှေးတိုင်အမြဲထွန်းတယ်၊ ထမင်းနဲ့ဟင်းလဲ အမြဲ ထားပေးတယ်၊ တစ်ခါတလေအရက်ခွက်ပါထားပေးတာကို တွေ့ ပါတယ်။

အဘိုးစကားအတိုင်းပဲ အဲဒီနေ့ကစပြီးဦးလေးလဲ ဘုရားစာ ရွတ်ရတော့ဘူး၊ ဒါပေမယ့် သိပ်မကြာပါဘူး၊ အဘွားဆုံးပြီး နှစ်နှစ်ကျော်မှာပဲ အဘိုးလဲကွယ်လွန်သွားခဲ့ပါတော့တယ်၊ ဘုရား စာတော်ကြောင့် ဝိညာဉ်တွေ အိမ်ထဲမှာမနေနိုင်တာကတော့ ကိုမြင်ကိုယ်တွေ့ပဲဖြစ်ပါတယ်။

တစ္ဆေသရဲနဲ့ပတ်သက်ပြီး အဖြစ်အပျက်တစ်ခုကို ထပ်မံပြီး ပြောချင်ပါသေးတယ်၊ယခု ကျွန်မနေတဲ့ ကျိုင်းတုံမြို့မှာ လွန်ခဲ့တဲ့ —နှစ်ကျော်လောက်က ဖြစ်ပျက်ခဲ့တဲ့အဖြစ်အပျက်တစ်ခုဖြစ် တယ်၊ ကျွန်မတို့နေတဲ့တပ်နယ်မြေနဲ့မြို့ဟာ အတော်လေးဝေး



www.burmeseclassic.com

www.burmeseclassic.com



သွားရပါတယ်၊ရှစ်မိုင်ခန့်ရှိတယ်လို့သိရပါတယ်၊ လမ်းတစ်
လျှောက်မှာ လူသွားလူလာပြတ်ပြီး ခရီးတစ်ဝက်က အိမ်ခြေ
မရှိဘူး၊ လမ်းဘေးတစ်ဖက်တစ်ချက်တွေမှာ လယ်ကွင်းကြီး
တွေကိုပဲ မြင်ရပါတယ်၊ လမ်းတစ်ဝက်မှာ အဓိကရညောင်သုံး
ပင်ဆိုတဲ့ နေရာရှိပါတယ်၊ အဲဒီအပင်ကြီးတွေမှာ အခြော
အလှန့်ကြမ်းတယ်လို့ နာမည်ကြီးပါတယ်၊ (ယခုအခါမှာ ညော
သုံးပင်လဲ မရှိတော့ပါဘူး၊ အားလုံးခုတ်လှဲပြီး တိုက်တာ အိမ်ခြေ
စည်ကားနေတဲ့ လမ်းမကြီးလဲဖြစ်နေပါပြီ။

တစ်နေ့မှာ ကျွန်မရဲ့အိမ်နီးချင်းမိတ်ဆွေတစ်ဦးဖြစ်
မနန်းနုနဲ့အတူ မြို့ထဲကမိတ်ဆွေတစ်ယောက်ရဲ့အလှူမှာ ကူ
လုပ်ကိုင်ပြီးပြန်လာတဲ့တစ်ညမှာ ည ၁၁–နာရီကျော်သန်းခေါ
ရောက်နေပါပြီ၊ လမိုက်ရက်ဖြစ်လို့ ပတ်ဝန်းကျင်တစ်ခုလုံး
မှောင်မည်းနေပါတယ်၊ လယ်ယာဥ်ကွင်းလမ်းတစ်လျှောက် လ
တွေတိတ်ပြီး ပိန်းပိတ်အောင်မှောင်မည်းနေလို့ ကတ္တရာ
လမ်းအတိုင်းမှန်းပြီး တစ်ယောက်လက်တစ်ယောက်ဆွဲလို့
သုတ်သုတ်ပြန်ခဲ့ကြပါတယ်၊ အဲဒီအချိန်တုန်းက လမ်းမီးများ
ည ၈–နာ၊၉–နာရီလောက်ပဲရတာမို့ အလင်းရောင်ဆိုလို့ ပိုး
ကျူးလေးတောင် မရှိတဲ့အချိန်မှာ လကလဲမသာ၊ ဓာတ်မီး
မပါ၊ နှစ်ယောက်သား ကြောက်ကြောက်နဲ့ တစ်ယောက်လ
တစ်ယောက်ဆွဲပြီး ခြေကုန်သုတ်လာလိုက်ကြတာ တ
လုံးပေါ့ပေါ့ပါးပါးနဲ့ လာခဲ့ကြပေမယ့် ညောင်သုံးပင်ရဲ့အ
အဝန်းမည်းမည်းရဲ့အရိပ်အောက်လဲရောက်ရော ကျွန်မရဲ့



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တစ်ခုလုံးဟာ ခေါင်းနပန်းတွေကြီးပြီး တစ်ကိုယ်လုံး ပ်လျှိုးကျုံ့ဝင်သွားသလိုမျိုးခံစားရပါတယ်၊ ဘယ်လိုကြောက် ည်းမျိုးကြောက်ခဲ့တယ်ဆိုတာကိုတောင် ရေးမပြတတ်အောင် ါပဲ၊ တစ်သက်နဲ့တစ်ကိုယ်တစ္ဆေ သရဲကိုမတွေ့ရဘဲနဲ့ ကြောက် တဲ့ အကြောက်ပါ၊ ခြောက်လှန့်ခံရတာလဲ မကြာခဏပါပဲ၊ ါပေမယ့် ယခုတစ်ခါလောက်ကြောက်မိတာ မကြုံခဲ့ဖူးပါ၊ လူကို ကြောက်တဲ့ အကြောက်မျိုးလဲမဟုတ်ဘူး၊ တစ္ဆေသရဲကို ပြူးပြူး ပြဲကြောက် စရာမြင်ရလို့ ကြောက်တာလဲမဟုတ်ဘူး၊ ညောင်ပင် အောက်ကိုရောက်တာနဲ့ ကြောက်စိတ်ကြောင့် ညောင်ပင် ၀န်းအရိပ်က မြန်မြန်ထွက်ရအောင် အပြေးတစ်ပိုင်း လော်က်ကို ပ်သုတ်သုတ်လျှောက်မိတယ်၊ ကြောက်လွန်းလို့ ပါးစပ်က ရှိသမျှ ဏ်တော်တွေ၊ ဂါထာတွေရွတ်ဖတ်လာလိုက်တာ တစ်ချက် ာလေးမှမပြတ်အောင်ပါပဲ၊ တစ်ကိုယ်လုံးမှာလည်း ချွေးတွေက ရချိုးထားတဲ့အတိုင်း ရွဲနစ်လို့နေပါတယ်၊ ကြောက်ချွေးပြန် တာပေါ့နော်။

တစ်ယောက်လက်တစ်ယောက်တင်းတင်းဆွဲပြီး ခြေကုန် ုတ်လာလိုက်တာ ညောင်သုံးပင်ရဲ့အရိပ်အောက်ကလဲထွက်ရော ျှန်မတို့နှစ်ယောက်ရဲ့ခြေသံအပြင် အနောက်မှာလိုက်လာတဲ့ ခြေသံတွေကိုကြားလိုက်ရတယ်၊ ကျွန်မကမသက်ာလို့ခြေကို ာလျှောက်ရင် အတိုင်းသားကြားနေရတယ်၊ ကိုယ်ကရပ်လိုက် င် ခြေသံပျောက်သွားတယ်၊ မသက်ာလို့လှည့်ကြည့်လိုက်ရင် မှောင်ထုပဲမြင်ရတယ်၊ ကျွန်မနဲ့မနန်းနုကတော့ ခဏခဏ



www.burmeseclassic.com

www.burmeseclassic.com



လှည့်ကြည့်မိတယ်၊ ကြားရတဲ့ခြေသံတွေက များနေတာကိုး၊ သရဲကတစ်ကောင်ထဲမကဘူးတင်တယ်၊ ကျွန်မစိတ်ထဲ မသိုးသန့် ဖြစ်မိလို့ မနန်းနုလက်ထဲကို လှမ်းဆွဲကြည့်တော့ အထုပ်တစ်ထုပ် တွေ့လိုက်ရတယ်၊ ဒါနဲ့ ကျွန်မက "ဟဲ့–နန်းနု နင့်လက်ထဲက ဘာတွေလဲဟ"လို့မေးတော့ "ဝက်သားချဉ်ထုတ်အစ်မ"တဲ့၊ ကျွန်မကလဲ ရိပ်မိလိုက်ပြီ၊ သူ့ဝက်သားချဉ်ကြောင့် လိုက်လာ တာဆိုပြီး "နန်းနု နင့်ဝက်သားချဉ်လွှင့်ပစ်လိုက်"လို့ဆိုတော့ "ဟင့်အင်း–ကျွန်မကြောက်တယ်အစ်မ၊ လွှင့်မပစ်ရဲဘူး"တဲ့၊ သူ လွှင့်မပစ်တာက နမြောလို့မဟုတ်ဘူး၊ ကြောက်လို့ကို လွှင့်မပစ် တာ။

ကျွန်မတို့နှစ်ယောက် ပွဲဈေးတန်းက ခေါက်ဆွဲစားပြီးတဲ့ အခါမှာ မနန်းနုဝယ်လာတဲ့ ဝက်သားချဉ်ကို သတိမထားလိုက်မိ ဘူး၊ သူ့ကလေးတွေစားဖို့ဝယ်လာတာဖြစ်မယ်၊ သေချာပါပြီ၊ ဝက်သားတို့၊ အမဲသားတို့ဆိုတာ ညကြီးမင်းကြီးမှာ မယူကောင်း ဘူးလို့ ရှေးလူကြီးတွေပြောဖူးတာပဲ၊ ညောင်တစ်ပင်တောင်ကျော် လာပြီ၊ ဝက်သားချဉ်စားချင်လို့လိုက်လာတဲ့အကောင်တွေ၊ အနား ကပ်မလိုက်လာရဲဘူး၊ ဂုဏ်တော်တွေကို အဆက်မပြတ်အကျယ် ကြီးရွတ်လာတဲ့ ကျွန်မတို့နဲ့မနီးမဝေးက လိုက်လာကြတယ်၊ ညောင်တစ်ပင်ကျော်လာပြီး တံတားထိပ်ထိ နောက်ကျောချမ်း တုန်း၊ ခေါင်းနပန်းကြီးတုန်း၊ ကြက်သီးမွေးညင်းတွေထတုန်း၊ ကျွန်မက ကြောက်ကြောက်နဲ့ ဂုဏ်တော်တွေကိုနင်းရွတ်လေ မနန်းနုက ကျွန်မလက်မောင်းတစ်ဖက်ကိုအတင်းဆွဲပြီး တိုးကပ်



www.burmeseclassic.com

www.burmeseclassic.com



လေပါပဲ၊ ပါ:စပ်ကလဲ "အစ်မ–အစ်မ ဘုရားစာရွတ်လေ ကျွန်မ ကြောက်လှေပဲ"ဆိုပြီး ကျွန်မလက်မောင်းတစ်ဖက်ကိုနင်းဆွဲလေ ဖြစ်ပြီး ကျွန်မမှာ လက်မောင်းတစ်ဖက်ကိုနာနေရောပဲ။

အိမ်နားရောက်ခါနီးတော့မှ နည်းနည်းချာသွားပုံရပါတယ်၊ လူလဲနည်းနည်းပေါ့သွားတယ်၊မနန်းနုမှာတော့ဝက်သားချဉ်ထုပ်ကို 'ကြောက်လို့'လွှင့်မပစ်ရဲဘူးဆိုးပြီးပါလာလိုက်တာအိမ်ကို ရောက်တဲ့အထိပါပဲ၊ သူ့အိမ်နောက်ဘေးလဲရောက်ရော ကျွန်မက သူ့ကို ရေတစ်ဖလားခပ်ပေးပါဆိုပြီး အဲဒီရေဖလားကြီးကိုကျွန်မပါ:စပ်နဲ့တော့ပြီးတော့ ဦးခံ၊ ရှိသမျှဂါထာမန္တန်တွေ၊ဘုရားစာတွေ စုံအောင်ရွတ်၊ တစ်ဆက်တည်း အဲဒီကိုယ်မန်းထားတဲ့ဂုဏ်တော် ရေမန်းကို သောက်လဲသောက်၊ခေါင်းလဲဆွတ်၊မျက်နှာလဲသစ်၊ တစ်ကိုယ်လုံးကိုလျှောက်ဖျန်းလုပ်တော့မနန်းနုက "ကျွန်မလဲပေးပါဦး၊ကျွန်မလဲ လုပ်မယ်"ဆိုလို့ ဖလားထဲက ကျန်တဲ့ရေတစ်ဝက် ကိုပေးခဲ့ပြီး ဘာစကားမှမပြောနိုင်တော့ဘဲ အိမ်ကိုခြေကုန်သုတ် ပြန်လာခဲ့တော့တယ်၊ အိမ်ရောက်လို့ တံခါးမခေါက်ခင် ကျွန်မ ခြေထောက်နှစ်ဖက်ကို သုံးလေးချက်လောက်ဖုတ်ဖက်ခါပြီး ပါ:စပ်ကလဲဖွ–ဖွနဲ့ရွတ်သေးတယ်။ ပြီးမှ အိမ်တံခါးကိုခေါက်ပြီး ခင်ပွန်းသည်ကို နှိုးတော့ ခင်ပွန်းသည်က မအိပ်သေးဘဲ စာအုပ် ဖတ်ရင်းကျွန်မ အပြန်ကိုစောင့်နေတယ်၊အဲဒါနဲ့ကျွန်မလဲလမ်းက အဖြစ်အပျက် တွေကိုပြောပြတော့ ခင်ပွန်းသည်က ဘုရားစင်မှာအမြဲတင်ထားတဲ့ တောင်ပုလုဆရာတော်ဘုရားကြီးမန်းပေးခဲ့တဲ့ 'မေတ္တာ'ရေမန်း ခွက်လင်းကိုယူလာပြီး ကျွန်မကိုသောက်ခိုင်းပါတယ်၊ကျွန်မလဲရေမန်း

www.burmeseclassic.com



သောက်ပြီး အိပ်ရာဝင်ခဲ့တော့တယ်။ [မှတ်ချက်။ ။ကျိုင်းတုံမြို့သို့ တောင်ပုလုဆရာတော်ဘုရားကြီးကြွလာစဉ်အခါကရှာဖွေတွေ့ရှိ ခဲ့သောမေတ္တာရေမန်းပုလင်းများမှပွားထားသောရေမန်းဖြစ်ပါသည်။]

နောက်တစ်နေ့နံနက်ရောက်လို့ မနန်းနုအိမ်ကိုသွားပြီး ညကအဖြစ်အပျက်ကိုသိလို၍ သတင်းသွားရောက်မေးမြန်းခဲ့ရာ မနန်းနုမှာမျက်လုံးမျက်ဆန်ပြူးပြူးပြာပြာဖြင့် "အမလေး– အစ်မ ရယ်၊ ညကလေ ကျွန်မပြန်ရောက်လို့ အိမ်ပေါ်လဲလှမ်းတက် ရော နေမကောင်းဖြစ်လို့ အိပ်ရာထဲလဲနေတဲ့ ကျွန်မယောကျ်ား က ဘာပြောတယ်ထင်လဲသိလား အစ်မ" ဟဲ့–နင်တို့ အနောက်က လိုက်လာတဲ့ ကျွဲလိုလိုနွားလိုလို မည်းမည်း,မည်းမည်းနဲ့ အကောင် လေးကောင် တို့အိမ်ရှေ့က မန်ကျည်းပင်ပေါ်တက်နေကြတာ ငါအိမ်ပေါ်ကအတိုင်းသား မြင်ရတယ်"တဲ့ အစ်မရဲ့၊ သူကဒီလို ပြောတော့ ကျွန်မဖြင့်လေ ကြောက်ပြီး တစ်ညလုံး အိပ်မပျော်ဘူး ယောကျ်ားဖြစ်သူကလဲ နေမကောင်းဖြစ်နေတော့ ပိုဆိုးတာပေါ့"

အဲဒီမနက်မှာပဲ ချက်ချင်းကြီး သူ့ခင်ပွန်းကို ဆေးရုံတင် လိုက်ရပြီး နေ့လယ် ၂–နာရီမှာပဲကွယ်လွန်သွားခဲ့တယ်၊ သေခါနီး လူမမာတစ်ဦးက အိမ်ပေါ်ကနေပြီး မကောင်းဆိုးဝါးတွေကို လှမ်းမြင်နေရတဲ့အကြောင်းကိုကြားသိရတော့ ကျွန်မဖြင့် မယုံနိုင် လောက်အောင်ကို အံ့ဩမိပါတယ်၊ ကျွန်မထင်တဲ့အတိုင်း သရဲ တစ်ကောင်မကပါဘူး၊ လေးကောင်ကြီးများတောင်ဆိုပဲ။

ယခုအခါမှာ ကျွန်မ၏မိတ်ဆွေမနန်းနုဟာ သားသမီးများ နဲ့အတူ တာချီလိတ်မှာနေထိုင်လျက်ရှိပါတယ်၊ တစ်ခါတစ်



www.burmeseclassic.com

www.burmeseclassic.com



နှစ်ယောက်သား တွေ့ဆုံမိတဲ့အခါများမှာ ကျွန်မမှနေ၍ "နန်းနု ရေ၊ ဝက်သားချဉ်ထုပ်ပါတဲ့ညကို မှတ်မိသေးလား" လို့မေးရင် "မှတ်မိတာပေါ့အစ်မရယ်၊ ဘယ်တော့မှမမေ့နိုင်အောင်ပါပဲ" ဆိုပြီး ကိုယ့်အဖြစ်ကို ကိုယ်ပြန်သတိရပြီး နှစ်ယောက်သားရယ်မိကြ ပါတယ်။

တစ္ဆေသရဲကို မျက်ဝါးထင်ထင်မမြင်ခဲ့ရပေမယ့် ဝက်သား ချဉ်စားချင်လို့လိုက်လာပြီး အရိပ်နဲ့အသံနဲ့ တစ်လမ်းလုံးလိုက် လာပေမယ့်လဲ ဘုရားဂုဏ်တော်၏အစွမ်းကြောင့် အနားကိုလဲ မကပ်နိုင်၊ အစားအစာကိုလဲ လုမယူနိုင်ဖြစ်ပြီး အိမ်အထိလိုက်ပြီး ခြောက်လှန့်ခံခဲ့ရတဲ့အဖြစ်အပျက်ဟာလဲ စိတ်ကူးယဉ်မဟုတ်၊ ပုံပြင်မဟုတ်၊ ကိုယ်တွေ့ဖြစ်ကြောင်း တင်ပြလိုက်ရပါတယ်။

ထပ်မံပြီး တစ္ဆေ၊ ဝိညာဉ်များနှင့်ပတ်သက်သော ပရ လောကမှ ကိုယ်တွေ့တကယ့်ဖြစ်ရပ်မှန်များကို ဆက်လက်၍ ရေးသားတင်ပြလိုပါသေးသည်။ စာဖတ်သူများ ရတနာသုံးပါး ကို ဆည်းကပ်ကိုးကွယ်၍ ဂုဏ်တော်များရွတ်ပွားနိုင်ကြပါစေ။

ပြိုးပြိုး (ကျိုင်းတုံ)

[၂၀၀၀–ပြည့်နှစ်၊ ဇူလိုင်လထုတ်၊ လျှို့ဝှက်ဆန်းကြယ် မဂ္ဂဇင်းတွင် ဖော်ပြပြီးဆောင်းပါးဖြစ်ပါသည်။]



www.burmeseclassic.com

www.burmeseclassic.com

# အမေ့တမလွန်ဘဝ

မင်းလူမြတ်ထွေး



ကျွန်တော့်အမေ့အကြောင်း ကျွန်တော်ရေးမှာ။ ရေးရမည့် အဲမေ့အကြောင်းကလည်းအကောင်းမဟုတ်။ အမေကွယ်လွန်ပြီး နောက် လားရာဂတိမကောင်းတာရေးမှာ။ မိဘကျေးဇူး၊ မိဘဂုဏ် ပျက်အောင် သားကရေးခြင်းမဟုတ်။ မွေးမေ့ကျေးဇူး အလှူ သိလွန်းလို့ ကျွန်တော့်အမေကဲ့သို့ အခြားမည်သူမဆိုသွားရာ ဂတိမမှားကြစေရန်၊ မအိုခင်,မနာခင်က ဝိပဿနာ ဘာဝနာ



www.burmeseclassic.com

www.burmeseclassic.com



ပွား၍ မရဏာသန္နဇောအကျမှန်မှန်ဖြင့် ဘဝကူးပြောင်းကြစေရန် ရည်ရွယ်၍ ရေးခြင်းဖြစ်ပါသည်။

ဗုဒ္ဓဘာသာဝင်မှန်သမျှ ယခုလက်ရှိဘဝမှာပင် အောက်ဆုံးအဆင့် သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်မျှမဆိုက်လျှင် သေလွန်ပြီးနောက် လားရာဂတိသည်ကား စိတ်မချနိုင်သေးကြောင်း စေတနာကောင်းဖြင့် ရေးသားတင်ပြခြင်းဖြစ်ပါသည်။

**တောသူအမေ**

အမေသည် ကျေးရွာမှာမွေး၍ ကျေးရွာမှာ ကြီးပြင်းလာခဲ့သည်။ အတန်းကျောင်းမနေရ။ အမေ၏အဖေ (ကျွန်တော့်အဘိုး) နှင့် လက်ဆက်ရွာကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ သင်ကြားပေးမှုကြောင့် စာရေးတတ်ဖတ်တတ်လာသည်။

သင်ပုန်းကြီးဖတ်စာမှစ၍ ပရိတ်ကြီး(၁၁)သုတ်သင်ရသည်။ ဆရာတော်သင်ပြ၍ ပါဠိဖတ်တတ်သည်။ နေ့စဉ်နိစ္စပတ်ဝတ်သည် ဘုရား၊ တရား၊ သံဃာ ရတနာသုံးပါးကိုစွဲသာအမိကထားလုပ်သည်။ အသက်မွေးမှု အပြင်ပန်း အလုပ်ထွက်မလုပ်ရ။ အိမ်ဈောင်ထိန်းသိမ်းမှုဖြင့် ကြီးပြင်းကာလာခဲ့သည်။

အိမ်ထောင်ကျပြန်တော့လည်း ယော်ကျ်ားလုပ်စာဖြင့်ပင် ရပ်တည်ခဲ့သည်။ သားသမီးမွေးဖွားပြုစုမှုနှင့် ရတနာသုံးပါးအရေးဖြင့်ပင် အချိန်တွေကုန်ခဲ့သည်။

အမေသည်ကျန်းမာသည်။ ခေါင်းကိုက်၊ ဗိုက်နာခြင်းမရှိ ကိုယ်လက်ကိုက်ခဲခြင်းပင်မရှိ။ အိမ်သားများခေါင်းကိုက် ဗိုက်



www.burmeseclassic.com

www.burmeseclassic.com


နာရင်လည်း သူကမမေးမစမ်း။ ရောဂါဝေဒနာ ဘယ်လိုခံရပုံ သူ့နားမလည်၊ သူကိုယ်တိုင်က ခေါင်ခေါင်းမြည်နေ၍ သူများ ခံစားရတာ အလေးမမူမိခြင်းဖြစ်သည်။

ဘဝတစ်လျှောက် လောကခံနိမ့်ချည်မြင့်ချည်ကြုံရလည်း သိပ်ပူပန်နေသူမဟုတ်။ စိတ်အေးအေးထားတတ်သည်။ အဖေ ကတော့ မသိတတ်ရန်ကောဟုပြောသည်။ ကျွန်တော့်အမြင်က တော့ အမေသည်မသိတတ်၍မဟုတ်။ မလွန်ဆန်နိုင်သောကြောင့် ဖြစ်လာသည့်ပြဿနာတစ်ရပ်ကို သူ့အတိုင်းထားတတ်ခြင်း ဖြစ်သည်။

ဤသို့ဖြင့် အမေသည်သက်ရှည်ကျန်းမာစွာ အသက်(၈၂) နှစ်ရှိလာသည်။ ဤအရွယ်မှာပင် ငါးပိရည်၊ ငှက်ပျောဖူးပြုတ် နှင့် ပိန္နဲကွင်းအစိမ်းကိုတို့စားသည်။ မှျစ်နှင့်ချဉ်ပေါင်ကို ချဉ် လန်နေအောင် ချက်စားသည်။ သူ့ချဉ်ဟင်းကို ဘယ်သားသမီးမှ မစားနိုင်။

အမေသည် ရွာဦးကျောင်းဆရာတော် ဘဒ္ဒန္တစန္ဒိမာ သင်ကြားညွှန်ပြသည့် ဝင်လေထွက်လေမှတ်သည်။ တရားထိုင် ခြင်းကိုသုံးလေးနာရီကြာအောင်ထိုင်နိုင်သည်။ ညောင်းညာကိုက်ခဲ ခြင်းမရှိ။

အသက်ကြီးပိုင်းတွင် တရားထိုင်ချိန်၊ ဘုရားဝတ်ပြုချိန်က လွဲရင် အိမ်မှာနေရင်း နှီးသားဖျာတွေတစ်ချပ်ပြီးတစ်ချပ်ရက်ရင်း အချိန်ကုန်ခဲ့သည်။


www.burmeseclassic.com

www.burmeseclassic.com



## အစားကြောင့် အမေဗုန်းဗုန်းလဲရပြီ

မိုးဦးလေဦးကတစ်ရက်မှာတော့ အမေသည် မှိုစ်နှင့်ချဉ်ပေါင်ရေချဉ်ဟင်းကို တဝကြီးချက်စားပစ်လိုက်သည်။ အဖေဆုံးပြီးနောက် အမေသည် သာယာဝတီခရိုင်၊ မင်းလှမြို့နယ်၊ လက်ဆက်ရွာပဲ သမီးကြီးနှင့်ဘတူနေသည်။ အမေသည် စားချင်တာစားသည့် ထုံးစံအတိုင်း သမီးကလည်း တားမရ၍မတား။ ညစာချဉ်ဟင်းစားပြီး မိုးစွေသည့်ညမှာတော့ ဝမ်းလျှောပါတော့သည်။

တစ်ညလုံးဝမ်းလျှော၍ နုံးချည့်ချည့်ဖြင့် မနက်မိုးလင်းတော့ အိမ်အောက်ထပ်မှ အပေါ်သို့တက်ခဲ့သည်။ လှေကား ၇–ထစ်နှင်းအတက် လှေကားထိပ်မှာ ပုံးလဲကျသည်။ သတိခဏမေ့သွားသည်။ တံခါးပေါင်ပေါ် ဗုန်းခနဲလဲကျသည့်ဒဏ်ကြောင့် တင်ပါးနီရဲလာပြီး တဖျဉ်းဖျဉ်းနှင့်အနာကြီးနာလာတော့သည်။ နှုတ်က ဂယောင်ဂတမ်းညည်းတွားနေသည်။

အစ်မကြီးသံကြိုးစာအရ ကျွန်တော်နှင့်ကျွန်တော်အစ်ကိုကြီး ဦးလှသွင်သည် ရွာသို့လိုက်သွားသည်။ မင်းလှသွား ဆရာဝန်ခေါ်ပြီး ဆေးထိုးဆေးသွင်းခြင်းဖြင့် အနည်းငယ်သက်သာလာသည်။ သို့သော် အနာကပိန်မသွား၊ ပြည်တည်သည့်ဘက်သို့ ရောက်လာသည်။

နေ့စဉ် ဆရာဝန်က ဆေးထိုး၊ ဆေးကျွေးခြင်းဖြင့် အမေ့အနာပြည်ပေါက်သွားသည်။ အနာကျက်ဖို့ကတော့ကြာမည်ဟုဆရာဝန်ကပြောသည်။ အနာကြီးကလည်း တွင်းနက်နက်ကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်နေသည်။ အသက်ကလည်းကြီးတော့ အနာကျက်မမြန်နိုင်ကြောင်း သိရသည်။ လဲကျသည့်နေ့မှစပြီး အမေသည် မထနိုင်တော့ဘဲ ပက်လက်သာနေရတော့သည်။

## အမေ ရန်ကုန်ပြောင်းခဲ့ပြီ

ရန်ကုန်တွင် ဆေးဝါး စိတ်တိုင်းကျကုနိုင်ရန် အမေ့ကို ရန်ကုန်သို့ ကျွန်တော်တို့သားနှစ်ယောက်ကခေါ်ခဲ့သည်။ အမေသည် ကျွန်တော့်အိမ်ရှိရာ ရန်ကင်း၌နေချင်သည်။ သို့သော် အခက်အခဲက ကျွန်တော့်အလုပ်သည် မအူပင်မှာ အစိုးရတာဝန်ထမ်းနေရသည်။ ကျွန်တော့်ဇနီးက ကျောင်းဆရာမ။ ကလေးများကလည်း ကျောင်းသွားရသည်။ အိမ်မှာမရှိ။ အိမ်မှာအဖော်မလေးနှင့် အမေနေ၍မဖြစ်။ အမေ့ကို အစ်ကိုကြီးအိမ် သာကေတမှာထားရသည်။ အစ်ကိုကြီးဇနီးက အိမ်မှာအမြဲရှိသည်။ ကြည့်နိုင်သည်။ ပြီးတော့ အစ်ကိုကြီးတို့နေသည့်သာကေတက တောသဘာဝအတိုင်းဖြစ်သည်။ အမေ့ရွာနှင့် သဘာဝချင်းတူသည်။

အမေ နေရထိုင်ရလွယ်ကူမည်။ အမေ့အတွက် အဘက်ဘက်က ကောင်းမည်ဟူသော ယူဆချက်ဖြင့် ကျွန်တော်တို့ညီအစ်ကိုသည် အမေ့ကို သာကေတအစ်ကိုအိမ်ကိုပို့ထားသည်။ အမေသည် ရွာကသမီးကိုမစွဲ၊ သားများစီစဉ်သည့်အတိုင်း လက်ခံသည်။

ကျွန်တော်သည် တစ်ပတ်တစ်ခါ မအူပင်မှ ရန်ကုန်သို့ အမေ့ထံလာခဲ့သည်။ မအူပင်မှ ရန်ကုန်သို့ စနေနေ့လာပြီး



www.burmeseclassic.com

www.burmeseclassic.com



တနင်္ဂနွေနေ့ပြန်သည်။ ကျွန်တော်ကိုယ်တိုင် အမေ့လက်သည်း၊ ခြေသည်းညှပ်ပေးသည်။ အမေ့အတွက် ငွေကြေး၊ဆေးဝါး၊ မုန့်၊ စားစရာအမြဲဖြည့်ပေးသည်။ အမေ့စိတ်ချမ်းသာမှုကို အမြဲဖြည့်ပေးခဲ့သည်။

## လက်သည်းညှပ်လေးနှင့် ကျွန်တော့်သစ္စာ၊ အမေ့မေတ္တာ

အမေ့လက်သည်း၊ ခြေသည်းကိုညှပ်ပေးဖို့ ကျွန်တော်ယူလာသည့် လက်သည်းညှပ်သည် တစ်ရက်တွင် အမှတ်(၄)လိုင်းကား ဒိုင်နာခေါင်းခန်းထဲမှာ မေ့ကျန်ခဲ့သည်။ အမေ့လက်သည်း၊ ခြေသည်းညှပ်ပေးသည့်အခါ ကျွန်တော်တပ်ရသော စာကြည့်မျက်မှန်လည်းပါသွားသည်။ လက်သည်းညှပ်နှင့်မျက်မှန်ကို ကြွတ်ကြွတ်အိတ်ထဲထည့်လျက် မေ့ကျန်ခဲ့သည်။ ထိုနေ့ကို ယခုတိုင် ကျွန်တော် မှတ်မိနေသည်။ (၈–၁–၈၄)တနင်္ဂနွေနေ့ဖြစ်သည်။

ကျွန်တော်စီးခဲ့သောကားနံပါတ် ကျွန်တော်မမှတ်မိ။ ကားမောင်းသူ၏ရုပ်ပုံလည်း ကျွန်တော့်မျက်စိထဲမပေါ်တော့ပါ။ ကီလီဂိတ်ထိလိုက်ခဲ့သည်။ နံပါတ်လေးကားများကို တစ်စီးချင်း လိုက်မေးသည်။ မရ၊ ပုဇွန်တောင် အချိန်ထိန်းစခန်းထိ ပြန်လိုက်လာသည်။ သာကေတမှလာသည့်ကား၊ ကီလီမှသာကေတသို့သွားသည့်ကားလိုင်းနံပါတ်(၄)ကားတိုင်းကို စောင့်မေးသည်။ ပစ္စည်းပါသွားသော ကားနံပါတ်မသိဘဲ ရမ်းမေးနေသည်ကို မြင်သူများက ဝိုင်းရယ်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com


'မနက်ဖြန်ရုံးတက်ရင် ဘယ်မျက်မှန်နဲ့စာကြည့်မလဲ'

ကျွန်တော့်မှာ သောကဝင်လာသည်။ ထိုအချိန်မှာပဲ ကျွန်တော့်ခေါင်းထဲ သတိတစ်ချက်ရလိုက်သည်။ ဘာတုံးဆိုရင် 'ငါ့မှာအားကိုးစရာရှိသားပဲ၊ သစ္စာဆိုဖို့လေ'

(တစ်) 'ပျောက်နေသောလက်သည်းညှပ်သည် မိခင်အိုကြီးရဲ့ခြေသည်းလက်သည်းညှပ်ပေးနေကျ လက်သည်းညှပ်ဖြစ်သည်။ ဤမှန်သောသစ္စာ စကားကြောင့် ယနေ့နေ့ချင်းပင် ပြန်တွေ့ရပါစေသား'

(နှစ်) 'ဤပျောက်သောမျက်မှန်သည် မိခင်အိုကြီးရဲ့ ခြေသည်းလက်သည်းညှပ်သည့်အခါ တပ်နေကျမျက်မှန်ဖြစ်သည်။ဤမှန်သောသစ္စာစကားကြောင့် ယနေ့နေ့ချင်းပင် ပြန်တွေ့ရပါစေသား'

ဤသစ္စာနှစ်လီ နှုတ်ကမြွက်၍ သုံးကြိမ်ရွတ်ဆိုလိုက်သည်။ ထို့နောက် သာကေတနှင့်ကီလီပြေးဆွဲနေသော နံပါတ်(၄)အမြန်ဒိုင်နာလိုင်းကားများ အသွားအပြန်ကို ပုစွန်တောင်အချိန်ထိန်းစခန်းက စောင့်၍မေးနေပါသည်။

ပုစွန်တောင်အချိန်ထိန်းစခန်းမှလူတစ်ယောက်က–

'ခင်ဗျားပစ္စည်းကိုပြန်ရဖို့မပြောနဲ့၊ မေးဖို့တောင်မလွယ်ဘူး။ ဒီလိုင်းမှာ အသွားအပြန်ပြေးဆွဲနေတဲ့ နံပါတ်(၄)ကားက အစီး ၂၀၀ တောင်ရှိတယ်။ ကားနံပါတ်လဲမသိတော့ ခက်တယ်ဗျာ။ ကားတွေကလည်းကလဲ အသွားအပြန်ရှုပ်ယှက်ခတ်နေတာတဲ့'


www.burmeseclassic.com

www.burmeseclassic.com



သူပြောတာ ဟုတ်၏၊ မှန်၏၊ ရန်ကုန်မြို့ဆိုသည်မှာ ဤမျှသေးငယ်သောပစ္စည်းသေးသေးလေးကို နံပါတ်မမှတ်မိသော ကားပေါ်ပါသွားရင် ပြန်ရဖို့ဆိုတာ ဘယ်လိုနည်းနှင့်မျှ မလွယ်ရေးချမလွယ်ပါခင်ဗျား။

သို့သော် အခြားပစ္စည်းမျိုးမဟုတ်ဘဲ မိခင်အိုကြီးအားပြုစုရာတွင် အသုံးပြုသောပစ္စည်းဖြစ်၍ ကျွန်တော်စိတ်မပျက်ပါ။ ပြန်ကိုရရမည်ဟု ယုံကြည်နေပါသည်။

ကျွန်တော်သည် ပုဇွန်တောင် အချိန်ထိန်းစခန်းရှေ့ မတ်တပ်ရပ်လျက် လက်သည်းညှပ်ပါသွားသော ကားမောင်းသူ၏ မျက်နှာကိုပုံဖော်မရပေမယ့် မှန်း၍ ကျန်းမာပါစေ၊ ချမ်းသာပါစေဟု မေတ္တာပို့နေပါသည်။

ကျွန်တော်သည် ကားတိုင်းကိုလည်း မမေးရဲပါ။ တစ်စီးခြား နှစ်စီးခြားမေးပါသည်။

'ကျွန်တော့်ကား ခင်ဗျားစီးဖူးလို့လား'တဲ့။ အချို့ကားသမားက ကျွန်တော့်အား ပြန်မေးပြန်သည်။

'ခင်ဗျားကား ကျွန်တော်စီးဖူးလား၊ မစီးဖူးလားဆိုတာ မသေချာပါဘူးဗျာ'ဟု ချိုသာစွာ ပြန်ဖြေလိုက်ရသည်။

ကျွန်တော်သည် စိတ်ပျက်အားလျော့ခြင်း လုံးဝမရှိဘဲ ကားအစီးအားဖြင့် အစီး ၂၀ မြောက်၊ အချိန်အားဖြင့် ၂ နာရီခန့်ကြာချိန်၌ သာကေတဘက်မှမောင်းလာသော နံပါတ်(၄)ကားသည် ပုဇွန်တောင်အချိန်ထိန်းစခန်းရှေ့ရောက်လာသည်။

ကားမောင်းသူကို ကျွန်တော်ရမ်းသမ်းမေးလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com


'ခင်ဗျားပစ္စည်းက မျက်မှန်တစ်ခုထဲပဲလား'တဲ့။ ကားမောင်းသူက ကျွန်တော့်ကို ပြန်မေးသည်။

'မဟုတ်ဘူးခင်ဗျ၊ လက်သည်းညှပ်လေးလဲပါတယ်။ ပြားငါးဆယ်တန်ကြွတ်ကြွတ်အိတ်ထဲထည့်လို့'ဟုဖြေလိုက်သည်။

'ဟုတ်ပြီဟုတ်ပြီ၊ ဥစ္စာရှင်မှန်ပြီ။ ကျွန်တော့်ခေါင်းခန်းထဲမှာပဲ သိမ်းထားတယ်။ ကားအသွားအပြန် ဥစ္စာရှင်မှန်ရင် ပြန်ပေးဖို့ပဲ။ ရော့–ယူပေတော့'ဆိုပြီး လှမ်းပေးပါသည်။

'ကျေးဇူးတင်လိုက်တာဗျာ'ဟု ကျွန်တော်ဝမ်းသာသည့်လဲ ပြောလိုက်သည်။

ကိုယ်တွေ့သစ္စာမေတ္တာတန်ခိုးနှင့် မိခင်ကြီး၏ကျေးဇူးကြီးမားပုံအကြောင်းကို ကျွန်တော်သည် ၁၉၈၅–ခုနှစ်၊ မေလထုတ် 'သစ္စာရောင်ခြည်မဂ္ဂဇင်း'အတွဲ(၃)၊ အမှတ်(၅)တွင် ဆောင်းပါးတစ်ပုဒ်ရေးခဲ့သည်။

## ထမသွားနိုင်တော့သောအမေ

အမေ့ကို ရွာမှခေါ်လာစဉ် မီးရထားအထက်တန်းတွဲထဲမှာ ပက်လက်ကလေးရယ်၊ ရန်ကုန်ရောက်တော့ အနာတဖြည်းဖြည်း သက်သာလာသည်။ ထိုင်နိုင်လာသည်။ သို့သော် သူ့တင်ပါးက အနာကြောင့် ကွေးကွေးလေးနေသော ရက်,လ,နှစ်ကြာလာပြီ ဖြစ်သည့်အတွက် ခြေဆန့်၍မရတော့ပါ။ ဖင်ရွှေ့ဖင်ရွှေ့သွားရသည်။ အစားအသောက်ကောင်းကောင်းစားနိုင်သောမှနိုင်သည်။ အခြားဘာရောဂါမျှမရှိ။ ကျန်းကျန်းမာမာရွှင်ရွှင်


www.burmeseclassic.com

www.burmeseclassic.com



လန်းလန်းရှိသည်။ မှန်ချိုဆရာဦးလှဖြေးဆေးဖြင့် တစ်နှစ်ကျော် ကြာတော့ အနာလုံးဝကျက်သွားသည်။

**အသက်(၅၀-၆၀)ထိ အမေရထားသည့်တရားမျိုး**

**အမေ ပြန်ရစေချင်သည်**

အမေသည် စနေနေ့မနက်ဆိုရင် ခါတိုင်းနေ့ထက် စောစောနိုးသည်တဲ့။ 'ဒီနေ့ ငါ့သားလာမယ်–ငါ့သားလာမယ်'နဲ့ ပါးစပ်က တဖွဖွဆိုနေသည်တဲ့။

သူ့ထံ ကျွန်တော်ရောက်လာသည့်နေ့ဆိုရင် အမေ့မျက်နှာ ပိုရွှင်လန်းသည်။ သောကြာနေ့ကျလေတိုင်း မနက်ဖြန်စနေ၊ သားလာမှာကိုမျှော်နေသည်။

တနင်္ဂနွေနေ့ညနေ ကျွန်တော်ပြန်ခါနီးနှုတ်ဆက်တော့ အမေ့မျက်နှာညှိုးနေသည်။ ကျွန်တော်ပြန်သွားပြီးနောက် တရှုံ့ရှုံ့ ငိုနေသည်ဟု ပြန်သိရသည်။ တစ်ပတ်မဟုတ်၊ ရက်သတ္တပတ် တိုင်းတဲ့။

အမေ ဤသို့ဖြစ်နေသည်ကို ကျွန်တော်မနှစ်သက်နိုင်ပါ။ ကျွန်တော့်အပေါ် သံယောဇဉ်တွယ်စွဲလမ်းနေပုံကို ကျွန်တော် မကြိုက်ပါ။ အသက်(၅၀-၆၀)အရွယ်က အမေမျိုး ကျွန်တော့် အမေကိုပြန်ဖြစ်စေချင်ပါသည်။ ကျွန်တော့်ဆန္ဒသည် မွေသဘာဝ ကို အံတုခြင်းများကျနေမည်လားတော့မသိပါ။

ကျွန်တော် လူမှန်းသိတတ်ကာစအရွယ်က အမေ၏ဖခင် (ကျွန်တော့်အဘိုး)ကို ကျွန်တော်မီလိုက်သည်။ တောင်ရှည်ဆိုး

www.burmeseclassic.com



ဝတ်သည်။ အဘိုးသည် သူ့သမီးများကို ဘုရားစာ၊ တရားစာ သင်ပေးသည်။

အဘိုးအမွေရလိုက်သည့် အမေသည် ကျွန်တော့်ကို လယ်တီဆရာတော်ဘုရားကြီး၏ ၇–နေ့ဘုရားရှိခိုးကို နှုတ်တိုက် သင်ပေးသည်။ အမေ့ကျေးဇူးကြောင့် ကျွန်တော်သည် လူမှန်း သိသည့်အရွယ်ကစပြီး အလွတ်ရနေသည်။

အမေသည် ကျွန်တော့်ကို ညောင်လေးပင်ဆရာတော် ဘုရားကြီး၏(၃၂)ကောဋ္ဌာသလင်္ကာကိုလည်း သင်ပေးထား သည်။ မနက်မျက်နှာသစ်တိုင်း၊ ခေါင်းဖြီးတိုင်း ဤလင်္ကာရွတ် ဆိုပြီး ကမ္မဋ္ဌာန်းစီးဖြန်းရမည်ဆိုသည်။

'ဤကိုယ်၌ဆံပင်၊မွေးညှင်း၊ခြေသည်း၊ လက် သည်း၊ သွား၊ အရေး၊ အရေ၊သွား၊ လက်သည်း ခြေသည်း၊ ခြေသည်း၊ မွေးညှင်း၊ ဆံပင်၊ ဤငါးခု သည် အဆင်းအားဖြင့်လည်းကောင်း၊ သဏ္ဌာန် အားဖြင့် လည်းကောင်း၊ အနံ့အားဖြင့်လည်းကောင်း၊ မှီရာအကြောင်းအားဖြင့်လည်းကောင်း၊ တည်ရာ အရပ်အားဖြင့်လည်းကောင်း စက်ဆုပ်စရာရွံစရာ ဖြစ်သည်။

သတ္တဝါလည်းမဟုတ်၊ အသက်လည်းမဟုတ်၊ မာတင်းသော ပထဝီဓာတ်ဖြစ်၏။ ငါ့ကိုယ်၊ ငါ့ဟာ၊ ငါမဟုတ်၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တ'



www.burmeseclassic.com

www.burmeseclassic.com



အမေ၏သင်ကြားပေးမှုကြောင့် ယနေ့တိုင်ဤလက်ာကို ကျွန်တော်ရွတ်ဆိုနေပါသည်။

အမေ၏ဖခင်(ကျွန်တော့်အဘိုး)အဘိုးဦးဖိုးစိန်ရှိတုန်းက တော့ ရွာဦးကျောင်းမှာ တရားရိပ်သာမဖွင့်သေးပါ။ အဘိုးကွယ်လွန်ပြီးနောက် ၁၉၅၂-၅၃ ခုနှစ်လောက်မှာတော့ ရွာဦးကျောင်းဆရာတော်ဘုရားကြီး ဘဒ္ဒန္တစန္ဒိမာသည် တရား ရိပ်သာဖွင့်ပါသည်။ အာနာပါနဿတိကစထူထောင်ပြီး ရုပ်နာမ် ပရမတ်အစစ်တို့၏ ဖြစ်ခြင်း,ပျက်ခြင်းတရားကို ဝိပဿနာဉာဏ် ဖြင့် ရှုဆင်ခြင်ရသောတရားရိပ်သာဖြစ်သည်။

အမေတို့ညီအစ်မတစ်တွေ အညိုရောင်ယောဂီဝတ်စုံနှင့် တရားထိုင်ကြသည်။ ဆရာတော်ဘုရားကြီး ဘဒ္ဒန္တစန္ဒိမာက အမေတို့ကို မေ္တသံဝေဂလင်္ကာ(၉)ပုဒ်ကိုသင်ပေးသည်။ အမေက တစ်ဆင့် ကျွန်တော့်ကို ပြန်သင်ပေးသည်။ ယနေ့တိုင် နှုတ်မှ ရွတ်ဆို၍လည်းကောင်း၊ တရားနှလုံးသွင်း၍လည်း ကောင်းသော လင်္ကာ(၉)ပုဒ်ဖြစ်သည်။

ဆရာတော်ကြီးဘဒ္ဒန္တစန္ဒိမာသည် တရားစခန်းဝင်ကြသော အမေတို့ယောဂီများကို သဲဖြူလယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာလက်စွဲဆောင်ပုဒ် ၃၀ ကိုလည်း အရကျက်ခိုင်းသည်။ ဒကာ,ဒကာမများတရားထိုင်တိုင်းလည်း ဆရာတော်ကြီးက ဆောင်ပုဒ်တစ်ခုချင်း၏အဓိပ္ပါယ်ကို ဟောကြားပြသသည်။

ဝိပဿနာဆောင် ၃၀ အနက် အမေသည် ကျွန်တော့်ကို နှုတ်တိုက်ချပေးပြီး အိပ်ရာဝင်တိုင်း အမေ့ထံပြန်ဆိုရသည့်



www.burmeseclassic.com

www.burmeseclassic.com



အောက်ပါတိုက်တွန်းခန်းလင်္ကာသုံးပုဒ်ကို ယနေ့တိုင် အလွတ်ရနေသည်။

'နာမ်ရုပ်နှစ်ပါး၊ ယောကျ်ားမိန်းမ၊ သတ္တဇီဝ၊ ဘာမျှမရှိ၊ ဉာဏ်နှင့်ကြည့်သော်၊ ဓာတ်အတိသာ၊ ရှိချေ၏တကား။ နာမ်ရုပ်နှစ်တန်၊ သူ့ဖြစ်ဟန်ကို၊ အမှန်ဒိဋ္ဌ၊ မသိကြ၍၊ ငါထငါထိုင်၊ ငါကိုင်ငါသွား၊ ငါကြားငါကြည့်၊ ငါသိ၊ ငါမြင်၊ ဓာတ်ဖြစ်အင်ကို၊ ငါပင်မှုချ၊ မှတ်ထင်ကြသည်၊ သက္ကာယဒိဋ္ဌိစွဲလမ်းမှုကြီးပါတကား။ ဒိဋ္ဌိသက္ကာယ၊ မကွာသမျှ၊ လေးဝ အပါယ်၊ ရောက်ဦးမယ်၊ နင်ဝယ်သတိထား၊ သို့အလားကြောင့်၊ မြတ်ဘုရားက ရင်ဝမှာလှံစူး၊ ထိပ်ပဦးမီးလောင်၊ မရှောင်အဟုတ်၊ နှောက်မဆုတ်ဘဲ၊ အားထုတ်ရန်သဘောကို၊ သတ္တိယာဝိယသြမန္တော'ဟု ဟောကြားတော်မူခဲ့လေပြီတကား။

အမေသည် လက်ဆက်ရှာ ရှာဦးကျောင်း၌ တရားစခန်းဝင်စဥ် ကျွန်တော့်အစ်မ ဒေါ်ကျင်လှက ဆွမ်းအုပ်လိုက်ပို့ရသည်။ ကျွန်တော့်ကိုပါခေါ်သွား၍ အမေတို့ တရားထိုင်ပုံ၊ ဆွမ်းစားပုံကို မြင်ဖူးခဲ့သည်။

အမေတို့ ဝိပဿနာယောဂီတို့သည် ဆွမ်းပွဲပြင်ပြီးမစားခင် ဤသို့ဆင်ခြင်၍ သံပြိုင်ဆိုရသည်။

(၁) 'ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရှယ် မာန်ကြွ၊



www.burmeseclassic.com

www.burmeseclassic.com



လုပရေးဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး။

(၂) လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းဖြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်နိုင်ပါစေ၊ ဝေဒနာအဟောင်းအသစ်၊ မဖြစ်စေရ။

(၃) ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု သုံးဆောင်မှီဝဲပါသတည်း။'

ထို့အပြင် အမေတို့ရွတ်ဆိုကြတာရှိသေးသည်။

'ပွဲပြင်ဇွေလယ်၊ စားပွဲပေါ်ဝယ်၊ တင့်တယ်လျောက်ပတ်၊ သူမြတ်တို့သာ၊ ထိုက်တန်ပါသား၊ စား‌ရေမျှားသည်၊ စားပြီးမကြာ၊ ပိုးစားလောင်မီး၊ ကျင်ကြီးကျင်ငယ်၊ တသွယ်သွေးသား၊ ငါးပါးခွဲလျက်၊ ခွေးစားခွက်ထဲ၊ ကျီချွဲထပ်ထပ်၊ ခွေးအန်ဖတ်နှယ်၊ ရွံဖွယ်ဘိခြင်း၊ တစ်တွင်း၌၊ မယွင်းတူလစ်၊ စာသစ်အိမ်ဝယ်၊ စင်းငယ်နားလျက်၊ အူခေါင်းသက်၍၊ ချက်မြတ်ကျောက်ကုန်း၊ အူအဆုံးဟု၊ ပိတုန်းပိတ်ဝယ်၊ တကယ်တစ်တစ်၊ မစင်ဖြစ်၍၊ စင်စင်ရွံဖွယ်၊ ဖြစ်လေတော့သည်တကား။'

နောက်ဆုံးတော့အမေသည် 'ပစ္စည်းလေးဖြာ၊ ဒါယကာ၊ ချမ်းသာကိုယ်စိတ်မြဲပါစေ'ဟု သုံးကြိမ်ဆိုပြီးမှ ဆွမ်းစားကြသည်ကို ယနေ့တိုင် မျက်စိထဲမြင်ယောင်မိပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အမေ့အတွက်ဝမ်းနည်းခြင်း

အသက်(၈၆)နှစ်ရှိလာပြီဖြစ်သည့် ယနေ့အမေသည် ဆရာတော် ဘဒ္ဒန္တစန္ဒိမာကျောင်းမှာ တရားတစ်ခါထိုင်ရင်(၃)နာရီကြာအောင် တရားထိုင်ခဲ့တာတွေ၊ အမြဲရွတ်ဖတ်လေ့ကျင့်ထားသည့် တရားစာတွေ ယခု ဘယ်ပျောက်ကုန်သနည်း။ အမေသည် အသက်(၅၀)မှ(၈၀)အထိ နှစ်(၃၀)လောက် တရားဘာဝနာဘက်ဝါသနာပါပြီး အားထုတ်ခဲ့သမျှ အသက်(၈၀)ကျော်တော့ ပျောက်ကုန်သည်ကို ကျွန်တော် မကျေနပ်ဆုံးဖြစ်သည်။

အနှစ်နှစ်အလလက အမေရွတ်ဆိုခဲ့သော တရားစာတွေကို ကျွန်တော်က ဤသို့အစဖော်ပေးကြည့်သည်။

'ကျွန်တော်ငယ်ငယ်တုန်းက အမေအမြဲဆိုခဲ့တဲ့ တရားစာတွေလေ။ သဲဖြူလယ်တီဆရာတော်ဘုရားကြီး၏ ဝိပဿနာလက်စွဲဆောင်ပုဒ်သုံးဆယ်ကို အမေအမြဲဆိုပြခဲ့တာပဲ။

အဲဒီအထဲက 'နာမ်ရုပ်နှစ်ပါး၊ ယောက်ျားမိန်းမ၊ အတ္တစိတ်ဘာမျှမရှိ၊ ဉာဏ်နှင့်ကြည့်သော်၊ ခတ်အတိသာရှိချေ၏တကား' ဆိုတာလေ အမေပြန်သတိရတယ်မဟုတ်လား။

အမေမေ့ကုန်လို့ အလွတ်မရတော့ရင် ရုပ်နာမ်ဖြစ်ပျက်သဘောကိုတော့ အမေသိနေတယ်မဟုတ်လား'ဟု အမေ့နားနားကပ်မေးသော်လည်း အမေသည် ခေါင်းလဲမညိတ်၊ ခေါင်းလည်းမခါဘဲ ငေးငိုင်၍သာနေတော့သည်။

မိုးကုတ်ဆရာတော်ဘုရားကြီး၏တရားစာအုပ်ကို အမေ့အိပ်ရာဘေးနားထားသည်။ အမေ့ကို တရားစာတစ်ကြောင်းချင်း



www.burmeseclassic.com

www.burmeseclassic.com



ဖြည်းဖြည်းဖတ်ပြလည်း အမေသည် စိတ်ဝင်စားပုံမပေါ်၊ တရား ကက်ဆက်ဖွင့်ပြလည်း နားထောင်ချင်ပုံမပေါ်တော့ပါ။

အမေ့ကိုယ်ခန္ဓာပေါ်တွင် ဘာရောဂါမျှ ထူးထူးထွေထွေ မရှိ။ ထမသွားနိုင်တာတစ်ခုပဲရှိသည်။ အသက်(၈၀)ကျော်၍ မေ့တတ်တာပဲရှသည်။

သံဝေဂလင်္ကာတွေ၊ တရားတွေကများလို့ အသက်အရွယ် က ကြီးလာတော့ မေ့ကုန်သည်ကိုမပြောလိုပါ။ ပရမတ်ရုပ်နာမ် အစစ်ဖြစ်ပျက်ကို သိရှိရှုမြင်သော ဝိပဿနာအသိဉာဏ်ကတော့ ဖြင့် အမေ့မှာကျန်သေးရဲ့ဟု အကောင်းဘက်က ကျွန်တော့်အမေ့ ကို မျှော်လင့်မိခဲ့သည်။

သို့ပေမယ့် မေ့တတ်သောသဘောက အားထုတ်ထားသော တရားအားလုံးကိုပါ မေ့ပစ်လေရော့သလားမသိ။ အမေသည် စိတ်အားနေသော်လည်း တရားနှင့်မနေတော့ပါ။ လောကီကာမ ဂုဏ် အာရုံတွေနှင့်နေသလားဆိုတော့လည်း သည်လိုလည်း မနေ ပါ။ စကားကိုများများမပြောတော့ဘဲ အမြဲငူငူငိုင်ငိုင်နှင့်သာ နေနေတော့သည်။

အမေ့ကိုကြည့်ပြီး တရားဆောင်းပါးတစ်ပုဒ်ရေးချင်စိတ် ပေါ်လာသည်။ ကျွန်တော့်အမေလိုမဖြစ်ကြစေရန် စေတနာဖြင့် 'မအိုခင်က ကြိုပြင်ရမည်'ဟူသော ဆောင်းပါးရေးပို့လိုက်သည်။ 'ဗုဒ္ဓဓမ္မလောကစာစောင်'အတွဲ(၂၉)၊အမှတ်(၄၆)၊ (၁၄-၅-၈၄) ရက် ထိုဆောင်းပါးရေးဖြစ်ဖို့ အခြားအကြောင်းတစ်ခုကလည်း ရှိသည်။ ၁၉၈၃-ခုနှစ်၊ ဒီဇင်ဘာလထုတ် စာပေလုပ်သားမဂ္ဂဇင်း



www.burmeseclassic.com

www.burmeseclassic.com



တွင် စာရေးဆရာကြီး ဒဂုန်နတ်ရှင်၏ ဆောင်းပါးတစ်ပုဒ်ကို ဖတ်လိုက်ရသည်။

ဆရာကြီး၏မိတ်ဆွေတစ်ယောက်သည် ငယ်စဉ်က စိတ်ပညာနှင့်အတွေးအခေါ်ပညာလိုက်စားခဲ့သည်။ သို့သော် သေခါနီးတွင် မိမိစိတ်၌ မည်သို့ တရားနှလုံးသွင်းရမည်ကို မသိတော့၍ ဆရာကြီး ဒဂုန်နတ်ရှင်အား တရားဟောပေးရန် တောင်းပန်လာသည်။ ဆရာကြီးက မိုးညှင်းဆရာတော်ဘုရားကြီး၏ ဝိပဿနာတရား ဟောပြရသည်။ ဆရာကြီးအဖို့ သူ့မိတ်ဆွေအတွက် စိတ်မကောင်းဖြစ်ခဲ့ရကြောင်း ရေးထားသည့် ဆရာကြီးဒဂုန်နတ်ရှင်၏ဆောင်းပါးဖတ်ပြီးသည်ကစ၍ ကျွန်တော့်အမေနှင့်တူလွန်းသဖြင့် 'မအိုခင်ကကြိုပြင်ရမည်' ဟူသောဆောင်းပါးတစ်ပုဒ်ရေးဖြစ်သည်။

ကျွန်တော်၏ဆောင်းပါးအတိုချုပ်က ဤသို့ဖြစ်သည်။

ကျွန်တော်သည် ဆရာကြီးဒဂုန်နတ်ရှင်ဆောင်းပါးနှင့် ကျွန်တော့်အမေ၏အဖြစ် ဆက်စပ်ကြည့်သည်။ ထိုဆောင်းပါးရေးစဉ်က ကျွန်တော်သည် အသက်(၈၄)နှစ်ရှိ ထမသွားနိုင်တော့သည့် မိခင်အိုကြီးနှင့်နေရသူဖြစ်သဖြင့် ဇရာဒုက္ခလအဘိုး, အဘွားတို့၏ အိုခြင်း, နာခြင်းသဘောကို စိတ်ဝင်စားလာမိသည်။

တစ်နေ့ မိမိမုချအိုရမည်၊ နာရမည်၊ ထိုအချိန်တွင် မည်သည့်တရားနှင့်နေမည်နည်း။ မည်သို့ နှလုံးသွင်းသွားမည်နည်း။ သေရမည့်ဘေး၏ရှေ့နားတွင်ရှိသော အိုခြင်း၊ နာခြင်းတို့နှင့် အတူ နှစ်အတော်ကြာအောင့်နေရသော မိမိကိုယ်ကိုင် မည်သည့်



www.burmeseclassic.com

www.burmeseclassic.com



တရားကို နှလုံးသွင်းနေသွားမည်နည်း။ အိုခြင်း,နာခြင်း,၏ စက္ကန့်နှင့်အမျှ နှိပ်စက်မှုဒဏ်ကို မည်သည့်နည်းများဖြင့် ကြံ့ကြံ့ ခံသွားမည်နည်းဟု ကျွန်တော့်ကိုကျွန်တော် ပြန်မေးမိသည်။

ယနေ့အထိ ကျွန်တော်၏ကာယအား၊ ဉာဏအားဖြင့် ကြိုးစားရှာဖွေစုဆောင်းခဲ့သမျှ ရာထူး၊ နေဥစ္စာနှင့်ကျွန်တော် တည်းဟူသော လူတစ်ယောက်ကို ဇာတိပြု၍ ဖြစ်လာခဲ့သော ဇနီး၊ သားသမီးအစရှိသောအရာအားလုံးကို ကျွန်တော်သည် တွယ်တာနေစရာမလိုသကဲ့သို့ သူတို့ကို စွန့်ပယ်၍လည်းမရပါ ချေ။သူတို့သည် ပယ်၍လည်းမရ၊ တွယ်၍လည်းမရသောသဘော ဖြစ်သည်။ မသေခင် သူတို့နှင့်လက်တွဲ၍ ဘဝအခက်အခဲကို ဖြေရှင်းသွားရပေဦးမည်။

ကျွန်တော် ရှာဖွေစုဆောင်းခဲ့သမျှ ဥစ္စာဓနအားလုံးသည် ကျွန်တော်သေလျှင် သုသာန်အထိပင်လိုက်မပို့နိုင်။ အိမ်ထဲမှာပဲ ကျန်ခဲ့မည်။ ကျွန်တော့်ဇနီးနှင့်သားသမီးများသည် ကျွန်တော် သေလျှင် သုသာန်အထိသာလိုက်ပို့နိုင်သည်။ ဟိုဘက်ကို ကျွန်တော်တစ်ယောက်တည်းသာဆက်သွားရမည်။ ကျွန်တော် တစ်ယောက်တည်းသာဆက်သွားရမည်ဟုပြောရသည်မှာ ပမာ ဆင်စားချက်သာဖြစ်သည်။ အမှန်တရားကမူ ရုပ်နာမ်ဓမ္မသည် ဤနေရာမှာဖြစ်၍ ဤနေရာမှာပဲပျက်ပြီးပါပြီ။

မည်သူတွေမည်မျှငိုငို သူတို့ကိုယ်တိုင်တော့ ကျွန်တော့် နောက် လိုက်မလာနိုင်ပါ။ ငိုပြီး,ငိုင်ပြီး ကျန်ခဲ့မှာပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်တို့သည် အိုခြင်း၊ နာခြင်းသဘော ဖိစီးသော ကြောင့် အိပ်ရာထဲမလဲခင်၊ သတိမလွတ်ခင်၊ သတိမပျက်ခင် တရားအသိဉာဏ်တစ်ခုခုကို ပိုင်ပိုင်နိုင်နိုင်ရထားဖို့လိုသည်။

လူ့ဘဝနှင့်လူ့သဘာဝအရ အသက်အရွယ်ကြီးရင့်လာရင် သတိမေ့လာသည်။ မှတ်ဉာဏ်နုံ့လာသည်။ မေ့လျော့မှုများလာ သည်။ ထိုသဘောသည်ပင် မတရားမဟုတ်၊ တရားသည်ပင် တရားရှာကိုယ်မှာတွေ့သည်။

အသက်ကြီး၍ သတိမေ့လျော့ခြင်း၊ ကိုယ်ခန္ဓာအိုခြင်း နာခြင်းသဘောနှိပ်စက်ခြင်းကြောင့် ထိုင်းထိုင်းမှိုင်းမှိုင်း၊ ငိုင်တိ ငိုင်တိုင်၊ စေဝေဝါဖြင့် အဘိုးအို၊ အဘွားအိုများနေပုံထိုင်ပုံသည် ပင် အနိစ္စ၊ ဒုက္ခ၊ အနတ္တတရားဖြစ်သည်။

နှစ်အတန်ကြာအောင် အိုခြင်း၊ နာခြင်းတရားနှင့်နေသွား ရဦးမည်ဆိုလျှင် ပုထုဇဉ်တို့သဘာဝအရ ထိုသဘောကိုမခံလို သဖြင့် အတင်းတန်းဖယ်ချင်သောစိတ်များဖြစ်လာနိုင်သည်။ အတ္တစိတ်က အနတ္တတရားကို အန်တုခြင်းဖြစ်သည်။

ထိုအရွယ်ထိုအချိန်ဝယ် အိုခြင်း၊ နာခြင်းဒဏ်ကို သည်းခံ နိုင်အောင် မိမိသည် မည်သည့်တရားနှင့် နေ့စဉ်နှလုံးသွင်းနေ သွားမည်ကို မအိုခင်က ယခုလိုနုပျိုစဉ်က ကြိုတင်ပြင်ဆင်ရမည် ဖြစ်ပါသည်ဟုရေးခဲ့သည်။

အမေသည် ငယ်စဉ်ကစ အသက်(၈၀)အထိ တရား ဘာဝနာမမေ့ခဲ့ပါ။ ယနေ့အမေ၏ ဆည်းဆာကာလ ရောဝင်ချိန် ကျတော့မှ တရားဘာဝနာကို လုံးဝမေ့ပြီး လုံးဝစိတ်မဝင်စား



www.burmeseclassic.com

www.burmeseclassic.com



တော့ခြင်းသည် ကျွန်တော်တို့သားသမီးများအတွက် အကြီး
အကျယ် ဝမ်းနည်းစရာကြီးဖြစ်တော့သည်။

'အမေရယ် မေ့စားမေ့ရင် တရားကိုမမေ့ဘဲ သားကို မေ့ပါ
တော့လားအမေရယ်'လို့ ကျွန်တော်ညည်းမိသည်။ သက်ကြီး
ရောဂါအရ မေ့တယ်ဆိုရင်လည်း ဘာမျှမသိတော့ဘဲ အားလုံးကို
မေ့နေတာကမှ တော်သေးသည်ဟု ကျွန်တော်မိုက်မိုက်ကန်းကန်း
တွေးနေမိသည်။

၁၉၈၂–ခုနှစ်မှ ၁၉၈၆–ခုနှစ်အထိ လေးနှစ်တိုင်တိုင်
အမေ့ထံ စနေ၊ တနင်္ဂနွေရက်သတ္တပတ်ရုံးပိတ်တိုင်း ကျွန်တော်
ရောက်ခဲ့ပြီး အမေ့အတွက် လိုအပ်သမျှဖြည့်ဆည်းပေးနေရာက
၇–၁၀–၈၆)ရက်နေ့မှာတော့ ရန်ကုန်က အစ်ကိုကြီးဦးလှသွင်
ထံမှ ဖုန်းလာသည်။ အမေအစာမဝင်တော့ဘူး။ အသည်းအသန်
ဖြစ်နေကြောင်းသိရသည်။ အမေ့ထံ ကျွန်တော် ချက်ချင်းရောက်
လာသည်။

အမေသည် အသံထွက်၍ပင် မညည်းမညူနိုင်တော့ဘဲ
ဘက်လက်နေရင်းက ကျွန်တော့်ကိုကြည့်သည့်မျက်စိအကြည့်က
ထက်မိပုံရသည်။ အမေ့အနားမှာ ကျွန်တော်အမြဲရှိသည်။ ဆရာဝန်
ပင်ဆေးသွင်း၊ အာဟာရသွင်းခြင်းဖြင့် အမေသည် လန်းလာ
ပါက်,ညှိုးသွားလိုက်နှင့် လေးရက်ကြာ အသက်ရှင်နေသည်။

## ဓာတ(ကွယ်လွန်)ခါနီး နိမိတ်အာရုံများ

စုတေ(ကွန်လွန်)ခါနီး၌ ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ်သုံးပါး
တွင် တစ်ပါးပါးထင်မြဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သေချိန်မရောက်ခင် စက္ကန့်အနည်းငယ်ကဖြစ်စေ၊ နာရီဝက်၊ တစ်နာရီကွာကဖြစ်စေ၊ ရက်ပေါင်း,လပေါင်းများစွာကွာကဖြစ်စေ၊ ဘဝပေါင်း,ကမ္ဘာပေါင်းများစွာကဖြစ်စေ ပြုခဲ့သည် ကံအမျိုးမျိုးသည် နောက်ဘဝသစ်တွင် ပဋိသန္ဓေအကျိုးပေးခွင့်ပြုလာလျှင် လောလောဆယ်ထင်လာတတ်၏ဟု ဆိုသည်။ ဤသည်မှာ ကံအာရုံထင်လာခြင်းဖြစ်သည်။ ကံကိုပြုတုန်းကာလကကဲ့သို့ စိတ်အစဉ်ဖြစ်၍ မနောဒွါရ၌သာထင်သည်။

ကမ္မနိမိတ်အာရုံထင်ပုံမှာ ကုသိုလ်ကမ္မနိမိတ်ဆိုလျှင် ဘုရား၊ ကျောင်း၊ သင်္ကန်းစသည့်အာရုံများထင်လာတတ်သည်။ အကုသိုလ်ကမ္မနိမိတ်ဆိုလျှင်၊ ပါဏာတိပါတမှုကျူးလွန်ခဲ့မိလျှင် ဓား၊ လှံ၊ လက်နက်ထင်လာတတ်သည်။ ကမ္မနိမိတ်သည် (၆) ပါးသော ဒွါရတို့တွင် တစ်ပါးပါးသောဒွါရ၌ထင်သည်။

ဂတိနိမိတ်အာရုံထင်လာပုံမှာ ဘဝသစ်ဝယ် တွေ့ကြုံရမည့်အာရုံများ တင်ကြို၍ ထင်လာတတ်သည်။ နတ်ပြည်ရောက်မည့်သူဆိုလျှင် နတ်ဘုံဗိမာန်စသည်ထင်လာတတ်သည်။ လူ့ပြည်ရောက်မည့်သူဆိုလျှင် အမိဝမ်းရေ၏နီရဲရဲအဆင်းထင်လာတတ်သည်။ ငရဲသွားရမည်ဆိုလျှင် ငရဲမီး၊ ငရဲထိန်း၊ ခွေးကြီးစသည်ထင်လာတတ်သည်။ ပြိတ္တာဖြစ်မည့်သူဆိုလျှင် တောကြီးတောင်ကြီး၊ မြစ်ရေ၊ သမုဒ္ဒရာကမ်းစသည်ဖြင့် မိမိနေထိုင်ရမည့်အရပ်ဒေသအလိုက် ထင်လာတတ်သည်ဟု ကျမ်းဂန်များအရသိရသည်။ ဂတိနိမိတ်သည် မနောဒွါရ၌သာထင်သည်။

အရှင်ဇနကာဘိဝံသ၏(ဆဋ္ဌ–ကျမ်းစာ)ကိုယ်ကျင့်အဘိဓမ္မာ



www.burmeseclassic.com

www.burmeseclassic.com



တွင် 'စုတေခါနီး၌ မျက်နှာအနေအထားကြည့်ပါ။ ကြည်ကြည် လင်လင်ရှိလျှင် အာရုံကောင်းထင်နေပြီဖြစ်၍ သုဂတိသွားရလိမ့် မည်ဟု မှန်းဆနိုင်သည်။ မျက်နှာအနေအထားညှိုးငယ်လျှင်၊ သို့မဟုတ် ကြမ်းတမ်းသောအမူအရာဖြစ်နေလျှင် မကောင်းသော အာရုံထင်နေပြီဖြစ်၍ ကေန်မုချ ဒုဂ္ဂတိသို့သွားရတော့မည်ဟု မှန်းဆနိုင်ပေသည်'ဟု ဆိုထားသည်။

ဤနည်းဖြင့် ကျွန်တော့်အမေ့ကို မှန်းဆ၍လည်းမရနိုင်ပါ။ အမေသည် နဝေတိမ်တောင်ဖြစ်နေသည်မှာကြာပြီဖြစ်သဖြင့် သူ့ မနောစိတ်ဝယ် မည်သည့်အာရုံထင်သည်ကို မှန်းဆရခက်သည်။ ရုန့်ရင်းကြမ်းတမ်းသောအမူအရာမရှိသကဲ့သို့ကြည်ကြည်လင်လင် လည်းမရှိပါ။ အစားအသောက် စားနိုင်သောက်နိုင်တုန်းကပင် မေးသမျှစမ်းသမျှ ပြန်ပြောချင်မှပြောသောအမေသည် ယခုကဲ့သို့ အစာမပြောနှင့် အရည်တစ်စက်ပင်မမျိုနိုင်တော့သည့်အခြေအနေ ၌ အမေမည်သည့်အာရုံယူနေသည်ကို မမှန်းဆနိုင်သဖြင့် ကုသိုလ် ကောင်းမှုများသာ အမေ့ရှေ့လုပ်ပြနေရပါသည်။

ရဟန္တာရှင်သောဏ၏ခမည်းတော်မုဆိုးကြီးကျတော့ ဂတိနိမိတ်တွေ သိသိသာသာကြီးကိုထင်သည်။ မုဆိုးကြီးသည် အသက်ကြီးမှ ရဟန်းပြုသည်။ ခမည်းတော်မုဆိုးကြီးစုတေ(သေ) ခါနီးတော့ ခွေးကြီးတွေက သူ့ကိုကိုက်တော့မည့်ဟန်ထင်နေ သည်တဲ့။ 'သားရယ်၊ ခွေးကြီးတွေကိုခြောက်ပါဦး ခြောက်ပါဦး' ဟု အော်သတဲ့။

အရှင်သောဏက သူ့ခမည်းတော်(မုဆိုးတဖြစ်လဲ)ဦးပဉ္စင်း



www.burmeseclassic.com

www.burmeseclassic.com



ကြီးမှာ ငရဲနိမိတ်ထင်နေသည်ကိုရိပ်မိသည်။ ချက်ချင်းပဲ ပန်းတွေရှာ ဘုရားရင်ပြင်တော်ပေါ်မှာ ပန်းမွှေ့ရာခင်းသည်။ ဦးပဥ္စင်းကြီးကို ခုတင်ပေါ်တင်ပြီး ခေါ်သွားသည်။

'ဦးပဥ္စင်းကြီး ဘုရားကိုကြည်ညိုလိုက်၊ ဦးပဥ္စင်းကြီး အတွက် ဘုရားကိုပန်းတွေလှူထားတယ်'ဟုပြောစဉ် ဦးပဥ္စင်းကြီး သတိရလာသည်။ ဘုရားကိုအာရုံပြုလျက် ပန်းများလှူဒါန်းနေစဉ် ဦးပဥ္စင်းကြီး မေ့မြောသွားသည်။

မေ့မြောနေစဉ် သူ့အာရုံထဲ နတ်သမီးတွေထင်လာသည့် အတွက် 'ဟဲ့–သားရဲ့၊ သူတို့အတွက် နေရာဖယ်ပေးလိုက်ပါ၊ သားရဲ့မိတ်ဆွေတွေလာနေတယ်'တဲ့။ ယောင်နေပြန်သဖြင့် 'အင်း–ခမည်းတော်တော့ နတ်ပြည်ဂတိနိမိတ်ထင်တာပဲ'ဟု အောက်မေ့နေတုန်း ခမည်းတော်မှုဆိုးကြီးသည် ကွယ်လွန်၍ နတ်ပြည်ရောက်သွားလေသည်။

ရေဝတီအမည်ရှိမိန်းမသည် ဘုရား၏ကျောင်းဒါယကာ နန္ဒိယသူကြွယ်၏ဇနီးဖြစ်သည်။ နန္ဒိယသူကြွယ်ကရတနာသုံးပါး အပေါ် သဒ္ဓါတရားရှိသလောက် ရေဝတီမှာ သဒ္ဓါတရားကင်းခဲ့၏။ ဗုဒ္ဓဘာသာဟူ၍ပင်မဆိုထိုက်အောင်ဘဲ စေတနာမရှိ၊ ရဟန်းများကို ဆဲရေး၏။

နန္ဒိယက အရင်စုတေ(ကွယ်လွန်)၍ နတ်ပြည်ရောက် သွားသည်။ ရေဝတီသေချိန်ရောက်တော့ ငရဲမှငရဲထိန်းနှစ်ဦး ရောက်လာသည်။ ရေဝတီကိုအတင်းဆွဲ၍ နတ်ပြည်သို့ခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



သည်။ နန္ဒိယ၏နတ်စည်းစိမ်ကိုပြပြီးမှ ငရဲအတင်းဆွဲချသွားသည်။ ရေဝတီ၏ဂတိနိမိတ်ကအဆန်းဖြစ်သည်။

ဓမ္မိကဥပါသကာ၏ သုဂတိနိမိတ်ထင်ပုံကလည်းတစ်မျိုး။ ဓမ္မိကသည် ဘုရားလက်ထက်က ဥပါသကာခေါင်းဆောင်ကြီးဖြစ်သည်။ သူက ဥပါသကာပေါင်းများစွာကို ခေါင်းဆောင်သည်။ ဓမ္မိကစုတေခါနီးတော့ ရဟန်းတော်များ၏တရားကိုနာနေစဉ် နတ်ပြည်ခြောက်ထပ်မှ နတ်ရထားခြောက်စင်းတို့ ကောင်းကင်မှာတည်နေသည်။ ဓမ္မိကကိုယ်တိုင်မြင်နေရသည်။ ဓမ္မိကကို သူ့ရထားတင်မည်၊ ငါ့ရထားတင်မည်ပြောဆိုသံကိုလည်း ဓမ္မိက နားနှင့်ဆတ်ဆတ်ကြားနေသည်။

ထို့နောက် မျှားမကြာမီ ဓမ္မိကစုတေ၍ တုသိတာနတ်ရထား၌ နတ်သားအဖြစ်ဖြင့်ပါသွားလေသည်။

တမလွန်အတွက် ကံသတ္တိအမျိုးမျိုး

သတ္တဝါမှန်သမျှတွင် စိတ်ရှိသည်ကို လူတိုင်းလက်ခံကြသည်။ ထိုစိတ်ရှိပုံများမှာလည်း ဖြစ်ကာပျက်ကာရှိနေခြင်းဖြစ်သည်။ ထိုစိတ်ဖြစ်လျှင် စိတ်နှင့်ယှဉ်လျက် စေတသိက်လည်းဖြစ်သည်။ စိတ်နှင့်ဖြစ်အတူတူ ပျက်အတူတူပဲ။ စိတ်နှင့်ယှဉ်ဖြစ်သည့် စေတနာစေတသိက်ကို 'ကံ'ဟုခေါ်သည်။ စေတနာစေတသိက်သည် သူများထက် ဗျာပါရကြီးသည်။ ကိစ္စတစ်ခုကို ဦးစီးပြုလုပ်သည်။

ထို့ကြောင့် စေတနာကို'ကံ'ဟုဘုရားဟောသည်။

အရှင်ဇနကာဘိဝံသက 'စေတနာကံကို အမှုသည်၊ လက်



www.burmeseclassic.com

www.burmeseclassic.com


သည်'ဟု အခြေပြုပဋ္ဌာန်းတရားတော်စာအုပ်မှာရေးခဲ့သည်။ 'ကောင်းတဲ့အလုပ်လဲသူပဲ၊ အလုပ်လက်သည်၊ မကောင်းတဲ့အလုပ်လဲသူပဲ၊ အလုပ်လက်သည်'ဟု နားလည်လွယ်အောင်ရေးခဲ့သည်။

စိတ်ကလည်း အိပ်ပျော်နေစဉ်ဖြစ်သည့်စိတ်နှင့် နိုးနေစဉ်ဖြစ်သည့်စိတ်မတူပြန်ဘူး။ အိပ်ပျော်နေစဉ်ဖြစ်သည့်စိတ်သည် ဝိပါက်စိတ်ဖြစ်သည်။ ထိုဝိပါက်စိတ်သည် ပဋိသန္ဓေနေတုန်းက ပဋိသန္ဓေဝိပါက်စိတ်နှင့်ထပ်တူဖြစ်သည်။ သူတို့သည် ရှေးကကံ၏အကျိုးသက်သက်ဖြစ်သည်။ ဘာကိုမျှ ဂရုမစိုက်ဘဲ အမှတ်တမဲ့သွားရင်းလာရင်းဖြစ်သည့်စိတ်များဟာလည်း ဝိပါက်စိတ်များပင်ဖြစ်သည်။

အိပ်မောကျနေရာမှ နိုးလာသည်ကစပြီး နိုးနေစဉ် အသံထွက်၍ ဘုရားရှိခိုးနေသည့်စိတ်တွေ၊ ဘုရား၊ တရား၊ သံဃာကိစ္စဆောင်ရွက် အလုပ်လုပ်နေသည့်စိတ်တွေဟာ ကုသိုလ်ဇောစိတ်တွေ အများကြီးဖြစ်ပျက်နေခြင်းဖြစ်သည်။ ထိုစိတ်ဇောဗျာပါရများ သည်အထဲဝယ် စေတနာသည် သတ္တိအရှိဆုံး ဖြစ်သည်။

ထိုသတ္တိအရှိဆုံး ကောင်းသောစေတနာ၊ မကောင်းသောစေတနာသည်လည်း ရုပ်နာမ်အမျိုးအစားထဲကပဲမို့ ဖြစ်လာပြီးနောက် ချုပ်သွားသည်။ ဖြစ်လာပြီးနောက် ပျက်သွားသည်။ (ဘာမှမကျန်အောင် အချည်းနှီးဖြစ်သွားသည်တော့မဟုတ်)။ သတ္တိကျန်ရစ်သည်။


www.burmeseclassic.com

www.burmeseclassic.com



ထိုသတ္တိသည် ဘယ်အတွက် ကျန်ရစ်သနည်းဆိုရင် အခွင့်အခါသင့်သည့်အချိန် အကျိုးပေးဖို့ရန် ကျန်ရစ်ခြင်းဖြစ်သည်။ နောင်အကြောင်းတိုက်ဆိုင်ရင်၊ အခွင့်သင့်ရင် အကျိုးပေးနိုင်ခြင်းဖြစ်သည်။

ကုသိုလ်ကလည်း အခွင့်သာမှ အကျိုးပေးမှာ၊ အကုသိုလ်ကလည်း ခွင့်သာမှအကျိုးပေးမှာ၊ တစ်စိတ်ပြီးတစ်စိတ်ဖြစ်နေသည့် နောက်သို့ သတ္တိတွေက လိုက်လိုက်နေသည်။

စိတ်ဆိုတာကလည်း အာရုံမပါဘဲစိတ်မဖြစ်ဘူး။ သေခါနီးကျတော့ နီးသည့်'အာသန္နကံ'က အင်မတန်ကြီးလေးသည့် ဂရုကံမရှိလို့ရှိရင် အကျိုးပေးသည်။ အထက်တွင်ဖော်ပြပါဝတ္ထုကြောင်းများသည် ဤတရားသဘောချည်းပါပဲ။

ဤမှာဘက်စုတိစိတ်(သေသည့်အချိန် နောက်ဆုံးစိတ်)ဖြစ်ပြီး ပျက်သွားသည်နှင့် ဟိုမှာဘက် ဟိုဘဝ ပဋိသန္ဓေစိတ်(ဇာတိစိတ်)သည် အကြားအလပ်မရှိ ဖြစ်ပေါ်ခြင်းသည် ဓမ္မတာသဘာဝဖြစ်သည်။

လူ့ပြည်ကစုတိ နတ်ပြည်မှာ ပဋိသန္ဓေ၊ လူ့ပြည်ကစုတိ လူ့ပြည်မှာ ပဋိသန္ဓေ၊ လူ့ပြည်ကစုတိ တိရစ္ဆာန်ပဋိသန္ဓေ၊ ပြိတ္တာပဋိသန္ဓေ၊ လူ့ပြည်မှာစုတိ ငရဲပြည်မှာ ပဋိသန္ဓေ၊ အနန္တရသတ္တိဖြင့် ကျေးဇူးပြုနေသည်။

'လူ့ပြည်၌ စုတေစိတ်၏ဘင်ခဏနှင့် နတ်ပြည်၊ ဗြဟ္မာပြည်၌ ပဋိသန္ဓေဝိပါဒ်ခဏသည် မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်ခဏကာလကို အစိတ်အထောင်စိတ်သော်လည်း တစ်စိတ်



www.burmeseclassic.com

www.burmeseclassic.com



စာမျှ ကွာခြားခြင်းမရှိ။ တစ်စဉ်တည်းတစ်ဆက်တည်းပင် ဆက်လျက်ရှိ၏'ဟု လယ်တီပဏ္ဍိတအဖြေပေါင်းချုပ် ပထမတွဲတွင် ရေးထားသည်။

## သဿတဒိဋ္ဌိဝိညာဉ်အယူမမှားကြဖို့

ဗုဒ္ဓဘာသာလက်စွဲကျမ်းအမေးအဖြေ အထွေထွေတွင် ဝိညာဉ်ကိုယုံကြည်သည့် သဿတဒိဋ္ဌိအယူမှားကို ဤသို့ချေဖျက်ပြီး ပညာမျက်စိဖွင့်ပေးထားသည်။

'သတ္တဝါတစ်ယောက်သည် သေခါနီးအချိန်တွင် အသက်ဝိညာဉ်သည် ဘဝသစ်တစ်ခုခုကို လိုက်လံရှာဖွေသည်။ ဘဝသစ်ကို မတွေ့ယ်ကပ်ရသေးသမျှ ဘဝဟောင်းကို စွန့်လွှတ်ခြင်းမရှိ။ ဘဝသစ်တစ်ခုခုကို တွယ်ကပ်မိသောအခါတွင်မှ စွန့်ခွာသွားတော့သည်။

ဥပမာအားဖြင့် သေခါနီးလူနာတစ်ဦးသည် မကြာခဏ သတိလစ်မြောလိုက်, ပြန်လည်သတိရလိုက်ဖြစ်တတ်သည်။ ထိုသို့သတိမေ့မြောနေသည့်အချိန်ကို အသက်ဝိညာဉ်သည် နောက်ဘဝသစ်တစ်ခုကိုမှီတွယ်ရန်အတွက် လိုက်လံရှာဖွေနေခြင်းဖြစ်သည်။ သေချာသည့် မှီတွယ်ရာမတွေ့ရှိရသေးသဖြင့် အသက်ဝိညာဉ်သည် လူ့မာထံသို့ ပြန်လာသောအခါ သတိပြန်လည်လာခြင်းဖြစ်သည်ဟုဆိုကြသည်။ အမှန်စင်စစ် ထိုကဲ့သို့ သတိမေ့မြောနေခြင်းသည် နှလုံးသွေး ခေါ် ဟဒယဝတ္ထုအားနည်းနေသဖြင့် စိတ်ဝိညာဉ် မနောစိတ်အားနည်းနေခြင်းဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသို့အားနည်းနေချိန်၌ မျက်စိအသိ၊ နားအသိ၊ ကိုယ်ကာယအသိ (ပဥ္စဝိညာဏ်စိတ်များ)ဖြစ်ပေါ်နိုင်စွမ်းမရှိဘဲ မနောဓာတ်အတွင်းမှာသာလျှင် အသိသဘောဖြစ်ပေါ်နေသည်။

ထို့ကြောင့် အမြင်အာရုံ,အကြားအာရုံအစရှိသော ပြင်ပဝန်းကျင်နှင့်အဆက်အသွယ်ပြတ်နေသည်ကို သတိမေ့မြောနေသည်ဟု ခေါ်ဆိုသည်။ မနောဓာတ်အတွင်း၌ အတိတ်ကာလကဖြစ်ခဲ့ဖူး,သိခဲ့ဖူးသောအာရုံများကိုပြန်လည်သိနေခြင်းဖြစ်သည်။ ဤသို့ မနောဓာတ်အတွင်း၌ရှိသော အာရုံကို ပြန်လည်သိနေခြင်းကို နားမလည်သဖြင့် အသက်ဝိညာဉ်သည် အပြင်သို့ ထွက်ခွာလျှောက်သွားနေသည်ဟု ယူဆကြခြင်းဖြစ်သည်။ အသက်(သို့မဟုတ်) ဝိညာဉ်သည် ခန္ဓာကိုယ်ပြင်ပသို့ ထွက်ခွာသွားခြင်းမရှိချေ။ ထိုသို့ သွားနိုင်ရန် အကောင်အထည်လည်း မဟုတ်ချေ။

ထို့ကြောင့် ပိုးလောက်လန်းအကောင်ကဲ့သို့ ဝိညာဉ်သည် ဘဝနှစ်ခုခွလျက် တွယ်ကပ်နိုင်ခြင်းမရှိချေ။ အဘိဓမ္မာသဘောအရ ရှေ့စိတ်တစ်ခုချုပ်ငြိမ်းပြီးသောအခါမှ နောက်စိတ်တစ်ခုအသစ်ဖြစ်ပေါ်လေ့ရှိသည်။

ဤသို့အဆက်မပြတ် ဆက်ကာဆက်ကာဖြစ်ပျက်နေသောစိတ်အစဉ်အတန်းဖြစ်စဉ်တစ်ခုမျှသာရှိသည်။ စိတ်ဝိညာဉ်၏သက်တမ်းကာလမှာ တစ်စက္ကန့်၏အပုံတစ်သိန်းပုံ တစ်ပုံမျှသာရှိကြောင်း မြတ်စွာဘုရားဟောကြားထားသည်။

ဤမျှသက်တမ်းတိုသည့်စိတ်ဝိညာဉ်သည် ဘဝနှစ်ခုခွထားရန် တစ်ခုမှတစ်ခုသို့ လှမ်းကူးရန် အချိန်မရှိ။ ဖြစ်ပြီးနောက် ကာလမဆိုင်းဘဲ ပျက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဘဝဟောင်း စိတ်ဝိညာဉ်ချုပ်ပြီးမှသာလျှင် ဘဝသစ်၌ စိတ်ဝိညာဉ်ဖြစ်ပေါ်ခွင့်ရှိသည်။ ဘဝသစ်ဝိညာဉ်ဖြစ်ပြီးမှ ဘဝဟောင်း ဝိညာဉ်ချုပ်သည်ဟု ယူဆပါက သဿတဒိဋ္ဌိသို့ သက်ဝင်သည်။

လူဟောင်းလော၊ လူသစ်လော

မိလိန္ဒပဉှာကျမ်းတွင် လူဟောင်းလော,လူသစ်လော ပြဿနာအား မိလိန္ဒမင်းနှင့်ရဟန္တာမြတ် ရှင်နာဂသိန်တို့သည် အမေးအဖြေဖြင့် ဤသို့ ရှင်းထားသည်။

မိလိန္ဒမင်း။ ။အရှင်ဘုရား၊ အကြင်သူသည် ပဋိသန္ဓေနေဆဲဖြစ်၏။ ပဋိသန္ဓေနေဆဲဖြစ်သောသူသည် လူဟောင်းပင်လော၊ (သို့မဟုတ်) တစ်ပါးသောလူသစ်ပင်လော။

ရှင်နာဂသိန်။ ။မင်းကြီး၊ ပဋိနေဆဲဖြစ်သောသူသည် ထိုရှေးလူဟောင်းလည်းမဟုတ်၊ တစ်ပါးသောလူသစ်လည်း မဟုတ်။

မိလိန္ဒမင်း။ ။ထိုစကားကို ဥပမာဖြင့် ပြပါဦးဘုရား။

ရှင်နာဂသိန်။ ။ဥပမာသော်ကား တစ်စုံတစ်ယောက်သော ယောက်ျားသည် ဆီမီးကိုထွန်း၏။ ထိုဆီမီးသည် တစ်ညဉ့်ပတ်လုံးတောက်အံ့ဆဲလော။

မိလိန္ဒမင်း။ ။တစ်ညဉ့်ပတ်လုံးတောက်ပါ၏။

ရှင်နာဂသိန်။ ။မင်းကြီးညဉ့်ဦးယံဆီမီးတောက်သည်ရှိ၏။ထိုဆီမီးတောက်ကိုသန်းခေါင်ဆီမီးတောက်ဟု ဆိုအပ်မည်လော။



www.burmeseclassic.com

www.burmeseclassic.com



မိလိန္ဒမင်း॥ ॥သန်းခေါင်ယံဆီမီးတောက်ဟုမဆိုအပ်ပါ။

ရှင်နာဂသိန်။ ။မင်းကြီး၊ သန်းခေါင်ယံ၌တောက်သောဆီမီးသည် ရှိ၏။ ထိုဆီမီးတောက်ကို မိုးသောက်ယံဆီမီး တောက်ဟုဆိုအပ်မည်လော။

မိလိန္ဒမင်း॥ ॥မင်းကြီး၊ညဉ့်ဦးယံဆီမီးသည် တခြားတစ်ပါးလော၊ သန်းခေါင်ယံဆီမီးသည် တခြားတစ်ပါးလော၊ မိုးသောက်ယံဆီမီးသည် တခြားတစ်ပါးလော။

ရှင်နာဂသိန်။ ။အရှင်ဘုရား၊ ထိုဆီမီးကို အသီးအခြားပိုင်းခြား၍ မဆိုသာချေ။ ထိုဆီမီးဟောင်းကို အမှီပြု၍ တစ်ညဉ့်ပတ်လုံး ဆီမီးသည်တောက်လေ၏။

မိလိန္ဒမင်း॥ မင်းကြီး၊ ထိုဆီမီးအတူပင်တည်း။ ပရမတ္ထတရား ၏အစဉ်သည် ဖွဲ့ယှက်၍ဖြစ်၏။ တစ်ပါးသော တရားသည် ဖြစ်ဆဲဖြစ်၏။ တစ်ပါးသောတရား သည်ချုပ်ဆဲဖြစ်၏။ မရှေးမနှောင်းမှာပင်စပ်ကာ စပ်ကာဖြစ်၏။ ထို့ကြောင့် ရှေးလူ ဟောင်းသည် အသစ်ပင်ရှိသန္ဓေမနေ။ တစ်ပါးသော လူသစ် လည်းမဖြစ်။ ရှေးဖြစ်သောဝိညာဉ်သည် နောက် ဖြစ်သော ဝိညာဉ်ကို သဂြိုဟ်ခြင်းသို့ ရောက်၏။ (ဝါ)အကျိုးအကြောင်း စပ်ကာစပ်ကာဖြစ်၏ဟု ဖြေကြားလေ၏။



www.burmeseclassic.com

www.burmeseclassic.com



## ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံအကျိုးပေးပုံ

ဂရုကံ၊ အာသန္နကံ၊ အာစိဏ္ဏကံဟူ၍ အရေးကြီးသော ကံသုံးမျိုးရှိရာ ဂရုကံဆိုသည်မှာ ရှေးရှေးဘဝက ဂရုကံသည် အင်မတန်နည်းပါးသည်။ ဤဘဝမှာ ဂရုကံက ကုသိုလ်ဘက်က ဈာန်ကို ရနေတာမျိုးဖြစ်သည်။ အကုသိုလ်ဘက်က မိဘကို သတ်သည့်ကံ၊ ဘုရားရဟန္တာကိုနှိပ်စက်သည့်အကုသိုလ်ကံမျိုး ဖြစ်သည်။ ဂရုကံရှိရင် ဂရုကံကအရင်ဆုံး အကျိုးပေးသည်။

သေခါနီး မရဏာသန္နဇောစိတ်ကျချိန်၌ အာသန္နကံအကျိုး ပေးပုံမှာ စုတိစိတ်၏ရှေ့နားကထင်လာသည့် အာရုံကိုလိုက်ပြီး ကံကအကျိုးပေးခြင်းဖြစ်သည်။

'နွားခြံမှာနွားတွေ ဘယ်လောက်များနေပေမယ့် နွားအိုကြီး ပဲဖြစ်ဖြစ် ခြံတံခါးဝမှာကပ်နေတဲ့နွားက ခြံတံခါးဖွင့်လိုက်တာ နဲ့ အရင်ဆုံးထွက်လာတာပဲ။

ခုလည်း ကံတွေအမျိုးမျိုးမှာ သေခါနီးသေပေါက်ဝမှာ စုတိဆိုတာ သေပေါက်သေဝပဲ၊ အဲဒီသေပေါက်ဝမှာကပ်နေတဲ့ ကံကအကျိုးပေးတာပဲ'ဟု အရှင်ဇနကာဘိဝံသက 'သိပ္ပံအမြင် နှင့် ဗုဒ္ဓအဘိဓမ္မာအမြင်' စာအုပ်မှာရေးခဲ့သည်။

သေခါနီးမှ ကပ်ပြီး ကုသိုလ်အာရုံရဖို့ထက် တစ်ဘဝလုံး ကုသိုလ်တရား၊ ကုသိုလ်ကံတို့နှင့် ထုံလွှမ်းနေဖို့ကလည်း အရေး ကြီးပြန်သည်။ ဘဝတစ်လျှောက်လုံး ကုသိုလ်စေတနာအလေ့ အကျင့်များမှသာ သေခါနီးကျ တော်ကာကျလိမ့်မည်။ သေခါနီး ကုသိုလ်ကံဖြစ်ဖို့ အရေးကြီးသကဲ့သို့ မသေခင်ပတ္တွဘဝတစ်



www.burmeseclassic.com

www.burmeseclassic.com



လျှောက်လုံးမှာလည်း ကုသိုလ်ကံအားကောင်းနေဖို့ အလွန်အရေးကြီးပါသည်။ အာစိဏ္ဏကံကလည်း အရေးကြီးပြန်သည်။

ဘဝများစွာက မိမိတို့ပြုလုပ်ပြီးသားရှိနေသည့် အကုသိုလ်သတ္တိတွေ အရှိန်တွေက အင်အားလည်းမသေးလှချေ။ ယခုလက်ရှိဖြစ်နေဆဲ ပဝတ္တိဘဝ၏မကောင်းဆိုး(ဝါ)ဒုက္ခဆင်းရဲများစွာတို့ကို အခွင့်ရသည်နှင့် ပေးဖို့ရန်အသင့်စောင့်ကာကြည့်နေတာဖြစ်သည်။ ကုသိုလ်ကံဟောင်းအားနည်းသွားသည်နှင့် တစ်ပြိုင်နက် သူကဝင်ပြီး ဒုက္ခပေးလိုက်မှာဖြစ်သည်။

ဥပမာ ရုတ်တရက်သေရခြင်းမို့ သေခါနီး အာသန္နကံလည်းမဖြစ်၊ အာစိဏ္ဏလည်း မလေ့ကျင့်ခဲ့၍မဖြစ်။ အမှတ်တမဲ့ပြုမိသည့်ကံလေးများတော့ရှိသည်။ သို့သော် သူတို့က အကျိုးမပေး။ ရှေးရှေးဘဝများစွာက သံသရာကပြုလာခဲ့သည့်ကံတွေက ကျိုးပေးမှာဖြစ်သည်။

စေတနာသည် 'ကံ'၊ ထိုစေတနာသည် စေတသိက်တရား။ ထိုစေတသိက်တရားဖြစ်ရင် သူနှင့်အတူ သမ္ပယုတ်ဖြစ်သည့်စိတ်၊ စေတသိက်အားလုံးရယ်၊ စိတ္တဇရုပ်ကို စေတနာစေတသိက်က ကျေးဇူးပြုလေသည်။

ထိုစေတနာတည်းဟူသော 'ကံ'တရားက အကျိုးပေးလာသည့် နာမ်တရား,ရုပ်တရားများကို ကျေးဇူးပြုသည်။ ကံက အကျိုးပေးလို့ အကျိုးဝိပါက်နာမ်ခန္ဓာ,ရုပ်ခန္ဓာများဖြစ်လာကြသည်။

စေတနာ၏ သတ္တိကြောင့် ပဋိသန္ဓေစိတ်၊ ဝိပါက်စိတ်ဖြစ်သည်။ ကမ္မဇ ရုပ်ကလာပ်(၃)စည်းလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ရုပ်ဟောင်း နာမ်ဟောင်းက ဟိုဘက်ဆက်ပါသွားခြင်းမဟုတ်၊ ကမ္မသတ္တိကြောင့် ရုပ်သစ်နာမ်သစ်ဖြစ်ပေါ်ခြင်းဖြစ်သည်။ ကမ္မ အစွမ်းသတ္တိက သိပ်ဆန်းသည်။ ကမ္မသတ္တိ အကြီးအသေး၊ အရှိန်အဟုန်အလိုက် အကျိုးပေးပုံခြင်းကွဲသည်။ ကမ္မသတ္တိက ခန္ဓာအစဉ်မှာ အမြဲလိုက်နေသည်။

အမေဘာဝကူးမှားရှာပြီ

ကျွန်တော့်အမေ၏အသက် (၈၆)နှစ်ထဲမှာ ပြင်းပြင်း ထန်ထန်ရောဂါကြီးမျိုးမစွဲကပ်ပေမယ့် အိုခြင်း၊ နာခြင်း၏အဆုံး စွန်ဖြစ်သော အစာမဝင်၊ ရေမဝင်ဖြင့် အသက် ၄ ရက်ရှင်နေ ခဲ့ခြင်းဖြစ်သည်။ ကျွန်တော်သည် အမေ့အနားကပ်လျက် (၄) ရက်နှင့်(၄)ညလုံးအိပ်သည်။ ဤသည်ကို အမေကောင်းကောင်း သိပုံတော့ရသည်။

(၁၀–၁၀–၈၆)ရက်နေ့မှာတော့ ဆေးရော အာဟာရရော သွင်းမရတော့ပါ။ ဆေးတွေ အာဟာရတွေ ပြန်ထွက်လာပြီး အမေအသက်ပျောက်သွားရှာသည်။

မြတ်ဗုဒ္ဓ၏အဘိဓမ္မာတရားသဘောအရ ရုပ်နှင့်စိတ်ချုပ် ပုံမှာ စုတိစိတ်မပေါ်ခင် (၁၆)ချက်လောက်ကတည်းက ကမ္မဇ ရုပ်အသစ်မဖြစ်တော့ပါဘူး။

စုတိစိတ်မဖြစ်မီ ခဏငယ်(၅၀)ချက်ခန့်လောက်ကစ၍ စက္ခု၊ သောတ၊ ဃာန၊ ဇိဝှါ၊ ကာယ၊ ဟဒယဝတ္ထုစသော ကမ္မဇရုပ်တွေ တစ်စတစ်စသေပျောက်ယုတ်လျော့ကြသည်။ မျက်စိဒွါနာမ်တရား၊ နား၌နာမ်တရား၊ နှာခေါင်း၌နာမ်တရား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်၌နာမ်တရားတို့လည်း ချုပ်ကြသည်။ ရင်ခေါင်းအတွင်း ဟဒယဝတ္ထု၌ မနောဝိညာဉ်ခေါ်သော နာမ်တရားတစ်ခုသာ ကျန်တော့သည်။

မနောဝိညာဉ်ခေါ်သော ယင်းနာမ်တရားသည် အသစ် ထပ်မဖြစ်တော့ဘဲ အစပြတ်နောက်ပိတ်ဆုံး သေပျောက်ချုပ်ငြိမ်း လေတော့သည်။

နောက်ဆုံးစုတိစိတ်လည်းချုပ်ရော ကမ္မဇရုပ်လည်း နောက်ဆုံးချုပ်တော့တာပါပဲ၊ ကမ္မဇရုပ်နှင့်စုတိစိတ် နောက်ဆုံး တပြိုင်နက်ချုပ်ပါသည်။ ဤသည်ကို စုတိ(ကွယ်လွန်)သည်ဟု ခေါ်ပါသည်။ အမေဟု ပညတ်ခေါ်စရာ ဥတုဇရုပ်သာကျန်ခဲ့ ပါသည်။ ကမ္မဇရုပ်မချုပ်သေးသမျှ ဇီဝိတဆိုသည့် အသက် မထွက်သေး'ဟု လောကဝေါဟာရအရ ပြောကြခြင်းဖြစ်ပါသည်။

ကျွန်တော့်အမေ၏ ဥတုဇရုပ်အလောင်းကို အစ်ကိုကြီး ဦးလှသွင်၏ သာကေတအိမ်မှာပဲ ပြင်ထားသည်။ ထိုညက အလောင်းဘေးမှာ ကျွန်တော်အိပ်သည်။ တိုက်ဆိုင်ချင်တော့ အမေဆုံးသည့်(၁၀-၁၀-၈၆)ရက်နေ့ည(၇)နာရီမှာ သာကေတ တစ်မြို့လုံး လျှပ်စစ်မီးတွေပျက်သွားသည်။

အမေသောက်နေကျဆေးပုလင်းသည် အမေ့အိပ်ရာဘေး က ခုံနိမ့်လေးပေါ်မှာရှိသည်။ လျှပ်စစ်မီးတွေပြတ်သွားစဉ် ထို ဆေးပုလင်းလေးသည် အလိုလိုခုံပေါ်ကပြုတ်ကျပြီး အမေ့ အလောင်းနားသို့လိမ့်လာသည်။ ပြီးတော့ ဆေးပုလင်းအဖုံးလည်း အလိုလိုပွင့်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



အမေသည် နေ့စဉ် ဤဆေးပုလင်းကို သူ့ဘာသာသူ ဖွင့်၍ သောက်နေကျဖြစ်သည်။ အမေနှင့်ဂျွန်တော်သည် ဘဝချင်းမတူတော့ပေမယ့် အမေသည် သူ့အသက်ရှင်စဉ်က ဆေးသောက်နေကျအချိန်ကိုအမှတ်ရ၍ သတိလာပေးခြင်းဖြစ်ကြောင်း ကျွန်တော်သိလိုက်သည်။

အမေ၏တမလွန်ဘဝက ပြဿနာပါပဲလားဟူ၍လည်း ကျွန်တော်စိတ်မကောင်းဖြစ်မိသည်။

အမေ နောက်ဘဝသို့ ဘယ်လိုပြောင်းသွားတုံး

ဤဘဝကသေတော့ ဟိုဘဝကို ဘယ့်နှယ်လုပ်ပြီးတော့ ပြောင်းတုံး၊ ကိုယ့်အမေအဖြစ်ကို ကိုယ်အသိချင်ဆုံးအရာပါပဲ။

အထက်မှာရေးပြီးသည့်အတိုင်း ခန္ဓာ၏ရုပ်နာမ်အစဉ်မှာ ကံ၏သတ္တိတွေက ကပ်ပါနေပါသည်။ အမေသေခါနီးကျတော့ ကံအာရုံဖြစ်စေ၊ ကံပြုတုန်းက တွေ့ခဲ့ရသည့်အာရုံတွေဖြစ်စေ၊ နောက်ရောက်ရမယ့်ဘဝကအာရုံတွေဖြစ်စေ ထင်လာသည်။

မြတ်ဗုဒ္ဓ၏အဘိဓမ္မာတရားသဘောအရ ထိုထင်လာသည့် အာရုံကိုစွဲပြီးတော့ ယခုဘဝမှာပြုသည့်ကံကဖြစ်စေ၊ ရှေးတုန်းက ပြုသည့်ကံဖြစ်စေ အကျိုးပေးလို့မို့ ရုပ်နာမ်သစ်,ဘဝသစ်မှာ ရခြင်းဖြစ်သည်။

ကံကြောင့်ပြောင်းရသည့်ကိစ္စတွင် အမေသည် ဆိုးဝါးသည့်ဘဝသို့ ဘာကြောင့် ပြောင်းရသနည်းဆိုလျှင် အဝိဇ္ဇာ ဖုံးထားသည်။ တဏှာကအပေါင်း ခန္ဓာအကုန်လုံးစွန့်၍တော့ မည်ဆိုတော့ ဥပမာ ရေနစ်နေရာမှာ ဆွဲစရာ,ဖမ်းစရာမရှိခြင်း



www.burmeseclassic.com

www.burmeseclassic.com



နေချိန်၊ မိကျောင်းကြီးတွေပေမယ့် ဆွဲစရာရှိရာဆွဲရသကဲ့သို့ အမေသည် မကောင်းအာရုံကို စွဲသွားမိခြင်းပါကလားဟု အမေ့အတွက် ဝမ်းနည်းနေတော့သည်။

အမေ တစ္ဆေခြောက်ပြပုံများ

အမေ့အသုဘရက်လည်သည့်အထိ အစ်ကိုကြီးအိမ်မှာ ကျွန်တော်အိပ်သည်။ ဤရက်များအတွင်း ဘာမျှထူးထူးခြားခြား မဖြစ်ပြန်သဖြင့် အမေ့တမလွန်ဘဝအပေါ် ကျွန်တော်၏အထင်သည် မှားကောင်းမှားနိုင်သည်ဟု ကျွန်တော်ယူဆမိပြန်သည်။

အမေ့ကို ရက်လည်ဆွမ်းသွတ်အမျှဝေပြီး မအူပင်သို့ ကျွန်တော်ပြန်ခဲ့သည်။ မအူပင်၌ အိမ်တစ်လုံးသီးခြားငှား၍ ကျွန်တော်တစ်ယောက်တည်းနေသည်။ ခုတင်ပေါ် ကျွန်တော်အိပ်သည်။

အမေ့ကိုရက်လည်ဆွမ်းသွတ်ပြီး မအူပင်ပြန်လာသည့်ညမှာတော့ ကျွန်တော်လည်း ခရီးပန်း၍ လှဲလိုက်သည်နှင့်အိပ်ပျော်သွားသည်။

ညဉ့် ၁ နာရီခန့်မှာ ကျွန်တော်အိပ်သောခုတင် အခင်းဖျာပြားကို ခုတင်အောက်ကနေ လူ့အားဖြင့် တအားတွန်းလိုက်သည့်အတွက် ကျွန်တော်လန့်နိုးသွားသည်။ မီးဖွင့်ကာ ခုတင်အောက်ဆင်းကြည့်တော့လည်း ဘာမျှမတွေ့ရ။ အခြားဖြစ်နိုင်စရာ ဘယ်အချက်မျှရှာမတွေ့ရသဖြင့် အမေလာသတိပေးတာပဲဟု သိလိုက်သည်။ အမေသို့ မေတ္တာပို့အမျှဝေလိုက်သည်။ ထိုညတော့ ဘာမျှထပ်မဖြစ်ချေ။



www.burmeseclassic.com

www.burmeseclassic.com



နောက်နေ့ည ကျွန်တော်အိပ်ပျော်နေစဉ် တစ်မျိုးဖြစ်ပြန်သည်။ ငွမ်းကပ်ကို ကျွန်တော်ခြုံအိပ်သည်။ ငွမ်းကပ်ကား ပိတ်ပွင့်ဖျဉ်စအိတ်ထဲမှာ ငွမ်းကပ်ထည့်ထားခြင်းဖြစ်သည်။ ပိတ်ဖျဉ်အိတ်၏ ခေါင်းရင်းဘက်အဝအား ဖျဉ်ကြိုးလေးများဖြင့်ချည်ထားသည်။ ခြေရင်းဘက်ပိတ်ဖျဉ်အိတ်မှာမူ အလုံပိတ်ချုပ်ထားသည်။ ငွမ်းကပ်ကို ရင်ဘတ်ပေါ်ခြုံပြီး ကျွန်တော်အိပ်သည်။

ငွမ်းကပ်ထဲမှာ ကြွက်ဝင်နေပြီးတိုးသောကြောင့် အိပ်မောကျနေရာက ကျွန်တော်လန့်နိုးလာသည်။ကျွန်တော်သည် အိပ်ချင်မူးတူးဖြင့် ငွမ်းကပ်ကြိုးလေးများဖြုတ်ပြီး ငွမ်းကပ်ထဲမှကြွက်ကို လက်နှင့်လိုက်စမ်းသည်။ ကျွန်တော့်လက်ထဲမှာ ကြွက်တစ်ကောင်မိသည်။ ထိုကြွက်ကို လက်နှင့်ဆုပ်ဖမ်းပြီး ခုတင်အောက်ပစ်ချမည်လုပ်နေစဉ် လက်ထဲမှကြွက် အလိုလိုပျောက်သွားသည်။ ကျွန်တော့်လက်သီး ဆုပ်ရက်သားကျန်ခဲ့သည်။

တကယ့်ကြွက်မဟုတ်ကြောင်း ကျွန်တော်အတည်ပြုလိုက်သည်။ ယခင်က သည်နေရာသည်အိပ်ရာမှာ သည်လိုကြွက်တွေ့တာ တစ်ကြိမ်တစ်ခါမျှမတွေ့ဖူး၊မမြင်ဖူးသဖြင့် အမေခြောက်တာပါပဲဟုသိလိုက်သည်။ အမေ့ကို မေတ္တာပို့ အမျှဝေလိုက်သည်။

စနေ၊ တနင်္ဂနွေရုံးပိတ်ရက်ရောက်ပြန်၍ ကျွန်တော့်မိသားစုရှိရာ ရန်ကုန် ရန်ကင်းအိမ်သို့ပြန်ခဲ့သည်။ စနေနေ့ည ကျွန်တော်တို့မိသားစု အိပ်ရာဝင်ခါစ မီးပိတ်ပြီး အိပ်မပျော်ခင် ခုတင်ခေါင်းရင်း၌ ခြေသံတရှပ်ရှပ်ကြားနေသဖြင့် အမေ့ကို အမျှဝေရသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်အိပ်ပျော်ခါစရှိသေး၊ ခေါင်းရင်းကခြင်ထောင်ကြိုးသည် အလိုလိုပြုတ်ကျလာပြန်သည်။ ထိုခြင်ထောင်ကြိုးကို သစ်သားတိုင်၌ရိုက်ထားသော လေးလက်မသံတွင် အခိုင်အခံ့ချည်ထားခြင်းဖြစ်သည်။ ထိုလေးလက်မသံကိုလည်း တိုင်မှာရိုက်ပြီး ကွေးထားခြင်းဖြစ်၍ ခြင်ထောင်ကြိုးသည် မည်သည့်နည်းနှင့်မျှ အလိုလိုပြုတ်မကျနိုင်ချေ။

ကျွန်တော့်အစ်ကိုကြီး ဦးလှသွင်သည် နောက်နေ့မနက် (တနင်္ဂနွေနေ့)အိမ်ကိုရောက်လာသည်။ လွန်ခဲ့သောညကအဖြစ်အပျက်များကို ကျွန်တော့်ဇနီးက ပြောပြသည်။

အစ်ကိုကြီးဦးလှသွင်က မကောင်းဆိုးဝါးနာနာဘာဝများမလာနိုင်အောင် ပရိတ်ရေကို အိမ်ထဲမှာနေရာအနှံ့ဖျန်းထားဟုပြောသည်။

ကျွန်တော်နှင့်ကျွန်တော့်မိသားစုအားလုံးက အစ်ကိုကြီးစကားနားထောင်နေစဉ် (ဘာရေအိုးမှလည်းမရှိသော)ညှော်ခန်းထောင့် ပလတ်စတစ်ဖျဉ်ခင်းပေါ်မှာ ရေတွေအလိုလိုစီးကျလာသည်။ ဘယ်နေရာကမျှလည်း ရေစီးလာစရာအကြောင်းမရှိပါ။ ရေယာအကျယ်အဝန်းအားဖြင့် နှစ်ပေပတ်လည်လောက် ရေတွေနှင့် ရွဲသွားသည်။ မြင်သူအားလုံး အံ့ဩကြသည်။

အမေ၏နာမည်ကိုခေါ်ပြီး အမေကိုယ်တိုင်လှူခဲ့သော အလှူဒါနများကို အမျိုးအမည်နှင့်တကွ တစ်မျိုးပြီးတစ်မျိုးဆိုပြသည်။ ကျွန်တော်လှူခဲ့ဒါန်းခဲ့သမျှတို့ကိုလည်း တစ်မျိုးချင်းရွတ်ဆိုပြသည်။ ဤကုသိုလ်ကောင်းမှုအစုစုတို့ကို အမေ့အားအမျှပေးဝေ



www.burmeseclassic.com

www.burmeseclassic.com



ပါ၏။ အမေ၏နာမည်ကိုအော်ခေါ်၍ အမျှ အမျှဟု ကျယ်လောင်စွာ သုံးကြိမ်အမျှဝေလိုက်သည်။

ဤတစ်ကြိမ်တော့ အမေသာဓုခေါ်နိုင်တော့မည်ဟု အကောင်းဘက်က ကျွန်တော်မျှော်လင့်ထားပေမယ့် ဤတစ်ကြိမ်လည်း အမေသာဓုမခေါ်နိုင်သေးချေ။

## မန္တလေးရေချမ်းအစ်မကြီးတစ္ဆေနှင့်တူသောအမေတစ္ဆေ

ကျွန်တော့်အမေ၏အဖြစ်ဆိုးကို ရင်နင့်စွာတွေးတောနေရင်း အမရပူရမြို့ မဟာဂန္ဓာရုံဆရာတော် အရှင်ဇနကာဘိဝံသ၏ အခြေပြုပဋ္ဌာန်းတရားတော်ကို သတိရလိုက်သည်။

မန္တလေးမြို့ တောင်သမန်ဘက်က ကျောင်းတိုက်ကြီးရဲ့ ကျောင်းအစ်မကြီးသည် ရေအိုးစင်တွေ၊ ရေချမ်းစင်တွေ သူကိုယ်တိုင်တည်သည်။ ကိုယ်တိုင်ရေဖြည့်လှူသည်။ သူနှင့်ဝေးသည့်နေရာဆိုလျှင် လူလွှတ်ပြီး ရေချမ်းလှူသည်။ရေချမ်းအစ်မကြီးဟု အများသိကြသည်။

ရေချမ်းအစ်မကြီးလည်းအသက်ကြီးတော့ ကွယ်လွန်ရှာသည်။ သချိုင်းမှာ ရေချမ်းအစ်မကြီးအတွက် လှူဒါန်းကြသည်။ ရက်လည်ကျတော့လည်း ရေချမ်းအစ်မကြီးကိုးကွယ်သည့် ဆရာတော်အားပင့်ပြီး ဆွမ်းသွတ်၊ တရားနာ၊ ရေစက်ချ၊ သားသမီးတွေက အမျှပေးဝေကြသည်။

ဆွမ်းသွတ်အခမ်းအနားပြီးတော့ ဆရာတော်လည်း



www.burmeseclassic.com

www.burmeseclassic.com



ကျောင်းပြန်ကြွသွားရာ တံတားတစ်ခုထိပ်အလွန်ရောက်တော့ ‘ဆရာတော်ဘုရား–ဆရာတော်ဘုရား’နှင့်ခေါ်သံကြားလိုက်ရသည်။‘ဟယ်–ငါ့ဒကာမကြီးအသံပါလား’ဟုဆရာတော်က နှုတ်ကထွက်သွားသည်။ ‘ဟုတ်ပါတယ်ဘုရား’ ဆရာတော်၏ရဟန်းဒကာမကြီးအစစ်ဖြစ်ကြောင်း အသံထွက်ပြောပြသည်။ ‘ဒကာမကြီး ခု ဘာဖြစ်နေတာတုံး’ဟု ဆရာတော်ကမေးလိုက်သည်။

‘တပည့်တော်သေခါနီးတုန်းက သားတွေသမီးတွေ ငိုကြလို့ သူတို့ကိုစွဲပြီး သေသွားတာ၊ ခုတစ္ဆေဖြစ်နေတယ်။ သချိုင်းမှာ လှူကြဒါန်းကြတုန်းက တပည့်တော် ဘာမျှမသိလိုက်ရဘူး။ အဖော်တစ္ဆေတွေက ရေတံခွန်တောင်ခေါ်သွားလို့ တပည့်တော်လိုက်သွားနေတာ။

ဒီနေ့တော့ ဆရာတော်ဘုရားဟောတဲ့တရားလဲနာရပါတယ်။ အမျှဝေတော့လဲရပါတယ်။ တပည့်တော် ခုပဲ ကျွတ်တော့မှာဘုရား’ဟုပြောလည်းပြော အသံလည်းပျောက်သွားတော့သည်။ ကျွန်တော့်အမေလည်း ရေချမ်းအစ်မကြီးကဲ့သို့ပင် အဖော်တစ္ဆေများက တစ်နေရာရာခေါ်သွားလို့များ ကျွန်တော်အမျှဝေသည်ကို သာဓုမခေါ်နိုင်သေးတာလားဟု တွေးနေမိသည်။

စနေ၊ တနင်္ဂနွေရုံးပိတ်ရက် ရန်ကုန်မှာနေပြီးနောက် မအူပင်သို့ ကျွန်တော်နှင့်အတူ မိသားစုလိုက်လာသည်။ အမေလည်း ကျွန်တော်တို့နှင့်လိုက်လာပုံပဲ။

မအူပင်အိမ်မှာ တစ်ရက်သောမနက် ၇ နာရီအချိန်၊



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဓနီး ဒေါ်ခင်မာမာနိုင်သည် ခေါင်းဖြီးရင်းခေါင်းမှ ဆံညှပ်ကလစ်ငါးချောင်းကိုဖြုတ်ပြီး သင်ဖျူးပေါ်ချထားသည်။ ခေါင်းဖြီးပြီးတော့ ခေါင်းမှာဆံညှပ်ကလစ်ထိုးရန် ကောက်ယူရာ ကလစ်လေးချောင်းပဲတွေ့တော့သည်။

ကျွန်တော့်ဓနီးက ကလစ်တစ်ချောင်းဘယ်ရောက်ပါလိမ့် ဟုပြောနေတုန်း အိမ်အပေါ်ထပ်သို့ ကြမ်းခင်းပျဉ်ပြားတစ်ချပ် နှင့်တစ်ချပ်ကြား ကြီနေသည့်နေရာကနေ ကလစ်တစ်ချောင်း မြောက်တက်လာသည်။

အိမ်အောက်ထပ်မှ လူတစ်ယောက်ယောက်က ကလစ်ကို ပစ်တင်ပေးလိုက်သလိုပဲ။ ကလစ်လေးသည် အပေါ်သို့မြောက် တင်ပြီးမှ ကျွန်တော့်ဓနီးဘေး၌ကျလာသည်။

'အောက်ထပ်မှာ ဘယ်သူရှိသလဲဟေ့'ဟု ကျွန်တော့်ဓနီးက အော်မေးရာ တစ်စုံတစ်ယောက်မျှမရှိပါ။ ကျွန်တော့်ဓနီးအနား၌ ရှိသော ကျွန်တော်နှင့်သားသမီးများပါ အံ့ဩနေကြသည်။

'အမေရယ်–ခုထိမကျွတ်သေးပါလား၊ ကျွန်တော်တို့နဲ့ အတူ မအူပင်ကို ပြန်လိုက်လာတာပါလား'ဟု စိတ်မကောင်း စွာပြင့် ကျွန်တော်ညည်းတွားမိသည်။

## အမေဇါလားရာဂတိ

စုတေ(ကွယ်လွန်)ခါနီးရင် ကံ၊ ကမ္မနိမိတ်၊ ဂတိနိမိတ် ထိုသုံးမျိုးအနက် တစ်မျိုးမျိုးကိုအာရုံစွဲ၍ မရဏာသန္နဇော



www.burmeseclassic.com

www.burmeseclassic.com



ငါးကြိမ်စောသည်။ ဟာဒယဝတ္ထုရုပ်က အားနည်းလာ၍ စောများ များမစောနိုင်ဘဲ ငါးကြိမ်စောပြီး တဒါရုံစိတ်စုတိစိတ် ဖြစ်သည်။ စုတိစိတ်သည် ဘဝ၏နောက်ဆုံးစိတ်ပဲဖြစ်သည်။

ထို့နောက် 'ကံ'တည်းဟူသောသခ်ါရအကျိုးပေးတော့သည်။ ထို့ကြောင့် ပဋိသန္ဓေဆက်ဖြစ်သည်။

နောက်ဘဝရောက်ရမယ့် ဂတိသည် ငါးမျိုးရှိသည်။ နိရယဂတိ=ငရဲ။ ပေတဂတိ=ပြိတ္တာ။ တိရစ္ဆာနဂတိ=တိရစ္ဆာန်။ မနုဿဂတိ=လူ။ ဒေဝဂတိ=နတ်ဗြဟ္မာဖြစ်သည်။

ထိုဂတိငါးမျိုးထဲမှာ အပါယ်လေးဘုံထဲမှ အသူရကာယ် မပါပါလားမေးရင်း အသူရကာယ်ဟူသည် ပြိတ္တာအကြီးအကဲပဲ ဖြစ်သည်။

ကျွန်တော့်အမေသည် ဤဘဝစုတေကွယ်လွန်ပြီး အကြား အလပ်မရှိ ဟိုဘက်ဘဝ ပဋိသန္ဓေဆက်ဖြစ်သည်။ ဂတိငါးပါး အနက် အမေသည် ပေတဂတိ=ပြိတ္တာပဋိသန္ဓေဆက်ဖြစ်ခြင်း ပါပဲ။

ကျမ်းဦးမှတ်ဖွယ်တွင် ပေတဂတိနှင့်ပတ်သက်၍-

'ပကဋ္ဌေနသုခတော ဣတာဂတာတိပေတာ'"ချမ်းသာ သုခမှဝေးသောအားဖြင့် ဖြစ်တတ်သောကြောင့် ပေတမည်၏' ဟုလာသည်။

'မနုဿတ္တဘာဝတောအပေကတ္တာ ပေတာပရိယာယောပိ လဗ္ဘတိ ဓဝ=လူ့ခန္ဓာအတ္တဘောမှကင်းကွာ (ကွယ်လွန်) သွားသောကြောင့် 'ပေတဟုခေါ်ဆိုခြင်းကိုရအပ်၏'ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



'ပေတ'အဓိပ္ပါယ်ကို ဋီကာကျော်က ဤသို့ဖွင့်သည်။

ဖဲ့ခွာ၍ဖြစ်တတ်သောကြောင့် 'ပေတ=ပြိတ္တာ'တို့မည်ကုန်၏။ ဤဘဝမှ ဖဲ့ခွာစုတေ၍ ဘဝတစ်ပါး၌ဖြစ်တတ်ကုန်၏။ ဤသည်ကား အနက်တည်း။ အလုံးစုံသေကုန်သောသူတို့ကို ရအပ်ကုန်၏။ မှန်လှစွာ၏။ နတ်ပြည်သို့သွားကုန်သော်လည်း လောက၌ သေသောသူတို့ကို 'ပေတ'တို့ဟူ၍ဆိုအပ်ကုန်၏။ ထို့ကြောင့် အသုဘနှာရေးကိစ္စ ရေစက်ချရာတွင် 'ပေတာနံ ကာလကတာနံ'ဟု သုံးထားခြင်းဖြစ်သည်။

ဤနေရာ၌ကား ချမ်းသာအပေါင်းမှ ဖဲ့ခွာ၍ ဝေးသောကွေကွင်းရာအရပ်သို့ သွားရောက်ဖြစ်တတ်၏။ ဤသို့သောအနက်ကြောင့် အကြင်မျှလောက် ထိုပြိတ္တာအဖြစ်မှ မလွတ်သေး၊ ထိုမျှလောက် အမြဲဆင်းရဲခြင်းသို့ ရောက်ကုန်သည်ဟု လက္ခဏာသံယုတ် စသည်တို့၌လာကုန်သော တဏှာယာဘုံသားဖြစ်ကုန်သော အပါယ်ဘုံသားသတ္တဝါတို့ကို အလိုရှိအပ်ကုန်၏။ ပေတတို့၏ အပေါင်းသည် ပြိတ္တာမည်၏။

ပေတဟူသော ပါဠိစကားမှ အရပ်စကားပြိတ္တာ၊ စာစကား ပြိတ္တာဟုဖြစ်လာသည်။ လူတို့ကို ခြောက်လှန့်တတ်သောကြောင့် တစ္ဆေဟုခေါ်သည်။ တစ္ဆေကိဟူသော သဒ္ဒါကိုစွဲ၍ တစ္ဆေခေါ်ခြင်းဖြစ်သည်။ လူတို့ဝေါဟာရအရ တစ္ဆေ၊ မှင်စာ၊ အစိမ်းသရဲ၊ သဘက်၊ ဘုတ်၊ ကျတ်၊ ဥစ္စာစောင့်၊ ရုက္ခစိုး၊ ဘီလူးစသည်များသည် ပြိတ္တာများပင်ဖြစ်သည်။

သရဲ၊ သဘက်၊ တစ္ဆေ၊ မြေဘုတ်တို့အား အနီပါတိက



www.burmeseclassic.com

www.burmeseclassic.com



အသူရာကောင်ဟု ခေါ်ကြောင်း မဟာနိဒ္ဒေသသုတ်ဋီကာက ဆိုသည်။ သူတို့သည် ကုသိုလ်ကြောင့်ဖြစ်သော နေရာဌာနဗိမာန်ဟူ၍မရှိသောကြောင့် ထိုဝိနိပါတိကအသူရာကောင်တို့သည် သစ်ပင်၊ ချုံ၊ လိုဏ်ဂူ သုသာန်အစရှိကုန်သော တိတ်ဆိတ်သောမြေနှင့်စပ်သော အရပ်ဌာနတို့ကို အမှီပြု၍နေကြရပါသည်ဟု ပရမတ္ထဒီပနီအင်္ဂုတ္တရဋီကာကဆိုသည်။ သင်္ဂြိုဟ်ကျမ်းက အသက်တမ်းအပိုင်းအခြားမရှိသော ဝိနိပါတိက အသူရာတို့ဟူ၍ ခေါ်ဆိုထားပါသည်။

ဋီကာကျော်က ထိုသရဲ၊ သဘက်၊ တစ္ဆေ၊ မြေဘုတ်များ အသက်တမ်းမမြဲဟူသောစကားသည် မှန်ပါ၏။ ထိုသူတို့တွင် ကံအားလျော်စွာဖြစ်ကြရသော အချို့သောသတ္တဝါတို့သည် ၇ ရက်၊ (၁၅)ရက်၊ တစ်လ၊ နှစ်လတိုင်တိုင် အသက်ရှင်၍နေနိုင်ကြကုန်၏။ အချို့ကား=လူတို့၏အာယုကပ် အသက်ရှင်၍ နေနိုင်ကြကုန်၏ဟု အသက်တမ်းကို ပြဆိုလျက်ရှိပါသည်ဟုဆိုထားသည်။

စတုရာမဟာရာဇ်နတ်တို့တွင် အပါအဝင်ဖြစ်သော ဝေမာနိကပြိတ္တာမင်းကိုပင် 'ယမမင်း'ဟု ခေါ်သည်။

**ပြိတ္တာအမျိုးမျိုး**

မြတ်စွာဘုရားဟောတော်မူသော ဝိမာနပေတဝတ္ထုပါဠိတော် မြန်မာပြန်ကျမ်း၏ ကျမ်းဦးမှတ်ဖွယ်တွင် ပြိတ္တာလေးမျိုးကို ပြဆိုထားသည်။



www.burmeseclassic.com

www.burmeseclassic.com



(၁) ပရဒတ္တူပ ဇီဝကပြိတ္တာ၊
(၂) ခုပ္ပိပါသိကပြိတ္တာ၊
(၃) နိဇ္ဈာမတဏှိကပြိတ္တာ၊
(၄) ကာလကဉ္စိကပြိတ္တာတို့ဖြစ်သည်။

(၁) သူတစ်ပါးတို့ပေးအပ်သောအစာကိုအမှီပြု၍ အသက်ရှင်ရသောပြိတ္တာသည်ပရဒတ္တူပဇီဝကပြိတ္တာမည်သည်။
(၂) ထမင်းငတ်ခြင်း၊ ရေမွတ်သိပ်ခြင်းဖြင့် မပြတ်အနှိပ်စက်ခံနေရသောပြိတ္တာသည်ခုပ္ပိပါသိကပြိတ္တာမည်၏။
(၃) အမြဲအကြွင်းမဲ့ လောင်ကျွမ်းခံနေရသဖြင့် ပူပန်ခြင်းရှိသော ပြိတ္တာသည် နိဇ္ဈာမတဏှိကပြိတ္တာမည်၏။
(၄) အသုရကာယ်ဟု အသီးအခြား ခေါ်ဝေါ်အပ်သော ပြိတ္တာအသုရကာယ်သည် ကာလကဉ္စိကပြိတ္တာမည်၏။

ဤပြိတ္တာလေးမျိုး၌ ပရဒတ္တူပဇီဝကပြိတ္တာမျိုးမှာလူ့ဘဝရှိ ဆွေမျိုးဉာတကာစသည်တို့က ရည်ညွှန်းလှူဒါန်းသည်ကို ဝမ်းမြောက်နုမောဒနာခေါ်နိုင်လျှင် စားဖွယ်သောက်ဖွယ်စသည်ကို ရရှိနိုင်လေသည်။

အထူးမှတ်သားဖွယ်တစ်ရပ်ကား နိယာတဗျာဒိတ်ခံယူပြီးသော ဘုရားအလောင်းတို့သည် ခုပ္ပိပါသိကာပြိတ္တာမျိုး၊ နိဇ္ဈာမတဏှိကပြိတ္တာမျိုးနှင့် ကာလကဉ္စိကပြိတ္တာအသုရာမျိုး၌ မဖြစ်ဟု အပဒါန်သုတ္တန်ပါဠိ ဗုဒ္ဓဝင်နှင့်စရိယာပိဋကအဋ္ဌကထာတို့၌



www.burmeseclassic.com

www.burmeseclassic.com



အဆိုရှိပေရာ ပရဒတ္တုပဇီဝိကပြိတ္တာမျိုးကား ဖြစ်နိုင်သေး၏ဟု မှတ်သားသင့်ပေသည်။

လောကပညတ္တိကျမ်း၊ ဆာဂတိဒီပနီကျမ်းတို့၌ ပြိတ္တာ ၁၂ မျိုးလာသည်။ ပါရာဇိကဏ်ပါဠိတော်၌လည်းကောင်း၊ သံယုတ် ပါဠိတော်၌လည်းကောင်း၊ ပြိတ္တာ ၂၁ မျိုးလာရှိသည်။ ဤဖော်ပြပြီးသော ပြိတ္တာအမျိုးမျိုးတို့သည် မူလဖော်ပြရာ ပရဒတ္တုပဇီဝက ပြိတ္တာမျိုးလေးပါးတို့၌ ထိုက်သည့်အားလျော်စွာ အကျုံးဝင်ကုန်၏။ ဤပြိတ္တာမျိုးတို့ မည်မျှပင်ဆင်းရဲဒုက္ခခံစားနေရငြားသော်လည်း မိမိအားရည်ညွှန်းလှူဒါန်း၍ အမျှပေးဝေသည်ကို ပရဒတ္တုဇီဝိကပြိတ္တာမျိုး၌ဖြစ်၍ ဝမ်းမြောက်စွာ သာဓုအနုမောဒနာ ခေါ်နိုင်ခဲ့ပါမူ ခံစားနေရသောဆင်းရဲဒုက္ခများ ကွယ်ပျောက်၍ တစ်ခဏချင်းပင် ချမ်းသာအမျိုးမျိုးကို ခံစားနိုင်ကြပေသည်။

အပါယ်ဘုံသားဖြစ်သော ပြိတ္တာတို့၏ပကတိအဆင်း အသွင်သည် မမြင်ဝံ့အောင်ဆိုးဝါးကြောင်း ဘုရားဟောပေတ ဝတ္ထုများစွာရှိသည်။ သူတို့၏ပကတိသွင်ပြင်ကို ရုံဖန်ရံခါ လူသားတို့ မြင်သောအခါ၌ ကြောက်လန့်သွားကြသည်။ တမင်ပြုပြင်၍ ခြောက်လှန့်သည်မဟုတ်သော်လည်း ဆိုးဝါးသောအသွင်ကြောင့် ခြောက်လှန့်သကဲ့သို့ဖြစ်သဖြင့် ခြောက်လှန့်သည်(တစ္ဆေတိခြောက် လှန့်၏ဟူသော ပါဠိအရ တစ္ဆေခြောက်သည်)ဟုပြောဆိုကြ၏။

ရုံဖန်ရံခါခြောက်လှန့်သည့်အခါလည်းရှိသေးသည်။ သူမိလာမဘီလူးအား ချွတ်ရန် မြတ်စွာဘုရားသည် ထိုဘီလူးနေရာ သို့သွားရာ သူမိလောမဘီလူးက ခြောက်လှန့်လွှတ်သည်လည်း



www.burmeseclassic.com

www.burmeseclassic.com



ရှိသေးသည်။ ပြိတ္တာတို့သည် မြို့တွင်းရွာတွင်း၌ သွားလာရှာဖွေ စားသောက်နေထိုင်ကြသည်။ သူတို့၏ကမ္မဓိဋ္ဌိတန်ခိုးကြောင့် လူတို့ကမမြင်ရကြောင်း မဇ္ဈိမပဏ္ဏာသအဋ္ဌကထာလာ၊ သီဟိုဠ်ကျွန်း အနုရာဓမြို့၌ဖြစ်သော ဘီလူးပြိတ္တာတို့သည် သားငယ် သမီးငယ်တို့ကိုမွေးဖွားကြောင်း၊ ဆေးမြစ်တန်ခိုးဖြင့် သူတို့ကိုယ် ကို ကွယ်စေနိုင်ကြောင်း လာရှိသည်။

## ပြိတ္တာနှင့်လူသားညားခြင်း

ပေတဝတ္ထုလာ သုတ္တပေတဝတ္ထုနှင့်ပါဋလိပုတ္တပေဝတ္ထု တို့တွင် ပြိတ္တာက လူအမျိုးသမီးကိုခေါ်သွားပြီး မယားအဖြစ် ထားပုံကိုတွေ့ရသည်။ ကဏ္ဏမုဏ္ဍပေတိဝတ္ထုတွင်မူ ပြိတ္တာမက ဗာရာဏသီမင်းနှင့်ပျော်မွေ့ပုံကို ဖော်ပြထားသည်။

## ပြိတ္တာကရွှေငွေပေးခြင်း

သုတ္တပေတဝတ္ထုတွင် မြတ်စွာဘုရားမပွင့်မီ နှစ် (၇၀၀) ကျော်က သာဝတ္ထိမြို့အနီးက ရွာတစ်ရွာမှာ လူငယ်တစ်ဦးက ပစ္စေကဗုဒ္ဓါကို ဆွမ်းလုပ်ကျွေးသည်။ အရွယ်ရောက်သော အမျိုး သမီးတစ်ဦးနှင့်လက်ထပ်သောနေ့၌ပင် မြစ်ဆိပ်ရေချိုးသွားရာ မြွေကိုက်၍သေရသည်။ အမျိုးသမီးကိုစွဲလမ်းသောစိတ်ကြောင့် ပြိတ္တာဖြစ်ရသည်။

ပစ္စေကဗုဒ္ဓါအား ဆွမ်းလုပ်ကျွေးသော ကုသိုလ်ကြောင့် ထိုပြိတ္တာသည် ဗိမာန်ဖြင့် နေရသည်။ တစ်နေ့တွင် တန်ခိုးဖြင့် အမျိုးသမီးကို ကုသိုလ်ပြုစေပြီး ထိုအမျိုးသမီးကို သူ့ဗိမာန်သို့



www.burmeseclassic.com

www.burmeseclassic.com



ခေါ်ယူသည်။ အမျိုးသမီး ၏မိခင်အားလည်း အိုးခွက်တို့နှင့် အပြည့် ရွှေငွေတို့ကိုပေးခဲ့သည်။ အနှစ်(၇၀၀)တိုင်တိုင် နတ်ပြိတ္တာနှင့်ထိုအမျိုးသမီးပေါင်းသင်း နေထိုင်ကြောင်းပါရှိသည်။

သောတာပတ္တိဖိုလ်ဆိုက်သည့်ပြိတ္တာ

ဝေမာနိကပြိတ္တာမ၊ပိယင်္ကရမာတာကျပြန်တော့ သောတာပတ္တိဖိုလ်သို့တိုင်ရောက်သွားသည်။ တစ်နေ့တွင် အသျှင်အနုရုဒ္ဓါသည် ဇေတဝန်ကျောင်းတော်၏ ကောသမ္ဗကကျောင်းဆောင်အတွင်း၌ သာယာသောအသံတော်ဖြင့် ဓမ္မပဒအပ္ပမာဒဝဂ်ကို သရဇ္ဈာယ်၍နေသည်။

ထိုအချိန်တွင် ပိယင်္ကရမာတာပြိတ္တာမသည် သားငယ်ပိယင်္ကရပြိတ္တာငယ်ကိုရင်ခွင်ပိုက်ပြီး ဇေတဝန်ကျောင်း၏ နောက်ဘက်မှစ၍ အစာရှာထွက်လာခဲ့သည်။

အသျှင်အနုရုဒ္ဓနေရာသို့အရောက် ပြိတ္တာမသည် သာယာသောတရားရွတ်ဖတ်သံကိုကြားရသဖြင့် ပိယင်္ကရမာတာသည် အစာရှာဖို့ပင်မေ့သွားသည်။ တရားသံသာသည် ပိယင်္ကရမာတာ၏ အသားအရေစသည်တို့ကိုဖောက်ထွင်းပြီး ရိုးတွင်းခြင်ဆီတို့ထိခိုက်ကာ နှလုံးသို့တိုင်ဆိုက်ရောက်တည်ရှိသွားသည်။

သားငယ်ပိယင်္ကရ၏ အဘယ့်ကြောင့် အစ်မကအစာမရှာသနည်းဟူသောအမေးကို နှစ်သိမ့်ပြီး တရားတော်၌သာ နားစိုက်နာသောကြောင့် ထိုနေ့၌ပင် သောတာပတ္တိဖိုလ်သို့ရောက်သွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သားပုနတ္ထုနှင့်မိခင် ဥတ္တရမာတာမြေဖုတ်ဘီလူးပြိတ္တာမလည်း အလားတူပင်ဖြစ်သည်။ ပိယင်္ကရမာတာ၊ ဥတ္တရမာတာ တို့သည်ကား အဆင်းအသွင်ဆိုးဝါး၍ လူတို့၏ကျင်ကြီးကျင်ငယ် တံတွေးနှပ်စသော အညစ်အကြေးတို့ကို ရှာဖွေစားသောက်နေရသော မြေဖုတ်ဘီလူးမျိုးပြိတ္တာမျိုးဖြစ်ရသည်မှာအမှန်ဖြစ်သည်။

သို့သော်လည်း ပိယင်္ကရမာတာ၊ ဥတ္တရမာတာတို့သည် ပဋိသန္ဓေအားဖြင့် အဟိတ်ပဋိသန္ဓေမဟုတ်၊ တိဟိတ်ပဋိသန္ဓေနေသူများဖြစ်ပေရာ စတုမဟာရာဇ်ဘုံသားစာရင်း၌ ဝင်ကြသည်။

ထို့ကြောင့် သူတို့ကို အပါယ်ဘုံသားမဟုတ်သော ပြိတ္တာများဟုဆိုရပေမည်။

**ဘဝနေဝင်ချိန်၊ ဆရာတော်ကြီးများတရား နှလုံးသွင်းပုံများ**

ကျွန်တော့်မွေးမိခင်ရောက်သွားသောပြိတ္တာဘုံ၏ဘဝအထွေထွေကို အကျဉ်းချုပ်တင်ပြခဲ့ပြီးနောက်၌ အပါယ်ဘုံသားပြိတ္တာဘဝသို့မရောက်ရေးအတွက် ဆရာတော်ကြီးများ၏ဘဝနေဝင်ချိန် တရားနှလုံးသွင်းပုံကို ဆက်လက်တင်ပြလိုပါသည်။

မြတ်ဗုဒ္ဓ၏သာသနာတွင် နေလိုလလိုထင်ရှားသည့်ပုဂ္ဂိုလ်များ၏ စုတေခါနီး နေပုံထိုင်ပုံ၊ တရားနှလုံးသွင်းပုံများသည် နည်းယူစရာဖြစ်သည်။

**ဆရာတော်ဦးဖုမ်**

ဆရာတော်ဦးဖုမ်သည်အင်းဝမြို့ အုတ်ကျောင်း၌ ဓမ္မသီကစ္ဆာနီသယရေးနေဆဲ သွေးဒူလာပြင်းထန်စွာဖြစ်လာသည်။ ထို



www.burmeseclassic.com

www.burmeseclassic.com



နိဿယအပြီး မင်္ဂလာဘုံကျောင်းသို့ ယာယီပြောင်းရွှေ့ သီတင်းသုံးစဉ် သဒ္ဒနီတိနိဿယကိုရေးသည်။ ရေးနေဆဲမှာပင် မကျန်းမမာ ဆင်းရဲဒုက္ခကိုလည်း သည်းခံပြီး မညည်းမတွားဘဲ ရေးသည်။

နိဿယရေးအပြီး တင်ပါး၌ အနာပေါက်သောဝေဒနာဖြင့် ပျံလွန်တော်မူသည်။ ပျံလွန်တော်မူပြီးနောက် ရုပ်ကာလစ်ကို ရေချိုးသောအခါမှ အနာပေါက်ကြောင်း သိရသည်။

မာန်လည်ဆရာတော်

မာန်လည်ဆရာတော်ဘုရားကြီးပျံလွန်ခါနီး ဘဝနေဝင်ချိန်တွင် အနီးအပါး၌ ခစားဝတ်ပြုလျက်ရှိသော တပည့်ကြီး ရေဦးမြို့ ချမ်းသာကြီးတိုက်နေ ရှင်တေဇဝန္တက မာန်လည်ဆရာတော်ဘုရားကြီး နှလုံးသွင်းသောတရားကို သိပါရစေလျှောက်ထားသည်။ မာန်လည်ဆရာတော်ဘုရားကြီးက သာဓုသုံးကြိမ်ခေါ်ပြီး ဤသို့ မိန့်ကြားတော်မူခဲ့သည်။

'တပည့်တို့၊ ဆရာ့မှာ ဝေဒနာအထူးမရှိ၊ ဇရာ၏အတွက်ကြောင့် အားပျက်ကုန်ခန်း၍ ပင်ပန်းရုံသာရှိချေသည်။

ထိုပင်ပန်းခြင်းဝေဒနာကိုလဲ အနာဟု ငါမမှတ်၊ ငါသိအပ်သည့် ဘုရားစကားတို့တွင် သင်္ခတာမွှာ၊ အသင်္ခတာမွှာဟူ၍ ဟောတော်မူအပ်သော ဓမ္မသင်္ဂဏီပါဠိတော်ရပ်၌ အသင်္ခတဓာတ် နိဗ္ဗာန်မဟုတ်သမျှ ပြုပြင်ကြရသည် သင်္ခတချည်းသာမဟုတ်လောဟု မိန့်တော်မူပြီးမှ ငါဆရာသည် သင်္ခါရဓမ္မရှိသမျှတို့သည်

www.burmeseclassic.com



ပြုပြင်မှုဖြစ်ကြရသည်။ သခ်တချည်းသာတည်းဟု အမြဲပင် နှလုံးသွင်းလျက် ငါရှိသည်။

ဝေဒနာစွဲကပ်၍ အမြဲမပြတ်နှိပ်စက်ရလေခြင်းဟု ဝမ်းမနည်း စိတ်မပျက်ဘဲ ရတနသုတ်စသော ပရိတ်တရားနှင့် အနတ္တလက္ခဏာသုတ်၊ ဓမ္မစက္ကပဝတ္တနသုတ်တရားတို့ကို စဉ်းစားအောက်မေ့၍ သရဇ္ဈာယ်လျက်နေပါသည်။'ဟု မိန့်ကြားတော်မူခဲ့သည်။

ယောမင်းကြီးဦးဖိုးလှိုင်

ယောမင်းကြီးဦးဖိုးလှိုင်ကျပြန်တော့ မသေမီ တစ်လလောက်က ကြိုတင်၍ သေရန် ပြင်ဆင်ခဲ့သည်။ သူ့အခန်းသို့ သားသမီး၊ ဓနီးပါမလာစေရ။ ငယ်သူငယ်ချင်း ဦးတူက မဟာသတိပဋ္ဌာန်သုတ်ကိုရွတ်ဆို၍ ဦးဖိုးလှိုင်က နာယူလျက် သာဓုခေါ်ရင်း ကွယ်လွန်သွားသည်။

ယောမင်းကြီးဦးဖိုးလှိုင်၏ နောက်ဆုံးတရားစကားမှာ 'ဇာတိ၊ ဇရာ၊ ဗျာဓိ၊ မရဏဆိုတာ ဘယ်သူမဆို ရင်ဆိုင်ကြရမယ်မဟုတ်လား မောင်တူရယ်။ ဘုရား ရဟန္တာပစ္စေကဗုဒ္ဓါတွေတောင်မှ ဒီတရားတွေကို လွန်ဆန်နိုင်တာမဟုတ်ဘဲကလား၊ ငါတို့ ပုထုဇဉ်ဆိုတော့ မပြောနဲ့ပေါ့။

လူမိုက်ကို လူလိမ္မာကညိုးတယ်။ လူလိမ္မာကို သံသရာကညိုးတယ်။ ဒါဟာ ဓမ္မတာသဘာဝတရားကြီးပဲ သူငယ်ချင်းရာ' တဲ့။



www.burmeseclassic.com

www.burmeseclassic.com



## လယ်တီဆရာတော်

လယ်တီဆရာတော်ဘုရားကြီးက ပျံလွန်တော်မူခါနီးအချိန်သည် ပျဉ်းမနားမြို့ရောက်ရှိနေချိန်ဖြစ်သည်။ မိုးညှင်းဆရာတော်ကြီးအား မှာခေါ်ပြီး–

'ဝိပဿနာဘာသနာကိုကြိုးစားပြုပော့၊ ငါမရှိပေမယ့် ငါစာတွေရှိနေတယ်'ဟုမှာခဲ့သည်။

တပည့်များကအနတ္တလက္ခဏာဒီပနီကို ဖတ်ကြားကြသည်။ ပဋ္ဌာန်းပါဠိတော်ကြီးကိုနေ့စဉ်ရွတ်ဖတ်ပူဇော်ကြသည်ကို လယ်တီဆရာတော်ဘုရားကြီးသည် နာခံရင်း ပျံလွန်တော်မူသည်။

## မိုးညှင်းဆရာတော်

မိုးညှင်းဆရာတော်ဘုရားကြီး ပျံလွန်တော်မူခါနီးတွင် ဆရာတော်ကြီးသည် ကျောမှီဖြင့် လျောင်း၍နေရာမှ အားခဲရင်း မ,ထူစေ၍ တင်ပျဉ်ခွေလိုက်သည်။

မိတ္ထီလာဦးကေသရက ပဋ္ဌာန်းပါဠိတော်ကြီးကို မတိုးမကျယ် ရွတ်ဖတ်သရဇ္ဈာယ်လျက်ရှိသည်။

မိုးညှင်းဆရာတော်ဘုရားကြီးက ဝဲယာဆီသို့ အနည်းငယ်တိမ်းငဲ့ကြည့်ရှုလိုက်ပြီး 'ခန္ဓာဝန်ကို စွန့်ရတော့မယ်၊ ဝေဒနာဝိပဿနာရှုပြီးပြီ၊ မာပမာဒတ္တ ကိုယ့်တရားအလုပ်ကို မမေ့ကြနဲ့'ဟု ညင်သာပျော့ပျောင်းသောအသံတော်ဖြင့် နောက်ဆုံးအမိန့်ရှိတော်မူခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



အမေ တကယ်ကျွတ်လွတ်သွားပြီလား

ကျွန်တော့်မိခင်သည် အထက်ဖော်ပြပါဆရာတော်ဘုရားကြီးများလောက် သီလ၊ သမာဓိ၊ ပညာမစွဲသဖြင့် ဆင်းရဲခြင်းပေတာဘဝကျရောက်နေရရှာခြင်းဖြစ်သည်။

အမေသည် သားဖြစ်သူကျွန်တော့်ကိုစွဲလန်းသည့် ဥပါဒါန်အားကြီးပြီး ဝိပဿနာဘာဝနာကို ပိုင်ပိုင်နိုင်နိုင်မပွားနိုင်သောကြောင့် ပေတဂတိသို့လားရခြင်းဖြစ်သည်။ ထို့ကြောင့်ပင် အရှင်ဇနကာဘိဝံသဆရာတော်က အခြေပြုပဋ္ဌာန်းတရားတော်စာအုပ်မှာ 'သေခါနီးထိစိတ်ပြုပြင်ကြ' ခေါင်းစဉ်ဖြင့် ဤသို့ရေးခဲ့သည်။

'ဒါ ဘုန်းကြီး စိတ်ပြုပြင်နေတာ၊ ဘယ်လောက်ထိအောင်ပြုပြင်နေမလဲဆိုတော့ ဘုန်းကြီးတို့ သေခါနီးထိ၊ ဘုန်းကြီးကဘာရောဂါနဲ့သေမလဲဆိုတာမသိဘူး၊ ဘုန်းကြီးအတွက်စိတ်ကိုသေခါနီးထိတွေးထားတာ။

သေခါနီးမှာ မျက်နှာငယ်လေးနဲ့လာမမေးပါနဲ့၊ ကိုယ့်ဘာသာကိုယ်ခံနေမှာ၊ သူများက မျက်နှာငယ်လေးနဲ့ လာပြီးတော့ 'အို ဖြစ်မှဖြစ်ရပလေ' ဘာညာနဲ့လုတွေ၊ နားလဲမလည်ဘူး၊ စကားလဲမပြောတတ်ဘူး။ မလာကြနဲ့၊ ငါ့ရောဂါဒဏ်နဲ့ငါ့ဘာသာငါ၊ ငါ့စိတ်ကိုငါစဉ်းစားနေမယ်၊ ဗုဒ္ဓမြတ်စွာရှင့်မကြီးတောင်မှ ပရိနိဗ္ဗာန်စံတော်မူခါနီးကျတော့ ဝမ်းတော်လားပြီးတော့ပရိနိဗ္ဗာန်စံတော်မူရတယ်၊ အကယ်၍များ ဘုန်းကြီး ဒီရောဂါမျိုးဖြစ်လျှင် ဘုရားကိုအာရုံပြုနေမှာ၊ ပါရမီရှင်ကြီး မြတ်စွာဘုရား



www.burmeseclassic.com

www.burmeseclassic.com



ပါရမီဖြည့်ပြီးသား မြတ်စွာဘုရားတောင် ဒီခန္ဓာကိုယ်,ဒီရုပ်ခန္ဓာနဲ့နေသမျှ ဝမ်းတော်လားရသေးတာ၊ ငါဘာမို့လို့တုံး။ ဖြစ်ပေါ့ ဒီရောဂါ၊ ဘုန်းကြီးက စိတ်ကို အဲဒီထိတွေးထားတာ'

ကျွန်တော့်အမေသည် ကွယ်လွန်ပြီးနောက် မကျွတ်မလွတ်ဘဲ ကျွန်တော့်နောက်လိုက်ပြီး ခြောက်လှန့်နေခဲ့သည်မှာ တစ်လတိုင်တိုင်ကြာခဲ့သည်။

ဤတစ်ကြိမ်တွင် ကျွန်တော်သည် အမေအသက်ရှိစဉ်က ပြုပြုသမျှ၊ ဒါနကုသိုလ်၊ သီလကုသိုလ် ပွားများခဲ့သောသမထ၊ ဝိပဿနာဘာဝနာကုသိုလ်များကို စာရင်းပြုစုပြီး၊ ဆရာတော်အရှင်ဇနကာဘိဝံသ၏အဆုံးအမအတိုင်း တကာယ်သီလနှင့်ပြည့်စုံသော သံဃာတော်များအား ဆွမ်းဘောဇဉ်၊ လှူဖွယ်ဝတ္ထုများကပ်လှူပူဇော်ခဲ့သည်။ လှူပုံမှာလည်း 'သံဃဿဒေမ'သံဃာကို လှူဒါန်းခဲ့ပါသည်။

အရှင်ဇနကာဘိဝံသက အခြေပြုပဋ္ဌာန်းတရားတော်စာအုပ်စာမျက်နှာ(၂၄၄)မှာ ဤသို့ရေးသားခဲ့သည်။

"တစ်ခါတုန်းက ဒီက ဒကာတစ်ယောက် ဒီလိုပဲ သူ့ဆွေမျိုး ပြိတ္တာဖြစ်နေလို့ သူလဲသိနေတာနဲ့ ရဟန်းတစ်ပါးကို သူတို့ကိုးကွယ်နေတဲ့ ဘုန်းကြီးတစ်ပါးပင့်ပြီး ဆွမ်းကပ်အမျှဝေတာ မရဘူး။

နောက်တစ်ခါ သူ့အိပ်မက်သလား၊ ပူးပြောသလားမသိဘူး။ သူ့အမျှမရဘူးတဲ့။ ဒီလိုပဲ ကုသိုလ်ပြုပြန်၊ အမျှဝေပြန်၊ ဒီကိုယ်တော်ပဲ အမျှတော့မရဘူး။



www.burmeseclassic.com

www.burmeseclassic.com



နောက်တစ်ခါလဲ ဒီလိုပဲဒီကိုယ်တော်ပင့်ပြီး ကုသိုလ်ပြုပြန်၊ အမျှဝေပြန်၊ ဒီတော့ သူက ပူးပြီးတော့ ဘာပြောသလဲဆိုတော့ "ငါ့အတွက်ရမယ့်ဟာတွေ ဒုဿီလကြီးစားကုန်ပြီ'ပြောတယ်တဲ့။ ခုနက အမျှဝေတဲ့ပုဂ္ဂိုလ်က ဒုဿီလ,သီလမရှိဘူး" ဟူသည်။

အမေပြုခဲ့သမျှကုသိုလ်များစာရင်းဖတ်ပြီး၊ ကျွန်တော်ပြုခဲ့သမျှ ကုသိုလ်များစာရင်းဖတ်ပြီး ထိုထိုကုသိုလ်အစုစုတို့ကို အမေသာခုခေါ်ပါဟု ကျွန်တော်အမေ၏နာမည်ကိုပါခေါ်ပြီး ကြေးစည်ထု အမျှဝေခဲ့ပါသည်။

ထိုနေ့မှစ၍ အမေသည် ကျွန်တော့်အနီးအနား၌ သူရှိကြောင်း တစ်စုံတစ်ရာခြောက်လှန့်မပြတော့ပါ။

အမေအားရည်စူး၍ လှူဒါန်းခဲ့သမျှ ဒါနကုသိုလ်များအဖို့အရင်က အမေသာခုမခေါ်နိုင်သည်မှာ မန္တလေးက ရေချမ်းအမကြီးကဲ့သို့တိုက်ဆိုင်မှုမရှိသေး၍လည်း ဖြစ်ကောင်းဖြစ်နိုင်ပါသည်။

ကျွန်တော့်အမေသည် အသက်(၈၀)ကျော် ဇရာဖိစီးချိန်ကစပြီး နှစ်အပိုင်းအခြားအားဖြင့် (၆)နှစ်တာမျှ တရားများကို မေ့လျော့ခဲ့သဖြင့် 'မာယူပမဥ္စဝိညာဏံ'တရားတော်အတိုင်း မနောဝိညာဉ်၏စေစားရာသားကိုသာစွဲလမ်းသည့် စိတ်တစ်ခုတည်းဖြင့် သေသွားရှာသောကြောင့် ပြိတ္တာဘဝရောက်ရပုံကို စာဖတ်သူများ သံဝေဂဉာဏ်ပွားများစေရန် စေတနာမှန်ဖြင့် တင်ပြလိုက်ခြင်းဖြစ်ပါသည်။

ထို့ပြင် ဤဆောင်းပါးနိဒါန်းအစတွင် ဤဘဝယ်



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဌာနယဒိဋ္ဌိနှင့်ဝိစိကိစ္ဆာကင်းပြတ်ပြီး မဂ်လေးဆင့်ဖိုလ်လေးဆင့် ရှိသည့်အနက် အောက်ဆုံးသော သောတာပတ္တိမဂ်၊ သောတာပတ္တိဖိုလ်မျှမဆိုက်လျှင် အောက်အပါယ်သံသရာသို့လားရာဂတိ စိတ်မချရသေးကြောင်း တင်ပြခဲ့ပါသည်။

ထိုတရားသည် အမြဲမှန်သည့်တရားဖြစ်သည်။ ကျွန်တော့်အမေသည် ကျွန်တော့်ကို မခွဲခြားက်လှန့်တော့၍ သားဖြစ်သူ အနေဖြင့် 'အမေကျွတ်လွတ်သွားပြီး'ဟု အကောင်းဘက်ကသုံးသပ်ယူဆခြင်းမျှသာဖြစ်သည်။

အကယ်၍ အမေသည် ပြိတ္တာဘုံမှ တိရစ္ဆာန်ဘုံ၊ ငရဲဘုံများကိုရော သံသရာလည်နေနိုင်သည်(သို့မဟုတ်)မလည်နိုင်ဟူသော အဖြေသည် မသေချာပါ။

အမှန်အားဖြင့် ကျွန်တော်တို့ဝေနေယျများအတွက် ဤဘဝတစ်မဂ်တစ်ဖိုလ်ရရှိရေးသည်သာ အဓိကဖြစ်သည်။ ဤဘဝဝယ် တစ်မဂ်တစ်ဖိုလ်မျှမရရှိသေးလျှင် မသေဝံ့မသေရဲအောင် ကြောက်လန့်ပြီး ဝိပဿနာဘာဝနာကိုသာ အဓိကထားပွားများသင့်ကြောင်း တင်ပြလိုက်ရပါတော့သတည်း။

မင်းလူမြတ်ထွေး



www.burmeseclassic.com

www.burmeseclassic.com



# ထိုးထေးသောချက်စာရင်း

၁။ ဝိမာနပေတဝတ္ထုပါဋ္ဌိတော်မြန်မာပြန်
၂။ သံယုတ်ပါဠိတော်(မြန်မာပြန်)
၃။ ပါဠိတော်မြန်မာပြန်ကျမ်းများ (ကျမ်းဦးမှတ်ဖွယ်)
၄။ အရှင်ဇနကာဘိဝံသ၏ အခြေပြုပဋ္ဌာန်းတရားတော်
၅။ အရှင်ဇနကာဘိဝံသ၏ ကိုယ်ကျင့်အဘိဓမ္မာ
၆။ အရှင်ဇနကာဘိဝံသ၏ သိပ္ပံအမြင်နှင့်ဗုဒ္ဓအဘိဓမ္မာအဖြေများ
၇။ ဒီပဲယင်းဆရာတော်ဘုရားကြီး၏ ပရမတ္ထစက္ကူကျမ်း။
၈။ သာသနာရေးဦးစီးဌာန၏ ဗုဒ္ဓဘာသာလက်စွဲကျမ်း
၉။ ရွှေမြိုင်ဆရာတော်အရှင်ဩဘာသာဘိဝံသ၏ ၉၂–ကမ္ဘာတိုင်တိုင် ကျခဲ့တဲ့မျက်ရည်
၁၀။ မဟာစရိယဦးကောသလ္လ(လကမ္ဘာမောင်)၏ တမလွန်ဘဝပြဿနာ တတိယတွဲနှင့်စတုတ္ထတွဲ
၁၁။ မိလိန္ဒပဥှာကျမ်း



www.burmeseclassic.com

www.burmeseclassic.com

## တိုးထက် စီစဉ်ထုတ်ဝေပြီးသောစာအုပ်များ

- အံ့ဖွယ်လူ့ဝင်စားနှင့်စိတ်ဝိညာဉ်ဖြစ်ရပ်ဆန်းများ ၃၀၀ ကျပ်
- တမလွန်နှင့်အံ့ဖွယ်ကိုယ်တွေ့ဖြစ်ရပ်များ ၂၀၀ ကျပ်
- အသူရကာယ်ပြည်သို့ရောက်ခဲ့သူနှင့် အံ့ဩဘနန်းဖြစ်ရပ်ဆန်းများ ၂၀၀ ကျပ်
- ဘဝအထွေထွေနှင့်အံ့ဖွယ်ဖြစ်ရပ်ဆန်းများ ၂၀၀ ကျပ်
- စိတ်နယ်လွန်လောကမှ အံ့ဖွယ်ဖြစ်ရပ်ဆန်းများ ၃၀၀ ကျပ်
- အံ့ဖွယ်ထူးခြား စိတ်နယ်လွန်ဖြစ်ရပ်ဆန်းများ ၂၀၀ ကျပ်
- မြန်မာပြည်အရပ်ရပ်မှလူ့ဝင်စားများ ၃၀၀ ကျပ်
- အံ့ဖွယ်ဝိညာဉ် ၃၀၀ ကျပ်

## ဒေါက်တာအောင်ကျော် (သွား/ဆရာဝန်)၏စာအုပ်များ

- မြန်နန်းဟောမဝန် တမလွန်ဖြစ်ရပ်ဆန်း ၂၅၀ ကျပ်
- ထူးအတွေ့ကြုံဆန်း တစ္ဆေဇာတ်လမ်းများ ၃၀၀ ကျပ်

## သုသုကာ၏စာအုပ်များ

- အရဟံဂုဏ်တော်တန်ခိုးနှင့်သိဒ္ဓိအမျိုးမျိုး ၂၅၀ ကျပ်
- သမ္ဗုဒ္ဓေအမျိုးမျိုးနှင့်တန်ခိုးသိဒ္ဓိများ ၂၅၀ ကျပ်
- ဂုဏ်တော်နဝရတ်နှင့်သူမြတ်ကျင့်စဉ် ၄၀၀ ကျပ်

## တင်အောင်သွင်၏စာအုပ်များ

- ကျင့်သီလစာမရှိလိုနှင့် ဓမ္မရသစာစုများ ၂၂၅ ကျပ်
- အကျော်ဒေးယျဆရာတော်ကြီးများ၏ ဘဝ,ဩဝါဒနှင့်ဖြစ်ရပ်ဆန်းများ ၂၅၀ ကျပ်

www.burmeseclassic.com